## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
## ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်သူတို့၏လူမှုစီးပွားဘဝလုံခြုံရေးအတွက်ပြည်ထောင်စုတစ်ဝန်းလုံးတည်ငြိမ်အေးချမ်းရေး နှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်မည်။

၂။ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် ပြည်သူလူထုဗဟိုပြု ဖွံ့ဖြိုးရေး လုပ်ငန်းများကို လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်သွားမည်။

၃။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ် စနစ်ကိုအခြေခံသည့်ပြည်ထောင်စုတည်ဆောက်ရေး လုပ်ငန်းစဉ်များကိုဆက်လက်ဆောင်ရွက် သွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံ ဥပဒေ (၂၀၀၈ ခုနှစ်) နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

ISBN 978-99986-56-00-0
9 789998 656000 >



# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ
# နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်
# ပြောကြားခဲ့သည့် မိန့်ခွန်းများ

( ၂၀၂၃ ခုနှစ်၊ ဖေဖော်ဝါရီလ )

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ
# နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်
# ပြောကြားခဲ့သည့် မိန့်ခွန်းများ

( ၂၀၂၃ ခုနှစ်၊ ဖေဖော်ဝါရီလ )

ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက စီစဉ်ထုတ်ဝေသည်။

# ပုံနှိပ်မှတ်တမ်း


| | | |
|---|---|---|
| ပြန်ကြားရေးဝန်ကြီးဌာန | – | စာအုပ်အမှတ်စဉ် (     / ၂၀၂၃ ) |
| ထုတ်ဝေသည့်ခုနှစ် | – | ၂၀၂၃ ခုနှစ်၊ မတ်လ |
| ထုတ်ဝေသည့်အကြိမ် | – | ပထမအကြိမ် |
| အုပ်ရေ | – | ၁၅၀၀ အုပ် |
| ပုံနှိပ် | – | ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန |

Online တွင်ဖတ်ရှုရန် Scan ဖတ်ပါ။

ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက စီစဉ်ထုတ်ဝေသည်။


## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH, NUG, PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောက် လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH, NUG, PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ် စည်းစိမ်ကို ကာကွယ်ပေးခြင်း ဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ် စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

## Public Notice for elimination of violence

1. So called "CRPH", "NUG" and "PDF" terrorist groups are unlawfully committing killings monks, teachers, civil servants and general people and lotting under the pretext of sayings "for the people".
2. Not rendering encourage support and assistance to the "CRPH", "NUG" and "PDF" terrorists that are committing intimidations, killings and destructive activities could be construed as protecting lives and property of general public.
3. Giving information secretly relating to bearing of their arms, ammunitions and terrorists to authorities could be tantamount to protecting lives and property of innocent people.

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ
# နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်
# ပြောကြားခဲ့သည့် မိန့်ခွန်းများ

( ၂၀၂၃ ခုနှစ်၊ ဖေဖော်ဝါရီလ )

# မာတိကာ


| | | |
|---|---|---|
| – | နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ် | ၅ |
| – | နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် (၁၂) ရပ် | ၆ |
| **မိန့်ခွန်းများ** | | |
| ၁။ | ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီအစည်းအဝေး (၁/၂၀၂၃) တွင် ပြောကြားသည့်အမှာစကား | ၇ |
| ၂။ | ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ စက်မှုဇုန်အသီးသီးမှ စက်မှုဇုန်ကော်မတီ ဥက္ကဋ္ဌများ၊ ကော်မတီဝင်များ၊ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး (MSME) လုပ်ငန်းရှင်များအား လှိုင်သာယာစက်မှုဇုန်၊ ကနောင်ခန်းမ၌ တွေ့ဆုံဆွေးနွေးစဉ် ပြောကြားသည့်အမှာစကား | ၂၆ |
| ၃။ | ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့နယ်ရှိ ရွှေမုယင်းဒေသအတွင်း ငါးမွေးမြူရေးလုပ်ငန်းဆောင်ရွက်ထားရှိမှုအခြေအနေများနှင့် ငါးလုပ်ငန်းသိပ္ပံ (တွံတေး) သို့ သွားရောက်ကြည့်ရှုစစ်ဆေးစဉ် ပြောကြားသည့်အမှာစကား | ၂၉ |
| ၄။ | ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ ပထမဦးဆုံးသော နျူကလီးယားနည်းပညာ သတင်းအချက်အလက်စင်တာဖွင့်ပွဲအခမ်းအနားတွင် ပြောကြားသည့်အမှာစကား | ၃၂ |
| ၅။ | ဧရာဝတီတိုင်းဒေသကြီး ပန်းတနော်မြို့နယ်ရှိ Global Earth Agro & Aqua Industry Public Co., Ltd ၏ လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးစဉ် ပြောကြားသည့်အမှာစကား | ၃၆ |
| ၆။ | ဧရာဝတီတိုင်းဒေသကြီး သာပေါင်းမြို့နယ်အတွင်းရှိ စက်မှုဝန်ကြီးဌာန၊ အဆင့်မြင့်စက္ကူစက်ရုံ (သာပေါင်း)နှင့် သတင်းစာစက္ကူစက်ရုံ (သာပေါင်း) တို့ကို သွားရောက်ကြည့်ရှုစစ်ဆေးစဉ် ပြောကြားသည့်အမှာစကား | ၃၉ |
| ၇။ | ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အသေးစား၊ အငယ်စားနှင့်အလတ်စားစီးပွားရေး(MSME) လုပ်ငန်းရှင်များအား ပုသိမ်မြို့ မြို့တော်ခန်းမ၌ တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများနှင့် စီးပွားရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများကို ဆွေးနွေးစဉ် ပြောကြားသည့်အမှာစကား | ၄၁ |
| ၈။ | ဧရာဝတီတိုင်းဒေသကြီး ဟိုင်းကြီးကျွန်းမြို့နှင့် ငပုတောမြို့နယ်တို့ရှိ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိ မြို့ဖများအား ဟိုင်းကြီးကျွန်းရှိ နယ်မြေခံရေတပ်စခန်းဌာနချုပ်၌ တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများကို ဆွေးနွေးစဉ် ပြောကြားသည့်အမှာစကား | ၄၆ |
| ၉။ | ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့ ဌာနဆိုင်ရာတာဝန်ရှိသူများအား ပုသိမ်လေဆိပ်ညှော်ခန်းမဆောင်၌ တွေ့ဆုံစဉ် ပြောကြားသည့်အမှာစကား | ၄၉ |

၁၀။ အနောက်တောင်တိုင်းစစ်ဌာနချုပ် ဟိုင်းကြီးကျွန်းတပ်နယ်ရှိ အရာရှိ၊ စစ်သည်၊ မိသားစုများအား နယ်မြေခံရေတပ်စခန်းဌာနချုပ်ခန်းမ၌ တွေ့ဆုံစဉ် ပြောကြားသည့်အမှာစကား ၅၂
၁၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ လမ်းညွှန်မှာကြားသည့် အစည်းအဝေးတွင် ပြောကြားသည့်အမှာစကား ၅၄
၁၂။ ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၂/၂၀၂၃) တွင် ပြောကြားသည့် အမှာစကား ၆၅
၁၃။ ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၏ (၇၇) နှစ်မြောက် နှစ်ပတ်လည်နေ့ အခမ်းအနားတွင် ပြောကြားသည့် အမှာစကား ၆၇
၁၄။ (၇၅) နှစ်မြောက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံတို့အကြား သံတမန်ဆက်သွယ်ထူထောင်မှု အထိမ်းအမှတ်အဖြစ် မြန်မာ-ရုရှားချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဖိုရမ်တွင် ပြောကြားသည့်အမှာစကား ၇၂
၁၅။ (၅၁) ကြိမ်မြောက် မြန်မာနိုင်ငံ ကျန်မာရေးဆိုင်ရာသုတေသနညီလာခံဖွင့်ပွဲအခမ်းအနားတွင် ပြောကြားသည့်မိန့်ခွန်း ၇၇
၁၆။ နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ ညှော်ခန်းမဆောင်၌ ပြုလုပ်သည့် ဂုဏ်ထူးဆောင်တံဆိပ်နှင့် အဆောင်အယောင်များ ချီးမြှင့်အပ်နှင်းခြင်းအခမ်းအနားတွင် ပြောကြားသည့်အမှာစကား ၈၁
၁၇။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစည်းအဝေး (၂/၂၀၂၃) တွင် ပြောကြားသည့်အမှာစကား ၈၃
၁၈။ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်၊ စစ်တွေတပ်နယ်ရှိ အရာရှိ၊ စစ်သည်၊ မိသားစုများအား နယ်မြေခံတပ်နယ်ခန်းမ၌ သွားရောက်တွေ့ဆုံစဉ် ပြောကြားသည့်အမှာစကား ၉၁
၁၉။ ကုလားတန်မြစ်ကြောင်း ဘက်စုံသုံး ဖြတ်သန်းသယ်ယူပို့ဆောင်ရေးစီမံကိန်းသို့ သွားရောက်ကြည့်ရှုစစ်ဆေးစဉ်ပြောကြားသည့်အမှာစကား ၉၄
၂၀။ ရခိုင်ပြည်နယ်အတွင်းရှိ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး (MSME) လုပ်ငန်းရှင်များအား စစ်တွေမြို့၊ ဦးဥတ္တမခန်းမ၌ တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများနှင့် စီးပွားရေလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများကို ဆွေးနွေးစဉ် ပြောကြားသည့်အမှာစကား ၉၅
၂၁။ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် စစ်တောတပ်နယ်ရှိ နယ်မြေခံရေတပ်စခန်းဌာနချုပ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများအား ရေတပ်စခန်းဌာနချုပ်ခန်းမ၌ သွားရောက်တွေ့ဆုံစဉ် ပြောကြားသည့်အမှာစကား ၁၀၀
၂၂။ ရခိုင်ပြည်နယ် ကျောက်ဖြူခရိုင်အတွင်းရှိ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများအား ကျောက်ဖြူမြို့ ရမ္ဗာဝတီခန်းမ၌တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများနှင့် စီးပွားရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများကိုဆွေးနွေးစဉ် ပြောကြားသည့်အမှာစကား ၁၀၃
၂၃။ ရခိုင်ပြည်နယ် စစ်တွေမြို့ မြို့ရေပေးဝေရေး စီမံဆောင်ရွက်ထားရှိမှုအခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးစဉ် ပြောကြားသည့်အမှာစကား ၁၀၆

**သဝဏ်လွှာများ**

၁။ ၂၀၂၃ ခုနှစ်၊ (၇၆) နှစ်မြောက် ရှမ်းပြည်နယ်နေ့အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာ ၁၁၁
၂။ ၂၀၂၃ ခုနှစ်၊ (၇၆) နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားသို့ ပေးပို့သည့်သဝဏ်လွှာ ၁၁၄
၃။ ၂၀၂၃ ခုနှစ်၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံနှစ်နိုင်ငံ သံတမန်ဆက်ဆံရေး(၇၅) နှစ်မြောက် စိန်ရတုအထိမ်းအမှတ်အခါသမယတွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ သမ္မတ မစ္စတာဗလာဒီမာပူတင်ထံသို့ ပေးပို့သည့်သဝဏ်လွှာ ၁၁၉
၄။ ၂၀၂၃ ခုနှစ်၊ (၇၅) နှစ်မြောက် စိန်ရတု ချင်းအမျိုးသားနေ့အခမ်းအနားသို့ ပေးပို့သည့်သဝဏ်လွှာ ၁၂၁

■ ■ ■

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

# ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်သူတို့၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်မည်။

၂။ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် ပြည်သူလူထုဗဟိုပြု ဖွံ့ဖြိုးရေးလုပ်ငန်းများကို လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်သွားမည်။

၃။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်သွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံ ဥပဒေ (၂၀၀၈ ခုနှစ်) နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့် အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
# ဦးတည်ချက် (၁၂) ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့် ကျင့်သုံးပြီး ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး၊

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး၊

(ဂ) လွတ်လပ်၍ တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးပြီး နိုင်ငံများ အကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး "မူ"ကို ဆက်လက်လိုက်နာကျင့်သုံးရေး၊

(ဃ) ပြည်ထောင်စုတစ်ဝန်း တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် လမ်းပန်း ဆက်သွယ်မှု လုံခြုံချောမွေ့စေရေး၊

၂။ **စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များ ဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှု များကို ဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး၊

(ဃ) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် ပြည်သူ့လူမှုစီးပွား ဘဝ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရေး၊

၃။ **လူမှုရေး**

(က) စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေး၊

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစား လိုက်နာပြီး အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး၊

(ဂ) နိုင်ငံ၏ အခြေခံကျန်းမာရေးစောင့်ရှောက်မှုကို ပိုမိုခိုင်မာအောင်တည်ဆောက်၍ တစ်မျိုးသားလုံး သက်ရှည်ကျန်းမာသည့် ကျန်းမာရေးစနစ်ဖြစ်ပေါ်လာရေး၊

(ဃ) ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်တည်ဆောက်ရေးအတွက် လိုအပ်သည့် လူ့စွမ်းအားအရင်းအမြစ်များ မွေးထုတ်နိုင်ရန် ဘက်စုံပညာရေးကဏ္ဍ မြှင့်တင်ရေး။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီအစည်းအဝေး (၁/၂၀၂၃) တွင် ပြောကြားသည့်အမှာစကား

( ၁ - ၂ - ၂၀၂၃ )



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီအစည်းအဝေး (၁/၂၀၂၃) ကို ဇန်နဝါရီလ ၃၁ ရက် နံနက်ပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌရုံး အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်သည်။

အစည်းအဝေးသို့ ယာယီသမ္မတ ဦးမြင့်ဆွေ၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်၊ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦး၊ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိုးထွဋ်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်၊ အထူးဖိတ်ကြားထားသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး အောင်လင်းဒွေး၊ တွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ဥပဒေရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာသီတာဦးတို့ တက်ရောက်ကြပြီး ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူအနေဖြင့် ကျန်းမာရေးအခြေအနေအရ အစည်းအဝေးမတက်ရောက်နိုင်ကြောင်း ခွင့်ပန်ကြားခဲ့သည်။

ဦးစွာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ၂ နှစ်ပြည့် နိုင်ငံတော်တာဝန်ထမ်းဆောင်ခဲ့မှုနှင့်စပ်လျဉ်း၍ တင်ပြရာတွင် မိမိတို့အစိုးရ နိုင်ငံတော်တာဝန်ရယူခဲ့ရခြင်းသည် ဒုတိယသက်တမ်းတွင် တာဝန်ယူခဲ့သည့် အစိုးရ၏ ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ၏ မဲမသမာမှုဖြစ်စဉ်များကြောင့် ဖြစ်ပါကြောင်း၊ နိုင်ငံ၏တည်ထောင်ခါစ ပါတီစုံဒီမိုကရေစီစနစ် မယိမ်းယိုင်စေရန် တပ်မတော်အနေဖြင့် သက်ဆိုင်သူများကို အကြိမ်ကြိမ်သတိပေး၊ အသိပေးခဲ့ပါကြောင်း၊ ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲ၌ ယခင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က တရားဝင်ထုတ်ပြန်ခဲ့သည့်

မဲစာရင်းအရ မဲပေးပိုင်ခွင့်ရှိသူ ၃၈,၂၇၁,၄၄၇ (၃၈ ဒသမ ၂၇ သန်းကျော်) အပေါ်တွင် တပ်မတော်၏ စိစစ်ချက်များအရ ၁၀,၄၈၂,၁၁၆ ဦး(၁၀ ဒသမ ၄၈ သန်းကျော်) သည် မဲမသမာမှုဖြစ်ကြောင်း သက်သေအထောက်အထား ခိုင်ခိုင်လုံလုံဖြင့် ပွင့်လင်းမြင်သာစွာ ရှင်းလင်းပြသ ထုတ်ပြန်ခဲ့ပါကြောင်း၊ မဲမသမာမှုဖြစ်နိုင်သည့် စိစစ်တွေ့ရှိချက်သည် မဲပေးပိုင်ခွင့်ရှိသူပမာဏ၏ လေးပုံတစ်ပုံကျော်ဖြစ်နေပြီး သာမန်မှားယွင်းမှု၊ သာမန်အငြင်းပွားမှုမဟုတ်ကြောင်းနှင့် သေချာစိစစ်မှုမရှိဘဲ ကြိုတင်ပူးပေါင်းကြံစည်မှုများသာဖြစ်သည်ကို တွေ့မြင်ရမည်ဖြစ်ပါကြောင်း၊ လွှတ်တော်အသီးသီးအတွက် ပြုလုပ်သည့်ရွေးကောက်ပွဲတွင် မဲမသမာမှုသည် မည်သည့်နိုင်ငံကမျှ လက်မခံသော ဆိုးရွားသည့် လုပ်ဆောင်မှုဖြစ်ပါကြောင်း၊ မဲမသမာမှုအပေါ် စိစစ်ရန်အတွက် တတိယအဖွဲ့အစည်း လိုအပ်မည်ဖြစ်ပါကြောင်း၊ မိမိတို့နိုင်ငံတွင် ဖွဲ့စည်းပုံအခြေခံဥပဒေအရသော်လည်းကောင်း၊ နိုင်ငံ၏ နိုင်ငံရေးသမိုင်းစဉ် ဖြတ်သန်းမှုအရသော်လည်းကောင်း စိစစ်ပေးရန် သတိပေး၊ အသိပေးရန်လိုအပ်သည့်အဖွဲ့အစည်းသည် တပ်မတော်ပင်ဖြစ်ကြောင်း၊ ကမ္ဘာပေါ်၌ ပြုလုပ်ခဲ့သည့် ရွေးကောက်ပွဲများတွင် မဲမသမာမှုဖြစ်စဉ်များ မကြာခဏတွေ့ရှိကြားနေရဆဲဖြစ်ပါကြောင်း၊ ထိုသို့ဖြစ်လာသည့်အခါတွင်လည်း တည်ဆဲအစိုးရနှင့် တာဝန်ရှိသူများ၊ ရွေးကောက်ပွဲကော်မရှင် UEC တို့က အလေးထားပြီး ဖြေရှင်းပေးရမည်ဖြစ်ပါကြောင်း၊ အရေးယူမှုများပြုလုပ်ရပါကြောင်း၊ မြန်မာနိုင်ငံတွင် UEC အပါအဝင် တာဝန်ရှိသူများက ဖြေရှင်းပေးမှုမရှိသည်ကိုတွေ့ရပါကြောင်း၊ တပ်မတော်သည် ဖွဲ့စည်းပုံအခြေခံဥပဒေ ၂၀၀၈ ခုနှစ် ပုဒ်မ-၄ အရ **"နိုင်ငံတော်၏ အချုပ်အခြာအာဏာသည် နိုင်ငံသားများထံမှဆင်းသက်ပြီး နိုင်ငံတော်တစ်ဝန်းလုံး၌ တည်သည်"**၊ ပုဒ်မ-၆ (ဃ)နဲ့ ပုဒ်မ-၇ တို့အရ **"စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ထွန်းကားရေး"**၊ ပုဒ်မ-၆(စ) အရ **"နိုင်ငံတော်၏ အမျိုးသားနိုင်ငံရေး ဦးဆောင်မှုအခန်းကဏ္ဍတွင် တပ်မတော်က ပါဝင်ထမ်းဆောင်နိုင်ရေးတို့ကို အစဉ်တစိုက် ဦးတည်သည်"**၊ ပုဒ်မ-၂၀(စ) အရ **"တပ်မတော်သည် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေကို ကာကွယ်စောင့်ရှောက်ရန် အဓိကတာဝန်ရှိသည်"**ဟုပြဋ္ဌာန်းထားသည့်အတွက် စိစစ်ရမည်ဟူသည့်တာဝန်လည်း ရှိပြီးဖြစ်ပါကြောင်း။

**လွှတ်တော်အား အတင်းအဓမ္မခေါ်ယူအာဏာရယူရန် ကြံစည်မှု**

မိမိတင်ပြခဲ့သည့် ပြဿနာကို မှန်ကန်စွာဖြေရှင်းပေးခြင်းမပြုခဲ့ဘဲ တာဝန်ရှိသူအဆင့်ဆင့်နှင့် အဖွဲ့အစည်းများက တာဝန်ယူမှု၊ တာဝန်ခံမှုမရှိဘဲ ၁-၂-၂၀၂၁ ရက်နေ့တွင်ပြုလုပ်မည့် တတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေး၊ ပထမနေ့အစီအစဉ်တွင် သဘာပတိက ကတိသစ္စာပြုခြင်းအစီအစဉ်သာမကဘဲ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ကတိသစ္စာပြုခြင်းနှင့် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ ရွေးကောက်တင်မြှောက်မှုအစီအစဉ်အပါအဝင် အစီအစဉ် ၁၅ ရပ်ဖြင့် ဆောင်ရွက်ရန် လွှတ်တော်အား အတင်းအဓမ္မခေါ်ယူအာဏာရယူရန် ကြံစည်မှုသည် ပုဒ်မ-၄၀(ဂ)နှင့် ပုဒ်မ-၄၁၇ ပါ **"နိုင်ငံတော်အာဏာကို အဓမ္မနည်းဖြင့် ရယူရန်ဆောင်ရွက်ခြင်း"** အား ကြံစည်ကြိုးပမ်းဆောင်ရွက်ခဲ့ခြင်းပင်ဖြစ်ပါကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၆၂၊ ၆၃၊ ၆၄ တို့အရဦးဝင်းမြင့်သည် ရွေးချယ်ခံလွှတ်တော်ကိုယ်စားလှယ်ဖြစ်နေခြင်း၊ ပါတီတာဝန်ထမ်းဆောင်နေခြင်း၊ ဥပဒေအရ အမှုဖွင့်အရေးယူခံထားရခြင်းတို့ကြောင့် သမ္မတအဖြစ် ရပ်တည်ပိုင်ခွင့် မရှိပါကြောင်း၊ ထို့ကြောင့် မိမိတင်ပြခဲ့သည့် မဲမသမာမှုဖြစ်စဉ်အပေါ် ဥပဒေနှင့်အညီ ဖြေရှင်းရန်လိုအပ်သည့်အတွက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ယာယီသမ္မတ ဦးမြင့်ဆွေက အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီကိုခေါ်ယူပြီး ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ပုဒ်မ-၄၁၇ အရ နိုင်ငံရေးအရအရေးပေါ်အခြေအနေ ကြေညာခဲ့ပါကြောင်း၊ ယခုအစည်းအဝေးသို့တက်ရောက်လာသည့်အကြီးအကဲများ၏သဘောတူညီမှုကြောင့် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ-၄၁၈၊ ပုဒ်မခွဲ (က) အရ နိုင်ငံတော်၏ ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးအာဏာတို့ကိုတပ်မတော်ကာကွယ်ရေးဦးစီးချုပ်ထံ လွှဲအပ်တာဝန်ပေး ထမ်းဆောင်စေခဲ့ပါကြောင်း။

**စုံကန်ငြင်းဆိုခဲ့**

ရွေးကောက်ပွဲနှင့်ပတ်သက်ပြီး ယင်းအချိန်က အစိုးရနှင့် တာဝန်ရှိသူများအနေဖြင့် ရှင်းလင်းသင့်သည်များကို မရှင်းလင်းသည့်အပြင် စုံကန်ငြင်းဆိုခဲ့ပါကြောင်း၊ ထိုသို့ငြင်းရခြင်းအကြောင်းမှာ သူတို့သည် မဲမသမာမှုများမလုပ်ခဲ့၊ မရှိခဲ့ပါက တပ်မတော်မှထုတ်ပြန်သည့် မဲမသမာမှုအထောက်အထားများနှင့်စာရင်းများကိုမမှန်ကန်ကြောင်း

သက်သေပြရမည် ဖြစ်ပါကြောင်း၊ ထိုသို့ပြနိုင်ရန် မဲစာရင်းများကို စစ်ဆေးရမည်ဖြစ်ပါကြောင်း၊ သို့သော် ၎င်းတို့အနေဖြင့် ထိုသို့မလုပ်ရဲပါကြောင်း၊ ၎င်းတို့၏ မဲစာရင်းများ၊ မဲရရှိမှုများသည် စာရင်းဇယားအရရော၊ လက်တွေ့တွေ့ရှိမှုများအရပါ မမှန်ကန်၍ ဖြစ်ပါကြောင်း၊ မဲစာရင်းများကိုစစ်ဆေးရာတွင် တပ်မတော်အနေဖြင့် တွေ့ရှိခဲ့သည့် အချက်အလက်များနှင့် ပကတိအခြေအနေအပေါ်မူတည်ပြီး မဲမသမာမှုစာရင်းများကို ခိုင်ခိုင်မာမာ ပွင့်လင်းမြင်သာစွာ ဖော်ပြခဲ့ခြင်းဖြစ်ပါကြောင်း၊ ၎င်းတို့အနေဖြင့် တပ်မတော် ထုတ်ပြန်သည်မှာ မှားကြောင်း၊ ၎င်းတို့သာ မှန်ကြောင်း သက်သေမပြရဲခြင်းပင် ဖြစ်ပါကြောင်း၊ ထို့အပြင် တရားဝင် စစ်ဆေးစိစစ်ချက် သက်သေများထွက်လာပါက ၎င်းတို့၏ မဲမသမာမှုများကြောင့် မဲမသမာမှုပြုလုပ်ခဲ့သည့် ပါတီအနေဖြင့် နိုင်ငံရေးအရသေသွားမည်ကို ၎င်းတို့သိရှိသည့်အတွက် တာဝန်ယူမှု၊ တာဝန်ခံမှုမရှိဘဲ စုံကန်ငြင်းပယ်ခဲ့ခြင်းသာဖြစ်ပါကြောင်း။

အဆိုပါကာလက ဖြစ်ပေါ်ခဲ့သည့်အခြေအနေများအရ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ပြဋ္ဌာန်းထားသည့် သက်တမ်းများအလိုက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အား နိုင်ငံတော်တာဝန်ကိုထမ်းဆောင်ရန် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီအစည်းအဝေးသို့တက်ရောက်လာသူများက သဘောတူအတည်ပြုခဲ့ပါကြောင်း၊ မိမိတို့အစိုးရအနေဖြင့် ယခုကဲ့သို့ နိုင်ငံတော်တာဝန်ကို ထမ်းဆောင်ခဲ့ရာတွင် ရှေ့လုပ်ငန်းစဉ် (၅) ရပ် ချမှတ်ဆောင်ရွက်ခဲ့ရာ၌ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့မှု၊ တိုးတက်ပြောင်းလဲလုပ်ဆောင်မှုအခြေအနေများကို တင်ပြသွားမည်ဖြစ်ပါကြောင်း။

**ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့**

**ရှေ့လုပ်ငန်းစဉ် (၅) ရပ်မှ "ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများစစ်ဆေးခြင်းအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်"** ဆိုသည့်အချက်အား ဆောင်ရွက်မှုအနေဖြင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အသစ်အား ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ပါကြောင်း။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် မြို့နယ်အသီးသီးရှိ မဲရုံတစ်ခုချင်းအလိုက် မဲပေးခဲ့မှုအခြေအနေများနှင့် ဆန္ဒမဲလက်မှတ်များကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများကဦးစီးပြီး မြို့နယ်အလိုက် တာဝန်ရှိပုဂ္ဂိုလ်များနှင့်သက်ဆိုင်ရာနိုင်ငံရေးပါတီများကကိုယ်စားလှယ်များနှင့်အတူ မြေပြင်ဖွင့်ဖောက် စစ်ဆေးမှုများကို ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၇ ရက်မှ ဇူလိုင်လ ၄ ရက်အတွင်း သွားရောက်စစ်ဆေးခဲ့ပြီး ရွေးကောက်ပွဲဆိုင်ရာမဲမသမာမှုများနှင့် တရားမဲ့ပြုကျင့်မှုများကို စုံစမ်းမေးမြန်းခဲ့ပါကြောင်း။

၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ မဲစာရင်းများတွင် နိုင်ငံသား၊ ဧည့်နိုင်ငံသား၊ နိုင်ငံသားပြုခွင့်ရသူလက်မှတ်မရှိဘဲ ပါဝင်နေသူများသည် ၄,၈၆၉,၄၂၃ ဦး(၄ ဒသမ ၈၆ သန်းကျော်)၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်တစ်ခုတည်းဖြင့် မဲစာရင်းတွင် ၃ ကြိမ်နှင့်အထက် ပါဝင်နေသူ ၂၉၅,၄၀၅ ဦးအပါအဝင် မဲမသမာမှုဖြစ်ပွားခဲ့သည့် မဲစာရင်းအရေအတွက် ၁၁,၃၀၅,၃၉၀ ဦး (၁၁ ဒသမ ၃ သန်းကျော်)ဖြစ်သည်ကိုစိစစ်တွေ့ရှိရပါကြောင်း။

**လူဦးရေ ၄ သန်းနီးပါး ကွဲလွဲမှုများရှိနေ**

၂၀၁၄ ခုနှစ် သန်းခေါင်စာရင်းအပေါ်တွက်ချက်မည်ဆိုပါက ၆ နှစ်အကြာ ၂၀၂၀ ပြည့်နှစ်၊ အောက်တိုဘာလ ၁ ရက်နေ့တွင်ရှိရမည့် **ခန့်မှန်းလူဦးရေစာရင်း အသက် ၁၈ နှစ်နှင့်အထက်သည် ၃၄,၃၅၀,၁၅၅ ဦး (၃၄ ဒသမ ၃၅ သန်းကျော်)** ဖြစ်ပါကြောင်း၊ **၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲတွင် ရွေးကောက်ပွဲကော်မရှင်က နောက်ဆုံးထုတ်ပြန်ခဲ့သည့် မဲဆန္ဒရှင်စာရင်းသည် ၃၈,၂၇၁,၄၄၇ ဦး (၃၈ ဒသမ ၂၇ သန်းကျော်)** ဖြစ်ပါကြောင်း၊ မူလကပင် **လူဦးရေ ၄ သန်းနီးပါး** ကွဲလွဲမှုများရှိနေသည်ကို တွေ့ရှိရပါကြောင်း၊ လူဦးရေသန်းခေါင်စာရင်းသည် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ကောက်ယူရသည့် စာရင်းဖြစ်ပါကြောင်း၊ ထိုအထဲတွင် မိမိတို့နိုင်ငံ၏အခြေခံဥပဒေ ပုဒ်မ–၃၉၂ အရ အရွယ်ရောက်ပြီးဖြစ်သော်လည်း ဆန္ဒမဲပေးပိုင်ခွင့်မရှိသူများလည်း ပါဝင်မည်ဖြစ်ကြောင်း၊ ဥပမာအားဖြင့် သာသနာ့ဝန်ထမ်းများ၊ ထောင်ကျနေသည့်သူများ စသဖြင့် ဖြစ်ပါကြောင်း၊ အဆိုပါအချက်များကိုပါ ထည့်သွင်းတွက်ချက်မည်ဆိုပါက မဲစာရင်းကွာခြားချက်သည် ပိုမိုများပြားမည်ဖြစ်သည်ကို ထင်ရှားစွာတွေ့နိုင်ပါကြောင်း။

မဲရုံတွေများတွင်လည်း နိုင်ငံသားစိစစ်ရေးကတ်မရှိဘဲ မဲပေးခွင့်ရရှိရေး ညွှန်ကြားချက်များ၊ ရွေးကောက်ပွဲနေ့တွင်

မဲရုံများ၌ အသုံးပြုခဲ့သည့် ဆန္ဒပြုအမှန်ခြစ်တံဆိပ်တုံးများနှင့်စပ်လျဉ်းပြီး UEC တံဆိပ်မပါရှိဘဲ အမှန်ခြစ်တံဆိပ်တုံး ရိုက်နှိပ်ထားခြင်းများ မဲလက်မှတ်တွင်တွေ့ရှိမည်ဆိုပါက ခိုင်လုံမဲအဖြစ် သတ်မှတ်မည်ဆိုသည့် ညွှန်ကြားချက်များ၊ မဲရုံတိုင်း၌မဲစာရင်းအရေအတွက် များစွာမှားယွင်းမှုဖြစ်ပေါ်ခြင်းတို့သည် မတော်တဆဖြစ်ခဲ့ခြင်းမဟုတ်ဘဲ တမင်ကြံတင်ကြံစည်ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်ကို တွေ့ရပါကြောင်း၊ ဥပဒေ၊ စည်းမျဉ်းစည်းကမ်းများကိုကျော်လွန်ပြီး အမျိုးမျိုးစည်းကမ်းချိုးဖောက်ဆောင်ရွက်ခဲ့သည်ကို တွေ့ရပါကြောင်း၊ မဲရုံများ၏အခြေအနေသည် ပရမ်းပတာဖြစ်နေသည်ကိုလည်း တွေ့ရှိရပါကြောင်း။

ရွေး ကော က် ပွဲ ဆို င် ရာ လု ပ် င န်း ဆော င် ရွ က် မှု အဆင့်ဆင့်တွင် NLD ပါတီအနေဖြင့် အုပ်ချုပ်ရေးအာဏာကို အလွဲသုံးစားပြုမှုများရှိပါကြောင်း၊ **NLD ပါတီဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည်သည် နိုင်ငံရေးအာဏာရလာပြီးသည့်နောက် သမ္မတအထက်တွင် မိမိရှိမည်ဖြစ်ကြောင်း မီဒီယာများသို့ ၅-၁၁-၂၀၁၅ ရက်နေ့တွင် ပြောဆိုမှု၊ လုပ်ဆောင်မှုများနှင့်အတူ ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) တွင် ပြဋ္ဌာန်းထားသည့် နိုင်ငံ့အကြီးအကဲ သမ္မတကိုပင် အမိန့်ပေး/စေခိုင်းညွှန်ကြားမှုများ ရှိလာပါကြောင်း၊ ထို့ကြောင့် ၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲဖြစ်စဉ် မဲမသမာမှုသည် NLD ပါတီတွင် လုံးဝတာဝန်ရှိပါကြောင်း၊ ထိုသို့ဝင်ရောက်စွက်ဖက်ခြင်းသည်လည်း NLD ပါတီဥက္ကဋ္ဌအနေဖြင့် ၎င်း၏နိုင်ငံရေးရာထူးရရှိမှုအပေါ် မလျော်ဩဇာသုံးကာ မသမာမှုများဆောင်ရွက်ခဲ့ခြင်းဖြစ်ပါကြောင်း၊ ဦးဝင်းမြင့်သည်လည်း အဆိုပါကာလက နိုင်ငံတော်သမ္မတဖြစ်ပါလျက် လိုက်ပါလုပ်ဆောင်ခဲ့ရကြောင်း၊ အဆိုပါအချက်သည် မိမိတို့နိုင်ငံအတွက် ကြီးမားသည့်သင်ခန်းစာတစ်ခုပင် ဖြစ်သည်ကို တင်ပြလိုပါကြောင်း။**

**ဖိအားပေးမှုများရှိ**

**၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲတွင် ဒေါ်အောင်ဆန်းစုကြည်နှင့်သမ္မတဟောင်း ဦးဝင်းမြင့်တို့သည်ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အပေါ်တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း ဖိအားပေးမှုများရှိပါကြောင်း၊**ထို့ကြောင့်လည်းယခင်ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် ဖိအားပေးခံရမှုများရှိလာခဲ့ပြီး ၎င်းတို့အား တရားဝင်အပ်နှင်းထားသည့် လုပ်ပိုင်ခွင့်များကို အလွဲသုံးစားပြုခဲ့ကာ ဥပဒေ၊ နည်းဥပဒေများကို ကျော်လွန်ဖောက်ဖျက်ဆောင်ရွက်ခဲ့ပါကြောင်း၊ ထို့ကြောင့် မိမိတို့အစိုးရအနေဖြင့် ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲတွင် ရွေးကောက်ပွဲလုပ်ငန်းစဉ်အပေါ် မဲမသမာမှုများနှင့် တရားမဲ့ပြုကျင့်မှုဖြစ်စဉ်များတွင် ပါဝင်ပတ်သက်ကျူးလွန်ခဲ့သူ နိုင်ငံတော်သမ္မတဟောင်း ဦးဝင်းမြင့် အပါအဝင် ပြည်ထောင်စုအဆင့် တာဝန်ရှိသူများ၊ ဝန်ကြီးချုပ်ဟောင်းများ၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့မှ တာဝန်ရှိသူများကို အရေးယူမှုပြုလုပ်ရပါကြောင်း၊ ထိရောက်ဟန့်တားသည့် ပြစ်ဒဏ်များ ချမှတ်ရခြင်းဖြစ်ပါကြောင်း၊ ထိုသို့ပြုလုပ်ရခြင်းသည်လည်း တိုင်းပြည်၏ ဒီမိုကရေစီလျှောက်လှမ်းမှုအပေါ် နောင်တွင် အမည်းစက်မဖြစ်ပေါ်စေရေးအတွက် ဖြစ်ပါကြောင်း၊ လက်ရှိတွင်လည်း ၎င်းတို့၏ဆောင်ရွက်မှုများသည် ၎င်းတို့ဘက်မပါသည့်သူများကို အကြမ်းဖက်လုပ်ရပ်များ ဆောင်ရွက်နေခြင်းများရှိသည့်အတွက် အစိုးရအနေဖြင့် ထိရောက်သည့် ပြစ်ဒဏ်များ ချမှတ်နေခြင်းပင်ဖြစ်ပါကြောင်း၊ NLD ပါတီဥက္ကဋ္ဌအနေဖြင့် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား (MRTV)က တရားဝင် တစ်နိုင်ငံလုံးကို ၂၀၂၀ ပြည့်နှစ် စက်တင်ဘာလ ၁၇ ရက်က ထုတ်လွှင့်သည့် မဲဆွယ်စည်းရုံးသည့် မိန့်ခွန်းတွင် **“နိုင်ငံရဲ့ရွေးကောက်ပွဲဟာ ဒီမိုကရေစီစံနှုန်းနဲ့မညီကြောင်း၊ ၇၅ ရာခိုင်နှုန်းသာ ပြည်သူကရွေးချယ်ဝင်ရောက်ယှဉ်ပြိုင်ရကြောင်း၊ ကျန် ၂၅ ရာခိုင်နှုန်းဟာ တပ်မတော်ကသာဖြစ်ကြောင်း၊ ဒါ့ကြောင့် အစိုးရတစ်ခုဖွဲ့စည်းဖို့ဆိုတာ ၂၅ ရာခိုင်နှုန်းဆိုတဲ့အတားအဆီးကို NLD က ဖြတ်ကျော်ဖို့လိုကြောင်း၊ ၇၅ ရာခိုင်နှုန်းသာ ဝင်ရောက်ယှဉ်ပြိုင်ရလို့ ယှဉ်ပြိုင်တဲ့နေရာမှာ အနည်းဆုံး ၆၇ ရာခိုင်နှုန်းနိုင်ဖို့လိုအပ်ကြောင်း၊ ဒါ့ကြောင့် လိုအပ်တဲ့ ရာခိုင်နှုန်းတွေတွက်ချက်မနေရအောင် NLD ဝင်ရောက်ယှဉ်ပြိုင်တဲ့နေရာတိုင်းမှာ NLD ပါတီအောင်နိုင်ရေးအတွက် အင်တိုက်အားတိုက်မဲပေးဖို့”**ဆောင်ရွက်နိုင်ရေးလှုံ့ဆော်ခဲ့ပါကြောင်း၊ ထို့ကြောင့်လည်း NLD ပါတီအနေဖြင့် မဲရလဒ်ရှုံးနိမ့်မည့် နေရာအချို့ကို ရွေးကောက်ပွဲ မဲဆန္ဒနယ်အဖြစ်မှ ဖျက်သိမ်းဆောင်ရွက်ခဲ့ပါကြောင်း၊ထို့ကြောင့်အချို့သောတိုင်းရင်းသားများနှင့် အဖွဲ့အစည်းများအနေဖြင့် မဲပေးခွင့်ဆုံးရှုံးခဲ့ရသည့် ခံစားမှုများဖြစ်ပေါ်လာရပါကြောင်း၊ ရွေးကောက်ပွဲဖျက်သိမ်းခံရသည့် မြို့နယ်များသည် တိုင်းရင်းသားနိုင်ငံရေး

ပါတီများအတွက် မဲများသိသိသာသာရနိုင်သည့်နေရာဒေသများပင် ဖြစ်ပါကြောင်း၊ ထိုသို့ဆောင်ရွက်ခြင်းသည် အနာဂတ်တွင်ပြည်ထောင်စုကြီးမပြိုကွဲရန်နှင့်တိုင်းရင်းသားစည်းလုံးညီညွတ်မှုအပေါ် ထိခိုက်နစ်နာစေလာနိုင်ပါကြောင်း၊ အဆိုပါဖြစ်စဉ်များအပေါ်သုံးသပ်ပြီး မိမိတို့အစိုးရအနေဖြင့် တိုင်းရင်းသားညီအစ်ကိုမောင်နှမများ ဒီမိုကရေစီအခွင့်အရေး မဆုံးရှုံးစေရန် တိုင်းရင်းသားဒေသများအပါအဝင် တစ်နိုင်ငံလုံးအကြားအလပ်မရှိသည့် ရွေးကောက်ပွဲကျင်းပနိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်ကို တင်ပြလိုပါကြောင်း။

ရွေးကောက်ပွဲသည် ၅ နှစ်တစ်ကြိမ် ပြုလုပ်ရသည့် အထွေထွေရွေးကောက်ပွဲဖြစ်ပြီး အခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များအရ တစ်နိုင်ငံလုံးတွင် တစ်ပြိုင်တည်းဆောင်ရွက်ရမည့်အခြေအနေဖြစ်ပါကြောင်း၊ ရွေးကောက်ပွဲတွင် အနိုင်ရသည့် လွှတ်တော်ကိုယ်စားလှယ်များ၊ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်များနှင့် ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊တိုင်းဒေသကြီး/ပြည်နယ်လွှတ်တော်များကိုဖွဲ့စည်းပြီး ၎င်းအဖွဲ့အစည်းများမှတစ်ဆင့် နိုင်ငံတော်သမ္မတ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ် စသည့် အစိုးရအဖွဲ့အကြီးအကဲများကို ရွေးချယ်ရခြင်းကို တစ်ပြိုင်တည်းဆောင်ရွက်ရခြင်းဖြစ်ပါကြောင်း၊ထို့ကြောင့်အထွေထွေရွေးကောက်ပွဲကို ပြည်နယ်နှင့် တိုင်းဒေသကြီးများအားလုံးတွင် တစ်ပြိုင်တည်းလုပ်ဆောင်ရန် လိုအပ်ပါကြောင်း၊ ဥပဒေအရ တစ်ခုပြီးမှတစ်ခု လုပ်၍မရပါကြောင်း၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ ပြည်နယ်နှင့် တိုင်းလွှတ်တော်တို့တွင် လွှတ်တော်အစည်းအဝေး အောင်မြင်စွာကျင်းပပြုလုပ်နိုင်သည့်ပမာဏအထိ ရွေးကောက်ပွဲအောင်မြင်အောင် ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ မြို့ပေါ်တစ်ခုတည်းဆောင်ရွက်ပြီးစီးရုံဖြင့် မလုံလောက်ပါကြောင်း၊ ကျေးလက်များထိ ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ကျေးလက်နေပြည်သူသည် နိုင်ငံလူဦးရေ၏ ၇၀ ရာခိုင်နှုန်းခန့်ရှိပါကြောင်း၊ ထို့အပြင်သက်ဆိုင်ရာပါတီများနှင့်လွှတ်တော်ကိုယ်စားလှယ်လောင်းများ သက်ဆိုင်ရာမဲဆန္ဒနယ်မြေအလိုက် မဲဆွယ်စည်းရုံးနိုင်ရန် အခြေအနေရှိရန်လည်း လိုအပ်ပါကြောင်း။

ရွေးကောက်ပွဲတွင် အခြေခံမဲစာရင်းမှန်ကန်စေရေးသည် အဓိကကျသည့်အချက်ဖြစ်ပါကြောင်း၊ ၂၀၂၀ ပြည့်နှစ်ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် နိုင်ငံသား

> **NLD ပါတီအနေဖြင့် မဲရလဒ်ရှုံးနိမ့်မည့်နေရာအချို့ကို ရွေးကောက်ပွဲ မဲဆန္ဒနယ်အဖြစ်မှ ဖျက်သိမ်းဆောင်ရွက်ခဲ့၊ ထို့ကြောင့် အချို့သော တိုင်းရင်းသားများနှင့် အဖွဲ့အစည်းများအနေဖြင့် မဲပေးခွင့်ဆုံးရှုံးခဲ့ရသည့် ခံစားမှုများဖြစ်ပေါ်လာရ၊ ရွေးကောက်ပွဲဖျက်သိမ်းခံရသည့် မြို့နယ်များသည် တိုင်းရင်းသားနိုင်ငံရေးပါတီများအတွက် မဲများသိသိသာသာရနိုင်သည့်နေရာဒေသများပင်ဖြစ်၊ ထိုသို့ဆောင်ရွက်ခြင်းသည် အနာဂတ်တွင် ပြည်ထောင်စုကြီး မပြိုကွဲရန်နှင့် တိုင်းရင်းသားစည်းလုံးညီညွတ်မှုအပေါ် ထိခိုက်နစ်နာစေလာနိုင်။**

စိစစ်ရေးကတ်မရှိဘဲ မဲပေးခဲ့သူ ၄,၈၆၉,၄၂၇ ဦး (၄ ဒသမ ၈ သန်းကျော်) ရှိခဲ့ပါကြောင်း၊ နိုင်ငံသားတိုင်း နိုင်ငံသားစိစစ်ရေးကတ်ကိုင်ဆောင်နိုင်ရေး ၃-၅-၂၀၂၂ ရက်နေ့မှ ၃-၁-၂၀၂၃ ရက်နေ့အထိ "ပန်းခင်း" စီမံချက်ဖြင့် ဆောင်ရွက်ပေးခဲ့ရာ ပြုလုပ်ပေးရမည့် ပြည်သူ ၃,၄၉၁,၃၆၄ ဦး (၃ ဒသမ ၄ သန်းကျော်) ရှိသည့်အနက် ၁,၁၃၄,၃၆၃ ဦး (၁ ဒသမ ၁၃ သန်းကျော်)က ဆောင်ရွက်ရန်ကျန်ရှိရာ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)နှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့သည် ဆောင်ရွက်ရန်ကျန်အများဆုံး ပြည်နယ်နှင့်တိုင်းဒေသကြီးတို့ပင်ဖြစ်ပါကြောင်း၊ ဆောင်ရွက်ရန်ကျန်ရှိနေသည့် နိုင်ငံသားများအပေါ် ဆက်လက်ပြုလုပ်ပေးရန် လိုအပ်ကြောင်းနှင့် ထိုသို့ဆောင်ရွက်ပေးနိုင်မှသာ ကာယကံရှင်တို့၏ နိုင်ငံသားများ၏ မူလအခွင့်အရေးများ ဆုံးရှုံးနိုင်မှုမှ ကင်းဝေးမည်ဖြစ်သည်ကို အလေးအနက်ထား တင်ပြလိုပါကြောင်း၊ မဲပေးပိုင်ခွင့်ရှိသူအားလုံး သက်သေခံအထောက်အထားကတ် တစ်မျိုးမျိုးရရှိစေရမည့်အပြင် ခြိမ်းခြောက်မှု၊ အကျပ်ကိုင်မှုမရှိဘဲ မိမိသဘောဆန္ဒအလျောက် မဲပေးပိုင်ခွင့်ရှိရမည်ဖြစ်ပါကြောင်း၊ အသည်းကြားက မဲတစ်ပြားဖြစ်စေရမည်

ဖြစ်ပါကြောင်း၊ မဲပေးခြင်း မပေးခြင်းသည် ပြည်သူတစ်ဦး၏ဆန္ဒသာဖြစ်ပြီး မဲပေးနိုင်အောင် ဆောင်ရွက်ပေးရန်မှာ အစိုးရ၏တာဝန်ဖြစ်ပါကြောင်း။

**"လတ်တလောဖြစ်ပွားနေသည့် ကိုဗစ်-၁၉ ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်"**ဆိုသည့် အချက်အား ဆောင်ရွက်မှုအနေဖြင့် မြန်မာနိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါ စတင်ဖြစ်ပွားသည့် ၂၀၂၀ ပြည့်နှစ်၊ မတ်လ ၂၃ ရက်မှ ၂၀၂၃ ခုနှစ်၊ ဇန်နဝါရီ ၃၁ ရက်အထိ ဓာတ်ခွဲနမူနာစစ်ဆေးမှု စုစုပေါင်း ၉,၉၃၈,၀၂၃ ဦး (၉ ဒသမ ၉၃ သန်းကျော်)ဖြစ်ပြီး ဓာတ်ခွဲအတည်ပြုလူနာဦးရေ ၆၃၃,၈၁၉ ဦး (၆ သိန်း ၃ သောင်းကျော်)၊ သေဆုံးသူ ၁၉,၄၉၁ ဦး၊ (၁ သောင်း ၉ ထောင်ကျော်) ဖြစ်ပါကြောင်း၊ သေဆုံးမှုရာခိုင်နှုန်း ၃ ဒသမ ၀၈ ရာခိုင်နှုန်းရှိပါကြောင်း။

မိမိတို့အစိုးရ တာဝန်ထမ်းဆောင်ခဲ့သည့် ကာလသည် ကိုဗစ်-၁၉ ရောဂါ ကူးစက်ပျံ့နှံ့မှုနှုန်း များပြားနေချိန်ဖြစ်ပါကြောင်း၊ ကူးစက်မှုအမြင့်ဆုံးကာလ ၂၀၂၁ ခုနှစ်၊ ဇူလိုင်လ တတိယပတ်နှင့် စတုတ္ထပတ်များတွင် တစ်ရက်လျှင်ပျမ်းမျှပိုးတွေ့လူဦးရေသည် ၅,၀၀၀ ဦး **(၄၀ ရာခိုင်နှုန်း)** အထိ ဖြစ်ပွားခဲ့ပါကြောင်း၊ မိမိကိုယ်တိုင်ဦးဆောင်ပြီး ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဗဟိုကော်မတီအစည်းအဝေးများကို ၁၃ ကြိမ်တိုင်တိုင်ကျင်းပပြီး လိုအပ်သည့် အုပ်ချုပ်ထောက်ပံ့ရေးကိစ္စရပ်များကို တိုင်းဒေသကြီး၊ ပြည်နယ်ဝန်ကြီးချုပ်များနှင့် Video Conferencing ပြုလုပ်၍ လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ပါကြောင်း၊ မိမိတို့အစိုးရ၏ ဒုတိယဝန်ကြီးချုပ်ကိုယ်တိုင် ၁ ပတ်လျှင် ၃ ကြိမ် ဦးစီးဆောင်ရွက်ကာ အနီးကပ်ဖြည့်ဆည်း ပေါင်းစပ်ညှိနှိုင်းပေးခဲ့ပါကြောင်း၊ ကိုဗစ်-၁၉ ရောဂါ တတိယလှိုင်းကာလတွင် ဖြစ်ပွားမှု၊ သေဆုံးမှုများ လျင်မြန်စွာ ထိန်းချုပ်နိုင်ရေးအတွက် ဆေးရုံ/ဆေးခန်းများအပြင် ကုသမှုစင်တာပေါင်း ၁,၆၇၄ ခု အထိ ဖွင့်လှစ်ကုသပေးခဲ့ပါကြောင်း။

မိမိအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ကုသရေးနှင့် ပတ်သက်ပြီး **"လက်တွေ့ကျကျ မြန်မြန်ဆန်ဆန်လုပ်၊ လူ့အသက်ထက်အရေးကြီးတာ ဘာမှမရှိ"**ဆိုသည့်မူဝါဒများ ချမှတ်ပေးခဲ့ပါကြောင်း၊ တာဝန်ရှိသူများကလည်း နည်းလမ်းပေါင်းစုံဖြင့် ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများကို နေ့မနား၊ ညမအား ဆောင်ရွက်ခဲ့ပါကြောင်း၊ မိမိတို့အစိုးရအနေဖြင့် Oxygen စက်ရုံ ၂၁၆ ရုံ၊ ပုဂ္ဂလိက ၂၇၁ ရုံ၊ စုစုပေါင်း ၄၈၇ ရုံတည်ဆောက်ပေးပြီး ပြည်သူလူထုအတွက် ကျန်းမာရေးစောင့်ရှောက်မှုများကို ပြုလုပ်ပေးခဲ့ပါကြောင်း၊ မိမိတို့အစိုးရအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်ခဲ့မှုကြောင့် ပိုးတွေ့ရှိမှုနှုန်းနှင့် သေဆုံးမှုနှုန်းသည် လျင်မြန်စွာကျဆင်းလာခဲ့သည်ကိုတွေ့ရှိရမည်ဖြစ်သည်ကိုတင်ပြအပ်ပါကြောင်း၊ အလားတူ မြန်မာတို့၏ ကူညီလှူဒါန်းလိုမှုစိတ်ဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးပစ္စည်း၊ ကုသရေးဆေးဝါး၊ အောက်ဆီဂျင်နှင့် စားသောက်ဖွယ်ရာများကို အင်တိုက်အားတိုက် လှူဒါန်းပေးခဲ့ကြမှုများ၊ အိမ်နီးနားချင်းမိတ်ဆွေနိုင်ငံများဖြစ်သည့် တရုတ်နိုင်ငံနှင့် ထိုင်းနိုင်ငံတို့မှ အောက်ဆီဂျင်အိုးများ မပြတ်ရရှိရေး ကူညီဆောင်ရွက်ပေးမှုကြောင့် ကိုဗစ်-၁၉ကပ်ရောဂါကိုလည်း ကောင်းမွန်စွာ ထိန်းသိမ်းနိုင်သည့် အခြေအနေဖြစ်ပေါ်ခဲ့ပါကြောင်း။

## CDM ပြုလုပ်ခဲ့သူ ၄၇,၂၅၄ ဦးရှိ

မိမိတို့နိုင်ငံအတွင်းတွင် **ဆေးရုံ** ၁,၀၇၇ ရုံ၊ ဆေးပေးခန်း ၁၁,၄၂၇ ခု၊ စုစုပေါင်း ၁၂,၅၀၄ ခုရှိပြီး နိုင်ငံရေးအခြေအနေအကြောင်းပြ၍ ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားမှုအမြင့်ဆုံးကာလတွင် ဆေးရုံ **၇၆၅** ရုံနှင့် ဆေးပေးခန်း **၇,၄၃၀** ခု၊ စုစုပေါင်း **၈,၁၉၅** ခု (၆၅ ဒသမ ၅၃ ရာခိုင်နှုန်း) သာ လုပ်ငန်းဆောင်ရွက်နိုင်ခဲ့ပါကြောင်း၊ တစ်နိုင်ငံလုံးတွင် ကျန်းမာရေးဝန်ကြီးဌာနရှိ ခန့်အပ်အရာထမ်းအမှုထမ်း **၁၀၃,၂၁၄** ဦးရှိပြီး ၎င်းတို့အထဲမှ ၅၄,၇၂၂ ဦး တာဝန်ထမ်းဆောင်ခဲ့ပါကြောင်း၊ တာဝန်ထမ်းဆောင်ရန်ပျက်ကွက်သူ ၄၈,၄၉၂ ဦးအနက် CDM ပြုလုပ်ခဲ့သူ ၄၇,၂၅၄ ဦးရှိခဲ့ပါကြောင်း၊ နိုင်ငံ့ဝန်ထမ်းများဖြစ်သည့် ၎င်းတို့အနေဖြင့် လွဲမှားသည့်နိုင်ငံရေးအမြင် မဟုတ်မမှန် သွေးထိုးလှုံ့ဆော်မှုများကြောင့် မိမိတို့၏လုပ်ငန်းခွင်များကို စွန့်ခွာသွားသည့်သူများသာဖြစ်ပါကြောင်း၊ အဆိုပါလိုအပ်သွားသည့်နေရာများတွင် တပ်မတော်ဆေးတပ်ဖွဲ့ဝင်များက ကုသပေးခြင်းနှင့် တပ်မတော်ဆေးရုံများတွင် အများပြည်သူများကို ကုသပေးခြင်းများ ခွင့်ပြုပေးခဲ့ပါကြောင်း၊ ကျန်းမာရေးဝန်ကြီးဌာနနှင့် အခြားဝန်ကြီးဌာနများ၏လိုအပ်ချက်အရ ဆေးဝန်ထမ်းတပ်ဖွဲ့ဝင်များကို လွှဲပြောင်းတာဝန်ပေးအပ်ခဲ့ရပြီး တာဝန်သိကျန်းမာရေးဝန်ထမ်းများနှင့် ပူးပေါင်းတာဝန်

ထမ်းဆောင်ခဲ့ကြပါကြောင်း၊ အငြိမ်းစားကျန်းမာရေးဝန်ထမ်းများနှင့် အငြိမ်းစားတပ်မတော်ဆေးဆရာဝန်များသည်လည်း ဆေးကုသမှုများကို ဝိုင်းဝန်းကူညီဆောင်ရွက်ပေးခဲ့သည့်အတွက် ကိုဗစ်-၁၉ ရောဂါ ကာကွယ်တိုက်ဖျက်ရေးများတွင် များစွာအကူအညီရရှိခဲ့ပါကြောင်း၊ တာဝန်သိကျန်းမာရေးဝန်ထမ်းများ၊ အငြိမ်းစားဆေးတပ်ဖွဲ့ဝင်များ၊ ကျန်းမာရေးဝန်ထမ်းများ၊ တပ်မတော်ဆေးဝန်ထမ်းတပ်ဖွဲ့ဝင်နှင့် ပြည်သူများ၏ပူးပေါင်းမှုအားသည် ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများတွင် အောင်မြင်မှုများစွာ ရရှိခဲ့ပါကြောင်း၊ စစ်ဘက်ဆိုင်ရာဝန်ထမ်းများနှင့် အရပ်ဘက်ဆိုင်ရာဝန်ထမ်းများ ဆက်ဆံရေးကောင်းမွန်မှု၏ အကျိုးရလဒ်ဖြစ်သည်ကို တင်ပြအပ်ပါကြောင်း။

မိမိတို့နိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပြီးစီးမှုအနေဖြင့် ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၂၇ ရက်မှ ၂၀၂၃ ခုနှစ်၊ ဇန်နဝါရီ ၂၂ ရက်အထိ အသက် ၁၈ နှစ်နှင့်အထက် ရည်မှန်းလူဦးရေ ၃၁,၆၆၈,၇၉၁ ဦး (၃၁ ဒသမ ၆၆ သန်းကျော်) မှ ၃၁,၀၁၃,၉၇၂ ဦး (၃၁ ဒသမ ၀၁ သန်းကျော်) အား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပြီးဖြစ်သည့်အတွက် ၉၈ ရာခိုင်နှုန်း လွှမ်းခြုံမှုရှိပါကြောင်း၊ အသက် ၅ နှစ်မှ ၁၈ နှစ်အတွင်းရှိ ရည်မှန်းလူဦးရေ ၉,၂၇၇,၇၉၈ ဦး (၉ ဒသမ ၂၇ သန်းကျော်)မှ ၆,၈၁၀,၁၇၃ ဦး (၆ ဒသမ ၈၁ သန်းကျော်) အား ပထမအကြိမ် ထိုးနှံပြီးဖြစ်သည့်အတွက် ၇၃ ရာခိုင်နှုန်း လွှမ်းခြုံမှုရရှိပြီးဖြစ်ပါကြောင်း။

လုပ်ငန်းစဉ် (၃) ပါ **"ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်"**ဆိုသည့် အချက်အပေါ်ဆောင်ရွက်မှုအနေဖြင့် ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ကမ္ဘာတစ်ဝန်းရှိ နိုင်ငံများနည်းတူ မိမိတို့နိုင်ငံသည်လည်း ရိုက်ခတ်မှု၊ ထိခိုက်မှုများရှိခဲ့ပါကြောင်း၊ မိမိတို့နိုင်ငံတွင် ၂၀၁၈ ခုနှစ်မှစတင်ပြီး စီးပွားရေးဆိုင်ရာနှင့် ကုန်သွယ်မှုဆိုင်ရာစီမံခန့်ခွဲမှု အားနည်းချက်များအပြင် ကိုဗစ်-၁၉ ရောဂါ၏ကန့်သတ်မှုများကြောင့် နိုင်ငံ့စီးပွားရေးသည် ကျဆင်းခဲ့ရပါကြောင်း၊ တိုင်းပြည်သည် နိုင်ငံခြားဝင်ငွေများ ရရှိခြင်းမရှိခဲ့ဘဲ ပြည်ပမှသွင်းကုန်များကို တင်သွင်းခဲ့မှုများကြောင့် ကုန်သွယ်မှုလိုငွေများ များစွာဖြစ်ပေါ်ခဲ့ပါကြောင်း၊ Non Trade လုပ်ငန်းများမှရရှိသည့် ငွေကြေးများနှင့် သွင်းကုန်များ တင်သွင်းခဲ့ပါကြောင်း၊ ပြည်တွင်းကုန်ထုတ်လုပ်မှုကို အားပေးမှုမရှိခဲ့ဘဲ ပြည်ပသွင်းကုန်များကိုသာ ဦးစားပေးဆောင်ရွက်ခဲ့ခြင်းကြောင့် အားနည်းချက်များ များစွာဖြစ်ပေါ်ခဲ့ပါကြောင်း။

ဒီမိုကရေစီအစိုးရ ပထမသက်တမ်းကာလတွင် ပျမ်းမျှ GDP တိုးတက်မှုနှုန်းသည် ၇ ဒသမ ၂၆ ရာခိုင်နှုန်းဖြစ်ပြီး ကုန်သွယ်မှုလိုငွေပေါင်း အမေရိကန်ဒေါ်လာ **၁၂,၀၉၆** ဒသမ ၈၈ သန်း (၁၂ ဒသမ ၀၉၇ ဘီလီယံခန့်)၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုပေါင်း (အမှန်ဝင်ရောက်မှု) အမေရိကန်ဒေါ်လာ **၁၁,၆၂၈ ဒသမ ၁ သန်း (၁၁ ဒသမ ၆၃ ဘီလီယံ ခန့်)** ရှိခဲ့ပါကြောင်း၊ ဒီမိုကရေစီဒုတိယအစိုးရသက်တမ်းကာလ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် ၅ ဒသမ ၈ ရာခိုင်နှုန်း၊ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် ၆ ဒသမ ၄ ရာခိုင်နှုန်း၊ ၂၀၁၈(၆ လ) ဘဏ္ဍာရေးနှစ်တွင် ၆ ဒသမ ၅ ရာခိုင်နှုန်း၊ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် ၆ ဒသမ ၈ ရာခိုင်နှုန်း၊ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် ၃ ဒသမ ၂ ရာခိုင်နှုန်း၊ ၂၀၂၀-၂၀၂၁ (၆ လ) ဘဏ္ဍာရေးနှစ်တွင် (အနုတ်) ၈ ဒသမ ၄ ရာခိုင်နှုန်းရှိသည့်အတွက် ပျမ်းမျှ GDP တိုးတက်မှုနှုန်းသည် ၃ ဒသမ ၃၈ ရာခိုင်နှုန်းဖြစ်ပြီး ကုန်သွယ်မှုလိုငွေပေါင်း အမေရိကန်ဒေါ်လာ **၁၂,၆၁၄ ဒသမ ၁၇ သန်း (၁၂ ဒသမ ၆၁ ဘီလီယံကျော်)**၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုပေါင်း (အမှန်ဝင်ရောက်မှု) အမေရိကန်ဒေါ်လာ **၁၄,၉၆၁ ဒသမ ၃ သန်း (၁၄ ဒသမ ၉၆ ဘီလီယံကျော်)** ရှိခဲ့ပါကြောင်း၊ အဆိုပါအချက်အလက်များအရ ကုန်သွယ်မှုလိုငွေ အများအပြားရှိခဲ့ပြီး တိုင်းပြည်အတွက် စိုးရိမ်ဖွယ်ရာအနေအထားသို့ ရောက်ရှိခဲ့ခြင်းဖြစ်ပါကြောင်း။

ဒီမိုကရေစီ ဒုတိယသက်တမ်းကာလတွင် ပြည်တွင်း၊ ပြည်ပချေးငွေများ များပြားမှုရှိခဲ့ပါကြောင်း၊ ထို့အပြင် နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်ဟောင်းထံမှ တံစိုးလက်ဆောင်ရယူမှုများအပါအဝင် **အဂတိမှု ၉ မှု** ကျူးလွန်ခဲ့သည့်အတွက်ကြောင့် **အမေရိကန်ဒေါ်လာ ၄,၁၀၆,၃၁၆ (၄သန်းကျော်)နှင့် မြန်မာကျပ်ငွေ ၄၉,၂၀၆,၆၉၁,၀၆၅ ဒသမ ၇၅ ကျပ် (၄၉,၂၀၆ သန်းကျော်)**၊ သမ္မတဟောင်း ဦးဝင်းမြင့်မှ **အဂတိလိုက်စားမှု ၅ မှုဖြင့် အမေရိကန်ဒေါ်လာ ၄,၀၈၈,၀၉၀ နှင့် မြန်မာငွေကျပ် ၂၃,၀၄၈,၁၈၆,၀၆၅ ဒသမ ၇၅ ( ၂၃,၀၄၈ သန်းကျော်)**အပါအဝင် NLD ပါတီဝင်ဗဟို

အလုပ်အမှုဆောင် ၈ ဦး၊ ပါတီဝင် ပြည်နယ်နှင့် တိုင်းဒေသကြီးဝန်ကြီးချုပ်များနှင့် ဝန်ကြီးဟောင်းများ ၂၀ ဦး၊ ပါတီဝင်မဟုတ်သည့် ပြည်ထောင်စုဝန်ကြီးဟောင်း ၄ ဦး၊ ပါတီဝင်မဟုတ်သည့် ဝန်ကြီးဟောင်း ၃ ဦးတို့ ကျူးလွန်ခဲ့သည့် အဂတိလိုက်စားမှုကြောင့် နိုင်ငံတော်မှ ဆုံးရှုံးခဲ့မှုမှာ **အမေရိကန်ဒေါ်လာ ၁၃,၁၀၉,၉၀၈ (၁၃ သန်းကျော်)၊ မြန်မာကျပ်ငွေ ၃၆၁,၉၀၃,၉၇၄,၆၃၁ ဒသမ ၈၅ (၃၆၁ ဘီလီယံကျော်)** ဆုံးရှုံးနစ်နာခဲ့သည်ကို တင်ပြလိုပါကြောင်း၊ ယင်းတို့သည် တရားရုံးအသီးသီးတို့၌ ဥပဒေနှင့်အညီ စစ်ဆေးဆောင်ရွက်ခဲ့သည့် အမှုများအခြေအနေဖြစ်ပါကြောင်း၊ အဂတိလိုက်စားမှုကိစ္စများကြောင့်သာမက မလျော်မကန်သည့် အာဏာသုံးဆောင်ရွက်မှုများကြောင့် တိုင်းပြည်၏ စီးပွားရေးသည် များစွာထိခိုက်နစ်နာဆုံးရှုံးခဲ့မှုများရှိခဲ့ပြီး တိုင်းပြည်သည်လည်း တိုးတက်သင့်သလောက် မတိုးတက်ဘဲ ဒေသတွင်းနိုင်ငံများနှင့်ယှဉ်ပါက နောက်ကျကျန်ရစ်ခဲ့မှုများ ရှိခဲ့ပါကြောင်း။

မိမိတို့အစိုးရ စတင်တာဝန်ယူစဉ်ကာလတွင် နိုင်ငံတကာ၏ဝိုင်းဝန်းပိတ်ဆို့မှုများရှိသကဲ့သို့ပြည်တွင်းစီးပွားရေး အခြေအနေများနှင့်ပြည်ပသွေးထိုးလှုံ့ဆော်မှုများကြောင့် နိုင်ငံ့စီးပွားရေးသည် တိုးတက်သင့်သလောက် မတိုးတက်ခဲ့ရသည်များရှိပါကြောင်း၊ နိုင်ငံရေးအခြေအနေများကြောင့် ချေးငွေ၊ ထောက်ပံ့ငွေများ ရရှိခဲ့ခြင်းမရှိကြောင်း၊ ယခင်အစိုးရလက်ထက်များ၌ ရရှိခဲ့သည့် ချေးငွေ၊ ထောက်ပံ့ငွေများလည်း ရပ်ဆိုင်းခြင်းခံရကြောင်း၊ ကုလသမဂ္ဂနှင့် အဖွဲ့အစည်းအသီးသီးတို့၏ ထောက်ပံ့မှုများကိုပင် ရပ်ဆိုင်းခြင်းခံခဲ့ရကြောင်း၊၂၀၂၀-၂၀၂၁ဘဏ္ဍာရေးနှစ်(အောက်တိုဘာလမှ စက်တင်ဘာလအထိ) GDP တိုးတက်မှုနှုန်းသည် **အနုတ် ၅ ဒသမ ၉ (၅ ဒသမ ၉)** ရာခိုင်နှုန်းရှိပါကြောင်း၊ ၂၀၂၁-၂၀၂၂ ဘဏ္ဍာရေးနှစ် (၆ လ) (အောက်တိုဘာလမှ မတ်လအထိ) ၂ ဒသမ ၄ ရာခိုင်နှုန်းသာ တိုးတက်ခဲ့ပါကြောင်း၊ ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ် နှစ်ကုန်ခန့်မှန်းခြေ (ဧပြီလမှ မတ်လအထိ) ၃ ဒသမ ၂ ရာခိုင်နှုန်းအထိ တိုးတက်ခဲ့သဖြင့် GDP တိုးတက်မှုနှုန်းသည် မြင့်တက်လာပါကြောင်း၊ GDP တိုးတက်မှုသည် အနုတ် ၅ ဒသမ ၉ ရာခိုင်နှုန်းမှ အပေါင်းပြအောင် ဆောင်ရွက်ရခြင်းဖြစ်ပါကြောင်း။

**အဓိကမောင်းနှင်အားတစ်ခု**

မိမိတို့အစိုးရအနေဖြင့် ပြည်တွင်းစီးပွားရေးမြှင့်တင်သည့်နေရာတွင် သွင်းကုန်ဦးစားမပေးဘဲ လျှော့ချပြီး ပြည်တွင်းကုန်ထုတ်လုပ်ငန်းတိုးတက်ရေးအတွက် အားပေးဆောင်ရွက်ခဲ့ပါကြောင်း၊ နိုင်ငံတစ်နိုင်ငံ၏ စီးပွားရေးမြှင့်တင်တိုးတက်မှုနှင့် ပြည်တွင်းကုန်ထုတ်လုပ်မှုတိုးတက်လာရေးအတွက် အသေးစား၊ အငယ်စားနှင့် အလတ်စား (MSME) လုပ်ငန်းများသည် အဓိကမောင်းနှင်အားတစ်ခုပင်ဖြစ်ပါကြောင်း၊ MSME လုပ်ငန်းများတွင် ကုန်ထုတ်လုပ်မှုကိုအဓိကထားသည့် စီးပွားရေးလုပ်ငန်း၊ ရောင်းဝယ်ဖောက်ကားခြင်းကို အဓိကထားသည့် စီးပွားရေးလုပ်ငန်း၊ ဝန်ဆောင်မှုကို အဓိကထားသည့် စီးပွားရေးလုပ်ငန်းနှင့် အခြားလုပ်ငန်းဟူ၍ ၄ မျိုးရှိရာ၌ ကုန်ထုတ်လုပ်မှုကို အခြေခံသည့်လုပ်ငန်းသည် လက်တွေ့ကျသည့်လုပ်ငန်းဖြစ်ပါကြောင်း၊ မိမိတို့နိုင်ငံအတွင်းရှိ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် မြေပေါ် မြေအောက်သယံဇာတများကို အခြေခံသည့် ကုန်ထုတ်လုပ်မှုများကို ဦးစားပေးဆောင်ရွက်ပြီး သွင်းကုန်အစားထိုးထုတ်လုပ်နိုင်ရေးနှင့် ပို့ကုန်တိုးမြှင့်ရေးတို့ကို ရည်မှန်းချက်ထားပြီး နိုင်ငံခြားဝင်ငွေရရှိအောင် ကြိုးပမ်းဆောင်ရွက်ခဲ့ပါကြောင်း။

လုပ်ငန်းစဉ်(၄) ပါ **"တစ်နိုင်ငံလုံးထာဝရ ငြိမ်းချမ်းရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်"ဟူသည့် အချက်အား ဆောင်ရွက်နေမှုအနေဖြင့် နိုင်ငံတော်အစိုးရ အဆက်ဆက်သည် ငြိမ်းချမ်းရေးနှင့်ပတ်သက်ပြီး နည်းလမ်းပေါင်းစုံဆောင်ရွက်ခဲ့ပါကြောင်း၊ မိမိတို့အစိုးရအနေဖြင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို စဉ်ဆက်မပြတ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပြီး ငြိမ်းချမ်းရေးနှင့် ပတ်သက်၍ NCA အတိုင်း အလေးထား အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း၊ မိမိတို့အစိုးရနှင့် တပ်မတော်အနေဖြင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် တိုင်းပြည်အတွင်း ငြိမ်းချမ်းသာယာမှုရှိရေးသည် အရေးကြီးကြောင်းကို အလေးအနက်ခံယူထားရှိပါကြောင်း၊ ထို့ကြောင့် တပ်မတော်အနေဖြင့် ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၂၁ ရက်တွင် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးနှင့် ထာဝရငြိမ်းချမ်းရေးကို စတင်ထုတ်ပြန်ခဲ့ပါကြောင်း၊ ၂၀၂၂ ခုနှစ် တစ်နှစ်တာကာလသာမကဘဲ မကြာသေးမီအချိန်က ၂၀၂၃ ခုနှစ် တစ်နှစ်တာကာလလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးကို**

**သက်တမ်းတိုးမြှင့်ပေးထားခြင်းဖြစ်သည့်အတွက် ထုတ်ပြန်ခဲ့မှုပေါင်း ၂၂ ကြိမ် ထုတ်ပြန်ခဲ့ပြီး ငြိမ်းချမ်းရေးအတွက် အလေးပေးဆောင်ရွက်ခဲ့မှုရှိကြောင်းကိုတင်ပြလိုပါကြောင်း။**

မိမိတို့အစိုးရသည် ငြိမ်းချမ်းရေးကို လက်တွေ့ကျကျ အကောင်အထည်ဖော်နိုင်ရေး လိုအပ်သည့်အတွက် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၏ ခေါင်းဆောင်များကို ကိုယ်တိုင်ကိုယ်ကျဆွေးနွေးနိုင်ရေး မိမိအနေဖြင့် ၂၀၂၂ ခုနှစ်၊ ဧပြီလ ၂၂ ရက်တွင် ကမ်းလှမ်းဖိတ်ခေါ်ခဲ့ရာ NCA လက်မှတ်ရေးထိုးထားပြီးဖြစ်သည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များမှ ၇ ဖွဲ့၊ လက်မှတ်မရေးထိုးထားရသေးသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များမှ ၃ ဖွဲ့၊ စုစုပေါင်း ၁၀ ဖွဲ့တို့မှ တွေ့ဆုံဆွေးနွေးနိုင်ရေး အကြောင်းပြန်ကြားခဲ့ပြီး တတိယအကြိမ်ထိ ဆွေးနွေးနိုင်ခဲ့ပြီးဖြစ်ပါကြောင်း။

ထိုကဲ့သို့တွေ့ဆုံဆွေးနွေးရာတွင် **စစ်မှန်သည့် ပါတီစုံဒီမိုကရေစီစနစ်ကျင့်သုံးရေး၊ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးတို့နှင့်ပတ်သက်သည်များ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ၏ တောင်းဆိုချက်များ၊ ဒေသနှင့် တိုင်းပြည်အတွက် အမှန်တကယ်လိုအပ်ပြီး ဖြစ်နိုင်သည်နှင့် ဖြစ်သင့်ဖြစ်ထိုက်သည်ကို ပွင့်လင်းမြင်သာစွာ အကျေအလည်ဆွေးနွေးခဲ့ကြပါကြောင်း၊** ပြည်ထောင်စုအကျိုးကိုရှေးရှု၍ အမြင်ကျယ်ကျယ်ဖြင့် အပြုသဘောဆောင်သည့် ဆွေးနွေးမှုရလဒ်များကို ဖော်ဆောင်နိုင်ခဲ့သည့်အပြင် ပြည်ထောင်စုသဘောတူစာချုပ် အစိတ်အပိုင်း (၁/၂/၃)ပါ သဘောတူညီချက်များနှင့် ပတ်သက်၍ လည်းကောင်း၊ အစိတ်အပိုင်း (၃) ပါ ဆက်လက်ဆွေးနွေးရန် ကျန်ရှိသည့် ဇယား (၂) ပါ ဆွေးနွေးရန်အချက်များနှင့် ပတ်သက်၍လည်းကောင်း ဆွေးနွေးညှိနှိုင်းပြီး နှစ်ဖက်သဘောတူညီချက်များကို လက်မှတ်ရေးထိုးနိုင်ခဲ့ပါကြောင်း။

**ဆက်လက်ဖော်ပြသွားမည်**

ဆက်လက်၍ **အစိုးရအနေဖြင့် လက်တွေ့ကျသည့် ငြိမ်းချမ်းရေးလုပ်ငန်းများကို ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)နှင့် NCA ကိုအခြေခံသည့် ငြိမ်းချမ်းရေးလမ်းကြောင်းကို ဆက်လက်ဖော်ဆောင်သွားမည်ဖြစ်ပါကြောင်း၊ တိုင်းရင်းသားများနှင့်ပတ်သက်ပြီး နိုင်ငံတော်၏ နိုင်ငံရေးအပိုင်းတွင် တိုင်းရင်းသားစည်းလုံးညီညွတ်မှုသည် နိုင်ငံတော်အတွက် အသက်တမျှအရေးပါသည့်အတွက်ကြောင့် တိုင်းရင်းသားညီအစ်ကိုများကြား သံသယများဖယ်ရှားကာ ထာဝရငြိမ်းချမ်းရေးရရှိအောင် ကြိုးစားတည်ထောင်လျက်ရှိပါကြောင်း၊ တိုင်းရင်းသားပြည်သူလူထုအားလုံး၏ လိုအင်ဆန္ဒဖြစ်သည့် ပြည်ထောင်စုကြီး ငြိမ်းချမ်းသာယာရေး၊ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ထာဝရငြိမ်းချမ်းရေး ပန်းတိုင်ကိုဆွေးနွေးညှိနှိုင်းအဖြေရှာခြင်းဟူသည့် ဒီမိုကရေစီကျင့်စဉ်နှင့်အညီ လျှောက်လှမ်းကြရမည်ဖြစ်ပါကြောင်း၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် ပါဝင်ပတ်သက်နေသည့် အဖွဲ့အစည်းများနှင့် သက်ဆိုင်သူများအနေဖြင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို လက်တွေ့ကျကျ တိုးမြှင့်အကောင်အထည်ဖော်ဆောင်ရွက်ရန်လိုပါကြောင်း၊ ထိုသို့တည်ဆောက်ရာတွင် မိမိအနေဖြင့် NCA ကိုအတတ်နိုင်ဆုံးထိန်းသိမ်းလုပ်ဆောင်ခြင်းဖြစ်ပါကြောင်းကို တင်ပြလိုပါကြောင်း။**

လုပ်ငန်းစဉ် (၅) ပါ "အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးပါက ဖွဲ့စည်းပုံအခြေခံ

တိုင်းရင်းသားများနှင့်ပတ်သက်ပြီး နိုင်ငံတော်၏ နိုင်ငံရေးအပိုင်းတွင် တိုင်းရင်းသားစည်းလုံးညီညွတ်မှုသည် နိုင်ငံတော်အတွက် အသက်တမျှအရေးပါသည့်အတွက်ကြောင့် တိုင်းရင်းသားညီအစ်ကိုများကြား သံသယများဖယ်ရှားကာ ထာဝရငြိမ်းချမ်းရေးရရှိအောင် ကြိုးစားတည်ထောင်လျက်ရှိ၊ တိုင်းရင်းသားပြည်သူလူထုအားလုံး၏ လိုအင်ဆန္ဒဖြစ်သည့် ပြည်ထောင်စုကြီး ငြိမ်းချမ်းသာယာရေး၊ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ထာဝရငြိမ်းချမ်းရေးပန်းတိုင်ကို ဆွေးနွေးညှိနှိုင်းအဖြေရှာခြင်းဟူသည့် ဒီမိုကရေစီကျင့်စဉ်နှင့်အညီ လျှောက်လှမ်းကြရမည်ဖြစ်။

**ဥပဒေ (၂၀၀၈ ခုနှစ်) နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်**”ဟူသည့် အချက်အား ဆောင်ရွက်နေမှုအနေဖြင့် မိမိတို့အစိုးရအနေဖြင့် မဲစာရင်းမှားယွင်းမှုမှပြဿနာဖြစ်ပြီး နိုင်ငံရေးအရ အရေးပေါ်အခြေအနေ ကြေညာခဲ့ရခြင်းဖြစ်ပါကြောင်း၊ ထို့ကြောင့် အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ပြန်လည်ကျင်းပနိုင်ရေး အစဉ်တစိုက် ဦးတည်ချက်ထား ဆောင်ရွက်လျက်ရှိပါကြောင်း၊ စစ်မှန်၍ စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ရှင်သန်ထွန်းကားရေးအတွက် လွတ်လပ်ပြီး တရားမျှတသည့် ရွေးကောက်ပွဲသည် အရေးပါသည့်အခန်းကဏ္ဍကပါဝင်နေပါကြောင်း၊ မိမိတို့အစိုးရအနေဖြင့် ရွေးကောက်ပွဲတွင် အခြေခံအချက်အလက်များ ပြည့်စုံမှန်ကန်အောင် သက်ဆိုင်ရာဌာနများက ကြိုတင်ပြင်ဆင်ရေးလုပ်ငန်းများကို အဆင့်လိုက်ဆောင်ရွက်လျက်ရှိပါကြောင်း။

ရွေးကောက်ပွဲကျင်းပသည့်အချိန်တွင် မဲစာရင်းများ ပြည့်စုံမှန်ကန်ရေးအတွက် မြေပြင်လူဦးရေစာရင်းနှင့် တိုက်ဆိုင်စစ်ဆေးခြင်း ရှေ့ပြေးလုပ်ငန်းစဉ်ကို ၂၀၂၂ ခုနှစ်၊ ဩဂုတ်လမှ စတင်ပြင်ဆင်ခဲ့ပါကြောင်း၊ အခြေခံမဲဆန္ဒရှင်စာရင်းများ မှန်ကန်စေရေး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံးကဦးစီးပြီး သက်ဆိုင်ရာအဖွဲ့အစည်းများပါဝင်သည့်အဖွဲ့တို့ဖြင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ ကြိုတင်ပြုစုထားသည့် လူဦးရေစာရင်းပုံစံ ၆၆/၆ နှင့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက ပြုစုထားသည့် ရပ်ကွက်/ကျေးရွာအုပ်စုများမှ မြေပြင်၌ လက်ရှိနေထိုင်လျက်ရှိသည့် လူဦးရေစာရင်း (ထွေ-၁က) တို့ကို တိုက်ဆိုင်စစ်ဆေးဆောင်ရွက်ဆဲဖြစ်ပါကြောင်း၊ မဲစာရင်းမှန်ကန်ရေးအတွက် မြေပြင်ကွင်းဆင်းစစ်ဆေးဆောင်ရွက်မှုသည် အရေးကြီးသည့်လုပ်ငန်းစဉ်တစ်ခုဖြစ်သည်ကို တင်ပြလိုပါကြောင်း။

ဒီမိုကရေစီစနစ်၏အခြေခံကျပြီး အနှစ်သာရလည်းဖြစ်သည့် ကိုယ်စားပြုမှုကို ဖော်ဆောင်နိုင်ခြင်းသည် ရွေးကောက်ပွဲစနစ်အပေါ်တွင်သာ မူတည်နေပါကြောင်း၊ **လက်ရှိကျင့်သုံးနေသည့် များသူအနိုင်ယူစနစ် FPTP(First Past the Post) စနစ်သည် မဲနိုင်သည့်ပါတီအတွက် အားသာချက် ဖြစ်သော်လည်း ကျန်ပါတီများအတွက် ကိုယ်စားပြုမှု နစ်နာဆုံးရှုံးသည့်သဘောကိုတွေ့ရသဖြင့် မိမိတို့အစိုးရအနေဖြင့် တိုင်းရင်းသားများ၊ တိုင်းရင်းသားဒေသများနှင့် လူထုလူတန်းစားအသီးသီးကိုကိုယ်စားပြုသည့် ကိုယ်စားလှယ်များ တရားဝင်နိုင်ငံရေးစင်မြင့်ဖြစ်သည့် လွှတ်တော်ထဲသို့ရောက်ရှိလာရေး မိမိတို့နိုင်ငံ၏ ဒီမိုကရေစီစနစ်နှင့် သင့်တော်မည့် ရွေးကောက်ပွဲစနစ်ကို အကောင်အထည် ဖော်ဆောင်ရွက်လျက်ရှိကြောင်း**၊ ပြီးခဲ့သည့် ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် ပါတီ ၈၈ ပါတီယှဉ်ပြိုင်ခဲ့ပြီး ၁၉ ပါတီသာ လွှတ်တော်ကိုယ်စားလှယ်အဖြစ်ရွေးချယ်တင်မြှောက်ခြင်း ခံရပါကြောင်း၊ ၂ ဦး တစ်သီးပုဂ္ဂလအနေဖြင့် ရွေးချယ်ခံခဲ့ရပါကြောင်း၊ ယင်းအခြေအနေကို သုံးသပ်ကြည့်ပါက မိမိတို့နိုင်ငံတွင် နိုင်ငံရေးပါတီများ များပြားနေပြီး ပါတီအလိုက် ပြည်သူကို ကိုယ်စားပြုနိုင်မှုသည် အားနည်းနေသည်ကို တွေ့ရှိရပါကြောင်း၊ ဖြစ်သင့်သည်မှာ နိုင်ငံရေးပါတီများသည် မိမိကိုထောက်ခံသည့် ပြည်သူများ စုစုစည်းစည်း အင်အားရှိရှိဖြင့် ကိုယ်စားပြုနိုင်ရေး လိုအပ်ပါကြောင်း၊ ပါတီများ များပြားသော်လည်း

> လက်ရှိကျင့်သုံးနေသည့် များသူအနိုင်ယူစနစ် FPTP(First Past the Post) စနစ်သည် မဲနိုင်သည့်ပါတီအတွက် အားသာချက် ဖြစ်သော်လည်း ကျန်ပါတီများအတွက် ကိုယ်စားပြုမှု နစ်နာဆုံးရှုံးသည့်သဘောကို တွေ့ရသဖြင့် မိမိတို့အစိုးရအနေဖြင့် တိုင်းရင်းသားများ၊ တိုင်းရင်းသားဒေသများနှင့် လူထုလူတန်းစားအသီးသီးကိုကိုယ်စားပြုသည့် ကိုယ်စားလှယ်များ တရားဝင်နိုင်ငံရေးစင်မြင့် ဖြစ်သည့် လွှတ်တော်ထဲသို့ရောက်ရှိလာရေး မိမိတို့နိုင်ငံ၏ ဒီမိုကရေစီစနစ်နှင့်သင့်တော်မည့် ရွေးကောက်ပွဲစနစ်ကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိ။

**လွှတ်တော်တွင် ပါဝင်ခွင့်ရရှိသည့်ပါတီသည် နည်းပါးသည်ကို တွေ့ရှိရပါကြောင်း၊ ပါတီဝင်များအနေဖြင့် ပါတီအစုအဖွဲ့တစ်ခုအနေဖြင့်သာ လုပ်ဆောင်နိုင်သည်ကို တွေ့ရမည်ဖြစ်ပါကြောင်း၊ ယင်းအစုအဖွဲ့သည် ငယ်နေမည်ဆိုပါက ဧရိယာအားဖြင့်၊ အရေအတွက်အားဖြင့်၊ နယ်ပယ်အားဖြင့် ကြီးမားကျယ်ပြန့်စွာ စုစည်းနိုင်မှုမရှိသည်ကို တွေ့ရမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် ပါတီများအားလုံး ယခုထက်ပိုမိုပြီး ကျစ်လျစ်ခိုင်မာစွာ၊ စည်းစနစ်ကျနစွာဖြင့် ထုထည်ဖြင့်ဖွဲ့စည်းနိုင်ရန် လိုအပ်မည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေကိုလည်း ပြင်ဆင်ပြဋ္ဌာန်းခဲ့ပါကြောင်း၊** တိုင်းဒေသကြီး/ ပြည်နယ်အတွင်းရှိ ခရိုင်/မြို့နယ်များကို လိုအပ်သလို စုစည်းကာ PR (Proportional Representation) စနစ်ကျင့်သုံးနိုင်ရေး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ဆောင်ရွက်လျက်ရှိပါကြောင်း၊ ယင်းစနစ်ကို ပြောင်းလဲကျင့်သုံးနိုင်လျှင် လူမျိုးစုငယ်များအပါအဝင် တိုင်းရင်းသားများအနေဖြင့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေးစသည့် ကဏ္ဍများတွင် အချိုးကျပါဝင်လာနိုင်မည်ဖြစ်သဖြင့် ပိုမိုပြီး မျှမျှတတရှိလာမည်ဖြစ်ပါကြောင်း။

မိမိတို့နိုင်ငံတွင် ပါတီစုံဒီမိုကရေစီစနစ် စတင်ကျင့်သုံးသည့်ကာလကစပြီး အထွေထွေရွေးကောက်ပွဲ (၃) ကြိမ်ကျင်းပခဲ့ပါကြောင်း၊ နိုင်ငံတွင် မြို့နယ် ၃၃၀ မြို့နယ်ရှိပြီး ၂၀၁၀ ပြည့်နှစ် ရွေးကောက်ပွဲတွင် ၃၂၅ မြို့နယ်၊ ၂၀၁၅ ခုနှစ် ရွေးကောက်ပွဲတွင် ၃၂၃ မြို့နယ်နှင့် ၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲတွင် ၃၁၅ မြို့နယ်တို့၌ ရွေးကောက်ပွဲကျင်းပနိုင်ခဲ့ပါကြောင်း၊ ဒီမိုကရေစီစနစ်ကို ဖော်ဆောင်မည်ဟူသည့် အစိုးရများလက်ထက်တွင် ပြည်သူ့ဆန္ဒဖော်ထုတ်နိုင်မှု ပိုမိုပြီး နည်းပါးသွားသည်ကို သတိပြုဖွယ်တွေ့ရပါကြောင်း။

ရွေးကောက်ပွဲများ ကျင်းပရာတွင်လည်း နိုင်ငံသားတစ်ဦးချင်း၏ ဆန္ဒသဘောထားကို လွတ်လပ်စွာဖော်ထုတ်နိုင်ရေး ခြိမ်းခြောက်မှု၊ အကျပ်ကိုင်မှု၊ မတရားတိုက်တွန်းမှု၊ လူအုပ်စုဖြင့် အနိုင်ကျင့်လွှမ်းမိုးမှု စသည့် မတရားမှုများကင်းဝေးရမည်ဖြစ်ကြောင်း၊ မိမိတို့အစိုးရအနေဖြင့် တစ်နိုင်ငံလုံး အကြားအလပ်မရှိအထွေထွေရွေးကောက်ပွဲကျင်းပပေးနိုင်ရေး၊ မဲပေးကြမည့် နိုင်ငံသားအားလုံး မတရားမှုများမှကင်းဝေးစေရေးကြိုးစားဆောင်ရွက်လျက်ရှိပါကြောင်း၊ မိမိအနေဖြင့် နိုင်ငံအနှံ့ အကြားအလပ်မရှိ ရွေးကောက်ပွဲကျင်းပနိုင်ရေး ဆက်လက်ဆောင်ရွက်ရမည့်ကိစ္စရပ်များဖြစ်သည့် သက်ဆိုင်ရာအဖွဲ့အစည်းများ၏ ကြိုတင်ပြင်ဆင်မှု၊ စီမံဆောင်ရွက်မှုများကို ဆက်လက်ပြုလုပ်ဆောင်ရွက်ရမည်ဖြစ်သကဲ့သို့ လွတ်လပ်၍တရားမျှတပြီး ပွင့်လင်းမြင်သာသည့် ရွေးကောက်ပွဲအောင်မြင်စွာကျင်းပနိုင်ရေးအတွက် နိုင်ငံအဝန်း မူလပကတိ သာမန်အခြေအနေအချိန်အခါများအတိုင်း လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး၊ တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေး ရရှိရေးအတွက်လည်း ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း၊ နိုင်ငံရေးပါတီများကိုလည်း ရွေးကောက်ပွဲစနစ်နှင့် ဆီလျော်သည့် ပြုပြင်ပြောင်းလဲမှုများကို ပြုလုပ်ရမည်ဖြစ်ပါကြောင်း၊ ထို့အပြင် ပြည်သူလူထုကိုလည်း ရွေးကောက်ပွဲစနစ်နှင့်ပတ်သက်သည့် ပညာပေးမှုများကို ကျယ်ကျယ်ပြန့်ပြန့်ပြုလုပ်ရန် ပြင်ဆင်ချိန်၊ လုပ်ဆောင်ချိန် စသည့် လုပ်ငန်းစဉ်များ ရှိပါသေးကြောင်း၊ ယင်းလုပ်ငန်းစဉ်များအပေါ် မိမိတို့အစိုးရအနေဖြင့် အလေးထားလုပ်ကိုင်ဆောင်ရွက်နေကြောင်းကို တင်ပြလိုပါကြောင်း။

**နိုင်ငံရေးအသုံးချမှုများ**

ဆက်လက်ပြီး **တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် ရွေးချယ်တင်မြှောက်ခြင်း ပြုလုပ်ခြင်းဆိုင်ရာများ တင်ပြလိုပါကြောင်း၊** ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်တွင် တပ်မတော်အနေဖြင့် ယာယီသမ္မတ၏ ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)ပါ အရေးပေါ်ကာလပြဋ္ဌာန်းချက်အရ တိုင်းပြည်၏တာဝန်ကို ရယူထိန်းသိမ်းရခြင်းဖြစ်ပါကြောင်း၊ ယင်းအပေါ် နိုင်ငံရေးအသုံးချမှုများ များစွာရှိကြောင်း၊ မိမိတို့အစိုးရအနေဖြင့် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် တိုင်းပြည်တည်ဆောက်မှုလုပ်ငန်းစဉ်များတွင် ပါဝင်ဆောင်ရွက်နိုင်ရေး နေပြည်တော်စည်ပင်ရိပ်သာတွင်ရှိနေသည့် ထိုစဉ်က ရွေးချယ်ခံလွှတ်တော်အမတ်များကို လက်ရှိနိုင်ငံရေးဖြစ်စဉ်အပေါ် တရားဥပဒေနှင့်အညီ ဖြေရှင်းနိုင်စေရန် ရှင်းလင်းပြောပြပြီးနောက် ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၂ ရက်မှ ၄ ရက်အထိ နေရပ်ဒေသအသီးသီးသို့ ပြန်လည်စေလွှတ်ပေးခဲ့ပါကြောင်း၊ လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရပ်တည်ခွင့်မရှိသူများက ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီ လ ၅ ရက်တွင် **“ပြည်ထောင်စုလွှတ်တော် ကိုယ်စားပြုကော်မတီ (CRPH)”** အမည်ဖြင့် တရားမဝင်ကော်မတီအား လည်း

ကောင်း၊ ၂၀၂၁ ခုနှစ်၊ ဧပြီလ ၁၆ ရက်တွင် **"ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အမျိုးသားညီညွတ်ရေးအစိုးရ" (National Unity Government–NUG)** အမည်ဖြင့် တရားမဝင်အစိုးရကိုလည်းကောင်း၊ ၂၀၂၁ ခုနှစ်၊ မေလ ၅ ရက်တွင် **ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့ (People's Defense Force–PDF)** အဖြစ် လက်နက်ကိုင်အကြမ်းဖက်အဖွဲ့အစည်းအားလည်းကောင်း ဖွဲ့စည်းခဲ့ပါကြောင်း၊ တစ်ချိန်တည်း၌ပင် ပြည်သူ့အုပ်ချုပ်ရေးအဖွဲ့(ပအဖ)၊ ပြည်သူ့ကာကွယ်ရေးအဖွဲ့(ပကဖ) စသည့်အဖွဲ့များကိုရည်ရွယ်ချက်ရှိရှိဖွဲ့စည်းခဲ့ကြောင်း၊ ထိုကဲ့သို့ ဖွဲ့စည်းပြီးသည့်နောက်တွင် တိုင်းရင်းသားလက်နက်ကိုင်နယ်မြေများဖြစ်သည့် KIA၊ KNU နှင့် KNPP နယ်မြေများတွင် အကြမ်းဖက်သင်တန်းတက်ရောက်ရန်အတွက် NLD လွှတ်တော်ကိုယ်စားလှယ်လောင်းများဦးစီး၍ စေလွှတ်သွားရောက်ခဲ့ကြောင်း၊ NLD ပါတီ ဥက္ကဋ္ဌ၏ ပြည်သူသို့ပန်ကြားချက်ကို NLD ပါတီကတာဝန်ရှိသူတစ်ဦးဖြစ်သည့် **ဦးဝင်းထိန်၏နာမည်ဖြင့် ၎င်း၏အသက်နှင့်ရင်းကာ တိုင်တည်ဝံ့ပါကြောင်းဖြင့် ပြည်သူကိုလှုံ့ဆော်သည့် စာတစ်စောင်ထွက်ပေါ်လာပါကြောင်း၊ "တပ်မတော်မှ အာဏာသိမ်းခြင်းကိုပြည်သူလူထုအနေဖြင့် လုံးဝလက်မခံဘဲ တစ်ခဲနက် ဆန့်ကျင်တုံ့ပြန်ကြပါရန် တိုက်တွန်းလိုက်ပါကြောင်း"**ဟူသည်ကို ကြည့်ပါက တိုင်းပြည်ကို ဒီမိုကရေစီထွန်းကားအောင် ဆောင်ရွက်မည်ဟူသည့်သူများသည် NLD ထောက်ခံသူများ၊ တပ်မတော်မှ တာဝန်ယူထိန်းသိမ်းခြင်းကို လုံးဝသဘောမပေါက်သည့်သူများကို လက်နက်စွဲကိုင်ဆူပူလုပ်ဆောင်လာစေရန် လမ်းမှားသို့တွန်းပို့သည်ကို တွေ့ရပါကြောင်း၊ ယင်းတို့သည် ကြိုတင်ပြင်ဆင်မှုများသာ ဖြစ်ပါကြောင်း၊ ထိုကဲ့သို့သော အခြေအနေအကြောင်းအရာများကြောင့် မိမိတို့နိုင်ငံတွင် အကြမ်းဖက်ဖြစ်စဉ်များ ဖြစ်ပေါ်လာရခြင်းဖြစ်ပါကြောင်း၊ ၎င်းတို့အနေဖြင့် တရားဥပဒေနှင့်အညီရင်ဆိုင်ဖြေရှင်းရန် အခွင့်အရေးရှိပါကြောင်း၊ ယင်းကိုရင်မဆိုင်ရဲဘဲ အကြမ်းဖက်လမ်းကြောင်းပေါ်ကို ရွေးချယ်ခဲ့ခြင်းသည် ဒီမိုကရေစီအား ဖျက်ဆီးခဲ့ခြင်းဖြစ်ပါကြောင်း၊ ယင်းသည် မြန်မာနိုင်ငံဒီမိုကရေစီစနစ်၏ ဆိုးရွားသည့်အမည်းစက်ပင်ဖြစ်ပါကြောင်း၊ မိမိတို့လူမျိုးသည် သွေးဆူလွယ်သည့်သူများဖြစ်ပြီး အားနည်းချက်များရှိသည့်အတွက် လှုံ့ဆော်မှုများတွင် နားယောင်လွယ်ကြပါကြောင်း၊ သို့သော် အခြေအနေအရပ်ရပ်ကို သဘောပေါက်နားလည်လာကြသည့်အခါတွင် ၂၀၂၁ ခုနှစ်၌ ကြီးမားသည့်ဆန္ဒပြမှုများဖြစ်ပေါ်လာသော်လည်း နှောင်းပိုင်းကာလမှစ၍ ဆူပူဆန္ဒပြမှုများလျော့ကျသွားပြီး ၂၀၂၂ ခုနှစ်တွင် သိသိသာသာလျော့နည်းသွားခဲ့ပါကြောင်း၊ သို့သော် EAO များနှင့် ပြည်ပနိုင်ငံအချို့က တိုက်ရိုက်/သွယ်ဝိုက်အကူအညီ ထောက်ပံ့မှုများဖြင့် PDF အဖွဲ့များ၏ အကြမ်းဖက်တိုက်ခိုက်မှု၊ မိုင်းထောင်ဖောက်ခွဲဖျက်ဆီးမီးရှို့မှု၊ လူသတ်မှုများ ရှိနေပါသေးကြောင်း၊ ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့မှ ၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ ၂၅ ရက်အထိ **ဆူပူအကြမ်းဖက်မှုများကြောင့် နိုင်ငံတော်ပိုင်ပစ္စည်း၊ ပုဂ္ဂလိကပိုင်ပစ္စည်းများတစ်နိုင်ငံလုံးပျက်စီးဆုံးရှုံးမှုအနေဖြင့် ၄,၈၁၇ ခု ပျက်စီးဆုံးရှုံးခဲ့ပြီး** တစ်နိုင်ငံလုံး လက်ပစ်ဗုံး၊ လက်လုပ်ဗုံးဖြင့်ပစ်ခတ်ခံရမှု **၈,၅၂၇** ကြိမ်၊ တိုက်ခိုက်ခံရမှု **၉,၆၈၆** ကြိမ်၊ မီးရှို့မှု ၁,၂၃၁ ကြိမ်၊ စုစုပေါင်း အကြမ်းဖက်မှု **၁၉,၄၄၄** ကြိမ်ဖြစ်ပွားခဲ့ပါကြောင်း၊ လက်နက်မျိုးစုံ **၁၇,၆၉၇** လက်၊ လက်လုပ်မိုင်း/ ဗုံး **၂၇,၂၁၃** လုံးအပါအဝင် ခဲယမ်းမျိုးစုံ **၁,၃၈၂,၆၆၇** တောင့် သိမ်းဆည်းရမိခဲ့ပါကြောင်း၊ အစိုးရဝန်ထမ်းများ၊ အုပ်ချုပ်ရေးမှူးများ၊ ရဟန်းသံဃာ၊ ကလေးသူငယ်၊ အရပ်သားအပါအဝင် စုစုပေါင်း သေဆုံး **၅,၄၄၃** ဦးနှင့် ဒဏ်ရာရ **၄,၅၇၇** ဦးရှိပါကြောင်း၊ ဗုံးဖောက်ခွဲမှုအနေဖြင့် ကားလမ်း **၁၀၂** ကြိမ်၊ ရထားလမ်း **၆၆** ကြိမ်၊ တံတား **၁၃၇** ကြိမ်၊ လျှပ်စစ်တာဝါတိုင် **၂၃** ကြိမ်နှင့် ဆက်သွယ်ရေးတာဝါတိုင် **၃၆၅** ကြိမ်၊ မီးရှို့ဖျက်ဆီးမှုအနေဖြင့် ကားလမ်း **၅၈** ကြိမ်၊ တံတား **၁၂** ကြိမ်၊ လျှပ်စစ်တာဝါတိုင် ၂ ကြိမ်နှင့် ဆက်သွယ်ရေးတာဝါတိုင် **၁၃၂** ကြိမ်၊ အကြမ်းဖက်သတ်ဖြတ်မှုများကြောင့်သံဃာ **၇၀** ပါး၊ သီလရှင် ၂ ပါး၊ ပညာရေးဝန်ထမ်း **၆၆** ဦးနှင့် ကျန်းမာရေးဝန်ထမ်း **၁၄** ဦး စုစုပေါင်း **၁၅၂** ဦး သေဆုံးမှုများရှိခဲ့ပါကြောင်း။

၂၀၂၂ ခုနှစ် တစ်နှစ်တာလုံးတွင် အကြမ်းဖက်မှုဖြစ်စဉ် အကြိမ်အရေအတွက် လျော့နည်းလာသော်လည်း သေဆုံး၊ ဒဏ်ရာရမှု များလာပါကြောင်း၊ ၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ ၉ ရက်နေ့မှစတင်၍ မဲစာရင်းမှန်ကန်ရေးမြေပြင်ကွင်းဆင်းလုပ်ငန်းများ စတင်ဆောင်ရွက်ခဲ့ရာတွင် အကြမ်းဖက်ဖြစ်စဉ်ကြောင့် ပျက်စီးဆုံးရှုံးမှုနှင့်သေဆုံး/ဒဏ်ရာရမှုများ ပိုမိုများပြားလာခဲ့ပါကြောင်း၊ သက်ဆိုင်ရာ ပြည်နယ်နှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့များ၏

တင်ပြချက်များအရ ၁၀၀ ရာခိုင်နှုန်း တည်ငြိမ်အေးချမ်းသည့်မြို့နယ် **၁၉၈** မြို့နယ်၊ လုံခြုံရေးအလေးထားဆောင်ရွက်ရမည့် မြို့နယ် **၆၇** မြို့နယ်၊ လုံခြုံရေးထိထိရောက်ရောက် ဆောင်ရွက်ပေးရန် လိုအပ်သည့် မြို့နယ် ၆၅ မြို့နယ်ရှိကြောင်းကိုသိရှိရပါကြောင်း၊ တည်ငြိမ်အေးချမ်းမှုဟူသည် မြို့ပေါ်တစ်ခုတည်း မရပါကြောင်း၊ ကျေးလက်ဒေသ၊ မြို့နယ်အဆင့်ထိ အကျုံးဝင်ပါကြောင်း၊ အကြမ်းဖက်မှုဖြစ်စဉ်များ၏ နောက်ကွယ်တွင် တချို့သော EAO များသည် ထဲထဲဝင်ဝင် ပါဝင်ပတ်သက်နေသည်ကို တွေ့ရှိပါကြောင်း၊ **PDF များသည် တိုင်းရင်းသား EAO များနှင့် မတူသည်ကို ၎င်းတို့လုပ်ရပ်ကို ကြည့်ပါက တွေ့ရပါကြောင်း၊ ၎င်းတို့ဒေသနှင့် လူမျိုးအတွက်ကိုမကြည့်ဘဲ မဲမသမာမှုပြုသူများနှင့်ပူးပေါင်းပြီး ရွာများကို မီးရှို့ဖျက်ဆီးခြင်း၊ ဒလန်ဟူ၍စွပ်စွဲပြီး အပြစ်မဲ့ပြည်သူများကို သတ်ဖြတ်ခြင်း၊ ပစ္စည်းများကို လုယက်ခြင်း၊ ဆက်ကြေးတောင်းခြင်းတို့ကို လုပ်ဆောင်နေပါကြောင်း၊ ၎င်းတို့၏ ကိုယ်ကျိုးကိုသာကြည့်ပြီး ၎င်းတို့ဒေသနှင့် လူမျိုးအကျိုးကို ဂရုမစိုက်ဘဲ လုပ်ဆောင်နေသောကြောင့် ယခုအချိန်အထိ နယ်မြေတည်ငြိမ်အေးချမ်းမှုများနှင့် ဝေးကွာနေရခြင်းဖြစ်ကြောင်း** တက်ရောက်လာသည့်အဖွဲ့ဝင်များ သတိပြုနိုင်ရန် တင်ပြလိုပါကြောင်း။

ရွေးကောက်ပွဲတွင် အခြေခံမဲစာရင်းမှန်ကန်ရေးသည် အဓိကကျသည့် အခြေခံအချက်ပင်ဖြစ်ပါကြောင်း၊ လူဦးရေစာရင်း တိကျခိုင်မာရန်လည်း လိုအပ်မည်ဖြစ်ပါကြောင်း၊ မိမိတို့နိုင်ငံတွင် ၂၀၁၄ ခုနှစ်က ကောက်ယူခဲ့သည့် လူဦးရေနှင့် သန်းခေါင်စာရင်းသည် ၁၀ နှစ်နီးပါးခန့်ကြာပြီဖြစ်သဖြင့် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းသည် ကောက်ယူရန် လိုအပ်နေသေးမည်ဖြစ်ကြောင်း၊ ထို့အပြင် ယခင်က မြန်မာနိုင်ငံတွင် ပြုလုပ်ခဲ့သည့် သန်းခေါင်စာရင်းသည် အင်္ဂလိပ်အစိုးရလက်ထက်၌ ၁၀ နှစ် ၁ ကြိမ် ကောက်ယူခဲ့ပြီး ၁၈၇၂ ခုနှစ်က စတင်ခဲ့ပါကြောင်း၊ ၁၈၈၁ ခုနှစ်မှစ၍ ၁၀ နှစ် ၁ ကြိမ် ၁၉၄၁ ခုနှစ်အထိ ကောက်ယူခဲ့ပါကြောင်း၊ လွတ်လပ်ရေးရပြီးချိန် အစိုးရမှ ၁၉၅၃ ခုနှစ်မှ ၁၉၅၅ ခုနှစ်အထိ အဆင့် ၃ ဆင့်ဖြင့် ကောက်ယူခဲ့ပါကြောင်း၊ ထိုကောက်ယူမှုသည် နိုင်ငံ၏ ၃၀ ရာခိုင်နှုန်းသာ ကောက်ယူနိုင်ခဲ့ပြီး ကျန် ၇၀ ရာခိုင်နှုန်းအတွက် ၁၉၆၁ ခုနှစ်တွင် ကောက်ယူရန် ရွှေ့ဆိုင်းခဲ့သော်လည်း မဆောင်ရွက်နိုင်ခဲ့ဘဲရှိခဲ့ရာ ၁၉၇၂ ခုနှစ်တွင် မြန်မာနိုင်ငံ သန်းခေါင်စာရင်းဥပဒေကိုပြဋ္ဌာန်းပြီး ၁၉၇၃ ခုနှစ်၊ ဧပြီလ ၁ ရက်မှ ၅ ရက်အထိ ကောက်ယူခဲ့ပါကြောင်း၊ ဒုတိယအကြိမ် ၁၉၈၃ ခုနှစ်၊ ဧပြီလ ၁ ရက်မှ ၅ ရက်အထိ သန်းခေါင်စာရင်းများ ကောက်ယူခဲ့ပါကြောင်း၊ သန်းခေါင်စာရင်းများအား ၁၀ နှစ် ၁ ကြိမ် ကောက်ယူရန်လိုပါကြောင်း၊ လက်ရှိအခြေအနေတွင် ပြည်ပသို့ ထွက်ခွာသွားသည့် အတည်မပြုနိုင်သေးသည့် နိုင်ငံသားအရေအတွက်နှင့် အကြမ်းဖက်မှုများကြောင့် လူဦးရေစာရင်းသည် အတည်ပြုရန် ခက်ခဲနေဆဲဖြစ်ပါကြောင်း၊ မဲစာရင်းမှန်ကန်ရန် အခြေခံဖြစ်သည့် သန်းခေါင်စာရင်းမှန်ကန်ရန်လည်း လိုအပ်မည်ဖြစ်ပါကြောင်း၊ သန်းခေါင်စာရင်းသည် ၁၀ နှစ် ၁ ကြိမ် ကောက်ယူခြင်းဖြစ်သဖြင့် သန်းခေါင်စာရင်းကောက်ယူမှုသည် မဖြစ်မနေဆောင်ရွက်ရမည့် လုပ်ငန်းစဉ်တစ်ရပ်ပင် ဖြစ်ပါကြောင်း၊ ထိုသို့ဆောင်ရွက်နိုင်မည်ဆိုပါက တိုင်းရင်းသားညီအစ်ကိုမောင်နှမများ၏ ဒီမိုကရေစီအခွင့်အရေးများ ဆုံးရှုံးနိုင်မှုမရှိတော့မည်လည်း ဖြစ်ပါကြောင်း။

ရွေးကောက်ပွဲတွင် အခြေခံမဲစာရင်း မှန်ကန်ရေးသည် အဓိကကျသည့်အခြေခံ အချက်ပင်ဖြစ်၊ လူဦးရေစာရင်းတိကျခိုင်မာ ရန်လည်း လိုအပ်မည်ဖြစ်၊ မိမိတို့နိုင်ငံတွင် ၂၀၁၄ ခုနှစ်က ကောက်ယူခဲ့သည့်လူဦးရေနှင့် သန်းခေါင်စာရင်းသည် ၁၀ နှစ်နီးပါးခန့် ကြာပြီဖြစ်သဖြင့် လူဦးရေနှင့် အိမ်အကြောင်း အရာ သန်းခေါင်စာရင်းသည် ကောက်ယူရန် လိုအပ်နေသေးမည်ဖြစ်။

## မလွဲမသွေလုပ်ဆောင်ရမည့်အခြေအနေ

လာမည့်ရွေးကောက်ပွဲတွင် အနည်းဆုံး ၂၀၁၀ ပြည့်နှစ် ရွေးကောက်ပွဲပြုလုပ်ခဲ့သည့် မြို့နယ်အရေအတွက်နှင့် တည်ငြိမ်အေးချမ်းမှုအခြေအနေများထက် မလျော့ပါးအောင်၊ အစောဆုံးဖြစ်အောင် အတတ်နိုင်ဆုံးကြိုးစားဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ရွေးကောက်ပွဲကျင်းပရာတွင်လည်း အချို့နယ်မြေများတွင် နိုင်ငံသားတစ်ဦးချင်း၏ဆန္ဒသဘော

**လာမည့်ရွေးကောက်ပွဲတွင် အနည်းဆုံး ၂၀၁၀ ပြည့်နှစ် ရွေးကောက်ပွဲပြုလုပ်ခဲ့သည့် မြို့နယ်အရေအတွက်နှင့် တည်ငြိမ်အေးချမ်းမှု အခြေအနေများထက် မလျော့ပါးအောင်၊ အစောဆုံးဖြစ်အောင် အတတ်နိုင်ဆုံးကြိုးစား ဆောင်ရွက်သွားမည်ဖြစ်၊ ရွေးကောက်ပွဲ ကျင်းပရာတွင်လည်း အချို့နယ်မြေများတွင် နိုင်ငံသားတစ်ဦးချင်း၏ဆန္ဒသဘောထားကို လွတ်လပ်စွာဖော်ထုတ်နိုင်ရေး ခြိမ်းခြောက်မှု၊ အကျပ်ကိုင်မှု၊ မတရားတိုက်တွန်းမှု၊ လူအုပ်စုဖြင့် အနိုင်ကျင့်လွှမ်းမိုးမှု စသည့် မတရားမှုများ ကင်းဝေးရန်လိုအပ်မည်ဖြစ်။**

ထားကို လွတ်လပ်စွာဖော်ထုတ်နိုင်ရေး ခြိမ်းခြောက်မှု၊ အကျပ်ကိုင်မှု၊ မတရားတိုက်တွန်းမှု၊ လူအုပ်စုဖြင့် အနိုင်ကျင့်လွှမ်းမိုးမှု စသည့်မတရားမှုများ ကင်းဝေးရန်လိုအပ်မည်ဖြစ်ပါကြောင်း၊ တည်ငြိမ်အေးချမ်းသည့် မူလပကတိအခြေအနေ၊ အချိန်ကာလရှိမှသာ တစ်နိုင်ငံလုံး အကြားအလပ်မရှိ အထွေထွေရွေးကောက်ပွဲ ကျင်းပနိုင်မည်ဖြစ်ပါကြောင်း၊ ထိုသို့ဆောင်ရွက်နိုင်ရေးအတွက်ဆိုပါက လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး၊ တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းမှုရရှိရေးသည် အစိုးရက မလွဲမသွေလုပ်ဆောင်ရမည့်အခြေအနေဖြစ်ပါကြောင်း၊ **မဲပေးခြင်း၊ မဲမပေးခြင်းသည် လူတစ်ဦးချင်းစီ၏ဆန္ဒဖြစ်ပါကြောင်း၊ မဲပေးနိုင်အောင် ဆောင်ရွက်နိုင်ရေးသည် အစိုးရ၏တာဝန်သာဖြစ်ပါကြောင်း၊** မိမိတို့အစိုးရအနေဖြင့် နိုင်ငံသားအားလုံး ဒီမိုကရေစီအခွင့်အရေး မဆုံးရှုံးရလေအောင် တစ်နိုင်ငံလုံး အကြားအလပ်မရှိ ရွေးကောက်ပွဲကျင်းပနိုင်ရေး ဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း၊ မဲပေးကြမည့် နိုင်ငံသားတိုင်းလည်း **မိမိတို့တစ်ဦးချင်း၏ ဆန္ဒအတိုင်း မဲရုံများသို့လာရောက်ပြီး လွတ်လပ်စွာဆန္ဒမဲပေးခွင့်ကို နေရာအနှံ့ဖော်ထုတ်နိုင်မည် ဖြစ်ပါကြောင်း။**

တပ်မတော်အနေဖြင့် မည်သည့်ခေတ်၊ မည်သည့်အစိုးရပင်ဖြစ်စေ **ပြည်သူသာအမိ၊ ပြည်သူသာအဖဟု** ခံယူပြီး နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူလူထုအကျိုးအတွက် ကာကွယ်စောင့်ရှောက်နေသူ Guar-dian အနေဖြင့် အစဉ်အမြဲ ဆက်လက်တည်ရှိနေမည်ဖြစ်ပါကြောင်း၊ ကျန်ရှိသည့်အခြေအနေတွင် မိမိတို့အားလုံး ဝိုင်းဝန်းကြိုးပမ်းကြရမည်ဖြစ်ပါကြောင်း၊ မိမိတို့နှင့်အတူ ပြည်သူလူထုတစ်ရပ်လုံးကလည်း ဝိုင်းဝန်းကူညီပေးရန် ပန်ကြားလိုပါကြောင်း၊ ရွေးကောက်ပွဲပြုလုပ်နိုင်ရေး နိုင်ငံတည်ငြိမ်အေးချမ်းမှုရှိရေးသည်လည်း အဓိကအရေးကြီးသည့်အတွက် အထက်ပါမိမိအစီရင်ခံချက်များအရ ဆက်လက်ဆောင်ရွက်ရန် လုပ်ငန်းများရှိပါကြောင်း၊ ယင်းတို့ကို ပြီးမြောက်အောင်ဆောင်ရွက်နိုင်ရန် အချိန်လိုအပ်ပါကြောင်း၊ လက်ရှိအစိုးရနှင့်အတူ သက်ဆိုင်ရာအဖွဲ့အစည်းများ ပူးပေါင်းကာ ဆောင်ရွက်သွားရန်လိုအပ်မည်ဖြစ်ပါကြောင်း၊ မိမိတို့ တာဝန်ထမ်းဆောင်ခဲ့တဲ့ ၂ နှစ်တာကာလအတွင်း နိုင်ငံတော်နှင့် နိုင်ငံသားတို့အပေါ် ရိုးသားဖြောင့်မတ်စွာဖြင့် စိတ်စေတနာကောင်းစွာ လုပ်ဆောင်ခဲ့ကြသကဲ့သို့ နိုင်ငံတော်၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးကိစ္စရပ်များတွင် ရေရှည်အကျိုးရှိစေမည့် အစီအမံဆောင်ရွက်ချက်များကိုသာ ရေးရှုဆောင်ရွက်ခဲ့ပါကြောင်းနှင့် တာဝန်ထမ်းဆောင်ခဲ့မှုအခြေအနေအရပ်ရပ်ကို သုံးသပ်သိရှိနိုင်ပါရန် လေးစားစွာတင်ပြအပ်ပါကြောင်း တင်ပြသည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ တင်ပြချက်များနှင့်စပ်လျဉ်း၍ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီအဖွဲ့ဝင်များ ဆွေးနွေးတင်ပြကြရာ ဦးစွာ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ ဦးတီခွန်မြတ်က နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်များ လုပ်ဆောင်မှုကို ရှင်းလင်းတင်ပြသည့်အတွက် ကျေးဇူးတင်ရှိပါကြောင်း၊ ဆက်လက်ဆောင်ရွက်ရန် လုပ်ငန်းများကျန်ရှိမှုနှင့် ပတ်သက်၍ အခြေခံဥပဒေဆိုင်ရာပြဋ္ဌာန်းချက်များဖြစ်သည့် ပုဒ်မ ၄၂၅ အား သုံးသပ်ရာတွင် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးသဘောထားမှတ်ချက်ကိုလည်း ရယူပါက ပိုမိုပြည့်စုံမည်ဖြစ်ကြောင်း ဆွေးနွေးတင်ပြသည်။

ထို့နောက် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ရှင်းလင်းတင်ပြရာတွင် ရှေ့လုပ်ငန်းစဉ် နောက်ဆုံးအချက်ဖြစ်သည့် အရေးပေါ်ကာလပြဋ္ဌာန်းခြင်းဆိုင်ရာကိစ္စရပ်များဆောင်ရွက်ပြီးချိန်တွင် လွတ်လပ်ပြီးတရား

မျှတသည့် ရွေးကောက်ပွဲကျင်းပနိုင်ရန်ကိစ္စရပ်နှင့် ပတ်သက်ပြီး ဆွေးနွေးလိုပါကြောင်း၊ မိမိတို့နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီမှ စတင်တာဝန်ယူခဲ့ရခြင်းမှာ မဲမသမာမှုကိစ္စကြောင့် ဖြစ်ပါကြောင်း၊ လွတ်လပ်ပြီး တရားမျှတသည့် ရွေးကောက်ပွဲကျင်းပနိုင်ရန်အတွက် ယခုကဲ့သို့သော အမှားများထပ်မံမဖြစ်ပွားအောင် ဆောင်ရွက်ရမည် ဖြစ်ကြောင်း၊ ထို့ကြောင့် နိုင်ငံတော်ဝန်ကြီးချုပ်အနေဖြင့် မိမိကိုတာဝန်ပေး၍ ပဏာမစစ်ဆေးခြင်းများ ဆောင်ရွက်စေလျက်ရှိကြောင်း၊ ပထမဆုံးတွေ့ရှိချက်အနေဖြင့် ၁၉၄၈ ခုနှစ်နောက်ပိုင်း အမျိုးသားမှတ်ပုံတင်ကတ် ပေးထားမှုများကိုစစ်ဆေးရာတွင် မှတ်ပုံတင်ထားသူပေါင်း ၅၁ သန်းကျော်ရှိကြောင်း၊ အဆိုပါမှတ်ပုံတင်စာရင်းများကို စစ်ဆေးခဲ့ချိန်တွင် ထပ်နေသူများ၊ နိုင်ငံအတွင်းနေထိုင်မှု ရှိ/မရှိ မသေချာသောသူများလည်း တွေ့ရှိရကြောင်း၊ ထို့ကြောင့် အဆိုပါအချက်များကို စိစစ်ပြီးပါက ဒုတိယအဆင့်အနေဖြင့် ရရှိလာသည့် ကွန်ပျူတာစာရင်းများကို မြေပြင်အခြေအနေနှင့် တိုက်ဆိုင်စစ်ဆေးရမည်ဖြစ်ကြောင်း၊ အဆိုပါအခြေအနေအပေါ် ဆန့်ကျင်ဘက်အဖွဲ့အစည်းများ၊ အချို့အကြမ်းဖက်အဖွဲ့များက နှောင့်ယှက်ခြင်း၊ ခြိမ်းခြောက်ခြင်းနှင့် ဖျက်ဆီးခြင်းလုပ်ငန်းများဆောင်ရွက်လျက်ရှိကြောင်း၊ ထိုသို့ဆောင်ရွက်မှုများကြောင့် တစ်ဦးချင်း မဲစာရင်းမှန်ကန်ရေးဆောင်ရွက်နေမှုကို များစွာအနှောင့်အယှက်ဖြစ်စေလျက်ရှိကြောင်း၊ ပုံစံ ၆၆/၆ ကို ကောက်ယူချိန်တွင် ဝန်ထမ်းများနှင့် စေတနာ့ဝန်ထမ်းများကို နှောင့်ယှက်ပစ်ခတ်သတ်ဖြတ်ခြင်းများ ရှိကြောင်း၊ ၁၀ နှစ် တစ်ကြိမ်ကျင်းပသည့် လူဦးရေနှင့် အိမ်အကြောင်းရာ သန်းခေါင်စာရင်းသည် နိုင်ငံတော်အတွက် မရှိမဖြစ်အရေးကြီးလိုအပ်သည့် စာရင်းဖြစ်ကြောင်း၊ နိုင်ငံတော်၏ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်းကို အထောက်အကူပြုနိုင်သကဲ့သို့ မဲစာရင်းများနှင့် ရွေးကောက်ပွဲအတွက်လည်း များစွာ အထောက်အကူပြုနိုင်ကြောင်း၊ လွတ်လပ်ပြီး တရားမျှတသည့် ရွေးကောက်ပွဲကြီးဖြစ်ရန်၊ တစ်ဦးချင်း မဲဆန္ဒနယ်အလိုက် မဲပေးပိုင်ခွင့်များရှိနိုင်ရန်၊ မှန်ကန်သည့်မဲစာရင်းများရရှိစေရန် ဆောင်ရွက်ရန်လိုအပ်နေကြောင်း၊ လက်ရှိ လုံခြုံရေးအရဆောင်ရွက်ရာတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် အကြမ်းဖက်မှုများကို ၂၀၂၂ ခုနှစ်မှစ၍ လုပ်ဆောင်လာကြကြောင်း၊ မိမိတို့အနေဖြင့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများနှင့် ငြိမ်းချမ်းရေးဆွေးနွေးပွဲများကို ဆောင်ရွက်လျက်ရှိကြောင်း၊ ၁၀ ဖွဲ့နှင့် ငြိမ်းချမ်းရေးဆွေးနွေးခဲ့ပြီး လက်မှတ်ရေးထိုးခဲ့ပြီးဖြစ်ကြောင်း၊ မဲစာရင်းမှန်ကန်ရေး ဆောင်ရွက်ရန်၊ အကြမ်းဖက်များ ကျန်ရှိနေသည့်နေရာများတွင် အကြမ်းဖက်မှုများ ချုပ်ငြိမ်းသွားရန်၊ မဲပေးရာတွင် တစ်ဦးချင်းလွတ်လပ်စွာဖြင့် ဆောင်ရွက်နိုင်ရန် အချိန်ကာလတစ်ခုအထိ လိုအပ်နေသေးသည်ဟု ယူဆပါကြောင်းဖြင့် ဆွေးနွေးတင်ပြသည်။

**အချိန်ကာလတစ်ခုလိုအပ်နေဆဲဖြစ်**

ယင်းနောက် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ဆွေးနွေးပြောကြားရာတွင် အကြမ်းဖက်မှုနှင့် ကိုဗစ်–၁၉ ရောဂါ ဖြစ်ပွားမှုအခက်အခဲများကို ဖြေရှင်းခဲ့ရကြောင်း၊ နိုင်ငံစီးပွားရေးကျဆင်းမှု ယခင်အစိုးရလက်ထက် GDP အနုတ် ၅ ရာခိုင်နှုန်းအထိ ကျဆင်းခဲ့မှုကို ပြီးခဲ့တဲ့ ၂ နှစ်တာကာလအတွင်းတွင် စီးပွားရေးတိုးတက်အောင် ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ ထိုသို့ဆောင်ရွက်လျက်ရှိစဉ် နိုင်ငံတော်ကို ပျက်စီးရာပျက်စီးကြောင်း လုပ်ဆောင်နေသည့် အဖျက်သမားများသည်လည်း ယခုအချိန်အထိ ရှိနေဆဲဖြစ်ကြောင်း၊ လွတ်လပ်ပြီး တရားမျှတသည့် ရွေးကောက်ပွဲကျင်းပနိုင်ရေးအတွက် အနှောင့်အယှက်ဖြစ်နေဆဲဖြစ်ကြောင်း၊ ရွေးကောက်ပွဲတွင် မဲစာရင်းမှန်ကန်စေရေးအတွက် လူဦးရေစာရင်းကောက်ယူရေးသည် အဓိကကျကြောင်း၊ အဆိုပါကိစ္စရပ်များ အနှောင့်အယှက်ကင်းကင်းဖြင့် ဆောင်ရွက်နိုင်ရန်နှင့် အချိန်ကာလတစ်ခုလိုအပ်နေဆဲဖြစ်သည်ကို ထောက်ခံတင်ပြအပ်ပါကြောင်း ဆွေးနွေးတင်ပြသည်။

ထို့နောက် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ဆွေးနွေးတင်ပြရာတွင် လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးနှင့်ပတ်သက်၍ မဲမသမာမှုကြောင့် တပ်မတော်မှ နိုင်ငံတော်တာဝန်များကို ထမ်းဆောင်ခဲ့ရကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီမှ တာဝန်ယူပြီးနောက်ပိုင်း ငြိမ်းချမ်းစွာဆန္ဒပြမှုများမှတစ်ဆင့် ဆူပူမှု၊ အကြမ်းဖက်မှုနှင့် ဖျက်ဆီးသတ်ဖြတ်မှုများဖြစ်ပေါ်ခဲ့ကြောင်း၊ လက်ရှိအချိန်တွင် ဆူပူဆန္ဒပြမှုများမရှိတော့သော်လည်း အကြမ်းဖက်မှုများရှိနေဆဲဖြစ်ကြောင်း၊ လက်ရှိအခြေအနေတွင် ရွေးကောက်ပွဲပြုလုပ်နိုင်ခြင်းမရှိစေရန် အကြမ်းဖက်သမားများက

အကြမ်းဖက်နှောင့်ယှက်ခြင်း၊ သတ်ဖြတ်ခြင်း၊ ဖျက်ဆီးခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ အုပ်ချုပ်မှုယန္တရားများ လည်ပတ်နိုင်ရန်အတွက် ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများ အချို့နေရာများတွင် ခန့်အပ်ရန်ကျန်ရှိနေသေးကြောင်း၊ မိမိတင်ပြခဲ့သည့် အထက်ပါအခြေအနေများအရ NUG၊ CRPH နှင့် PDF အမည်ခံ အကြမ်းဖက်သမားများအနေဖြင့် လာမည့်ရွေးကောက်ပွဲကျင်းပနိုင်ခြင်း မရှိစေရန်အတွက် ရွေးကောက်ပွဲအကြိုကာလ ရွေးကောက်ပွဲကော်မရှင်ရုံးများ၊ လဝကရုံးများနှင့် နိုင်ငံရေးပါတီရုံးများကို မီးရှို့ မိုင်းထောင် ဖောက်ခွဲခြင်း၊ နိုင်ငံရေးပါတီဝင်များနှင့် လွှတ်တော်ကိုယ်စားလှယ်လောင်းများကို ခြိမ်းခြောက်သတ်ဖြတ်ခြင်းများ၊ အုပ်ချုပ်မှုယန္တရားများ မလည်ပတ်နိုင်စေရန်အတွက် ရာအိမ်မှူး၊ ဆယ်အိမ်မှူးနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးများ လုပ်ကြံသတ်ဖြတ်ခြင်းများရှိသကဲ့သို့ ပြည်သူများအကြား အကြောက်တရားဖြင့် လွှမ်းမိုးနိုင်ရန်အတွက် ၎င်းတို့နှင့် အယူအဆမတူသည့်သူများကို ဒလန်ဟု စွပ်စွဲပြီး လုပ်ကြံသတ်ဖြတ်မှုများကို လုပ်ဆောင်လာနိုင်ပါကြောင်း၊ လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးရှုထောင့်အရ ကြည့်ရမည်ဆိုပါက အကြမ်းဖက်အုပ်စုများ တဖြည်းဖြည်းချုပ်ငြိမ်းသွားသည့် အခြေအနေအထိ လုပ်ဆောင်သွားရန် အချိန်အတိုင်းအတာတစ်ခုအထိ လိုအပ်ပါကြောင်း ဆွေးနွေးတင်ပြသည်။

ယင်းနောက် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ဆွေးနွေးတင်ပြရာတွင် လွတ်လပ်ပြီးတရားမျှတသည့် ရွေးကောက်ပွဲကျင်းပနိုင်ရေးသည် နိုင်ငံတော်အတွက် အရေးကြီးလိုအပ်ချက်ဖြစ်ပါကြောင်း၊ ပြီးခဲ့သည့်ရွေးကောက်ပွဲတွင် မဲမသမာမှုများအပါအဝင် တရားမျှတမှုများမရှိခဲ့သည်ကို တွေ့ရကြောင်း၊ ထိုသို့ဆောင်ရွက်ခြင်းသည် တစ်ပါတီစနစ်၊ တစ်ဦးတစ်ယောက်တည်းမှ အာဏာရှင်ပုံစံဖြင့် သက်ဆိုးရှည်စွာအုပ်ချုပ်နိုင်ရန် လုပ်ဆောင်ခဲ့ခြင်းဖြစ်ကြောင်း၊ တည်ငြိမ်အေးချမ်းမှုများကို ဆောင်ရွက်ရန်အတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အချိန်ယူဆောင်ရွက်ရန်လိုအပ်သည်ကို မိမိအနေဖြင့် ထောက်ခံတင်ပြအပ်ပါကြောင်း ဆွေးနွေးတင်ပြသည်။

ထို့နောက် နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ဆွေးနွေးတင်ပြရာတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီတာဝန်ထမ်းဆောင်နေစဉ်အတွင်းအကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH၊ NUG နှင့် ၎င်းတို့၏လက်ဝေခံ PDF အမည်ခံ အကြမ်းဖက်သမားများ၏ အကြမ်းဖက်အဖျက်အမှောင့်လုပ်ရပ်များကို လုပ်ဆောင်မှုများကို စာရင်းဇယားများနှင့်တကွ တွေ့ရှိရပြီးဖြစ်ကြောင်း၊ လက်ရှိကာလတွင် အကြမ်းဖက်မှုများလျော့နည်းလာပြီဖြစ်သော်လည်း အချို့သောနေရာဒေသများတွင် ရှိနေဆဲဖြစ်ပြီး ရွေးကောက်ပွဲကိုပျက်စီးအောင် ရည်ရွယ်ချက်ရှိရှိ ဆောင်ရွက်နေခြင်းဖြစ်သည်ကို တွေ့ရှိရကြောင်း၊ ယင်းအခြေအနေသည် ရှေ့လုပ်ငန်းစဉ်တွင် အရေးကြီးဆုံးအချက်ဖြစ်သည့် လွတ်လပ်၍ တရားမျှတသည့် ရွေးကောက်ပွဲကျင်းပရန် သင့်တော်ခြင်းမရှိသေးသည့်အခြေအနေဖြစ်သည်ကို တွေ့ရှိရပြီး တည်ငြိမ်အေးချမ်းမှုရရှိရေးနှင့် ရွေးကောက်ပွဲအတွက် ဆက်လက်ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များ ပြီးပြည့်စုံအောင် အချိန်ကာလ အတိုင်းအတာတစ်ခုအထိ သတ်မှတ်ဆောင်ရွက်ရန် လိုအပ်သည်ကို သုံးသပ်တွေ့ရှိရပါကြောင်း၊ ထို့ကြောင့် လိုအပ်သည့် အချိန်ကာလတစ်ခုကိုအခြေခံဥပဒေနှင့်အညီဖြစ်စေရေး အားလုံးဆွေးနွေးသတ်မှတ်သင့်ပါကြောင်း ဆွေးနွေးတင်ပြသည်။

**ဖြည့်စွက်ဆွေးနွေး**

ဆွေးနွေးတင်ပြမှုများအပေါ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ဖြည့်စွက်ဆွေးနွေးပြောကြားရာတွင် မိမိတို့အနေဖြင့် ပြည်သူကရွေးချယ်ထားသည့် ပါတီစုံဒီမိုကရေစီစနစ်ကို မလွဲမသွေ လျှောက်လှမ်းရမည်ဖြစ်သည့်အတွက် ရွေးကောက်ပွဲကို မဖြစ်မနေလုပ်ရမည်ဖြစ်ကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)သည် ပြည်သူလူထု (၉၂ ဒသမ ၄၈)ရာခိုင်နှုန်းက ထောက်ခံအတည်ပြုထားသည့် အခြေခံဥပဒေဖြစ်ပြီး မိမိတို့တပ်မတော်သားများလည်း မဲပေးခဲ့ကြောင်း၊ ၎င်းသည် ပါတီစုံဒီမိုကရေစီစနစ်ကိုကျင့်သုံးရန် ခိုင်မာသည့်အာမခံချက်တစ်ခုဖြစ်ပြီး အကောင်အထည်ဖော်ဆောင်ရွက်ရန် နိုင်ငံသားတိုင်းတွင် တာဝန်ရှိကြောင်း၊ တပ်မတော်အနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေကို ကာကွယ်ရန်နှင့် ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်ဆောင်ပေးရန်တာဝန်ရှိပြီး ရွေးကောက်ပွဲကို မဖြစ်မနေဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ရွေးကောက်ပွဲဆောင်ရွက်ရန်အတွက် စာရင်းဇယားများမှန်ကန်ရန်၊ လွတ်လပ်၍ တရားမျှတသည့် ရွေးကောက်ပွဲဖြစ်ရန်နှင့် ခြိမ်းခြောက်မှု၊ အကျပ်ကိုင်မှုနှင့် ဖိအားများကြောင့် မဲပေးရခြင်း

များမရှိရန်လိုကြောင်း၊ အကြားအလပ်မရှိ ရွေးကောက်ပွဲကျင်းပနိုင်ရန်လည်းလိုကြောင်း၊ မဲပေးခြင်း မပေးခြင်းသည် ပြည်သူတစ်ဦးချင်းစီ၏ ဒီမိုကရေစီအခွင့်အရေးဖြစ်ပြီး မဲပေးပိုင်ခွင့်ရှိအောင် ဆောင်ရွက်ပေးရန်မှာ အစိုးရ၏ တာဝန်ဖြစ်ကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကြည့်မည်ဆိုပါက ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ ပြည်နယ်နှင့် တိုင်းဒေသကြီးလွှတ်တော်တို့သည် ပထမဦးဆုံး စတင်ကျင်းပသည့်နေ့တွင် အစည်းအဝေးတက်ရောက်သူ ၅၀ ရာခိုင်နှုန်းနှင့်အထက် ရှိရန်လိုကြောင်း၊ ထို့ကြောင့် ရွေးကောက်ပွဲကိုပြည်နယ်နှင့် တိုင်းဒေသကြီးရှိဒေသအသီးသီးတွင်လည်း ၅၀ ရာခိုင်နှုန်းအထက် အနည်းဆုံး မဖြစ်မနေလုပ်နိုင်ရမည်ဖြစ်ကြောင်း၊ သို့မှလည်း ရွေးကောက်ပွဲအောင်မြင်မည်ဖြစ်ပြီး အစည်းအဝေးသို့ လွှတ်တော်ကိုယ်စားလှယ် ၅၀ ရာခိုင်နှုန်း တက်ရောက်နိုင်မည်ဖြစ်ကြောင်း၊ ရွေးကောက်ပွဲရာခိုင်နှုန်း များများလုပ်နိုင်သည့်ရွေးကောက်ပွဲသည်သိက္ခာရှိသည့်ရွေးကောက်ပွဲဖြစ်ကြောင်း၊ ပြီးခဲ့သည့်ရွေးကောက်ပွဲသည် သိက္ခာမဲ့သည့်ရွေးကောက်ပွဲဖြစ်ခဲ့သဖြင့် သိက္ခာရှိသည့်ရွေးကောက်ပွဲကို ပြန်လုပ်ဆောင်ရမည်ဖြစ်ကြောင်း၊ ရွေးကောက်ပွဲအင်္ဂါရပ်များနှင့်ညီအောင် ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ EAO များနှင့် PDF အမည်ခံ အကြမ်းဖက်သမားများက ရွေးကောက်ပွဲပျက်အောင် လုပ်ဆောင်နေကြသကဲ့သို့ အချို့နိုင်ငံများကလည်း ရွေးကောက်ပွဲမလုပ်ဆောင်ရန် ပြောဆိုမှုများရှိကြောင်း၊ မိတ်ဆွေနိုင်ငံများကလည်း ရွေးကောက်ပွဲလုပ်ဆောင်ရန် ပြောဆိုမှုများရှိကြောင်း၊ အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH ၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံ PDF အမည်ခံ အကြမ်းဖက်သမားများသည် မည်သည့်အတွက်ကြောင့်ရွေးကောက်ပွဲအထမမြောက်စေလိုသည်ကိုစဉ်းစားရမည်ဖြစ်ကြောင်း၊ လာမည့်ရွေးကောက်ပွဲပြီးစီးပြီး ရွေးချယ်ခံကိုယ်စားလှယ်များတက်လာပါက ၎င်းတို့သည်လည်း အလိုအလျောက်ပျက်ပြယ်သွားမည်ဟု သိနေသဖြင့် ရွေးကောက်ပွဲကို မပျက်ပျက်အောင် လုပ်ဆောင်နေခြင်းဖြစ်ကြောင်း၊ EAO အဖွဲ့အချို့ကလည်း ငြိမ်းချမ်းရေးလုပ်ငန်းစဉ်နှင့်ပတ်သက်၍ မိမိတို့အစိုးရနှင့် ဆွေးနွေးရန်မရှိဟု ပြောထားကြကြောင်း၊ သို့သော်လည်း မိမိတို့နှင့်ဆွေးနွေးပြီးဖြစ်သည့် အဖွဲ့ ၁၀ ဖွဲ့လုံးသည် ပါတီစုံဒီမိုကရေစီစနစ်နှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့်ပြည်ထောင်စု ကို လက်ခံကြကြောင်း၊ တိုင်းရင်းသားများဖြင့် NCA ပါ အချက် အလက်များကို ညှိနှိုင်းဆောင်ရွက်ပြီး ရွေးကောက်ပွဲကို ဆောင်ရွက်မှသာလျှင် တစ်နိုင်ငံလုံးဒီမိုကရေစီစနစ် လွှမ်းခြုံ မည်ဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်နိုင်ရေးအတွက် အချိန် အတိုင်းအတာတစ်ခုပေးရမည်ဖြစ်ကြောင်း၊ နိုင်ငံရေးပါတီ များ မှတ်ပုံတင်ခြင်းဥပဒေအရလည်း နိုင်ငံရေးပါတီများ သည် မှတ်ပုံတင်ရမည်ဖြစ်ပြီး ကိုယ်စားလှယ်လောင်းများ အနေဖြင့်ရွေးကောက်ပွဲဝင်ရန် စာရင်းပေးသွင်းရမည်ဖြစ် ကြောင်း၊ ထို့နောက် မဲဆွယ်စည်းရုံးမှုများ ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ တစ်နိုင်ငံလုံးတွင် ပါဝင်ယှဉ်ပြိုင်မည့်ပါတီသည် တစ်နိုင်ငံလုံးရှိ မြို့နယ် ၃၃၀ အနက် ၁၆၅ မြို့နယ်တွင် ရုံးဖွင့်ထားပြီးဖြစ်ရမည်ဖြစ်ကာ ပါတီဝင်ဦးရေ တစ်သိန်းရှိရမည်ဖြစ်ကြောင်း၊ တစ်ရာ ရာခိုင်နှုန်း တည်ငြိမ်အေးချမ်းသည့် မြို့နယ်သည် ၁၉၈ မြို့နယ် ရှိသည်ဟု တင်ပြချက်များအရ သိရှိရကြောင်း၊ လုံခြုံရေးအလေးထားဆောင်ရွက်ရမည့်မြို့နယ်သည် ၆၇ မြို့နယ်၊ လုံခြုံရေးထိထိရောက်ရောက်ဆောင်ရွက်ပေးရမည့်မြို့နယ် ၆၅ မြို့နယ်ရှိကြောင်း၊ အချို့ကျေးလက်ဒေသများသည် လုံခြုံရေးပိုမိုလိုအပ်ကြောင်းကို တွေ့ရှိရကြောင်း၊ အချို့ပြည်နယ်များတွင် ရွေးကောက်ပွဲကို ဒေသ၏ ၅၀ ရာခိုင်နှုန်း ဆောင်ရွက်ပေးနိုင်မည့်အခြေအနေရအောင် ဆက်လက်ကြိုးပမ်းဆောင်ရွက်ရန်လိုအပ်လျက်ရှိသေးကြောင်း၊ ကိုယ်စားလှယ်များအနေဖြင့်လည်း စည်းရုံးရေးလုပ်ငန်းများ ဆောင်ရွက်၍ရနိုင်မည်မဟုတ်ကြောင်း၊ ကျေးလက်နေ ၇၀ ရာခိုင်နှုန်းသော ပြည်သူတို့၏ မဲပေးနိုင်မှုကိုဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်နိုင်ရန်အတွက် နိုင်ငံတည်ငြိမ်အေးချမ်းရေးကို မဖြစ်မနေဆောင်ရွက်ပေးရန် လိုအပ်သည်ကိုတွေ့ရှိရမည်ဖြစ်ကြောင်း၊ ဥပဒေတွင် ပြန်ကြည့်မည်ဆိုပါကလည်း အခြေခံဥပဒေပုဒ်မ ၄၂၅ အရ သာမန်အားဖြင့် ၆ လ နှစ်ကြိမ်ပေး၍ရသည်ဖြစ်သော်လည်း လက်ရှိအချိန်သည် သာမန်အချိန်မဟုတ်သဖြင့် ၆ လ တစ်ကြိမ် အနည်းဆုံး ထပ်မံတိုးမြှင့်ပေးရန်သင့်သည်ဟု ယူဆမိပါကြောင်း၊ ၆ လပြည့်ပြီးပါက နိုင်ငံတော်၏အခြေအနေများကို ထပ်မံတင်ပြမည်ဖြစ်ကြောင်း ဖြည့်စွက်ပြောကြားသည်။

ထို့နောက် အထူးဖိတ်ကြားထားသည့် ဥပဒေရေးရာ

ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာ သီတာဦးက ဥပဒေပိုင်းဆိုင်ရာနှင့်ပတ်သက်၍ ဆွေးနွေးတင်ပြရာတွင် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ပုဒ်မ ၄၁၀ မှ ၄၃၂ သည် အရေးပေါ်အခြေအနေ ဆိုင်ရာပြဋ္ဌာန်းချက်များ ဖြစ်ပါကြောင်း၊ ပုဒ်မ ၄၂၅ ၏ အဓိက အချက်သည် သာမန်အားဖြင့် တစ်ကြိမ်လျှင် ၆ လအထိ နှစ်ကြိမ် တိုးမြှင့်နိုင်သည်ဟူသည့် ပြဋ္ဌာန်းချက်ဖြစ်ပါကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ဖော်ပြထားသည့် သာမန်အား ဖြင့်ဟူသည့် အသုံးအနှုန်းသုံးနှုန်းထားသည့် အခြေအနေ များကို လေ့လာကြည့်သည့်အခါတွင် ယခုအခါ ပုံမှန်မဟုတ် သည့်အခြေအနေ၊ သာမန်မဟုတ်သည့်အခြေအနေကို ထည့် သွင်းစဉ်းစားရမည်ဖြစ်ကြောင်း၊ ဥပဒေတစ်ခုကိုလေ့လာ သည့်အခါ Letter of Law ဟူသည့် အရေးအသားနှင့် Spirit of Law ဟူသည့် ဥပဒေ၏အနှစ်သာရကို ကြည့်ရ မည်ဖြစ်ပြီး Spirit of Law ကို ကြည့်ရမည်ဖြစ်ကြောင်း ဆွေးနွေးသည်။

**အသိအမှတ်ပြု**

ထို့နောက် ယာယီသမ္မတဦးမြင့်ဆွေက နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ၏ ၂၄ လ (၂ နှစ်) တာကာလအတွင်း နိုင်ငံတော်တာဝန်များကို အစိုးရကချမှတ်ထားသည့် **ရှေ့ လုပ်ငန်းစဉ် (၅)ရပ်၊ ဦးတည်ချက် (၉) ရပ်၊ အမျိုးသားရေး လုပ်ငန်းစဉ် (၂) ရပ်နှင့် နိုင်ငံရေးလုပ်ငန်းစဉ် (၂) ရပ်**အပေါ် တာဝန်ထမ်းဆောင်ခဲ့မှုအခြေအနေများကို တပ်မတော် ကာကွယ်ရေးဦးစီးချုပ်က ပြည့်ပြည့်စုံစုံရှင်းလင်းဆွေးနွေး သွားသည်ကို တွေ့ရပါကြောင်း၊ အစိုးရနှင့် တပ်မတော် အနေဖြင့် ပြည်တွင်း၊ ပြည်ပ တားဆီးနှောင့်ယှက်မှုများ၊ အခက်အခဲများကြားက ကြံ့ကြံ့ခံပြီး နိုင်ငံတော်၏ အမျိုးသား အကျိုးစီးပွားဖြစ်သည့် “ဒို့တာဝန်အရေး ၃ ပါး” ကို ကာ ကွယ်စောင့်ရှောက်ပေးခဲ့သည်ကို အသိအမှတ်ပြုသည်ကို ဦးစွာပြောကြားလိုပါကြောင်း။

မိမိတို့နိုင်ငံတွင် အခက်အခဲအကျပ်အတည်းများ၊ ကြီးမားသည့် အငြင်းပွားမှုများပေါ်လာတိုင်း ရှေ့ကထွက်ပြီး ကာကွယ်ရပ်တည်ပေးခဲ့သည်မှာ တပ်မတော်ဆိုသည့် ခိုင်မာ စနစ်ကျသည့် အဖွဲ့အစည်း (Institution) ပင်ဖြစ်ပါကြောင်း၊ ယခင်အစိုးရလက်ထက် ၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲ မဲမသမာမှုဖြစ်စဉ်များကြောင့် **နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအစိုးရ**သည် နိုင်ငံတော်၏တာဝန်ကို ရယူခဲ့ရခြင်း ဖြစ်ပါကြောင်း၊ နိုင်ငံတော်၏ ဒီမိုကရေစီလျှောက်လှမ်းစ လမ်းခရီး မတိမ်းချော်စေရန် တပ်မတော်အနေဖြင့် ရွေးကောက်ပွဲနှင့်သက်ဆိုင်သည့် အဖွဲ့အစည်းလူပုဂ္ဂိုလ် များကို ဖြေရှင်းပေးရန်၊ ဆွေးနွေးညှိနှိုင်းပေးရန် အကြိမ်ကြိမ် ကြိုးပမ်းတိုက်တွန်းခဲ့ပါကြောင်း။

ယနေ့ မိမိတို့နိုင်ငံတွင် နိုင်ငံရေးအရ နိုင်ငံတစ်ဝန်းလုံး အရေးပေါ်အခြေအနေကြေညာပြီး တပ်မတော်က ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့်အညီ ဖွဲ့စည်းထားသည့် **“နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီအစိုးရ”**သည် နိုင်ငံတော်တာဝန်ကို ဖွဲ့စည်းပုံအခြေခံဥပဒေက ပြဋ္ဌာန်းထားသည့် ကာလအတိုင်း တာဝန်ထမ်းဆောင်ခဲ့သည်ကို တွေ့ရပါကြောင်း၊ အဆိုပါ ကာလအတွင်း၌ ၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲ၏ မဲစာရင်း မှားယွင်းမှုအပေါ်မှ နောင်ကျင်းပမည့် ရွေးကောက်ပွဲတွင် အခြေခံမဲစာရင်းများမှန်ကန်စေမှုသည် အဓိကကျသည့် အတွက် လူဦးရေစာရင်းတိကျခိုင်မာစေရန် ဆောင်ရွက်သင့် သည့်အခြေအနေများ၊ နိုင်ငံ၏ငြိမ်းချမ်းရေးနှင့်ပတ်သက် ပြီး လက်တွေ့ကျကျ အကောင်အထည်ဖော်ဆောင်ရွက် နိုင်ရန် လိုအပ်သည့်အတွက် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းခေါင်းဆောင်များကို တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်ကိုယ်တိုင် ဖိတ်ခေါ်တွေ့ဆုံ ဆွေးနွေးခဲ့မှုအခြေ အနေများ၊ NCA နှင့်ပတ်သက်ပြီး စာချုပ်ပါအချက်အလက် များကို နိုင်ငံတော်အစိုးရနှင့် တပ်မတော်အနေဖြင့် အစဉ် အမြဲအလေးထားလိုက်နာအကောင်အထည်ဖော်ဆောင်ရွက် မှုအခြေအနေများကို တွေ့ရှိရပါကြောင်း၊ ထို့ပြင် အချို့သော EAO များသည် မဲမသမာသူများနှင့်ပူးပေါင်းပြီး နိုင်ငံအတွင်း အကြမ်းဖက်ဖြစ်စဉ်များကို ရွေးချယ်ဆောင်ရွက်ခဲ့သည့် အတွက် နယ်မြေတည်ငြိမ်အေးချမ်းမှုနှင့် ဝေးကွာခဲ့ရသည် ကိုလည်း တွေ့ရမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် တပ်မတော် အနေဖြင့် နိုင်ငံတည်ငြိမ်အေးချမ်းရေးနှင့် ရပ်ရွာအေးချမ်း သာယာရေးကို အလေးထားဆောင်ရွက်ခဲ့သည့်အတွက် လက်ရှိနိုင်ငံ၏အခြေအနေသည် ယခင်ကထက် တည်ငြိမ် မှုရှိလာသော်လည်း ပြည်တွင်း၊ ပြည်ပ ဆန့်ကျင်ဘက်အဖွဲ့ အစည်းများအနေဖြင့် နိုင်ငံတည်ငြိမ်အေးချမ်းမှုပျက်ပြား အောင်နှင့် ကျင်းပရန်ရည်ရွယ်ထားသည့် ရွေးကောက်ပွဲ ပျက်ပြားအောင် နည်းလမ်းမျိုးစုံသုံးပြီး ပိုမိုလုပ်ဆောင် လာကြသည်ကို တွေ့ရပါကြောင်း။

တစ်နိုင်ငံလုံးရှိ တိုင်းရင်းသားညီအစ်ကိုမောင်နှမများ

အားလုံး ဒီမိုကရေစီအခွင့်အရေးများ မဆုံးရှုံးမနစ်နာစေရန် နောင်ကျင်းပမည့် ရွေးကောက်ပွဲတွင် လွတ်လပ်ပြီး တရားမျှတသည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား နေရာအနှံ့ အကြားအလပ်မရှိ အောင်မြင်စွာကျင်းပနိုင်ရေးနှင့် တိုင်းရင်းသားအားလုံး အချိုးကျကိုယ်စားပြုပါဝင်နိုင်သည့် ရွေးကောက်ပွဲစနစ်ဖြစ်ပေါ်လာစေရန် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်ကို တွေ့ရပါကြောင်း၊ ၂၀၁၀ ပြည့်နှစ်တွင်ကျင်းပခဲ့သည့် အထွေထွေရွေးကောက်ပွဲ **မဲဆန္ဒနယ်**ထက်မလျော့အောင် အတတ်နိုင်ဆုံး ကြိုးပမ်းဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း၊ ယခုကဲ့သို့ဆောင်ရွက်နိုင်ရန်အတွက် လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး၊ တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းမှုရှိရန် လိုအပ်ပါကြောင်း၊ အဆိုပါအချက်များသည် မလွဲမသွေဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များဖြစ်ပါကြောင်း၊ ထိုသို့ဖြစ်စေရန်အတွက်လည်း မိမိတို့ ဖန်တီးပေးရန် လိုအပ်မည်ဖြစ်ပါကြောင်း။

ယနေ့အစည်းအဝေးကို တက်ရောက်လာကြသည့် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီအဖွဲ့ဝင်များအားလုံး၏ သဘောတူညီဆုံးဖြတ်ချက်များအရလည်းကောင်း၊ အခြေခံဥပဒေ ပုဒ်မ ၄၂၅ နှင့်အညီ **"နိုင်ငံတော်တစ်ဝန်းလုံး အရေးပေါ်အခြေအနေ ကြေညာထားသည့်ကာလကို ၁-၂-၂၀၂၃ ရက်မှစ၍ နောက်ထပ် ၆ လ တိုးမြှင့်သတ်မှတ်ကြောင်း"**နှင့် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၁၉ အရ နိုင်ငံတော်၏တာဝန်အရပ်ရပ်ကို **"နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်"**ထံသို့ ထပ်မံအပ်နှံကြောင်း၊ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေး ကောင်စီသို့အသိပေးကြေညာအပ်ပါကြောင်း၊ **"အမျိုးသား ကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ"** အနေဖြင့်လည်း ကြေညာချက်ထုတ်ပြန်သွားမည်ဖြစ်ပါကြောင်း။

တပ်မတော်အနေဖြင့် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူလူထုအတွက် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)အား အစဉ်အမြဲ အလေးထားကာကွယ်စောင့်ရှောက်ပေးသွားရန်၊ နောင်ကျင်းပမယ့် ရွေးကောက်ပွဲတွင် မိမိနိုင်ငံသားတစ်ဦးချင်းစီရဲ့ဆန္ဒအတိုင်း လွတ်လပ်စွာဆန္ဒမဲပေးပိုင်ခွင့်ရှိနိုင်ရေး နိုင်ငံတစ်ဝန်းနေရာအနှံ့ အကြားအလပ်မရှိရွေးကောက်ပွဲကျင်းပနိုင်စေရန် ဆောင်ရွက်မည့်လုပ်ငန်းစဉ်များအပေါ် အားလုံးပူးပေါင်းပါဝင်ဆောင်ရွက်ပေးသွားကြရန်ပြောကြားပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီအစည်းအဝေး (၁/၂၀၂၃)ကို ရုပ်သိမ်းလိုက်သည်။

■ ■ ■

# ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ စက်မှုဇုန်အသီးသီးမှ စက်မှုဇုန်ကော်မတီဥက္ကဋ္ဌများ၊ ကော်မတီဝင်များ၊ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး (MSME) လုပ်ငန်းရှင်များအား လှိုင်သာယာစက်မှုဇုန်၊ ကနောင်ခန်းမ၌ တွေ့ဆုံဆွေးနွေးစဉ် ပြောကြားသည့်အမှာစကား

( ၅ - ၂ - ၂၀၂၃ )



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ဖေဖော်ဝါရီလ ၅ ရက် မွန်းလွဲပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ စက်မှုဇုန်အသီးသီးမှ စက်မှုဇုန်ကော်မတီဥက္ကဋ္ဌများ၊ ကော်မတီဝင်များ၊ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး (MSME) လုပ်ငန်းရှင်များအား လှိုင်သာယာစက်မှုဇုန်၊ ကနောင်ခန်းမ၌ တွေ့ဆုံ၍ စက်မှုလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများကို ဆွေးနွေးပြောကြားသည်။

အဆိုပါတွေ့ဆုံပွဲသို့နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ကောင်စီဝင် ဗိုလ်ချုပ်ကြီး တင်အောင်စန်း၊ ပြည်ထောင်စုဝန်ကြီးများ၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ညွန့်ဝင်းဆွေ၊ တိုင်း၊ ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ စက်မှုဇုန်အသီးသီးမှ ကော်မတီဥက္ကဋ္ဌများနှင့် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး (MSME) လုပ်ငန်းရှင်များ တက်ရောက်ကြသည်။

**စက်မှုဇုန်များအတွင်း လုပ်ငန်းဆောင်ရွက်လျက်ရှိမှုနှင့် ဇုန်အလိုက်ကြုံတွေ့နေရသည့်အခက်အခဲများ၊ လိုအပ်ချက်များကို တင်ပြဆွေးနွေး**

ဦးစွာ လှိုင်သာယာစက်မှုဇုန်ဥက္ကဋ္ဌ ဦးအုန်းဆိုင်က စက်မှုဇုန်အတွင်းရှိ စက်မှုလုပ်ငန်းများဆောင်ရွက်နေမှု၊ စက်ရုံများမှ ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ဆောင်ရွက်နေမှု၊ စက်မှုဇုံလည်ပတ်မှု ပိုမိုအဆင်ပြေစေရန်အတွက် လျှပ်စစ်ဓာတ်အားပြည့်ဝစွာ ရရှိရန်လိုအပ်မှု၊ သွင်းကုန်အစားထိုးရန်အတွက် စက်မှုကုန်ကြမ်းများနှင့် စက်အပိုပစ္စည်းများ ပြည်ပမှတင်သွင်းရာတွင် မြန်ဆန်စွာဖြင့်

**နိုင်ငံ့စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် ကုန်ထုတ်လုပ်မှုများကို အားပေးဆောင်ရွက်နိုင်ရန် MSME လုပ်ငန်းများကို အားပေးဆောင်ရွက်လျက်ရှိ၊ ကုန်ကြမ်းပစ္စည်းများရှိမှသာ ကုန်ထုတ်လုပ်မှုလုပ်ငန်းများဆောင်ရွက်နိုင်မည်ဖြစ်၊ ကုန်ထုတ်လုပ်မှုလုပ်ငန်းရှိမှသာ ရောင်းဝယ်မှုဖြစ်မည်ဖြစ်ပြီး စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများမှ ကုန်ကြမ်းပစ္စည်းများကိုရရှိနိုင်။**

တင်သွင်းခွင့်ရရှိရေး၊ ပြည်တွင်းမှထုတ်လုပ်သည့် အဆင့်မီထုတ်ကုန်များကို နိုင်ငံတော်မှဝယ်ယူပေးစေလိုမှုတို့ကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် တက်ရောက်လာကြသည့် စက်မှုဇုန်အသီးသီးမှ ကော်မတီဝင်များနှင့် လုပ်ငန်းရှင်များက စက်မှုဇုန်များအတွင်း တရားမဝင် ဝင်ရောက်နေထိုင်သူများရှိနေပြီး ၎င်းတို့ကိုဥပဒေနှင့်အညီ ဆောင်ရွက်ပေးစေလိုမှု၊ စက်မှုလုပ်ငန်းများအတွက် အဓိကလိုအပ်ချက်ဖြစ်သည့် လျှပ်စစ်မီးလိုအပ်ချက်ကို ပြည့်မီအောင်ဆောင်ရွက်ပေးစေလိုမှု၊ စက်ရုံ၊ အလုပ်ရုံများတွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် ဝန်ထမ်းများ၏ သယ်ယူပို့ဆောင်ရေးနှင့်ပတ်သက်၍ စီစဉ်ဆောင်ရွက်ပေးစေလိုမှု၊ စက်မှုဇုန်များတည်ရှိသည့် မြို့နယ်များအတွင်း ကျန်းမာရေးဝန်ထမ်းလိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးစေလိုမှု၊ စက်မှုဇုန်နယ်မြေများအတွင်း စိတ်အေးချမ်းသာစွာဖြင့် အလုပ်လုပ်နိုင်ရန်နှင့် တရားဥပဒေစိုးမိုးရေးလုပ်ငန်းများကို တိုးမြှင့်ဆောင်ရွက်ပေးစေလိုမှု၊ အထည်အချုပ်လုပ်ငန်းများ၏ အရည်အသွေးတိုးမြှင့်နိုင်ရေး လိုအပ်သည်များကို ကူညီပံ့ပိုးဆောင်ရွက်ပေးစေလိုမှုတို့နှင့်ပတ်သက်၍ တင်ပြဆွေးနွေးကြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က တိုင်းဒေသကြီးအတွင်းရှိ စက်မှုဇုန်များအလိုက် စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး၊ နိုင်ငံ့စီးပွားမြှင့်တင်ရေးနှင့် တက်ရောက်လာကြသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသွားမည်ဖြစ်သည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။

**သက်ဆိုင်ရာကဏ္ဍအလိုက် ပြန်လည်ဆွေးနွေးပြောကြား**

ရှင်းလင်းတင်ပြမှုများနှင့်ပတ်သက်၍ ပြည်ထောင်စုဝန်ကြီးများက ဝန်ကြီးဌာနအလိုက် လုပ်ငန်းဆောင်ရွက်လျက်ရှိမှု၊ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်ငန်းရှင်များ၏ တင်ပြချက်များအပေါ် သတ်မှတ်ချက်များနှင့်အညီ အမြန်ဆုံးဆောင်ရွက်ပေးလျက်ရှိမှု၊ စက်မှုလုပ်ငန်းများနှင့်ပတ်သက်သည့် နည်းပညာလိုအပ်ချက်များကို ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်သဖြင့် သက်ဆိုင်ရာဝန်ကြီးဌာနသို့ ဆက်သွယ်ဆောင်ရွက်နိုင်မှုတို့နှင့်ပတ်သက်၍ ပြန်လည်ဆွေးနွေးပြောကြားသည်။

**ပြည်တွင်းကုန်ထုတ်လုပ်မှုလုပ်ငန်းများကို အားပေးမြှင့်တင်**

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် နိုင်ငံ့စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် ကုန်ထုတ်လုပ်မှုများကို အားပေးဆောင်ရွက်နိုင်ရန် MSME လုပ်ငန်းများကို အားပေးဆောင်ရွက်လျက်ရှိကြောင်း၊ ကုန်ကြမ်းပစ္စည်းများရှိမှသာ ကုန်ထုတ်လုပ်မှုလုပ်ငန်းများဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ ကုန်ထုတ်လုပ်မှုလုပ်ငန်းရှိမှသာ ရောင်းဝယ်မှုဖြစ်မည်ဖြစ်ပြီး စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများမှ ကုန်ကြမ်းပစ္စည်းများကိုရရှိနိုင်ကြောင်း၊ ချည်မျှင်အတွက် ဝါကုန်ကြမ်းများလိုအပ်ကြောင်း၊ လူတစ်ဦးသည် မွေးစမှသေဆုံးသည်အထိ အဝတ်အထည်များကို ဝတ်ဆင်ရကြောင်း၊ မိမိတို့နိုင်ငံမှထွက်ရှိသည့်ဝါများသည် အရည်အသွေးပြည့်မီမှုမရှိသေးဘဲ ချည်မျှင်ရှည်ဝါများ ထုတ်လုပ်နိုင်ရေးအတွက် အားပေးဆောင်ရွက်လျက်ရှိကြောင်း၊ အဆင့်မီသည့်ချည်မျှင်များထုတ်လုပ်နိုင်မှသာ အဆင့်မီသည့် အဝတ်အထည်များကို ထုတ်လုပ်နိုင်မည်ဖြစ်ကြောင်း၊ နိုင်ငံအတွင်း လုံလောက်စွာထုတ်လုပ်ပြီး နောက်ပိုင်းတွင် ပြည်ပသို့ပါတင်ပို့နိုင်ရန် ရည်ရွယ်ဆောင်ရွက်လျက်ရှိကြောင်း။

စားရေးနှင့်ပတ်သက်၍ စပါးအထွက်နှုန်းများတိုးတက်အောင်ဆောင်ရွက်နိုင်မည်ဆိုပါက ပြည်ပသို့ပိုမိုတင်ပို့နိုင်မည်ဖြစ်ကြောင်း၊ စိုက်ဧကများတိုးချဲ့ခြင်းထက် တစ်ဧကချင်း အထွက်နှုန်းတိုးတက်အောင် ဆောင်ရွက်ရန်လိုကြောင်း၊ စပါးထွက်ကုန်များကိုအသုံးပြု၍ MSME ကုန် ထုတ်လုပ်မှုလုပ်ငန်းများကို ဆောင်ရွက်နိုင်ကြောင်း၊ အလားတူ ဆီထွက်

သီးနှံများကိုလည်း အထွက်နှုန်းတိုးတက်အောင် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံတွင် စားသုံးဆီနှင့် စက်သုံးဆီများလုံလောက်ခြင်းမရှိသည့်အတွက် ပြည်ပမှ နှစ်စဉ်တင်သွင်းနေရကြောင်း။

**လျှပ်စစ်ဓာတ်အား လုံလောက်စွာရရှိရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိ**

နိုင်ငံအတွင်း လျှပ်စစ်ဓာတ်အားလုံလောက်စွာရရှိရေးအတွက် ရေအားလျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်းနှင့် နေရောင်ခြည်စွမ်းအင်သုံးလျှပ်စစ်ဓာတ်အား ထုတ်လုပ်ခြင်းလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ ယခင် ဒီမိုကရေစီအစိုးရသက်တမ်းနှစ်ခုတွင် နိုင်ငံတစ်ဝန်းရှိ ရေအားလျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်းစီမံကိန်းအချို့ နှောင့်နှေးခဲ့ခြင်း၊ ရပ်တန့်ခြင်းနှင့် ဖျက်သိမ်းခံခဲ့ရမှုများရှိကြောင်း၊ ယခုအခါမိမိတို့အစိုးရအနေဖြင့် ရေအားလျှပ်စစ်ဓာတ်အား ထုတ်လုပ်ခြင်းစီမံကိန်းများကို ပြန်လည်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ အလားတူ နေရောင်ခြည်စွမ်းအင်သုံးလျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်းလုပ်ငန်းများကိုအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသကဲ့သို့ လေအားသုံးလျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်းလုပ်ငန်းများကိုလည်း အကောင်အထည်ဖော်နိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ စက်ရုံလုပ်ငန်းဆောင်ရွက်နေသူများအနေဖြင့် နေရောင်ခြည်စွမ်းအင်သုံးလျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်းများဖြင့် လုပ်ငန်းလည်ပတ်ခြင်းများကို ဆောင်ရွက်နိုင်မည်ဆိုပါက များစွာအကျိုးရှိမည်ဖြစ်ကြောင်း။

လျှပ်စစ်ဓာတ်အား လုံလောက်စွာထုတ်လုပ်နိုင်မည်ဆိုပါက လျှပ်စစ်ဓာတ်အားအသုံးပြုသည့် အများပြည်သူသယ်ယူပို့ဆောင်ရေးစနစ်ကို အသုံးပြုနိုင်မည်ဖြစ်ပြီး စက်သုံးဆီသုံးစွဲမှုများကို များစွာလျှော့ချနိုင်မည်ဖြစ်ကြောင်း၊ လက်ရှိအချိန်တွင်လည်း ကုန်ပစ္စည်းများကိုသယ်ယူပို့ဆောင်ရာတွင် ဈေးနှုန်းသက်သာသည့် မီးရထားဖြင့် သယ်ယူပို့ဆောင်ကြစေလိုကြောင်း၊ လျှပ်စစ်ဓာတ်အားသုံး မော်တော်ယာဉ်များ တင်သွင်းနိုင်ရေးအတွက် အခွန်နှုန်းထားများကို လျှော့ပေါ့ပေးထားကြောင်း၊ လျှပ်စစ်ဓာတ်အားသုံး မော်တော်ယာဉ်များအတွက် Power Station များကိုစတင်တည်ဆောက်လျက်ရှိပြီး လူအသုံးများသည့်လမ်းများနှင့် မြို့ကြီးများတွင် ဆက်လက်တိုးချဲ့တည်ဆောက်သွားမည်ဖြစ်ကြောင်း။

**ပြည်တွင်း၌ထွက်ရှိသည့် ကုန်ကြမ်းများအသုံးပြုသည့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများကို အားပေးမြှင့်တင်**

ပြည်တွင်းမှထွက်ရှိသည့် စက်မှုကုန်ကြမ်းများကို အသုံးပြုသည့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများကို အဓိကထားဆောင်ရွက်ရန်လိုကြောင်း၊ မိမိတို့နိုင်ငံတွင် ပလပ်စတစ်သုံးစွဲမှုများ များပြားသဖြင့် လျှော့ချသုံးစွဲကြရန်လိုကြောင်း၊ မော်တော်ယာဉ်များအတွက် လိုအပ်သည့်တာယာများကို ပြည်တွင်း၌လုံလောက်စွာရရှိအောင် ထုတ်လုပ်နိုင်ခြင်းမရှိသဖြင့် နှစ်စဉ်ပြည်ပမှတင်သွင်းနေရကြောင်း၊ ရာဘာကို အခြေခံသည့် တာယာထုတ်လုပ်ခြင်းလုပ်ငန်းများကို ဆောင်ရွက်မည်ဆိုပါက နိုင်ငံတော်အနေဖြင့် အားပေးကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ အလားတူ ဝါးနှင့်သစ်တောထွက်ပစ္စည်းများကိုအသုံးပြု၍ နိုင်ငံအတွက်လိုအပ်သည့် စက္ကူပျော့ဖက်များကို ထုတ်လုပ်နိုင်ကြောင်း၊ မိမိတို့နိုင်ငံမှထွက်ရှိသည့် စိုက်ပျိုးမွေးမြူရေးထွက်ကုန်ပစ္စည်းများ၊ သစ်တောထွက်ပစ္စည်းများနှင့် သဘာဝသယံဇာတများကိုအသုံးပြု၍ နိုင်ငံအတွက် လိုအပ်သည့် ပြည်ပသွင်းကုန်များကို အဆင့်မီစွာ ထုတ်လုပ်နိုင်မည်ဆိုပါက နိုင်ငံအတွက် များစွာအကျိုးဖြစ်ထွန်းစေမည်ဖြစ်ကြောင်း။

ခရိုင်၊ မြို့နယ်များအားလုံးတွင် စက်မှုထုတ်ကုန်ပစ္စည်းများ ထုတ်လုပ်နိုင်ရေး စက်မှုဇုန်များတည်ထောင်၍ဆောင်ရွက်လျက်ရှိကြောင်း၊ ကုန်ထုတ်လုပ်မှုလုပ်ငန်းများကို မိမိတို့အနေဖြင့် အားပေးဆောင်ရွက်လျက်ရှိပြီး ကုန်ထုတ်လုပ်မှုလုပ်ငန်းများ၊ စီးပွားရေးလုပ်ငန်းများ ထိခိုက်ဆုံးရှုံးမှုမရှိစေရေးနှင့် စီးပွားရေးဆိုင်ရာအာမခံချက်ကို မိမိအနေဖြင့် အာမခံချက်ပေးပါကြောင်း၊ ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာမည်ဆိုပါက နိုင်ငံဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း ပြောကြားသည်။

■ ■ ■

# ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့နယ်ရှိ ရွှေမုယင်းဒေသအတွင်း ငါးမွေးမြူရေးလုပ်ငန်းဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် ငါးလုပ်ငန်းသိပ္ပံ (တွံတေး) သို့ သွားရောက်ကြည့်ရှုစစ်ဆေးစဉ် ပြောကြားသည့်အမှာစကား

( ၅ - ၂ - ၂၀၂၃ )



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ဖေဖော်ဝါရီလ ၅ ရက် နံနက်ပိုင်းတွင် ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ကောင်စီဝင် ဗိုလ်ချုပ်ကြီး တင်အောင်စန်း၊ ပြည်ထောင်စုဝန်ကြီးများ၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ် ညွန့်ဝင်းဆွေ၊ မြို့တော်ဝန်နှင့်တာဝန်ရှိသူများလိုက်ပါ၍ ရန်ကုန်တိုင်းဒေသကြီး၊ တွံတေးမြို့နယ်ရှိ ရွှေမုယင်းဒေသအတွင်း ငါးမွေးမြူရေးလုပ်ငန်းဆောင်ရွက်ထားရှိမှုအခြေအနေများနှင့် ငါးလုပ်ငန်းသိပ္ပံ (တွံတေး) သို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း၊ မြန်မာ့စီးပွားရေးဦးပိုင် အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်ဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ဆန်းဦးနှင့် ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူးတို့က ရွှေမုယင်းဒေသအတွင်း ရန်ကုန်တိုင်းစစ်ဌာနချုပ်နှင့် မြန်မာ့စီးပွားရေးဦးပိုင် အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်တို့မှ ငါးမွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု၊ ထွက်ရှိလာသည့်ငါးများကို တပ်မတော်သားများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ စစ်မှုထမ်းဟောင်းများနှင့် ပြင်ပသို့သက်သာသော နှုန်းထားများဖြင့် ရောင်းချပေးနိုင်မှု၊ တိုင်းစစ်ဌာနချုပ် အစာစပ်စက်ရုံမှ ငါးစာအပြင် အခြားသော မွေးမြူရေးအစာများ ထုတ်လုပ်နိုင်မှု၊ ငါးမွေးမြူရေးဧရိယာအတွင်း မွေးမြူရေးလုပ်ငန်းများကို လုပ်ငန်းအဆင့်အလိုက် ဆောင်ရွက်လျက်ရှိမှု၊ ရွှေမုယင်းဒေသမှ ငါးထွက်ကုန်များကို ပိုမိုလျင်မြန်ချောမွေ့စွာ ဈေးကွက်သို့ဖြန့်ချိနိုင်ရေးအတွက် ကင်းရွာ-ခရမ်းဝ-ရေတွင်းကုန်း-ကွင်းပေါက်လမ်း ကွန်ကရစ်လမ်းသစ်ဖောက်လုပ်ရေးအတွက် ဆောင်ရွက်လျက်ရှိသည့် အခြေအနေများကို အသီးသီးရှင်းလင်းတင်ပြကြသည်။

**အသား၊ငါးနှင့် ဟင်းသီးဟင်းရွက်ဖူလုံမှုရှိစေရေး**

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ရန်ကုန်တိုင်းဒေသကြီးအတွင်း စိုက်ပျိုးမွေးမြူရေးဇုန်များသတ်မှတ်၍ စိုက်ပျိုးမွေးမြူရေးထုတ်ကုန်များ ထုတ်လုပ်စေခြင်းသည် တိုင်းဒေသကြီး၏ အသား၊ ငါးနှင့် ဟင်းသီးဟင်းရွက်ဖူလုံမှုရှိစေရေးနှင့် ပြည်သူများဈေးနှုန်းသက်သာစွာဖြင့် ဝယ်ယူစားသောက်နိုင်ရန် ရည်ရွယ်ဆောင်ရွက်စေခြင်းဖြစ်ကြောင်း၊ ရွှေမုယင်းဒေသအတွင်း ငါးမွေးမြူရေးလုပ်ငန်းများကို ဆောင်ရွက်စေခြင်းသည်လည်း တိုင်းဒေသကြီးအတွင်း ငါးလိုအပ်ချက်ပြည့်မီစေရေး ရည်ရွယ်ဆောင်ရွက်စေခြင်းဖြစ်ကြောင်း၊ ရန်ကုန်တိုင်းဒေသကြီးတွင် လူဦးရေ ၉ သန်းခန့်ရှိပြီး လူတစ်ဦးလျှင် တစ်ရက် ငါးအသား ၅ ကျပ်သားခန့် စားသုံးမည်ဆိုလျှင်ပင် လိုအပ်ချက်များစွာရှိနေမည်ဖြစ်ကြောင်း၊ နေ့စဉ် ငါးလိုအပ်ချက်အတွက် ဧရာဝတီတိုင်းဒေသကြီးနှင့် အခြားသောတိုင်းဒေသကြီးနှင့်ပြည်နယ်များမှ တင်သွင်းနေရခြင်းထက် မိမိတို့ဒေသအတွင်း ပြည့်မီအောင် ထုတ်လုပ်နိုင်မည်ဆိုပါက ပိုမိုကောင်းမွန်မည်ဖြစ်ကြောင်း၊ ဒေသခံများအနေဖြင့်လည်း ဈေးနှုန်းသက်သာစွာဖြင့် ပြည့်ပြည့်ဝဝ ဝယ်ယူစားသုံးနိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် ငါးမွေးမြူရေးလုပ်ငန်းကို ထုတ်လုပ်မှုကုန်ကျစရိတ်နည်းစွာဖြင့် အရေအတွက်များများရရှိအောင်ဆောင်ရွက်ကြရန်လိုကြောင်း၊ ထုတ်လုပ်မှုကုန်ကျစရိတ်သက်သာပါက ပြည်သူလူထုအကျိုးရှိမည်ဖြစ်ပြီး အာဟာရပြည့်မီအောင်စားသုံးနိုင်မည်ဖြစ်ကြောင်း၊ ငါးမွေးမြူရေးလုပ်ငန်းဆောင်ရွက်သည့် ဒေသ၏အကျိုးကိုလည်း ဖြစ်ထွန်းစေရမည်ဖြစ်ကြောင်း။

**အထွက်နှုန်းတိုးစေရေး**

ထိုသို့ဆောင်ရွက်နိုင်ရေးအတွက် မွေးမြူရေးမြေဧရိယာများကို အကျိုးရှိရှိအသုံးချရန်လိုပြီး အထွက်နှုန်းတိုးစေရေးအတွက် အစာပြည့်ဝစွာကျွေးမွေးရန်၊ အကောင်ရေပြည့်မီစွာ ထည့်သွင်းရန် လိုအပ်မည်ဖြစ်ကြောင်း၊ ငါးမျိုးများမှန်ကန်စွာရရှိရေးအတွက် တိုင်းဒေသကြီးအစိုးရအဖွဲ့မှ တာဝန်ရှိသူများက သက်ဆိုင်ရာဝန်ကြီးဌာနများနှင့်ချိတ်ဆက်၍ ပေါင်းစပ်ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ အခြားလိုအပ်သည်များကို အစိုးရက ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ထို့ပြင် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး (MSME) လုပ်ငန်းတစ်ခုဖြစ်သည့် တိရိစ္ဆာန်အစာထုတ်လုပ်ခြင်းလုပ်ငန်းများကိုလည်း အားပေးဆောင်ရွက်ကြရမည်ဖြစ်ပြီး ဒေသတွင်းရရှိသည့် ကုန်ကြမ်းများဖြင့် ထုတ်လုပ်နိုင်ရမည်ဖြစ်ကြောင်း၊ အခြားလိုအပ်သည့် တိရိစ္ဆာန်ဆေးဝါးများရရှိရေးအတွက်လည်း ဆေးဝါးစက်ရုံများနှင့် ချိတ်ဆက်ဆောင်ရွက်သွားကြရန်လိုကြောင်း။

ဒေသတွင်းမှထွက်ရှိသည့် မွေးမြူရေးထုတ်ကုန်များကို ဈေးကွက်သို့ လျင်မြန်စွာရောက်ရှိစေရေးနှင့် ဈေးနှုန်းသက်သာစေရေးအတွက် သယ်ယူပို့ဆောင်ရေးသည် အရေးကြီးကြောင်း၊ ထုတ်ကုန်ကိုဈေးနှုန်းသက်သာစွာ ထုတ်လုပ်နိုင်သည်ဖြစ်သော်လည်း သယ်ယူပို့ဆောင်ရေးလမ်းကြောင်း ရှည်လျားခြင်း၊ ခက်ခဲခြင်းတို့ကြောင့် စရိတ်များကြီးမြင့်လာနိုင်သဖြင့် ကုန်ထုတ်လုပ်မှုလမ်းကြောင်းကို ဆောင်ရွက်ရာတွင် စနစ်တကျကွင်းဆင်းစစ်ဆေးပြီး တွက်ချက်ဆောင်ရွက်ရန်လိုကြောင်း၊ အမှန်တကယ်အသုံးဝင်ပြီး ဒေသနှင့်ကုန်ထုတ်လုပ်မှုကို အကျိုးပြုသည့် လမ်းကြောင်းဖြစ်ရန်လိုကြောင်း၊ ထို့ပြင် ရွှေမုယင်းဒေသမှထွက်ရှိသည့်ငါးများကို ကနဦးပထမအဆင့်သန့်စင်ပြီး အအေးခန်းပို့ဆောင်ရေးယာဉ်များအသုံးပြု၍ ဈေးကွက်သို့ဖြန့်ချိနိုင်ရေး ဆောင်ရွက်နိုင်ရန်လည်းလိုကြောင်း၊ စနစ်ကျနသည့် မွေးမြူရေးလုပ်ငန်းဖြစ်ရန်လိုပြီး ဒေသနှင့်ဒေသခံများကိုလည်း အကျိုးဖြစ်စေရမည်ဖြစ်ကြောင်းဖြင့် မှာကြားသည်။

**ကြည့်ရှုစစ်ဆေး**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် ငါးမွေးမြူရေးကန်များအတွင်း ငါးမွေးမြူထားရှိမှုများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ငါးလုပ်ငန်းဦးစီးဌာနလက်အောက်ရှိ ငါးလုပ်ငန်းသိပ္ပံ (တွံတေး) သို့ရောက်ရှိကြပြီး အုပ်ချုပ်မှုတာဝန်ခံများ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် တွေ့ဆုံသည်။

ဦးစွာ ငါးလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝေလင်းမောင်က ဘာသာရပ်အလိုက် စာတွေ့၊ လက်တွေ့ဖွင့်လှစ်သင်ကြားပေးနေမှု၊ ငါးလုပ်ငန်းသိပ္ပံ(တွံတေး)၏ သမိုင်းအကျဉ်း၊ အဆောက်အဦများဆောက်လုပ်နေမှု၊

ကျောင်းသား၊ ကျောင်းသူများကို နိုင်ငံတော်မှထောက်ပံ့ပေးထားမှု၊ သင်တန်းပြီးဆုံးပါက တက္ကသိုလ်၊ ကောလိပ်များသို့ ဆက်လက်တက်ရောက်နိုင်ရေး ဆောင်ရွက်ထားရှိမှု၊ ဆရာ၊ ဆရာမများနှင့် ဝန်ထမ်းများတာဝန်ထမ်းဆောင်လျက်ရှိမှု၊ ကျောင်းသား၊ ကျောင်းသူများ လေ့လာရေးခရီးများနှင့် ကျောင်းအားကစားပွဲများပြုလုပ်ပေးမှုနှင့် ကျောင်းရေရှည်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်ချက်များကို ရှင်းလင်းတင်ပြပြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်က ဖြည့်စွက်တင်ပြသည်။

**ငါးနှင့်ပုစွန်မွေးမြူရေး အောင်မြင်ရန်အတွက် လူသားအရင်းအမြစ်ကောင်းများ များစွာလိုအပ်**

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် မိမိတို့နိုင်ငံသည် မြစ်ချောင်းအင်းအိုင်များ ပေါများပြီး ပင်လယ်ကမ်းရိုးတန်း ရှည်လျားစွာပိုင်ဆိုင်ထားကြောင်း၊ ငါးမွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်နိုင်သည့် နေရာများစွာရှိခြင်းကြောင့် ငါးမွေးမြူရေးနှင့်ပတ်သက်၍ သိပ္ပံကျောင်းဖွင့်နိုင်ရန်စီမံဆောင်ရွက်ခဲ့ကြောင်း၊ ငါးသည်စားရေးအတွက် များစွာအထောက်အကူပြုစေနိုင်သည့်အတွက် ငါးလုံလောက်စွာရရှိရေး စနစ်တကျဖြင့် မွေးမြူနိုင်ရန်အတွက် သုတေသနပြုဆောင်ရွက်ရန်လိုကြောင်း၊ ရေချိုပုစွန်နှင့် ရေငန်ပုစွန်မွေးမြူလုပ်ငန်းများ တိုးတက်ရေးအတွက်လည်း သုတေသနပြုလုပ်ရန်လိုကြောင်း၊ ငါးနှင့် ပုစွန်မွေးမြူရေး အောင်မြင်ရန်အတွက် လူသားအရင်းအမြစ်ကောင်းများ များစွာလိုအပ်ပြီး ယခုကျောင်းမှတစ်ဆင့် ပညာရှင်များပေါ်ထွန်းလာမည်ဖြစ်သဖြင့် ဂုဏ်ယူပါကြောင်း၊ အဆင့်မြင့်ပညာရပ်များကို ဆက်လက်သင်ကြားနိုင်ရန်အတွက် သိပ္ပံကျောင်းမှတစ်ဆင့် တက္ကသိုလ်နှင့် ကောလိပ်များကို ဖွင့်လှစ်ပေးသွားမည်ဖြစ်ကြောင်း၊ နိုင်ငံတစ်ဝန်း ခရိုင် ၅၀ ရှိ အထက်တန်းကျောင်းများတွင် စိုက်ပျိုးရေး၊ မွေးမြူရေး၊ နည်းပညာနှင့်စက်မှုသင်တန်းများကို လာမည့် ပညာသင်နှစ်မှစတင်၍ ဖွင့်လှစ်သင်ကြားပေးသွားမည်ဖြစ်ကြောင်း၊ စိုက်ပျိုးရေး၊ မွေးမြူရေး၊ စက်မှုနှင့် နည်းပညာဘာသာရပ်များကို သင်ကြားပေးသွားမည်ဖြစ်ကြောင်း၊ အဆိုပါသင်တန်းကျောင်းများမှ ထူးချွန်သည့်ကျောင်းသား၊ ကျောင်းသူများအနေဖြင့် အဆင့်မြင့် ပညာရပ်များဆက်လက်သင်ကြားနိုင်မည်ဖြစ်ကြောင်း။

ပညာသင်ကြားမှုများအပေါ် မူတည်၍ ယခုမွေးမြူရေးသိပ္ပံကျောင်းကို ကောလိပ်အဆင့်သို့ မြှင့်တင်ပေးသွားမည်ဖြစ်ကြောင်း၊ နိုင်ငံအတွက်လိုအပ်သည့် လူသားအရင်းအမြစ်များကို မွေးထုတ်ပေးနိုင်မည်ဖြစ်ကြောင်း၊ ဆရာ၊ ဆရာမများအနေဖြင့် ကျောင်းသား၊ ကျောင်းသူများ အမှန်တကယ်တတ်မြောက်စေရေးအတွက် စနစ်တကျဖြင့်သင်ကြားလေ့ကျင့်မည်ဆိုပါက များစွာအကျိုးရှိမည်ဖြစ်ကြောင်း၊ သင်တန်းပြီးဆုံးသည့်အချိန်တွင်လည်း သင်ကြားခဲ့သည့် ဘာသာရပ်များနှင့်လျော်ညီသည့် လုပ်ငန်းများကိုဆောင်ရွက်စေလိုကြောင်း၊ လူမှန်၊ နေရာမှန်ရှိမှသာ နိုင်ငံဖွံ့ဖြိုးတိုးတက်မှုကို များစွာအထောက်အကူပြုမည်ဖြစ်ကြောင်း၊ လုပ်ငန်းခွင်သို့ ရောက်ရှိချိန်တွင်လည်း သင်ကြားပေးလိုက်သည့် ပညာရပ်များကို စနစ်တကျအသုံးချပြီး မိမိတို့၏ လုပ်ငန်းရပ်ဆိုင်ရာပညာများ ပိုမိုတိုးတက်အောင်လေ့လာဆောင်ရွက်ကြစေလိုကြောင်း၊ ဘာသာရပ်ဆိုင်ရာများတွင် အထောက်အကူရရှိစေရေးအတွက် အင်္ဂလိပ်ဘာသာရပ်ကို လေ့လာသင်ယူကြရန်လိုကြောင်း။

ကျောင်းသား၊ ကျောင်းသူများအနေဖြင့် ပညာရပ်များကို သင်ကြားနေမှုနှင့် ပြည့်စုံမှုမရှိဘဲ ကိုယ်တိုင်လည်းလေ့လာဆောင်ရွက်နေရန်လိုကြောင်း၊ ကျန်းမာရေးကိုအထောက်အကူပြုရန်အတွက် အားလပ်ချိန်များတွင် ကိုယ်လက်လှုပ်ရှားအား ကစားမှုများကိုလည်း ဆောင်ရွက်ကြရန်လိုကြောင်း၊ အလားတူ မိမိကိုအကျိုးမဖြစ်စေနိုင်သည့် အရက်သေစာသောက်စားမှုနှင့် ဆေးလိပ်၊ ကွမ်း၊ မူးယစ်ဆေးဝါးများကို ရှောင်ရှားကြရန်လိုကြောင်း၊ ဘာသာတရားအဆုံးအမများအတိုင်းလိုက်နာပြီး မိမိကိုယ်ကိုမိမိထိန်းသိမ်းဆောင်ရွက်သွားမည်ဆိုပါက ယဉ်ကျေးလိမ္မာသည့်လူငယ်လေးများ ဖြစ်လာမည်ဖြစ်ကြောင်း ပြောကြားသည်။

■ ■ ■

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ ပထမဦးဆုံးသော နျူကလီးယားနည်းပညာ သတင်းအချက်အလက်စင်တာဖွင့်ပွဲ အခမ်းအနားတွင် ပြောကြားသည့်အမှာစကား

( ၆ - ၂ - ၂၀၂၄ )






ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ ပထမဦးဆုံးသော နျူကလီးယားနည်းပညာ သတင်းအချက်အလက်စင်တာဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီလ ၆ ရက် နံနက်ပိုင်းတွင် ရန်ကုန်မြို့ လှိုင်မြို့နယ်ရှိ အဆိုပါစင်တာ၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်ဖွင့်လှစ်ပေးသည်။

အဆိုပါဖွင့်ပွဲအခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ကောင်စီဝင် ဗိုလ်ချုပ်ကြီး တင်အောင်စန်း၊ ပြည်ထောင်စုဝန်ကြီးများ၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ညွန့်ဝင်းဆွေ၊ ရုရှားဖက်ဒရေးရှင်း နိုင်ငံပိုင်အဏုမြူစွမ်းအင်ကော်ပိုရေးရှင်း ROSATOM State Corporations ၏ ညွှန်ကြားရေးမှူးချုပ် Mr. Alexey Evgenievich Likhachev ဦးဆောင်သည့်အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံဆိုင်ရာရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီး H.E.Mr. Nikolay LISTOPADOV နှင့် အဖွဲ့ဝင်များ၊ ကျောင်းသား၊ ကျောင်းသူလူငယ်မောင်မယ်များ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

**စက်ခလုတ်နှိပ်ဖွင့်လှစ်**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံပိုင် အဏုမြူစွမ်းအင်ကော်ပိုရေးရှင်း ROSATOM State Corporations ၏ ညွှန်ကြားရေးမှူးချုပ်တို့သည် နျူကလီးယားနည်းပညာ သတင်းအချက်အလက်စင်တာ ဆိုင်းဘုတ်ကိုစက်ခလုတ်နှိပ်ဖွင့်လှစ်ပေးကြသည်။ ထို့နောက် နျူကလီးယားနည်းပညာသတင်းအချက်အလက်စင်တာ ကဗ္ဗည်းမော်ကွန်းကိုအမွှေးနံ့သာများ ပက်ဖြန်းပေးကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံပိုင် အဏုမြူစွမ်းအင်ကော်ပိုရေးရှင်း ROSATOM State Corporations ၏ ညွှန်ကြားရေးမှူးချုပ်နှင့် အခမ်းအနား တက်ရောက်လာကြသူများသည် နျူကလီးယားနည်းပညာ သတင်းအချက်အလက်စင်တာအတွင်း လှည့်လည်ပြီး နျူကလီးယားစွမ်းအင်ကို ငြိမ်းချမ်းစွာအသုံးပြု၍ စိုက်ပျိုးရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍ၊ လျှပ်စစ်နှင့် စွမ်းအင်ဆိုင်ရာကဏ္ဍ၊ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍနှင့် အခြားသောကဏ္ဍပေါင်းစုံတို့တွင် အကျိုးရှိစွာအသုံးချနိုင်မည့် အသိပညာပေးထားမှုများကို ပြကွက်

တစ်ခုချင်းစီအလိုက် စိတ်ဝင်တစားလေ့လာကြည့်ရှုရာ ROSATOM State Corporations ၏ ညွှန်ကြားရေးမှူးချုပ်နှင့် ပြကွက်အလိုက်တာဝန်ခံများက လိုက်လံရှင်းလင်းပြသကြသည်။

**ဖွင့်ပွဲအခမ်းအနားပြုလုပ်**

ဆက်လက်ပြီး နျူကလီးယားနည်းပညာသတင်းအချက်အလက်စင်တာဖွင့်ပွဲအခမ်းအနားကိုပြုလုပ်ရာ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဂုဏ်ပြုသီချင်းဖြစ်သည့် **"ဂုဏ်ယူစရာသိပ္ပံနှင့် နည်းပညာ"** MTV ကို ပြသသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က နျူကလီးယားနည်းပညာ သတင်းအချက်အလက်စင်တာ ဖွင့်ပွဲအထိမ်းအမှတ်အမှာစကားပြောကြားရာတွင် မြန်မာနိုင်ငံတွင် နျူကလီးယားနည်းပညာဖွံ့ဖြိုးတိုးတက်ရေးနှင့် နျူကလီးယားစွမ်းအင်ကို ငြိမ်းချမ်းစွာအသုံးပြုနိုင်ရေးအတွက် ပူးပေါင်းဆောင်ရွက်မှုများနှင့် ကူညီထောက်ပံ့ပေးမှုများအတွက် ROSATOM အဖွဲ့အစည်းကို မြန်မာနိုင်ငံကိုယ်စား အထူးပင်ကျေးဇူးတင်ရှိပါကြောင်း၊ ယခုကဲ့သို့ မြန်မာနိုင်ငံတွင် နျူကလီးယားနည်းပညာဆိုင်ရာအသိပညာများပြန့်ပွားနိုင်ရေးအတွက် အဓိကကျသည့် နျူကလီးယားနည်းပညာ သတင်းအချက်အလက်စင်တာ ဖွင့်လှစ်နိုင်သည်အထိ ရုရှားဖက်ဒရေးရှင်းနိုင်ငံနှင့်ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတို့အကြား ပူးပေါင်းဆောင်ရွက်ခဲ့သည့်သမိုင်းကြောင်းကို ပြန်ကြည့်မည်ဆိုပါက သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ နိုင်ငံပိုင်အဏုမြူစွမ်းအင်ကော်ပိုရေးရှင်း (ROSATOM)တို့အကြား ငြိမ်းချမ်းသောရည်ရွယ်ချက်များအတွက် နျူကလီးယားစွမ်းအင်အသုံးချရေးနယ်ပယ်တွင် ပူးပေါင်းဆောင်ရွက်မှုအပေါ် နားလည်မှုစာချွန်လွှာကို သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ရုရှားနိုင်ငံပိုင်အဏုမြူစွမ်းအင်ကော်ပိုရေးရှင်း "ROSATOM" က CEO တို့က St. Petersburg မြို့၌ ၂၀၁၅ ခုနှစ်၊ ဇွန်လ (၁၈)ရက်တွင် လက်မှတ်ရေးထိုးခဲ့မှုမှ အစပြုခဲ့ခြင်းဖြစ်ပါကြောင်း။

**လက်မှတ်ရေးထိုးခဲ့ပြီးဖြစ်**

မြန်မာနိုင်ငံတွင် နျူကလီးယားနည်းပညာဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် ၂၀၂၂ ခုနှစ်၊ ဇူလိုင်လ ၁၁ ရက်တွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ မော်စကိုမြို့၌ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနနှင့် ROSATOM တို့အကြား နျူကလီးယားစွမ်းအင်အသုံးချရေးနယ်ပယ်တွင် ပူးပေါင်းဆောင်ရွက်ရေး၊ လူ့စွမ်းအားအရင်းအမြစ် မြှင့်တင်ရေးဆိုင်ရာလေ့ကျင့်ရေးနှင့် ကျွမ်းကျင်မှုအရည်အသွေး ဖွံ့ဖြိုးတိုးတက်မှုတို့တွင် ပူးပေါင်းဆောင်ရွက်ရေးနှင့် နျူကလီးယားစွမ်းအင်အပေါ် ပြည်သူလူထု၏ အပြုသဘောဆောင်သည့် သဘောထားအမြင်များရရှိလာစေရေးအတွက် နားလည်မှုစာချွန်လွှာ (၂)စောင်ကိုလက်မှတ်ရေးထိုးခဲ့ပြီးဖြစ်ပါကြောင်း။

ယခု နျူကလီးယားနည်းပညာ သတင်းအချက်အလက်စင်တာဖွင့်လှစ်ပြီးပါက ပြည်သူလူထုမှ နျူကလီးယားစွမ်းအင်နှင့်ပတ်သက်ပြီး နားလည်သဘောပေါက်လာစေရန်အတွက် နျူကလီးယားနည်းပညာဆိုင်ရာ အသိပညာပြန့်ပွားရေးလုပ်ငန်းများကို အစီအစဉ်အတိုင်း ဆက်လက်ဆောင်ရွက်တော့မည်ဖြစ်ပါကြောင်း၊ စင်တာတွင် ကျောင်းသားလူငယ်တွေသာမက တက္ကသိုလ်ကျောင်းသား၊ ကျောင်းသူများပါ နျူကလီးယားစွမ်းအင်ဆိုင်ရာဗဟုသုတများကို ရရှိနိုင်မည်ဖြစ်ပြီး **လူ့စွမ်းအားအရင်းအမြစ်မြှင့်တင်ရေးကဏ္ဍများအတွက် အထောက်အကူများစွာဖြစ်စေနိုင်မည်**

**နျူကလီးယားနည်းပညာ သတင်းအချက်အလက်စင်တာဖွင့်လှစ်ပြီးပါက ပြည်သူလူထုမှ နျူကလီးယားစွမ်းအင်နှင့်ပတ်သက်ပြီး နားလည်သဘောပေါက်လာစေရန်အတွက် နျူကလီးယားနည်းပညာဆိုင်ရာအသိပညာပြန့်ပွားရေးလုပ်ငန်းများကို အစီအစဉ်အတိုင်းဆက်လက်ဆောင်ရွက်တော့မည်ဖြစ်၊ စင်တာတွင် ကျောင်းသားလူငယ်တွေသာမက တက္ကသိုလ်ကျောင်းသား၊ ကျောင်းသူများပါ နျူကလီးယားစွမ်းအင်ဆိုင်ရာဗဟုသုတများကို ရရှိနိုင်မည်ဖြစ်ပြီး လူ့စွမ်းအားအရင်းအမြစ်မြှင့်တင်ရေးကဏ္ဍများအတွက် အထောက်အကူများစွာဖြစ်စေနိုင်မည်ဖြစ်။**

ဖြစ်ပါကြောင်း၊ ထို့အပြင် မိမိတို့မြန်မာနိုင်ငံတော်အတွင်းရှိ မိဘပြည်သူများအနေဖြင့်လည်း ခေတ်မီနျူကလီးယား နည်းပညာများကို လေ့လာရန်အခွင့်အလမ်းများရရှိလာမည် ဖြစ်ပြီး ပြည်သူလူထု၏ နျူကလီးယားစွမ်းအင်အပေါ် အပြု သဘောဆောင်သည့် သဘောထားအမြင်များရရှိလာမည် ဖြစ်ပါကြောင်း၊ နျူကလီးယားစွမ်းအင်နယ်ပယ်ကို ကဏ္ဍ ပေါင်းစုံတွင်ကျယ်ပြန့်စွာ ဆက်လက်ဆောင်ရွက်သွားကြ ရမည်ဖြစ်ပါကြောင်း။

**လာရောက်လေ့လာ**

ပြီးခဲ့သည့်လတွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ National Research Nuclear University MEPHI တက္ကသိုလ်မှ ကိုယ်စားလှယ်အဖွဲ့ ရန်ကုန်၊ နေပြည်တော်နှင့် မန္တလေးမြို့ တို့ရှိ အခြေခံပညာအထက်တန်းကျောင်းများနှင့် အဓိက နည်းပညာတက္ကသိုလ်များကို လာရောက်လေ့လာပြီး MEPHI တက္ကသိုလ်၌ သင်ကြားနိုင်သည့် ဘာသာရပ်များ၊ ပညာသင်ထောက်ပံ့ထားနိုင်မှုများ၊ ချိတ်ဆက် ဆောင်ရွက်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများကို တွေ့ဆုံဆွေးနွေးခဲ့ခြင်းဖြင့် နျူကလီးယားစွမ်းအင် အသုံးချရေးနယ်ပယ်တွင် လူ့စွမ်းအားအရင်းအမြစ်များ ကို ပြုစုပျိုး ထောင်ရာတွင် တစ်တပ်တစ်အား ဖြစ်စေပါ ကြောင်း။

ထို့ပြင် ပြီးခဲ့သည့် ၂၀၂၂ ခုနှစ်၊ စက်တင်ဘာလ ဗလာ ဒီဗော့စတော့မြို့တွင် ကျင်းပခဲ့သည့် သတ္တမအကြိမ်မြောက် အရှေ့ဖျားစီးပွားရေးဖိုရမ် (7th Eastern Economic Forum–EEF) ကာလအတွင်း လျှပ်စစ်စွမ်းအားဝန်ကြီး ဌာန၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနနှင့် “ROSATOM” တို့ အကြား ၂၀၂၃ ခုနှစ်နှင့် ၂၀၂၄ ခုနှစ်တွင် နျူကလီးယား စွမ်းအင်အားငြိမ်းချမ်းစွာအသုံးပြုမှု ပူးပေါင်းဆောင်ရွက် ရေး လမ်းပြမြေပုံကိုလည်း လက်မှတ်ရေးထိုးခဲ့ကြပါကြောင်း၊ ယနေ့တွင်လည်း နျူကလီးယားနည်းပညာ အသုံးချနယ်ပယ် (၁၄) ခုတွင် အစိုးရအချင်းချင်း ပူးပေါင်းဆောင်ရွက်ရေး ဆိုင်ရာ သဘောတူညီချက်တစ်ခုကိုလည်း လက်မှတ်ရေးထိုး တော့မည်ဖြစ်ပါကြောင်း။

နျူကလီးယားနှင့် ခေတ်ရောင်ခြည်နည်းပညာများကို ကျန်းမာရေး၊ စိုက်ပျိုးရေး၊ မွေးမြူရေး၊ စက်မှု၊ သဘာဝ ပတ်ဝန်းကျင်ထိန်းသိမ်းရေးကဏ္ဍများတွင် အသုံးချနိုင်သည့် အတွက် နိုင်ငံ၏ နျူကလီးယားအခြေခံအဆောက်အအုံ တည်ထောင်နိုင်ရေးနှင့်ပတ်သက်၍ နှစ်ဖက်ကျွမ်းကျင် သူများတွေ့ဆုံညှိနှိုင်းဆွေးနွေးကာလိုအပ်သည့်နျူကလီးယား ဘေးအန္တရာယ်ကင်းရှင်းရေး၊ လုံခြုံရေးနှင့် အရေးပေါ်အခြေ အနေ တုံ့ပြန်ဆောင်ရွက်ရေးဆိုင်ရာလုပ်ငန်းများကို ဆန်းစစ် လေ့လာပြီး အပြည်ပြည်ဆိုင်ရာအဏုမြူစွမ်းအင်အေဂျင်စီ (IAEA)၏ မှတ်တိုင်ပါအချက် (၁၉) ချက်အတိုင်း အကောင် အထည်ဖော်ဆောင်ရွက်ရန်အတွက် ပူးပေါင်းဆောင်ရွက် မည်ဖြစ်ကြောင်း၊ ထို့အတွက်လည်း အမျိုးသားအဆင့် နျူကလီးယားအခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်မှု ကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် သက်ဆိုင်ရာဝန်ကြီးဌာနများက အဆင့်မြင့်အရာရှိကြီး များနှင့် ဆွေးနွေးညှိနှိုင်းမှုများကို မကြာသေးမီက ပြုလုပ် ခဲ့ကြကြောင်း။

မြန်မာ့နျူကလီးယားအစီအစဉ်ကို ပံ့ပိုးပေးသည့် ROSATOM အဖွဲ့အစည်းသည် ရုရှားဖက်ဒရေးရှင်းနှင့် ပြည်ပ နိုင်ငံများတွင် ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်

> **နျူကလီးယားနှင့် ခေတ်ရောင်ခြည် နည်းပညာများကို ကျန်းမာရေး၊ စိုက်ပျိုးရေး၊ မွေးမြူရေး၊ စက်မှု၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးကဏ္ဍများတွင် အသုံးချ နိုင်သည့်အတွက် နိုင်ငံ၏ နျူကလီးယား အခြေခံအဆောက်အအုံတည်ထောင်နိုင်ရေး နှင့်ပတ်သက်၍ နှစ်ဖက်ကျွမ်းကျင်သူများ တွေ့ဆုံညှိနှိုင်းဆွေးနွေးကာ လိုအပ်သည့် နျူကလီးယားဘေးအန္တရာယ်ကင်းရှင်းရေး၊ လုံခြုံရေးနှင့် အရေးပေါ်အခြေအနေ တုံ့ပြန် ဆောင်ရွက်ရေးဆိုင်ရာလုပ်ငန်းများကို ဆန်းစစ်လေ့လာပြီး အပြည်ပြည်ဆိုင်ရာ အဏုမြူစွမ်းအင်အေဂျင်စီ (IAEA) ၏ မှတ်တိုင်ပါအချက် (၁၉) ချက်အတိုင်း အကောင်အထည်ဖော်ဆောင်ရွက်ရန် အတွက် ပူးပေါင်းဆောင်ရွက်မည်ဖြစ်။**

ဆိုင်ရာစီမံကိန်းများကို အကောင်အထည်ဖော်ဆောင်ရာ၌ လုံလောက်သည့် အတွေ့အကြုံကောင်းများ၊ ကျွမ်းကျင်မှုများရှိသည့် အဖွဲ့အစည်းဖြစ်သည့်အတွက် ROSATOM ၏ အကူအညီဖြင့် ယခုစင်တာထူထောင်နိုင်သည်ကို မိမိအနေဖြင့် များစွာနှစ်ထောင်းအားရဖြစ်မိကြောင်း၊ ထို့ပြင် ROSATOM ၏ ပူးပေါင်းဆောင်ရွက်မှုနှင့် မြန်မာနိုင်ငံတွင် Small Modular Reactor (SMR) တည်ဆောက်လည်ပတ်ရေးနှင့်ပတ်သက်သည့် လူ့စွမ်းအားအရင်းအမြစ်များကို မြှင့်တင်နိုင်မည်ဖြစ်သည့်အပြင် သက်ဆိုင်ရာကဏ္ဍ အလိုက် အရည်အသွေးပြည့်ဝသော ကျွမ်းကျင်ပညာရှင်များမွေးထုတ်နိုင်ပြီး နျူကလီးယားစွမ်းအင်ကို လုံခြုံစိတ်ချစွာဖြင့် ဘေးအန္တရာယ်ကင်းရှင်းစွာ အသုံးပြုနိုင်မည်ဖြစ်ကြောင်း။

ROSATOM နှင့် ပူးပေါင်းဆောင်ရွက်ခြင်းအားဖြင့် ဖွံ့ဖြိုးဆဲနိုင်ငံဖြစ်သည့် မိမိတို့မြန်မာနိုင်ငံ၏ စွမ်းအင်လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်မည်ဖြစ်သည့်အတွက် ROSATOM က တာဝန်ရှိသူများကို မိမိအနေဖြင့် ကျေးဇူးတင်ရှိကြောင်းနှင့် နောင်အနာဂတ်တွင်လည်း ပိုမိုပူးပေါင်းဆောင်ရွက်သွားရန် ရည်မှန်းထားပါကြောင်းဖြင့် ပြောကြားသည်။

**စတင်ဖွင့်လှစ်နိုင်ခဲ့**

ထို့နောက် ရုရှားဖက်ဒရေးရှင်းနိုင်ငံပိုင် အဏုမြူစွမ်းအင်ကော်ပိုရေးရှင်း ROSATOM State Corporations ၏ ညွှန်ကြားရေးမှူးချုပ်ကပြောကြားရာတွင် ၇၅ နှစ် ပြည့်မြောက်လာခဲ့ပြီဖြစ်သည့် ရုရှား-မြန်မာဆက်ဆံရေးသမိုင်းကြောင်း၌ ယနေ့သည် အခန်းကဏ္ဍအသစ်တစ်ခုကို စတင်ဖွင့်လှစ်နိုင်ခဲ့ခြင်းပင်ဖြစ်ကြောင်း၊ ယခုစင်တာတွင် ရုရှားဖက်ဒရေးနိုင်ငံ၏ နျူကလီးယားနည်းပညာနယ်ပယ်တွင် အောင်မြင်မှုများကိုသာမက သိပ္ပံပညာ၊ ပညာရေးနှင့် ယဉ်ကျေးမှုတို့ကိုလည်း လေ့လာတွေ့ရှိနိုင် မည်ဖြစ်ပြီး နျူကလီးယားဓာတ်အားပေးစက်ရုံတည်ဆောက်မှု၊ စက်ရုံတည်ဆောက်ခြင်းဖြင့် သဘာဝပတ်ဝန်းကျင်၊ စီးပွားရေးနှင့်ဒေသခံနယ်မြေ၏ လူနေမှုပတ်ဝန်းကျင်အပေါ် အကျိုးသက်ရောက်စေနိုင်မှုတို့ကို နားလည်စေနိုင်မည်ဖြစ်ကြောင်း။

ယခုစင်တာမှရရှိမည့် အသိပညာများသည် နျူကလီးယားစွမ်းအင်ကို ငြိမ်းချမ်းစွာအသုံးပြုမှုနှင့် ပတ်သက်သည့် နည်းပညာများကိုရရှိစေရန် အထောက်အကူဖြစ်စေမည်ဟု မိမိအနေဖြင့် ယုံကြည်ကြောင်း၊ ယင်းအသိပညာများကိုအခြေခံပြီး မြန်မာနိုင်ငံတွင် နျူကလီးယားစွမ်းအင်ကို ငြိမ်းချမ်းစွာအသုံးပြုနိုင်ရေး ဆက်လက်ဆောင်ရွက်မှုများတွင်ကောင်းမွန်ပြီး အပြုသဘောဆောင်သည့် ပူးပေါင်းဆောင်ရွက်မှုများဖြစ်လာမည်ဖြစ်ကြောင်း၊ နျူကလီးယားနည်းပညာအသုံးပြုခြင်းအားဖြင့် မြန်မာနိုင်ငံ၏ စွမ်းအင်ကဏ္ဍ၊ စက်မှုလုပ်ငန်းနှင့် စီးပွားရေးတို့တွင် များစွာအကျိုးဖြစ်ထွန်းစေမည်ဖြစ်ပြီး သဘာဝသိပ္ပံ၊ ပညာရေးနှင့်နည်းပညာသင်ကြားရေးတို့ဖွံ့ဖြိုးတိုးတက်မှုအတွက်လည်း အားကောင်းသည့် တွန်းအားတစ်ခုဖြစ်လာမည်ဖြစ်ကြောင်းကို ရည်ညွှန်းလိုပါကြောင်း။

ရုရှား-မြန်မာ နျူကလီးယားဆက်ဆံမှု ဖွံ့ဖြိုးတိုးတက်ရေးအတွက် အလေးထားဆောင်ရွက်ပေးခဲ့သည့် အဆွေတော်နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်ကိုလည်း အထူးပင်ကျေးဇူးတင်ရှိပါကြောင်း၊ နျူကလီးယားဓာတ်အားပေးစက်ရုံ တည်ဆောက်ရေးကိစ္စရပ်များတွင် အရည်အချင်းပြည့်မီသည့် ကျွမ်းကျင်ပညာရှင်များလိုအပ်မည်ဖြစ်ပြီး ပညာရှင်လေ့ကျင့်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများတွင်လည်း မိမိတို့အနေဖြင့် သဘောတူညီမှုရရှိထားပြီးဖြစ်ပါကြောင်း၊ မိမိတို့အနေဖြင့် နျူကလီးယားဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများနှင့် ပတ်သက်၍ ရလာဒ်နှင့်အရည်အသွေးကို စိတ်ကျေနပ်မှုရရှိစေရေး အစွမ်းကုန်ကြိုးစားဆောင်ရွက်လျက်ရှိပါကြောင်း ပြောကြားသည်။

■ ■ ■

# ရောဝတီတိုင်းဒေသကြီး ပန်းတနော်မြို့နယ်ရှိ Global Earth Agro & Aqua Industry Public Co., Ltd ၏ လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးစဉ် ပြောကြားသည့်အမှာစကား

( ၆ - ၂ - ၂၀၂၃ )



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ဖေဖော်ဝါရီလ ၆ ရက် မွန်းလွဲပိုင်းတွင် ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ကောင်စီဝင် ဗိုလ်ချုပ်ကြီး တင်အောင်စန်း၊ ပြည်ထောင်စုဝန်ကြီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများနှင့် တာဝန်ရှိသူများလိုက်ပါ၍ ရောဝတီတိုင်းဒေသကြီး၊ ပန်းတနော်မြို့နယ်ရှိ Global Earth Agro & Aqua Industry Public Co., Ltd ၏ လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

**ကြိုဆိုနှုတ်ဆက်**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များအား ရောဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်း၊ အနောက်တောင်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ် ကြည်ခိုင်၊ Global Earth Agro & Aqua Industry Public Co., Ltd ဥက္ကဋ္ဌ ဦးဌေးမြင့်နှင့် တာဝန်ရှိသူများက လှိုက်လှဲစွာကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် ကုမ္ပဏီရှင်းလင်းဆောင်၌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များအား Global Earth Agro & Aqua Industry Public Co., Ltd ဥက္ကဋ္ဌ ဦးဌေးမြင့်က လုပ်ငန်းစတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့မှုနှင့် ခေတ်မီနည်းစနစ်များဖြင့် ငါးမွေးမြူရေးအခြေခံ စက်မှုစီးပွားရေး

လုပ်ငန်းအား အကောင်အထည်ဖော်ဆောင်ရွက်နေမှု၊ နိုင်ငံတော်မှချမှတ်ပေးထားသည့် စီးပွားရေးဦးတည်ချက်များနှင့်အညီ ရည်မှန်းချက်များချမှတ်၍အကောင်အထည်ဆောင်ရွက်နေမှု၊ စိုက်ပျိုးရေး၊ မွေးမြူရေးအခြေခံစက်မှုစီးပွားရေးလုပ်ငန်းတွင်ပါဝင်သည့် လုပ်ငန်းစဉ်များနှင့် လုပ်ငန်းစဉ်အလိုက် အကောင်အထည်ဖော်ဆောင်ရွက်နေမှု၊ ငါးသားဖောက်ခြင်း Smart Hatchery & Nursery ကို အဆင့်လိုက်ဆောင်ရွက်လျက်ရှိမှု၊ ငါးသားပေါက်များအား ပြုစုမွေးမြူခြင်း Smart Grow Out Farm စမ်းသပ်ဆောင်ရွက်လျက်ရှိမှုနှင့် စမ်းသပ်ဆောင်ရွက်ခြင်း၏ရလာဒ်များ၊ လုပ်ငန်းစတင်တည်ဆောက်ရေးလုပ်ငန်းဆောင်ရွက်ခဲ့မှုမှတ်တမ်းများ၊ နိုင်ငံတကာစံညွှန်းများနှင့်အညီ ငါးအစာ Feed Factory တည်ဆောက်မှုလုပ်ငန်းစဉ်များ၊ Seafood Processing & Cold Storage Plant ဆောင်ရွက်လျက်ရှိမှု၊ စက်ပစ္စည်းကိရိယာများ စတင်တပ်ဆင်ဆောင်ရွက်လျက်ရှိမှု၊ ဝန်ထမ်းအိမ်ရာများနှင့် ရုံးခန်းများ၊ လမ်းတံတားများထည့်သွင်းဆောင်ရွက်ထားရှိမှု၊ စပါးခွံသုံး Biomass Power Plant ထည့်သွင်းတည်ဆောက်ထားရှိသဖြင့် ကိုယ်ပိုင်လျှပ်စစ်စွမ်းအားထုတ်လုပ်နိုင်သည့်အပြင် မြေဩဇာနှင့်စိုက်ပျိုးရေးလုပ်ငန်းသုံးဆေးများ ထုတ်လုပ်နိုင်မှု၊ ငါးထုတ်ကုန်များကို အလေအလွင့်လုံးဝမရှိသည်အထိ အဆင့်မြင့်ထုတ်ကုန်များထုတ်လုပ်နိုင်ရေး စီမံဆောင်ရွက်ထားရှိမှု၊ အလုပ်အကိုင်အခွင့်အလမ်းဖန်တီးပေးနိုင်မှုနှင့် ဝန်ထမ်းများ စွမ်းဆောင်ရည်မြင့်တက်လာစေရေး ပြုစုပျိုးထောင်ပေးလျက်ရှိမှု၊ စီမံကိန်းတစ်ခုလုံးပြီးစီးပါက ရရှိလာနိုင်မည့်အကျိုးကျေးဇူးများ၊ စီမံကိန်းလုပ်ငန်းဆောင်ရွက်မှုကာလကို တိုးမြှင့်ပေးစေလိုမှုနှင့် နိုင်ငံတော်မှလည်းလိုအပ်သည်များကို အားပေးကူညီဆောင်ရွက်ပေးစေလိုမှုတို့ကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြမှုများနှင့်ပတ်သက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ငါးမွေးမြူရေးဆောင်ရွက်မှု၊ ထွက်ရှိမှု၊ ဈေးကွက်ရရှိမှု၊ ဝန်ထမ်းများအလုပ်လုပ်ကိုင်မှုနှင့် ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်မှုတို့နှင့်ပတ်သက်၍ သိရှိလိုသည်များ မေးမြန်းဆွေးနွေးပြီး အကြံပြုဆွေးနွေးပြောကြားရာတွင် မိမိတို့အနေဖြင့် ပြည်တွင်းစီးပွားရေးမြှင့်တင်ရန် အားပေးဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံ့စီးပွားမြှင့်တင်ရာတွင် မိမိတို့နိုင်ငံသည် စိုက်ပျိုးရေးနှင့်မွေးမြူရေးလုပ်ငန်းများကို အဓိကထားဆောင်ရွက်ကြကြောင်း၊ ထို့ကြောင့် စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့်ကုန်ထုတ်လုပ်မှုနှင့် စက်မှုလုပ်ငန်းများကို အားပေးမြှင့်တင်ရမည်ဖြစ်ကြောင်း၊ မွေးမြူရေးလုပ်ငန်းဆောင်ရွက်ရာတွင် အဓိကအသားထွက်ရှိသည့် ကြက်၊ ဝက်၊ ဆိတ်၊ နွား၊ ငါး ဟူ၍ ရှိမည်ဖြစ်ပြီး မွေးမြူရေးလုပ်ငန်းများကို မိရိုးဖလာမွေးမြူရေးနည်းလမ်းများထက် စနစ်ကျနပြီးကောင်းမွန်သည့် ခေတ်မီမွေးမြူရေးနည်းလမ်းများကို ဆောင်ရွက်ရန်လိုကြောင်း၊ မွေးမြူရေးလုပ်ငန်းတွင် ခြံစနစ်လှောင်အိမ်စနစ်ဖြင့် မွေးခြင်း၊ လှန်၍မွေးခြင်း၊ လွှတ်ကျောင်း၍မွေးခြင်းဟူ၍ရှိပြီး လှောင်၍မွေးမြူခြင်းသည် စနစ်အကျဆုံးနှင့် အကောင်းဆုံးဖြစ်ကြောင်း။

**စားရေရိက္ခာဖူလုံရေး**

မိမိတို့အနေဖြင့် တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့ကို အမျိုးသားရေးရည်မှန်းချက်နှစ်ရပ်အဖြစ် ချမှတ်ဆောင်ရွက်လျက်ရှိပြီး ဒုတိယအချက်ဖြစ်သည့် စားရေရိက္ခာဖူလုံရေးအတွက် စီမံဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံအတွင်းရှိလူတန်းစားအားလုံး ဝယ်ယူစားသောက်နိုင်သည့် အသား၊ ငါးများ ဈေးနှုန်းသက်သက်သာသာနှင့် လုံလုံလောက်လောက် ထုတ်လုပ်နိုင်ရန်လိုကြောင်း၊ ငါးများကို စနစ်တကျမွေးမြူခြင်းသည် နိုင်ငံ၏စားရေရိက္ခာဖူလုံရေးအတွက် အကျိုးရှိသည့် လုပ်ဆောင်ချက်တစ်ခုပင်ဖြစ်ပြီး တစ်နိုင်ငံလုံးတွင် စနစ်ကျနသည့်ငါးမွေးမြူရေးစနစ်ကို ဖော်ဆောင်ရန်လိုကြောင်း၊ သို့မှသာလျှင် လူတန်းစားအားလုံး ငါးများကို ဈေးနှုန်းသက်သာစွာဖြင့် ဝယ်ယူစားသုံးနိုင်မည်ဖြစ်ကြောင်း။

> **မိမိတို့အနေဖြင့် ပြည်တွင်းစီးပွားရေး မြှင့်တင်ရန် အားပေးဆောင်ရွက်လျက်ရှိ၊ နိုင်ငံ့စီးပွားမြှင့်တင်ရာတွင် မိမိတို့ နိုင်ငံသည် စိုက်ပျိုးရေးနှင့်မွေးမြူရေး လုပ်ငန်းများကို အဓိကထားဆောင်ရွက်၊ ထို့ကြောင့် စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်မှုနှင့်စက်မှု လုပ်ငန်းများကို အားပေးမြှင့်တင်ရမည်ဖြစ်။**

လူတိုင်းသည် ဘဝတိုးတက်ရေးအတွက်အလိုရှိကြပြီး အလုပ်အကိုင်များခန့်ထားရာတွင် ၎င်းတို့၏အလုပ်အကိုင်မှအခွင့်အလမ်းများရရှိအောင် ဆောင်ရွက်ပေးရန်လိုကြောင်း၊ လုပ်ငန်းများအလိုက် ကျွမ်းကျင်မှုရှိစေရေးအတွက်လည်း စီမံခန့်ခွဲဆောင်ရွက်ပေးရန်နှင့် လူ့သဘောသဘာဝကို ထည့်သွင်းစဉ်းစားဆောင်ရွက်ပါက အကျိုးပိုမိုဖြစ်ထွန်းမည်ကို အကြံပြုလိုကြောင်း။

နိုင်ငံတော်၏ စီးပွားမြှင့်တင်ရေးအတွက် မိမိတို့အနေဖြင့် စီမံဆောင်ရွက်လျက်ရှိပြီး တိုင်းပြည်၏အားသည် ပြည်တွင်း၌သာရှိကြောင်း၊ လုပ်ငန်းများဆောင်ရွက်ရာတွင် ပြည်ပမှအကူအညီများကို ရယူမှုအနည်းဆုံးဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရန်လိုကြောင်း၊ အတတ်နိုင်ဆုံး ပြည်တွင်းရင်းနှီးမြှုပ်နှံမှုများဖြင့် လုပ်ငန်းများကို အောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရွက်လျှင်ကောင်းမွန်ကြောင်း၊ မွေးမြူရေးလုပ်ငန်းသည် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက်များစွာ အထောက်အကူပြုပါကြောင်း၊ စီးပွားရေးလုပ်ငန်းများနှင့်ပတ်သက်၍ နိုင်ငံတော်အနေဖြင့် ကူညီအားပေးရန်၊ ဖွံ့ဖြိုးတိုးတက်စေရန် အာမခံထားပြီး ပူးပေါင်းစွမ်းအားဖြင့် နိုင်ငံ့စီးပွားရေးတိုးတက်စေရမည်ဖြစ်ကြောင်း။

လူသားအရင်းအမြစ်လိုအပ်မှုနှင့်ပတ်သက်၍ နိုင်ငံတော်အနေဖြင့် ပြည်သူများ၏ အတန်းပညာမြင့်မားရေးအတွက် ဆောင်ရွက်ပေးလျက်ရှိပြီး သက်ဆိုင်ရာအဆင့်မြင့်ပညာရပ်များကိုလည်း တက္ကသိုလ်၊ ကောလိပ်များတွင် သင်ကြားပေးလျက်ရှိကြောင်း၊ လာမည့်ပညာရေးနှစ်တွင်လည်း နိုင်ငံတစ်ဝန်း ခရိုင် ၅၀ ရှိ အခြေခံပညာအထက်တန်းကျောင်းများတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် စက်မှုနည်းပညာသင်တန်းများကိုဖွင့်လှစ်သင်ကြားပေးသွားမည်ဖြစ်ကြောင်း၊ နောက်တစ်ဆင့်အနေဖြင့် တစ်နိုင်ငံလုံး ဖွင့်လှစ်နိုင်အောင် ဆက်လက်ဆောင်ရွက်ပြီး စိုက်ပျိုး၊ မွေးမြူရေးနှင့် MSME လုပ်ငန်းများအတွက် လုပ်ငန်းကျွမ်းကျင်သူများ ပေါ်ပေါက်လာအောင် ဆောင်ရွက်မည်ဖြစ်ကြောင်း၊ တစ်နိုင်ငံလုံး KG+9 အထိ အခမဲ့ပညာသင်ယူနိုင်ရေး ကြိုးပမ်းဆောင်ရွက်နေပါကြောင်း၊ နိုင်ငံတစ်ဝန်းပညာတတ်များ ပေါ်ကြွယ်ဝမှသာလျှင် လူသားအရင်းအမြစ်ကောင်းများ တိုးပွားလာမည်ဖြစ်ကြောင်း၊ အတန်းပညာများ တက်မြောက်စေရေးပညာရေးကိုအားပေးဆောင်ရွက်ရမည်ဖြစ်ကြောင်း။

ယခုစီမံကိန်းတွင် အလုပ်အကိုင်အခွင့်အလမ်းများစွာကို ဖော်ဆောင်ပေးထားနိုင်သည်ကို တွေ့ရှိရသည့်အတွက်လည်း ဝမ်းမြောက်ပါကြောင်း၊ တိုင်းဒေသကြီးနှင့်ပြည်နယ်အားလုံးတွင်လည်း ယခုကဲ့သို့သောစီမံကိန်းများကို အကောင်အထည်ဖော်ဆောင်ရွက်သင့်ကြောင်း၊ လိုအပ်သည့်အကူအညီများကိုနိုင်ငံတော်မှလုပ်ထုံးလုပ်နည်းနှင့်အညီ ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ငါးမွေးမြူရေးလုပ်ငန်းများကို နိုင်ငံတစ်ဝန်းမွေးမြူနိုင်ရေးအတွက်လည်း သုတေသနပြုဆောင်ရွက်ကြစေလိုကြောင်း၊ မွေးမြူရေးထုတ်ကုန်များကို ပြည်ပသို့တင်ပို့ရောင်းချနိုင်ပါက တိုင်းပြည်အတွက် ပြည်ပဝင်ငွေများတိုးတက်လာမည်ဖြစ်ကြောင်း၊ ပို့ကုန်များကိုတင်ပို့ရာတွင် ကုန်ကြမ်းပစ္စည်းများကို တင်ပို့ခြင်းထက် တန်ဖိုးမြှင့်ထုတ်ကုန်များထုတ်လုပ်၍ တင်ပို့နိုင်ပါက ပိုမိုအကျိုးဖြစ်ထွန်းစေနိုင်မည်ဖြစ်ကြောင်း၊ တန်ဖိုးမြှင့်ထုတ်ကုန်များထုတ်လုပ်နိုင်ရန်အတွက် အရင်းအနှီး၊ လူသားအရင်းအမြစ်နှင့် နည်းပညာများလိုအပ်ကြောင်း၊ အဆိုပါလိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်၍ ရှိပြီးဖြစ်သည့် အခြေခံအရင်းအမြစ်များကို အသုံးချဆောင်ရွက်သွားကြမည်ဆိုပါက နိုင်ငံသည်များစွာ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း၊ လုပ်ငန်းဆောင်ရွက်မှုများ အောင်မြင်စေရေးအတွက်လည်း ဆုမွန်ကောင်းတောင်းပါကြောင်းနှင့် နိုင်ငံတော်မှလည်း တတ်နိုင်သည့်ဘက်မှ ကူညီပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

■ ■ ■

# ရေဝတီတိုင်းဒေသကြီး သာပေါင်းမြို့နယ်အတွင်းရှိ စက်မှုဝန်ကြီးဌာန အဆင့်မြင့်စက္ကူစက်ရုံ (သာပေါင်း)နှင့် သတင်းစာစက္ကူစက်ရုံ (သာပေါင်း) တို့ကို သွားရောက်ကြည့်ရှုစစ်ဆေးစဉ် ပြောကြားသည့်အမှာစကား

( ၇ - ၂ - ၂၀၂၃ )




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ဖေဖော်ဝါရီလ ၇ ရက်မွန်းလွဲပိုင်းတွင် ခရီးစဉ်တွင်လိုက်ပါလာသည့် အဖွဲ့ဝင်များ၊ ရေဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်း၊ အနောက်တောင်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်ကြည်ခိုင်နှင့် တာဝန်ရှိသူများလိုက်ပါ၍ ရေဝတီတိုင်းဒေသကြီး သာပေါင်းမြို့နယ်အတွင်းရှိ စက်မှုဝန်ကြီးဌာန အဆင့်မြင့်စက္ကူစက်ရုံ (သာပေါင်း)နှင့် သတင်းစာစက္ကူစက်ရုံ(သာပေါင်း) တို့ကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

**ကြိုဆိုနှုတ်ဆက်**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များအား အဆင့်မြင့်စက္ကူ စက်ရုံ (သာပေါင်း) နှင့် သတင်းစာစက္ကူစက်ရုံ (သာပေါင်း)တို့မှ ဝန်ထမ်းများက ကြိုဆိုနှုတ်ဆက်ကြသည်။ ထို့နောက် စက်ရုံအစည်းအဝေးခန်းမတွင် စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းနှင့် စက်မှုဝန်ကြီးဌာန၊ အမှတ် (၃) အကြီးစားစက်မှုလုပ်ငန်း ညွှန်ကြားရေးမှူးတို့က အဆင့်မြင့်စက္ကူစက်ရုံ (သာပေါင်း) နှင့် သတင်းစာစက္ကူစက်ရုံ (သာပေါင်း) တို့၏ နောက်ခံသမိုင်းအကျဉ်း၊ စက်ရုံဆိုင်ရာအချက်အလက်များ၊ စတင်လည်ပတ်ချိန်မှ ရပ်နားခဲ့ရသည်အထိ စက္ကူပျော့ဖတ်၊ စက္ကူနှင့် သတင်းစာစက္ကူ ထုတ်လုပ်နိုင်ခဲ့မှု၊ သွင်းအားစုနှင့် ထုတ်ကုန်အမျိုးအစားများ၊ ကုန်ထုတ်လုပ်မှု ဆောင်ရွက်ခဲ့မှုများ၊ ဝန်ထမ်းများတာဝန်ထမ်းဆောင်နေမှု၊ စက်မှုကုန်ကြမ်း သစ်စိုက်ခင်းများ ဆောင်ရွက်ထားရှိမှု၊ ဘဏ္ဍာနှစ်အလိုက် ဝန်ထမ်းလစာပေးချေနေရမှုနှင့် ပင်စင်လစာပေးချေထားရှိမှု၊ အစိုးရ၊ ပုဂ္ဂလိက

ပူးပေါင်းဆောင်ရွက်ရန်အတွက် ဖိတ်ခေါ်ဆောင်ရွက်ခဲ့မှုနှင့် ဆောင်ရွက်နိုင်ခြင်း မရှိခဲ့မှု၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ လမ်းညွှန်ချက်နှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည့်အခြေအနေများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးမျိုးမြင့်ဦးက မအူပင်ဓာတ်ငွေ့တွင်းမှ ဓာတ်ငွေ့ထွက်ရှိနေမှု၊ မအူပင်ရေနံမြေနှင့် ညောင်တုန်းရေနံမြေတို့မှ သဘာဝဓာတ်ငွေ့ ထွက်ရှိမှုနှင့် သက်ဆိုင်ရာစက်ရုံများသို့ ဖြန့်ခွဲပေးပို့လျက်ရှိမှု၊ အဆင့်မြင့်စက္ကူစက်ရုံ(သာပေါင်း)နှင့် သတင်းစာစက္ကူစက်ရုံ(သာပေါင်း)တို့အားလည်ပတ်နိုင်ရေးအတွက် ဓာတ်ငွေ့လိုအပ်ချက်နှင့် ဓာတ်ငွေ့ပိုက်လိုင်းများကို စစ်ဆေးပြုပြင်ထိန်းသိမ်းမှုများ ဆောင်ရွက်ရန်လိုအပ်မှုတို့နှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

## ရှင်းလင်းတင်ပြ

ဆက်လက်ပြီး သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးခင်မောင်ရီက အဆင့်မြင့်စက္ကူစက်ရုံ(သာပေါင်း)နှင့် သတင်းစာစက္ကူစက်ရုံ(သာပေါင်း)တို့အတွက် သဘာဝတောများမှ ဝါးကုန်ကြမ်းများရရှိနိုင်မှု၊ နိုင်ငံအဝန်းပေါက်ရောက်လျက်ရှိသည့် ဝါးအမျိုးအစားများနှင့် စက္ကူထုတ်လုပ်နိုင်မှု၊ သာပေါင်းစက္ကူစက်ရုံတည်ရှိရာဒေသ၌ နှစ်စဉ်ဝါးရရှိနိုင်မှု၊ ဝါးအမျိုးအစားများအလိုက် စိုက်ခင်းတည်ထောင်မည်ဆိုပါက တစ်ဧကထွက်ရှိနိုင်မှု၊ စက္ကူပျော့ဖတ်များ ထုတ်လုပ်နိုင်ရန်အတွက် ကြီးမြန်သစ်မျိုးများ စိုက်ပျိုးထုတ်လုပ်နိုင်မှုတို့ကို ရှင်းလင်းတင်ပြသည်။

ထို့နောက် မြန်မာစီးပွားရေးကော်ပိုရေးရှင်းဥက္ကဋ္ဌဒုတိယဗိုလ်ချုပ်ကြီးညိုစောက အဆင့်မြင့်စက္ကူစက်ရုံ(သာပေါင်း)နှင့် သတင်းစာစက္ကူစက်ရုံ(သာပေါင်း)တို့အားစက်ကိရိယာများ ပြန်လည်စစ်ဆေးခြင်း၊ ပြုပြင်ခြင်းများပြုလုပ်နိုင်ရေး စက်ရုံနှင့်စိုက်ခင်းများသို့ ကြည့်ရှုစစ်ဆေးဆောင်ရွက်ခဲ့မှု၊ စွမ်းအင်ရရှိနိုင်မှုနည်းလမ်းများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြမှုများနှင့်ပတ်သက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က စက္ကူသည် တိုင်းပြည်အတွက် လိုအပ်ချက်များစွာရှိနေပြီး နေ့စဉ်အသုံးပြုနေရသည့် ရုံးသုံး၊ ကျောင်းသုံး၊ သတင်းစာစသည့် စက္ကူလိုအပ်ချက်များစွာကို ပြည်ပမှတင်သွင်းအသုံးပြုနေရကြောင်း၊ စက္ကူစက်ရုံများပြန်လည် လည်ပတ်နိုင်ရေးအတွက် ကုန်ကြမ်းအနေဖြင့် ဝါး၊ သစ်တို့ လိုအပ်မည်ဖြစ်ပြီး စက်လည်ပတ်နိုင်ရေးအတွက် စွမ်းအင်လိုအပ်မည်ဖြစ်ကြောင်း၊ စက်ရုံပြန်လည် ပြုပြင်ပြီးချိန်တွင် ထပ်မံတိုးချဲ့နိုင်ရေးအတွက်လည်း ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ကုန်ကြမ်းလိုအပ်ချက်ဖြစ်သည့် သစ်တောစိုက်ခင်း၊ ဝါးစိုက်ခင်းများကိုလည်း စိုက်ပျိုးရမည်ဖြစ်ကြောင်း၊ ကချင်ပြည်နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့တွင်လည်း ပျော့ဖတ်များကို ထုတ်လုပ်၍ ရနိုင်မည်ဖြစ်ပြီး စက္ကူစက်ရုံသို့ ဆက်လက်ပို့ဆောင်နိုင်ကြောင်း၊ စက္ကူစက်ရုံများ ပြန်လည်လည်ပတ်နိုင်ရေး ဆောင်ရွက်နေခြင်းသည် နိုင်ငံတော်၏ အမျိုးသား အကျိုးစီးပွားအတွက်ဆောင်ရွက်ခြင်းဖြစ်သဖြင့် တာဝန်ရှိသူများက အလေးထားဆောင်ရွက်ကြစေလိုကြောင်း၊ စက္ကူလိုအပ်ချက်များအတွက်ပြည်ပမှတင်သွင်းနေရသည့် နိုင်ငံခြားငွေအသုံးပြုမှုကိုလည်း လျှော့ချနိုင်မည်ဖြစ်ပြီး အလုပ်အကိုင်အခွင့်အလမ်းများစွာကိုလည်း ပြန်လည်ဖော်ဆောင်ပေးနိုင်မည်ဖြစ်ကြောင်း၊ စက်ရုံများ အမြန်ဆုံး ပြန်လည်လည်ပတ်နိုင်ရေးအတွက် တာဝန်ရှိသူများအနေဖြင့် အချင်းချင်းပေါင်းစပ်ညှိနှိုင်း၍ အောင်မြင်အောင်ဆောင်ရွက်သွားရန် လိုကြောင်း မှာကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနိုင်ငံတော်ဝန်ကြီးချုပ်သည် စက်ရုံမှထုတ်လုပ်ထားရှိသည့် စက္ကူအမျိုးအစားများ ခင်းကျင်းပြသထားရှိမှုကိုကြည့်ရှုပြီးလိုအပ်သည်များ ဆွေးနွေးပြောကြားသည်။ ယင်းနောက် နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် စက်ရုံဝန်းအတွင်း မော်တော်ယာဉ်များဖြင့်လှည့်လည်၍ ပျော့ဖတ်ထုတ်လုပ်ရေး စက်ရုံခွဲ(Pulping Plant)၊ တန် (၅၀) စက္ကူစက်ရုံ၊ တန်(၆၀) သတင်းစာ စက္ကူစက်ရုံတို့သို့ လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကာ တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

■ ■ ■

# ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အသေးစား၊ အငယ်စားနှင့်အလတ်စားစီးပွားရေး (MSME) လုပ်ငန်းရှင်များအား ပုသိမ်မြို့ မြို့တော်ခန်းမ၌ တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများနှင့် စီးပွားရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများကို ဆွေးနွေးစဉ် ပြောကြားသည့်အမှာစကား

( ၇ - ၂ - ၂၀၂၃ )



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ဖေဖော်ဝါရီလ ၇ ရက် နံနက်ပိုင်းတွင် ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အသေးစား၊ အငယ်စားနှင့်အလတ်စားစီးပွားရေး(MSME) လုပ်ငန်းရှင်များအား ပုသိမ်မြို့၊ မြို့တော်ခန်းမ၌တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများနှင့် စီးပွားရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများကို ဆွေးနွေးပြောကြားသည်။

အဆိုပါတွေ့ဆုံပွဲသို့နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ကောင်စီဝင်ဗိုလ်ချုပ်ကြီးတင်အောင်စန်း၊ ပြည်ထောင်စုဝန်ကြီးများ၊ ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော် အရာရှိကြီးများ၊ အနောက်တောင်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်ကြည်ခိုင်၊ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိ၊ မြို့ဖများ၊ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ အသေးစား၊ အငယ်စားနှင့်အလတ်စား စီးပွားရေး (MSME) လုပ်ငန်းရှင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**တိုင်းဒေသကြီးအတွင်း MSME လုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှုနှင့် လိုအပ်ချက်များကို တစ်ဦးချင်းတင်ပြဆွေးနွေး**

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က ဒေသဆိုင်ရာအချက်အလက်များ၊ တိုင်းဒေသကြီးအတွင်း အသေးစား၊

အငယ်စားနှင့်အလတ်စား စီးပွားရေး(MSME)လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှု၊ MSME လုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေး ကူညီပံ့ပိုးမှုများဆောင်ရွက်လျက်ရှိမှု၊ ပုသိမ်စက်မှုစီမံကိန်းအတွင်း စက်မှုလုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှု၊ အဓိကထုတ်ကုန်ပစ္စည်းများကို ထုတ်လုပ်လျက်ရှိသည့် စက်ရုံများ၏ လုပ်ငန်းလည်ပတ်မှု၊ ဒေသတွင်း စိုက်ပျိုးမွေးမြူရေးထုတ်ကုန်၊ လက်မှုထုတ်ကုန်များနှင့် စားသောက်ကုန်ပစ္စည်းများ ထုတ်လုပ်မှု၊ ခရီးသွားလုပ်ငန်းကိုအခြေခံသည့် ဟိုတယ်နှင့်ဝန်ဆောင်မှုလုပ်ငန်းဆောင်ရွက်လျက်ရှိမှု၊ MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်များကို ချမှတ်ထားရှိမှုတို့ကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် တက်ရောက်လာကြသည့် အသေးစား၊ အငယ်စားနှင့်အလတ်စား စီးပွားရေး (MSME) လုပ်ငန်းရှင်များဖြစ်သည့် Global Earth Agro & Aqua Industry Public Co., Ltd ဥက္ကဋ္ဌ ဦးငွေးမြင့်၊ Delta Queen International Co.,ltd အုပ်ချုပ်မှု ဒါရိုက်တာ ဦးရွှေကြိုင်၊ Ayeyarwaddy Development Public Co.ltd ဒုတိယဥက္ကဋ္ဌ ဦးစည်သူစိုး၊ ရွှေဝါနဒီစိုက်ပျိုးထုတ်လုပ်မှု ကုမ္ပဏီလီမိတက် အုပ်ချုပ်မှုဒါရိုက်တာ ဦးလှမော်မြင့်မောင်၊ ဧရာဝတီတိုင်းဒေသကြီး ဆန်စက်လုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဦးစိုးဝင်း၊ ဧရာဝတီတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းဥက္ကဋ္ဌ ဦးဝင်းမြင့်လှိုင်၊ ချောင်းသာဟိုတယ်ဇုန် လုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးမင်းကျော်ဦး၊ ဧရာဝတီတိုင်းဒေသကြီး ပီလောပီနံ စိုက်ပျိုးတင်ပို့ရောင်းချသူများ အသင်းဥက္ကဋ္ဌ ဦးကျော်သူရ၊ ဆီလုပ်ငန်းရှင် ဒေါ်မီမီကျော်နှင့် တက်ရောက်လာကြသည့် လုပ်ငန်းရှင်များက ဧရာဝတီတိုင်းဒေသကြီးသည် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ အောင်မြင်စွာဆောင်ရွက်နိုင်မည့် အခြေအနေကို ပိုင်ဆိုင်ထားရှိမှု၊ ငါးမွေးမြူရေးလုပ်ငန်းများကို စနစ်တကျဖြင့်မွေးမြူထားရှိမှု၊ နို့စားနွားမွေးမြူရေးနှင့် တန်ဖိုးမြင့်နို့ထွက်ပစ္စည်းများ ထုတ်လုပ်ဖြန့်ဖြူးလျက်ရှိမှု၊ ပုသိမ်စက်မှုဇုန်စီမံကိန်း ဆောင်ရွက်လျက်ရှိမှု၊ ဆန်စက်လုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် စပါးအထွက်နှုန်းတိုးတက်ရေးအတွက် မျိုးကောင်းမျိုးသန့်များ ရရှိရန်လိုအပ်မှု၊ ပြည်တွင်းပြည်ပဈေးကွက်သို့ ဆန်တင်ပို့ရောင်းချလျက်ရှိမှု၊ ဆန်စက်များ၊ အခြောက်ခံစက်များကို စပါးထွက်ရှိရာဒေသများနှင့် အနီးဆုံးသောနေရာများတွင် တည်ဆောက်ထားရှိမည်ဆိုပါက ကုန်ကျစရိတ်များ ပိုမိုသက်သာစေနိုင်မှု၊ နိုင်ငံ့စီးပွားရေးမြှင့်တင်ရေးရန်ပုံငွေဖြင့် ဆောင်ရွက်လျက်ရှိသည့် နွေစပါးနှင့် ပဲတီစိမ်းများ အထွက်တိုးလျက်ရှိသည့်အတွက် ဒေသခံပြည်သူများ ဝင်ငွေတိုးပွားလာမှု၊ စပါးခွံလောင်စာသုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံများ တည်ဆောက်နိုင်ရေး ရင်းနှီးမြှုပ်နှံငွေများ ဆောင်ရွက်ပေးစေလိုမှု၊ ဒေသတွင်းသို့ လာရောက်သည့် ခရီးသွားဧည့်သည်များ ပိုမိုများပြားလာသည့်အတွက် လမ်းပန်းဆက်သွယ်မှုကို အဆင့်မြှင့်တင်ပေးစေလိုမှု၊ ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်စေရေးအတွက် နိုင်ငံတော်မှချမှတ်ပေးထားသည့် မူဝါဒများနှင့်အညီ လုပ်ငန်းရှင်များအနေဖြင့် တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိမှု၊ ပီလောပီနံ စိုက်ပျိုးတင်ပို့ရောင်းချမှုလုပ်ငန်းများ မြန်မာနိုင်ငံတွင် တွင်ကျယ်စွာဖြစ် ထွန်းလာစေရေးနှင့် မဲခေါင်ဒေသအတွင်း အဓိကထုတ်ကုန် (Strategic Corps) ဖြစ်သည့်အတွက် ကူညီဆောင်ရွက်ပေးစေလိုမှု၊ တိုင်းဒေသကြီးအတွင်း လည်ပတ်လျက်ရှိသည့် ဆီစက်လုပ်ငန်းများကို ခေတ်မီနည်းစနစ်သုံး စက်ရုံများအဖြစ်လုပ်ငန်း တိုးချဲ့ဆောင်ရွက်လျက်ရှိမှုနှင့် နိုင်ငံတော်မှ လိုအပ်သည်များကို ကူညီပံ့ပိုးပေးစေလိုမှုနှင့် ဒေသတွင်းစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြားလိုအပ်သည်များကို အသီးသီးတင်ပြဆွေးနွေးကြသည်။

**ပြည်ထောင်စုဝန်ကြီးများက သက်ဆိုင်ရာကဏ္ဍအလိုက် ပြန်လည်ရှင်းလင်းဆွေးနွေး**

ဆက်လက်ပြီး လုပ်ငန်းရှင်များ၏ တစ်ဦးချင်း ရှင်းလင်းတင်ပြမှုများနှင့်ပတ်သက်၍ ပြည်ထောင်စုဝန်ကြီးများက ဝန်ကြီးဌာနအလိုက် လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိမှု၊ ဧရာဝတီတိုင်းဒေသကြီးအတွင်း လမ်းပန်းဆက်သွယ်မှု ကောင်းမွန်စေရေး၊ လျင်မြန်ချောမွေ့စေရေးအတွက် ကားလမ်း၊ ရထားလမ်း၊ ရေကြောင်းလမ်းများ အဆင့်မြှင့်တင်ရေးလုပ်ငန်းများကို လျာထားလုပ်ငန်းများအလိုက် ဆောင်ရွက်လျက်ရှိမှု၊ ပုသိမ်လေယာဉ်ကွင်း အဆင့်မြှင့်တင်ပေးစေလိုမှုကို မြေပြင်ကွင်းဆင်းစစ်ဆေးခြင်းများ စနစ်တကျဆောင်ရွက်သွား

ရန်လိုအပ်မှု၊ ဧရာဝတီတိုင်းဒေသကြီးအတွင်း ပြည်တွင်း၊ ပြည်ပ ရင်းနှီးမြှုပ်နှံမှုများစွာရှိပြီး အလားအလာကောင်းများစွာကို ပိုင်ဆိုင်ထားရှိမှု၊ နိုင်ငံတော်အနေဖြင့် အကျိုးအမြတ်ကို အဓိကမထားဘဲ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်သူတို့၏ လူမှုစီးပွားဘဝ မြင့်တင်နိုင်ရေးတို့အတွက် ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများကို ကဏ္ဍအလိုက် ဆောင်ရွက်ပေးထားမှု၊ ဆီစက်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး၊ လုပ်ငန်းတိုးချဲ့ဆောင်ရွက်နိုင်ရေးတို့အတွက် လုပ်ငန်းအလိုက် အတိုးနှုန်းသက်သာသည့် ချေးငွေများရရှိနိုင်ရေး ဆောင်ရွက်ပေးလျက်ရှိမှု၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝ မြင့်မားစေရေး၊ ဝင်ငွေတိုးပွားစေရေးတို့အတွက် သမဝါယမအသင်းအဖွဲ့များစုဖွဲ့၍ လိုအပ်သည့် စက်ကိရိယာများ၊ အရင်းအနှီးများ မတည်ဆောင်ရွက်ပေးလျက်ရှိမှု၊ မျိုးကောင်းမျိုးသန့်များ ရရှိရေး၊ သွင်းအားစုများရရှိရေးအတွက်လည်း ဆောင်ရွက်ပေးလျက်ရှိသဖြင့် သက်ဆိုင်ရာဝန်ကြီးဌာနများ လက်အောက်ရှိ နယ်မြေခံဦးစီးဌာနများမှတစ်ဆင့် ဆက်သွယ်ဆောင်ရွက်နိုင်မှု၊ MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဝန်ကြီးဌာနအလိုက်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် အားပေးဆောင်ရွက်လျက်ရှိမှု၊ စက်မှုလုပ်ငန်းများအတွက် လိုအပ်သည့် စက်မှုမှတ်ပုံတင်ခြင်းများကို သတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်ပေးလျက်ရှိမှု၊ တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး၊ ပို့ကုန်လုပ်ငန်းများ အဆင်ပြေချောမွေ့စေရေးအတွက် လိုအပ်သည့် စာရွက်စာတမ်းလုပ်ငန်းများကို အွန်လိုင်းစနစ်ဖြင့် နှောင့်နှေးမှုမရှိ ဆောင်ရွက်ပေးလျက်ရှိမှုစသည်ဖြင့် သက်ဆိုင်ရာ ကဏ္ဍများအလိုက် အသီးသီး ပြန်လည်ဆွေးနွေး ပြောကြားကြသည်။

**ဒေသတွင်းစိုက်ပျိုးမွေးမြူရေး ကုန်ကြမ်းများကို အခြေခံသည့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်**

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ဆွေးနွေးပြောကြားရာတွင် မိမိတို့အနေဖြင့် နိုင်ငံ့စီးပွားမြှင့်တင်ရေးအတွက် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး (MSME) လုပ်ငန်းများကို အားပေးဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ မိမိတို့နိုင်ငံ၏ လူဦးရေ ၇၀ ရာခိုင်နှုန်းသည် ကျေးလက်တွင်နေထိုင်ကြပြီး လူဦးရေ ၃၀ ရာခိုင်နှုန်းသည် မြို့ပြတွင်နေထိုင်ကြကြောင်း၊ ဧရာဝတီတိုင်းဒေသကြီးအတွင်း၌ ကျေးလက်တွင်နေထိုင်သူ ၈၅ ရာခိုင်နှုန်းရှိပြီး မြို့ပြတွင်နေထိုင်သူ ၁၅ ရာခိုင်နှုန်းရှိကြောင်း၊ အများစုမှာ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများကို ဆောင်ရွက်ကြကြောင်း၊ စပါးစိုက်ပျိုးခြင်း၊ ဆီထွက်သီးနှံများ စိုက်ပျိုးခြင်း၊ ငါးမွေးမြူခြင်းများကို ဆောင်ရွက်ကြကြောင်း၊ အဆိုပါ စိုက်ပျိုးမွေးမြူရေးကုန်ကြမ်းများကို ကုန်ချောဖြစ်စေရန်အတွက် ကြိတ်ခွဲခြင်းများကို ဆောင်ရွက်ခြင်းသည် MSME လုပ်ငန်းပင်ဖြစ်ကြောင်း၊ ထွက်ရှိလာသည့် ထွက်ကုန်ပစ္စည်းများမှ တိရစ္ဆာန်အစာများကိုလည်းရရှိသဖြင့် မွေးမြူရေးလုပ်ငန်းများကို ဆောင်ရွက်၍ရကြောင်း။

ပြည်တွင်းစီးပွားရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ပြည်တွင်းမှထွက်ရှိသည့် ကုန်ကြမ်းများကို အဓိကထား ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများမှထွက်ရှိသည့် ကုန်ကြမ်းများမှ တန်ဖိုးမြင့်ထုတ်ကုန်များကို ထုတ်လုပ်နိုင်ရန်လိုအပ်ကြောင်း၊ ဧရာဝတီတိုင်းဒေသကြီးအတွင်း ငါးမွေးမြူရေးလုပ်ငန်းများကို အောင်မြင်စွာ ဆောင်ရွက်နိုင်မည့် အရင်းအမြစ်များကို ပိုင်ဆိုင်ထားပြီးဖြစ်ကြောင်း၊ နိုင်ငံအတွက် အသား၊ ငါး လိုအပ်ချက်များစွာရှိပြီး လူအများစားသုံးနိုင်သော သင့်တော်သည့် ဈေးနှုန်းဖြင့်ရောင်းချနိုင်သည့် ငါးမျိုးများမွေးမြူနိုင်ရန်လိုကြောင်း၊ အလားတူ ဆန်စပါး စိုက်ပျိုးမှုတွင်လည်း တစ်ဧကချင်းအထွက်နှုန်း တိုးတက်ကောင်းမွန်အောင် ဆောင်ရွက်ကြရန်လိုသကဲ့သို့ အရည်အသွေးကောင်းမွန်သည့် စပါးမျိုးများ စိုက်ပျိုးကြရန်လိုကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းများကို ဆောင်ရွက်ရာတွင် မျိုးကောင်းရန်၊ မြေကောင်းရန်၊ ရေလုံလောက်စွာရရှိရန်၊ နည်းစနစ်တကျစိုက်ပျိုးရန် စသည့်အချက်များ လိုအပ်ကြောင်း၊ ဒေသတွင်းကုန်ကြမ်းများ ပိုမိုရရှိအောင် ဆောင်ရွက်ကြရန် လိုကြောင်း၊ ဆီထွက်သီးနှံများကိုလည်း အထွက်နှုန်းတိုးတက်အောင်ဆောင်ရွက်ကြရန် လိုကြောင်း။

ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ဆောင်ရွက်ရာတွင် ထုတ်ကုန်များ အရည်အသွေးကောင်းမွန်ရန်လိုပြီး ဒေသတွင်း စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများမှ ထွက်ရှိသည့်ကုန်ကြမ်းများကို အဓိကထားထုတ်လုပ်သည့် ထုတ်ကုန်များ ထုတ်လုပ်ရန်လိုကြောင်း၊ ထိုသို့ဆောင်ရွက်မှသာလျှင် ဒေသတွင်း

အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုဖန်တီးပေးနိုင်မည်ဖြစ်ကာ ဒေသဖွံ့ဖြိုးမှုကို ပိုမိုအထောက်အပံ့ပေးနိုင်မည်ဖြစ်ပြီး လူမှုစီးပွားဘဝလည်း မြင့်တက်လာမည်ဖြစ်ကြောင်း၊ စဉ်ဆက်မပြတ်သည့် ကုန်ကြမ်းပစ္စည်းကို ရရှိနိုင်မည်ဖြစ်သဖြင့် ခိုင်မာသည့် ကုန်ထုတ်လုပ်မှုကိုလည်းဖြစ်စေနိုင်မည်ဖြစ်ပြီးပိုမိုအကျိုး ဖြစ်ထွန်းစေကြောင်း၊ ဒေသတွင်း လည်ပတ်သုံးစွဲငွေများလည်း ပိုမိုများပြားလာမည်ဖြစ်ပြီး ဒေသနေပြည်သူများ၏ လူမှုစီးပွားဘဝမြင့်တက်လာမှုနှင့်အတူ နိုင်ငံ့စီးပွားရေးသည်လည်း မြင့်တက်လာမည်ဖြစ်ကြောင်း၊ MSME လုပ်ငန်းများကို အောင်မြင်အောင်ဆောင်ရွက်ခြင်းဖြင့် ပြည်ပသွင်းကုန်များကို အစားထိုးနိုင်မည်ဖြစ်သကဲ့သို့ ပြည်ပသို့လည်း တင်ပို့ရောင်းချ၍ရနိုင်မည်ဖြစ်သဖြင့် နိုင်ငံ့စီးပွားရေးအားကောင်းလာမည်ဖြစ်ကြောင်း။

**စုပေါင်းသမဝါယမစနစ်**

မိမိတို့နိုင်ငံတွင် ယခင်ကသမဝါယမစနစ်ကို ကျင့်သုံးခဲ့ပြီး အချို့ဖွံ့ဖြိုးပြီးနိုင်ငံများတွင် သမဝါယမစနစ်ကို ကျင့်သုံးလျက်ရှိကြောင်း၊ သမဝါယမစနစ်ကို ကျင့်သုံးခြင်းဖြင့် လုပ်ငန်းများဆောင်ရွက်မှုကို ပိုမိုတိုးတက်စေမည်ဖြစ်ပြီး ရောဝတီတိုင်းဒေသကြီးအတွင်း စုပေါင်းသမဝါယမစနစ်ကိုကျင့်သုံး၍ဆောင်ရွက်ကြရန်လိုကြောင်း၊ အဆိုပါသမဝါယမအသင်းများမှ မျိုးကောင်းမျိုးသန့်များဖြန့်ဖြူး၍ စိုက်ပျိုးကြမည်ဆိုပါက အထွက်နှုန်းများတိုးတက်လာမည်ဖြစ်ကြောင်း၊ ဒေသနှင့်တိုင်းပြည်ရှိ မြေသယံဇာတ၊ ရေသယံဇာတများကို အကျိုးရှိစွာအသုံးချရန်လိုပြီး စိုက်ပျိုးမြေများကို အကျိုးရှိရှိသုံးစွဲကြရန်လိုကြောင်း၊ စိုက်ပျိုးရေးထွက်ကုန်များကို အထွက်နှုန်းတိုးအောင် ဆောင်ရွက်နိုင်မည်ဆိုပါက ရောဝတီတိုင်းဒေသကြီးအတွင်း စီးပွားရေးသည်သိသိသာသာဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း၊ မိမိတို့သက်ဆိုင်ရာ မြို့နယ်၊ ခရိုင်များအလိုက် ကြိုးပမ်းဆောင်ရွက်မည်ဆိုပါက များစွာအကျိုးဖြစ်ထွန်းစေမည်ဖြစ်ကြောင်း။

**ဒေသသာယာလှပရေးနှင့် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေး**

နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံ့စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေး၊ ကုန်စည်စီးဆင်းမှုများ လျင်မြန်ချောမွေ့စေရေးတို့အတွက် တစ်နိုင်ငံလုံးရှိ လမ်း၊ တံတားများကောင်းမွန်စေရေး ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ခရီးသွားလုပ်ငန်းများ တိုးတက်စေရေးနှင့် ဒေသခံတို့၏ လူမှုစီးပွားမြင့်တက်စေရေးအတွက် ပုသိမ်လေယာဉ်ကွင်းကိုအဆင့်မြှင့်တင်နိုင်ရန် လုပ်ငန်းဆန်းစစ်၍ စီမံဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ နိုင်ငံတော်မှ လိုအပ်သည်များဆောင်ရွက်ပေးလျက်ရှိသည့်နည်းတူ ဒေသအလိုက်သာယာလှပရေးအတွက်ကိုလည်း ဒေသခံများနှင့် တာဝန်ရှိသူများက ဆောင်ရွက်ကြရန်လိုကြောင်း၊ ပုသိမ်ဆိပ်ကမ်းတွင် ယခင်က ပင်လယ်ကူးသင်္ဘောများ ဝင်ရောက်ခဲ့ပြီးအကြောင်း အမျိုးမျိုးကြောင့်မြစ်ကြောင်း တိမ်ကောလာခြင်းများကြောင့် နောက်ပိုင်းတွင် ဝင်ရောက်နိုင်ခြင်းမရှိကြောင်း၊ ငပုတောတွင် ပင်လယ်ကူးသင်္ဘောများ ဝင်ရောက်နိုင်အောင် ဆိပ်ကမ်းတည်ဆောက်နိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း၊ မိမိတို့ဒေသသို့ ခရီးသွားများလာရောက်ခြင်းဖြင့် ဒေသဖွံ့ဖြိုးတိုးတက်မှုကို ဖြစ်စေနိုင်မည်ဖြစ်သဖြင့် ဒေသသို့လာရောက်လိုစိတ်များ ဖြစ်ပေါ်လာစေရေး ဒေသသာယာလှပမှုများနှင့် ဒေသထုတ်ကုန်ပစ္စည်းများကို အရည်အသွေးမြှင့်တင်ဆောင်ရွက်ရန်လိုသကဲ့သို့လူအများသိရှိစေရေး ကြေညာပေးရန်လည်းလိုကြောင်း၊ ကုန်စည်ပြပွဲများကျင်းပပြီး ဒေသမှထွက်ရှိသည့် ထုတ်ကုန်ပစ္စည်းများကို လူအများသိရှိ စိတ်ဝင်စားအောင် ပြသရောင်းချရန်လိုကြောင်း။

လျှပ်စစ်ဓာတ်အားနှင့်ပတ်သက်၍ ရောဝတီတိုင်း

> **မိမိတို့နိုင်ငံတွင် ယခင်ကသမဝါယမစနစ်ကို ကျင့်သုံးခဲ့ပြီး အချို့ဖွံ့ဖြိုးပြီးနိုင်ငံများတွင် သမဝါယမစနစ်ကို ကျင့်သုံးလျက်ရှိ၊ သမဝါယမစနစ်ကို ကျင့်သုံးခြင်းဖြင့် လုပ်ငန်းများဆောင်ရွက်မှုကို ပိုမိုတိုးတက်စေမည်ဖြစ်ပြီး ရောဝတီတိုင်းဒေသကြီးအတွင်း စုပေါင်းသမဝါယမစနစ်ကိုကျင့်သုံး၍ ဆောင်ရွက်ကြရန်လို၊ အဆိုပါသမဝါယမအသင်းများမှ မျိုးကောင်းမျိုးသန့်များ ဖြန့်ဖြူး၍ စိုက်ပျိုးကြမည်ဆိုပါက အထွက်နှုန်းများတိုးတက်လာမည်ဖြစ်။**

ဒေသကြီးအတွင်း နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်းကို ဆောင်ရွက်၍ရကြောင်း၊ လေအားကိုအသုံးပြု၍ လျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်းလုပ်ငန်းကို ဆောင်ရွက်နိုင်ရန်အတွက်လည်း နိုင်ငံတော်အစိုးရအနေဖြင့် သုတေသနလုပ်ငန်းများကို မကြာမီဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ လျှပ်စစ်ဓာတ်အားလုံလောက်စွာ ရရှိရေးအားလုံး ဆောင်ရွက်ကြရန်လိုပြီး မိမိတို့ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် စုပေါင်းအားဖြင့် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရန်လိုကြောင်း။

**ပြည်တွင်းကုန်ထုတ်လုပ်မှုကို အားပေးဆောင်ရွက်ခြင်းဖြင့် နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်စေရမည်**

ပြည်ပသွင်းကုန်နှင့်ပတ်သက်၍ မိမိတို့နိုင်ငံတွင် ယခင်က ပြည်တွင်းကုန်ထုတ်လုပ်မှုကို အားပေးခြင်းမရှိခဲ့ခြင်းကြောင့် ပြည်ပမှသွင်းကုန်များကို များစွာတင်သွင်းခဲ့ရပြီး ကုန်သွယ်မှုလိုငွေများ ဖြစ်ပေါ်ခဲ့ကြောင်း၊ ယခုအခါ မိမိတို့အစိုးရအနေဖြင့် ပြည်တွင်းကုန်ထုတ်လုပ်မှုများကို အားပေးဆောင်ရွက်လျက်ရှိပြီး ရပ်တန့်ထားသည့်စက်ရုံများ ပြန်လည်လည်ပတ်နိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း၊ ထုတ်ကုန်များထုတ်လုပ်ရာတွင် ပြည်တွင်းလိုအပ်ချက်များဖြစ်သည့် လူသုံးကုန်ပစ္စည်းများကို လုံလောက်စွာ ထုတ်လုပ်နိုင်မည်ဆိုပါက နိုင်ငံခြားငွေသုံးစွဲမှုကို လျှော့ချနိုင်မည်ဖြစ်ကြောင်း၊ နိုင်ငံအတွက် လိုအပ်လျက်ရှိသည့် အခြေခံလူသုံးကုန်ပစ္စည်းများကို ပြည်ပမှတင်သွင်းရသူ (Importer) အဆင့်မှ ပြည်တွင်းလိုအပ်ချက်ဖူလုံပြည့်မီအောင်ထုတ်လုပ်ပြီး ပြည်ပသို့တင်ပို့နိုင်သူ(Exporter) အဆင့်အထိရောက်ရှိအောင် ကြိုးပမ်းဆောင်ရွက်ကြရန်လိုကြောင်း၊ ထိုသို့ဆောင်ရွက်ခြင်းဖြင့် ဝင်ငွေ၊ ထွက်ငွေများမျှတမှုရှိလာပါက နိုင်ငံ့စီးပွားရေးတိုးတက်လာမည်ဖြစ်ပြီး ကုန်ဈေးနှုန်းများသည်လည်း ကျဆင်းလာမည်ဖြစ်ကြောင်း၊ တိုင်းပြည်၏အားသည် ပြည်တွင်းမှာသာရှိကြောင်း၊ မိမိတို့နိုင်ငံ၏ စီးပွားရေးကို အခြားနိုင်ငံများမှ ထိန်းချုပ်မှုဖြင့် ဆောင်ရွက်၍မရကြောင်း။

**နိုင်ငံ့စီးပွားရေးကို နိုင်ငံသူ၊ နိုင်ငံသားအားလုံး ကမ္ဘာကြည့်ကြည့်မြင်၍ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရမည်**

ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် လိုအပ်သည့် ငွေကြေးအရင်းအနှီးများကို အသက်သာဆုံးအတိုးနှုန်းဖြင့် ထုတ်ချေးပေးမည်ဖြစ်သဖြင့် အကျိုးရှိစွာဖြင့် အသုံးချကြစေလိုကြောင်း၊ MSME လုပ်ငန်းအတွက် နည်းပညာရရှိရန် လေ့လာဆောင်ရွက်ရန်လိုသကဲ့သို့ လူသားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံပညာအထက်တန်းကျောင်းများတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် စက်မှုနည်းပညာဘာသာရပ်များကို သင်ကြားပေးမည်ဖြစ်ကြောင်း၊ လူသားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေး အတန်းပညာများ မြင့်မားမှုရှိစေရန် နိုင်ငံတော်အနေဖြင့် အားပေးဆောင်ရွက်လျက်ရှိကြောင်း၊ ဧရာဝတီတိုင်းဒေသကြီးအတွင်း ကုန်ထုတ်လုပ်မှုလုပ်ငန်းများအတွက် အခြေခံကုန်ကြမ်းများ ရှိပြီးဖြစ်သဖြင့် ကုန်ထုတ်လုပ်မှုများတိုးတက်အောင် ဆောင်ရွက်နိုင်မည်ဆိုပါက ဒေသတွင်းစီးပွားရေး ယခုထက် ပိုမိုတိုးတက်လာမည်ဖြစ်ကြောင်း၊ One Region One Product ကိုဆောင်ရွက်ရာတွင်လည်း ပြည်တွင်းဈေးကွက်ကိုသာမက ပြည်ပဈေးကွက်သို့ပါတင်ပို့နိုင်ရေး ဆောင်ရွက်သွားရန်လိုကြောင်း၊ နိုင်ငံ့စီးပွားရေးကို ဆောင်ရွက်ရာတွင် နိုင်ငံသူ၊ နိုင်ငံသားအားလုံးက အမြင်ကျယ်ကျယ်ဖြင့်ဆောင်ရွက်ကြရန်လိုပြီး ကမ္ဘာကြည့်ကြည့်မြင်ကြရမည်ဖြစ်ကာ အတူတကွ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြရမည် ဖြစ်ကြောင်း ဆွေးနွေးတိုက်တွန်းပြောကြားသည်။

■ ■ ■

# ဧရာဝတီတိုင်းဒေသကြီး ဟိုင်းကြီးကျွန်းမြို့နှင့် ငပုတောမြို့နယ်တို့ရှိ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိ မြို့ဖများအား ဟိုင်းကြီးကျွန်းရှိ နယ်မြေခံရေတပ်စခန်းဌာနချုပ်၌တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများကို ဆွေးနွေးစဉ် ပြောကြားသည့် အမှာစကား

( ၈ - ၂ - ၂၀၂၃ )





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ဖေဖော်ဝါရီလ ၈ ရက်မွန်းလွဲပိုင်းတွင် ဧရာဝတီတိုင်းဒေသကြီး၊ ဟိုင်းကြီးကျွန်းမြို့နှင့် ငပုတောမြို့နယ်တို့ရှိ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိ မြို့ဖများအား ဟိုင်းကြီးကျွန်းရှိ နယ်မြေခံရေတပ်စခန်း ဌာနချုပ်၌တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ များကို ဆွေးနွေးပြောကြားသည်။

**တက်ရောက်**

အဆိုပါတွေ့ဆုံပွဲသို့နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ကောင်စီတွဲဖက် အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ကောင်စီဝင် ဗိုလ်ချုပ်ကြီးတင်အောင်စန်း၊ ပြည်ထောင်စုဝန်ကြီးများ၊ ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ အနောက်တောင်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ် ကြည်ခိုင်၊ ဟိုင်းကြီးကျွန်းမြို့နှင့် ငပုတောမြို့နယ်တို့ရှိ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြို့မိ မြို့ဖများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် ဟိုင်းကြီးကျွန်းဒေသသည် သမိုင်းကြောင်းအစဉ်အလာ ရှိသည့် ဒေသတစ်ခုဖြစ်ပြီး ဖွံ့ဖြိုးတိုးတက်ရေးအတွက် အလားအလာကောင်းများစွာကို ပိုင်ဆိုင်ထားသည့် ဒေသ တစ်ခုလည်းဖြစ်ကြောင်း၊ ပုသိမ်ဆိပ်ကမ်းတွင် ယခင်က ပင်လယ်ကူးသင်္ဘောကြီးများ ဝင်ထွက်သွားလာခဲ့ကြပြီး နောက်ပိုင်းတွင် အကြောင်းအမျိုးမျိုးကြောင့် ရေကြောင်း တိမ်ကောသွားခဲ့ပြီး ဝင်ထွက်မှုမရှိခဲ့ခြင်းဖြစ်ကြောင်း၊ မိမိအနေဖြင့် ဟိုင်းကြီးကျွန်းဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် သွားလာမှုအဆင်ပြေစေရေးအတွက် များစွာဆောင်ရွက် ပေးခဲ့ကြောင်း၊ ကျန်းမာရေးဆိုင်ရာအဆောက်အဦများကို ဆောင်ရွက်ပေးခဲ့ပြီး ပညာရေးပိုင်းဆိုင်ရာများကိုလည်း ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ မိမိ၏ရည်ရွယ်ချက်မှာ ဒေသဖွံ့ဖြိုးတိုးတက်ရေး၊ နိုင်ငံသူ၊ နိုင်ငံသားများနှင့် ဒေသ ခံများ ပညာရည်မြင့်မားတိုးတက်စေရေး ရည်ရွယ်ဆောင်ရွက် လျက်ရှိပြီး နိုင်ငံသားတိုင်း KG+9 ပြီးမြောက်စေရေး

**ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် တာဝန်ရှိသူများအနေဖြင့် တရားဥပဒေ စိုးမိုးရေးကို ဆောင်ရွက်ပေးရန်လို၊ အစိုးရတစ်ရပ်သည် ပြည်သူလူထုတို့၏ လူမှု အကျိုးစီးပွားကို ဖော်ဆောင်ပေးရမည်ဖြစ်၊ မိမိတို့သည် နိုင်ငံရေးအစိုးရမဟုတ်ဘဲ နိုင်ငံ၏ အမျိုးသားအကျိုးစီးပွားကို ဖော်ဆောင်ပေးနေသည့် အစိုးရတစ်ရပ်ဖြစ်၊ မိမိတို့၏ ဆောင်ရွက်ချက်များကို တစ်ဦးချင်းစီ၏ တာဝန်များအလိုက် အောင်မြင်အောင်လုပ်ဆောင်၍ အလုပ်ဖြင့် သက်သေပြနိုင်ရမည်ဖြစ်။**

ဆောင်ရွက်ပေးလျက်ရှိကြောင်း။

**ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ နိုင်ငံတော်၏တာဝန်များကိုထမ်းဆောင်ခဲ့ရမှု**

၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင်ဖြစ်ပေါ်ခဲ့သည့် မဲမသမာမှုဖြစ်စဉ်များကြောင့် မိမိတို့အနေဖြင့် နိုင်ငံတော်၏တာဝန်များကို ထမ်းဆောင်ခဲ့ရခြင်းဖြစ်ကြောင်း၊ မိမိအနေဖြင့် ၂၀၁၉ ခုနှစ်နှင့် ၂၀၂၀ ပြည့်နှစ် အစောပိုင်းကာလများတွင် ရွေးကောက်ပွဲသည် လွတ်လပ်ပြီးတရားမျှတသည့် ရွေးကောက်ပွဲဖြစ်ရန်လိုအပ်သည့်အခြေအနေများနှင့် တစ်ဦးချင်းစီ၏ အခွင့်အရေးများ ဆုံးရှုံးမှုမရှိစေရေး လူတိုင်းမဲပေးရန်လိုအပ်သည့်အခြေအနေများနှင့်ပတ်သက်၍ ပြောကြားခဲ့ကြောင်း၊ သို့သော် ရွေးကောက်ပွဲမတိုင်မီ မဲဆွယ်စည်းရုံးမှုကာလများနှင့် ရွေးကောက်ပွဲကာလများတွင်လည်း မဲမသမာမှုများဖြစ်ပေါ်စေနိုင်မည့် လုပ်ဆောင်ချက်များကို တွေ့ရှိခဲ့ရကြောင်း၊ အဆိုပါကာလတွင်အစိုးရ၏ ရွေးကောက်ပွဲနှင့်ပတ်သက်သည့် ဆောင်ရွက်ချက်များမှာ သံသယဖြစ်ဖွယ်တွေ့ရှိရကြောင်း၊ အစိုးရအနေဖြင့် ရွေးကောက်ပွဲအကြိုကာလကြိုတင်မဲပေးချိန်တွင်လည်း ကိုဗစ်-၁၉ရောဂါထိန်းချုပ်မှုကိုအကြောင်းပြ၍ မဲမသမာမှုများ ပြုလုပ်ခဲ့သည်ကို စိစစ်တွေ့ရှိခဲ့ရကြောင်း၊ ရွေးကောက်ပွဲရလာဒ်များ ထွက်ပေါ်လာသည့်အချိန်တွင် မဖြစ်နိုင်ဖွယ်ရာ မဲစာရင်းကွဲလွဲမှုများကို တွေ့ရှိရသည့်အတွက် ကျွမ်းကျင်ပညာရှင်များဖြင့် မဲစာရင်းစစ်ဆေးမှုများကို ဆောင်ရွက်ခဲ့ကြောင်း၊ မဲစာရင်းကြီးမားစွာ ကွဲလွဲမှုများအပေါ် ဖြေရှင်းဆောင်ရွက်ပေးရန် မိမိတို့အနေဖြင့် တာဝန်ရှိသူများကို အကြိမ်ကြိမ်ပြောဆိုခဲ့သော်လည်း ၎င်းတို့အနေဖြင့် ဖြေရှင်းဆောင်ရွက်ပေးခြင်း မရှိသည့်အပြင် တတိယအကြိမ်လွှတ်တော်ခေါ်ယူ၍ နိုင်ငံတော်၏အာဏာကို အတင်းအဓမ္မရယူရန်အထိ ဆောင်ရွက်လာခဲ့ခြင်းကြောင့် ယခုအခြေအနေထိ ဖြစ်ပေါ်ခဲ့ရခြင်းဖြစ်ကြောင်း။

နိုင်ငံရေးသဘောထားကွဲလွဲမှုကြောင့်ဖြစ်ပေါ်လာသည့် ဆူပူမှုများကို မိမိတို့အနေဖြင့် ဥပဒေနှင့်အညီသာ ဖြေရှင်းဆောင်ရွက်လျက်ရှိကြောင်း၊ အစပိုင်းတွင် ဆူပူမှုများသာရှိသော်လည်း နောက်ပိုင်းတွင် အကြမ်းဖက်ခြင်း၊ လုယက်သတ်ဖြတ်ခြင်းများအထိ ဖြစ်ပေါ်လာကြောင်း၊ ဖောက်ခွဲဖျက်ဆီးခြင်းနှင့် အကြမ်းဖက်လုပ်ရပ် များကိုလုပ်ဆောင်နေသည့် အကြမ်းဖက်သမားများကို မိမိတို့အနေဖြင့် ဥပဒေနှင့်အညီ ကိုင်တွယ်ဆောင်ရွက်ခဲ့ကြောင်း၊ ဧရာဝတီတိုင်းဒေသကြီးအတွင်း တည်ငြိမ်အေးချမ်းမှုရှိသဖြင့် ဝမ်းမြောက်ပါကြောင်းနှင့် တပ်မတော်၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ဒေသခံပြည်သူလူထုတို့ အတူတကွ ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် အကြမ်းဖက်မှုဖြစ်စဉ်များကို တိုက်ဖျက်နိုင်မည်ဖြစ်ကြောင်း။

**ရေခံမြေခံကောင်းမွန်ပြီးဖြစ်သဖြင့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို ပိုမိုတိုးတက်အောင်ဆောင်ရွက်ရန်လို**

ဧရာဝတီတိုင်းဒေသကြီးသည် ရေခံမြေခံများကောင်းမွန်ပြီး ငါးမွေးမြူရေးလုပ်ငန်းများအပါအဝင် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို အောင်မြင်ဖြစ်ထွန်းအောင် ဆောင်ရွက်နိုင်သည်ကိုတွေ့ရှိရကြောင်း၊ MSME လုပ်ငန်းများကိုလည်း ခရိုင်အားလုံး၌ အောင်မြင်စွာဆောင်ရွက်လျက်ရှိသည်တွေ့ရှိရကြောင်း၊ ယခုထက်ပိုမိုကြိုးစားဆောင်ရွက်သွားမည်ဆိုပါက ပိုမိုဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် တာဝန်ရှိသူများအနေဖြင့် တရားဥပဒေစိုးမိုးရေးကို ဆောင်ရွက်ပေးရန်လိုကြောင်း၊ အစိုးရတစ်ရပ်သည် ပြည်သူလူထုတို့၏ လူမှုအကျိုးစီးပွားကို ဖော်ဆောင်ပေးရမည်ဖြစ်ကြောင်း၊ **မိမိတို့သည် နိုင်ငံရေး**

**အစိုးရမဟုတ်ဘဲ နိုင်ငံ၏ အမျိုးသားအကျိုးစီးပွားကို ဖော်ဆောင်ပေးနေသည့် အစိုးရတစ်ရပ်ဖြစ်ကြောင်း၊ မိမိတို့၏ ဆောင်ရွက်ချက်များကို တစ်ဦးချင်းစီ၏ တာဝန်များအလိုက် အောင်မြင်အောင်လုပ်ဆောင်၍ အလုပ်ဖြင့် သက်သေပြနိုင်ရမည်ဖြစ်ကြောင်း၊** မိမိတို့ စတင်တာဝန်ယူစဉ်ကာလက နိုင်ငံ၏စီးပွားရေးသည် ကျဆင်းလျက်ရှိသည်ဖြစ်သော်လည်း မိမိတို့အနေဖြင့် အခက်အခဲများကြားမှ ကြိုးပမ်းဆောင်ရွက်ခဲ့မှုများကြောင့် လက်ရှိအချိန်တွင် နိုင်ငံ့စီးပွားရေးသည် အတိုင်းအတာတစ်ခုအထိ တိုးတက်လာသည်ကို တွေ့မြင်ရမည်ဖြစ်ကြောင်း၊ အစိုးရ၊ ပြည်သူနှင့် တပ်မတော်တို့ အတူတကွ ပူးပေါင်းဆောင်ရွက်သွားမည်ဆိုပါက အောင်မြင်နိုင်မည်ဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် ချမှတ်ထားသည့် ရှေ့လုပ်ငန်းစဉ်များအတိုင်း ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးအတွက် ရည်မှန်းချက်ထားဆောင်ရွက်လျက်ရှိကြောင်း၊ အမျိုးသားရေးရည်မှန်းချက်အဖြစ် တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာပေါများရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ ရွေးကောက်ပွဲဆောင်ရွက်ရန်အတွက် အချို့သော တိုင်းဒေသကြီးနှင့် ပြည်နယ်အချို့တွင် အခက်အခဲများရှိနေသေးကြောင်း၊ ရွေးကောက်ပွဲကိုကျင်းပရာတွင် ပြည်သူလူထုကလက်ခံသည့် သိက္ခာရှိသည့်ရွေးကောက်ပွဲကို ကျင်းပနိုင်ရမည်ဖြစ်ကြောင်း၊ **ယခင်အစိုးရလက်ထက် ရွေးကောက်ပွဲ၌ သိက္ခာမဲ့သော ရွေးကောက်ပွဲဖြစ်ခဲ့သဖြင့် မိမိတို့အနေဖြင့် သိက္ခာရှိသည့်ရွေးကောက်ပွဲကျင်းပနိုင်ရေး အဘက်ဘက်မှ ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊** ထို့ကြောင့် နိုင်ငံ့တာဝန်ထမ်းဆောင်နေသူများအနေဖြင့်လည်း ဝန်ထမ်းတစ်ဦးအနေဖြင့် မိမိတို့တတ်နိုင်သည့်ဘက်မှ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရမည်ဖြစ်ကြောင်း ပြောကြားသည်။

■ ■ ■

# ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့ ဌာနဆိုင်ရာတာဝန်ရှိသူများအား ပုသိမ်လေဆိပ်ဧည့်ခန်းမဆောင်၌တွေ့ဆုံစဉ် ပြောကြားသည့်အမှာစကား

( ၈ - ၂ - ၂၀၂၃ )





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ဖေဖော်ဝါရီလ ၈ ရက် ညနေပိုင်းတွင် ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့ ဌာနဆိုင်ရာတာဝန်ရှိသူများအား ပုသိမ်လေဆိပ်ဧည့်ခန်းမဆောင်၌ တွေ့ဆုံအမှာစကား ပြောကြားသည်။

အဆိုပါတွေ့ဆုံပွဲသို့နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ကောင်စီဝင် ဗိုလ်ချုပ်ကြီးတင်အောင်စန်း၊ ပြည်ထောင်စုဝန်ကြီးများ၊ ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော် အရာရှိကြီးများ၊ အနောက်တောင်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ် ကြည်ခိုင်၊ ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့ ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြသည်။

**ဘက်ပေါင်းစုံတွင် ကောင်းမွန်**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် ဧရာဝတီတိုင်းဒေသကြီးသည် စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေးနှင့် တည်ငြိမ်အေးချမ်းရေးမှအစပြု၍ ဘက်ပေါင်းစုံတွင် ကောင်းမွန်သည့် အခြေအနေတွင်ရှိနေပြီး ကျေနပ်ဖွယ်ရာ ကောင်းသည့်၊ မိမိတို့မြန်မာနိုင်ငံအတွက် အားကိုးအားထားရသည့် တိုင်းဒေသကြီး တစ်ခုဖြစ်ကြောင်း၊ ထိုကဲ့သို့သောအခြေအနေတွင် ရပ်တည်နိုင်နေခြင်းမှာလည်း တိုင်းဒေသကြီးအစိုးရအဖွဲ့ ဌာနဆိုင်ရာများ၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအားလုံး၏ ကောင်းမွန်သည့်လုပ်ဆောင်ချက်များနှင့် ဒေသခံပြည်သူလူထုတို့၏ ဝိုင်းဝန်းပူးပေါင်းပါဝင်မှုကြောင့်ပင်ဖြစ်ကြောင်း၊ ထိုကဲ့သို့ ကောင်းမွန်သည့် လုပ်ဆောင်ချက်ကောင်းများနှင့် အစဉ်အလာကောင်းများကို ဆက်လက်ထိန်းသိမ်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

ဧရာဝတီတိုင်းဒေသကြီးတွင် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို အောင်မြင်ဖြစ်ထွန်းစွာ ဆောင်ရွက်လျက်ရှိပြီး လက်ရှိအထွက်နှုန်းထက် ပိုမိုတိုးတက်အောင် ကြိုးစားဆောင်ရွက်ပေးကြစေလိုကြောင်း၊ ထိုသို့ဆောင်ရွက်စေရခြင်းမှာလည်း တစ်ဦးချင်းတစ်ယောက်ချင်းစီ၏ ဝင်ငွေများ တိုးပွားလာမှုမှအစပြု၍ ဒေသတွင် နေထိုင်သူများအားလုံး၏ ဝင်ငွေများယခင်ကထက် တိုးတက်ကောင်းမွန်လာပြီး ဒေသတွင်း လည်ပတ်သုံးစွဲငွေ များပြားလာကာ လူမှုစီးပွားဘဝများလည်း တိုးတက်လာနိုင်မည်ဖြစ်သောကြောင့်ဖြစ်ကြောင်း၊ အထွက်နှုန်းပိုမိုကောင်းမွန်ပြီး ပြည်ပနိုင်ငံများသို့ပါ တင်ပို့နိုင်မည်ဖြစ်ကာ နိုင်ငံတော်၏ စီးပွားရေးအားသည်လည်း တိုးတက်ကောင်းမွန်လာမည်ဖြစ်ကြောင်း၊ နိုင်ငံတော်မှ အခွန်ငွေများ ပိုမိုရရှိလာနိုင်မည်ဖြစ်ပြီး နိုင်ငံတွင်းလည်ပတ်သုံးစွဲငွေများ ပိုမိုများပြားလာပါက နိုင်ငံသူ နိုင်ငံသားများ၏ အကျိုးစီးပွားကိုလည်း ပိုမို

> **ဒေသတွင်း စီးပွားရေးပိုမိုကောင်းမွန်စေရေးအတွက် ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကိုလည်း ဖော်ဆောင်ပေးရမည်ဖြစ်၊ အိမ်သာမှသာလျှင် ဧည့်လာမည်ဖြစ်သဖြင့် မိမိတို့နေထိုင်ရာ အိမ်၊ လမ်းမှအစပြု၍ သန့်ရှင်းသပ်ရပ်သောပတ်ဝန်းကျင်ကို ဖန်တီးနိုင်ရမည်ဖြစ်၊ မိမိတို့ဒေသအတွင်းရှိ ဘုရားစေတီပုထိုးများ၊ ဘုန်းတော်ကြီးကျောင်းများကိုလည်း ကြည်ညိုသပ္ပာယ်ဖွယ်ဖြစ်အောင် ဆောင်ရွက်ထားရှိပါက မြင်သူအပေါင်းတို့ကို စိတ်ချမ်းမြေ့စေမည်ဖြစ်ပြီး နောင်များတွင်လည်း လာရောက်လည်ပတ်လိုစိတ်များဖြစ်ပေါ်လာမည်ဖြစ်။**

ဖော်ဆောင်နိုင်မည်ဖြစ်သဖြင့် အားလုံးက ဝိုင်းဝန်းကြိုးပမ်းကြစေလိုကြောင်း။

**ဖန်တီးနိုင်ရမည်**

ထို့ပြင် ဒေသတွင်းစီးပွားရေးပိုမိုကောင်းမွန်စေရေးအတွက် ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကိုလည်း ဖော်ဆောင်ပေးရမည်ဖြစ်ကြောင်း၊ အိမ်သာမှသာလျှင် ဧည့်လာမည်ဖြစ်သဖြင့် မိမိတို့နေထိုင်ရာအိမ်၊ လမ်းမှအစပြု၍ သန့်ရှင်းသပ်ရပ်သော ပတ်ဝန်းကျင်ကို ဖန်တီးနိုင်ရမည်ဖြစ်ကြောင်း၊ မိမိတို့ဒေသအတွင်းရှိ ဘုရားစေတီပုထိုးများ၊ ဘုန်းတော်ကြီးကျောင်းများကိုလည်း ကြည်ညိုသပ္ပာယ်ဖွယ်ဖြစ်အောင် ဆောင်ရွက်ထားရှိပါက မြင်သူအပေါင်းတို့ကို စိတ်ချမ်းမြေ့စေမည်ဖြစ်ပြီး နောင်များတွင်လည်း လာရောက်လည်ပတ်လိုစိတ်များဖြစ်ပေါ်လာမည်ဖြစ်ကြောင်း၊ ရုံးလုပ်ငန်းများကိုလည်း စည်းကမ်းစနစ်တကျဖြင့် စေတနာထားဆောင်ရွက်ရန်လိုပြီး ဌာနများအားလုံး သန့်ရှင်းသပ်ရပ်မှုရှိအောင် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ လေကောင်းလေသန့်ရရှိရေးနှင့် အလင်းရောင်ကောင်းမွန်စွာရရှိရေးအတွက်လည်း သစ်ပင်သစ်ကိုင်းများ၊ ခြုံနွယ်များကို အလင်းဖွင့်ခြင်း၊ အောက်ခြေရှင်းခြင်းများဆောင်ရွက်ခြင်းဖြင့် ကျန်းမာရေးကိုလည်း အထောက်အကူဖြစ်စေနိုင်မည်ဖြစ်ကြောင်း။

နိုင်ငံ့ဝန်ထမ်းများအနေဖြင့် မိမိတို့၏ တစ်ဦးချင်းလုပ်ငန်းတာဝန်များကို ကျေပွန်အောင်ဆောင်ရွက်ရန် တာဝန်ရှိသကဲ့သို့ သတင်းလုံခြုံမှု မကျိုးပေါက်စေရေးအတွက်လည်း သတိပြုဆောင်ရွက်ကြရန်လိုကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေပါ နိုင်ငံ့ဝန်ထမ်းများလိုက်နာရမည့် စည်းကမ်းများနှင့်အညီ လုပ်ကိုင်ဆောင်ရွက်ရမည်ဖြစ်ပြီးမိမိကိုယ်ကိုသစ္စာရှိရမည်၊ မိမိဌာနနှင့် လုပ်ဖော်ကိုင်ဖက်များအပေါ်သစ္စာရှိရမည်၊ နိုင်ငံတော်အပေါ် သစ္စာရှိရမည်ဖြစ်ကြောင်း၊ အထက်နှင့်အောက်ကောင်းမွန်သည့်ဆက်ဆံရေးရှိရမည်ဖြစ်ပြီး လုပ်ငန်းတာဝန်များကို စေတနာအပြည့်ဖြင့် ထမ်းဆောင်ရမည်ဖြစ်ကြောင်း၊ ဝန်ထမ်းများ၏ ရသင့်ရထိုက်သည့် အကျိုးခံစားခွင့်နှင့် အခွင့်အရေးများကို ပြည့်ပြည့်ဝဝရရှိအောင် ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ အချင်းချင်းမိသားစုကဲ့သို့ ထိတွေ့ဆက်ဆံကာလူမှုရေးအခက်အခဲ၊ မိသားစုအခက်အခဲများကို ညှိနှိုင်းဆောင်ရွက်ပေးရမည်ဖြစ်ပြီး တစ်ဦးနှင့်တစ်ဦး ကူညီဖေးမဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

**ပြည်သူလူထုကလက်ခံသည့် အစိုးရဝန်ထမ်းများဖြစ်အောင် ကြိုးပမ်းဆောင်ရွက်**

နိုင်ငံ့ဝန်ထမ်းများသည် အစိုးရနှင့် ပြည်သူများအကြား ပေါင်းကူးပေးသည့် ပုဂ္ဂိုလ်များ၊ ဌာနများပင်ဖြစ်ကြောင်း၊ နိုင်ငံ့ဝန်ထမ်းများသည် နိုင်ငံသူ၊ နိုင်ငံသားများ၏ အကျိုးကို ဖော်ဆောင်ပေးနိုင်ရမည်ဖြစ်ကြောင်း၊ နိုင်ငံ့ဝန်ထမ်းများအနေဖြင့် ပြည်သူ့အကျိုးနှင့်ပတ်သက်လာပါက မှန်မှန်ကန်ကန်နှင့် ပြောဆိုဆက်ဆံရမည်ဖြစ်ကြောင်း၊ ပြည်သူလူထုကလက်ခံသည့် အစိုးရဝန်ထမ်းများဖြစ်အောင် ကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်း၊ အချို့သောပညာရေးဝန်ထမ်းများနှင့် ကျန်းမာရေးဝန်ထမ်းများသည် ၎င်းတို့၏ အလုပ်ကို ကျေပွန်စွာနှင့် ပေါင်းသင်းဆက်ဆံရေးကောင်းစွာ ဆောင်ရွက်နိုင်သောကြောင့် ပြည်သူများကပင် ၎င်းတို့၏ဒေသများ၌ပင် ဆက်လက်တာဝန်ထမ်းဆောင်ပေးရန် တောင်းဆိုရသည့် သာဓကများလည်း ရှိပြီးဖြစ်ကြောင်း။

နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံ့ဝန်ထမ်းများ၏ နေရေး

အထောက်အကူဖြစ်စေရန်အတွက် လိုအပ်သည့်ဖြည့်ဆည်းပေးမှုများကိုလည်း သတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်ပေးထားကြောင်း၊ မိမိတို့ဆောင်ရွက်ပေးသည့် သက်သာချောင်ချိမှုသည် ပြည့်စုံသည်မဟုတ်သော်လည်း အတိုင်းအတာတစ်ခုအထိ အထောက်အကူဖြစ်စေမည်ဖြစ်ပြီး လုပ်ငန်းတာဝန်ထမ်းဆောင်မှုများတွင်လည်း ပိုမိုအကျိုးဖြစ်ပေါ်လာစေမည်ဟု ယုံကြည်ပါကြောင်း။

ပညာရေးနှင့်ပတ်သက်၍ ဧရာဝတီတိုင်းဒေသကြီးသည် ကျောင်းတက်ရောက်သူ ဦးရေအများဆုံး၊ ကျောင်းနေထိုင်မှုနှင့် အောင်ချက်ရာခိုင်နှုန်းအမြင့်ဆုံးဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် ကျောင်းနေအရွယ် ကလေးအားလုံး ပညာသင်ကြားနိုင်ရေး ပညာရေးကို အားပေးဆောင်ရွက်လျက်ရှိကြောင်းနှင့် နိုင်ငံသားအားလုံး KG+9 အောင်မြင်စေရေးအတွက် စီမံဆောင်ရွက်ပေးထားပြီးဖြစ်ကြောင်း၊ နိုင်ငံ့ဝန်ထမ်းများအနေဖြင့်လည်း မိမိတို့၏ သားသမီးများ၏ ပညာရည်မြင့်မားရေးကို အားပေးဆောင်ရွက်ကြစေလိုပြီး ကောင်းမွန်သည့်ပညာအမွေကိုပေးနိုင်ရမည်ဖြစ်ကြောင်း။

ဧရာဝတီတိုင်းဒေသကြီးအနေဖြင့် စိုက်ပျိုးရေးတွင် စံပြဖြစ်အောင်ဆောင်ရွက်စေလိုပြီး အခြားတိုင်းဒေသကြီးနှင့် ပြည်နယ်များက စံထားအတုယူရသည်အထိဖြစ်အောင် ဆောင်ရွက်ကြစေလိုကြောင်း၊ မိမိအနေဖြင့်လည်း ဧရာဝတီတိုင်းဒေသကြီး၏ ဆောင်ရွက်ချက်များ အားလုံးကိုအသိအမှတ်ပြု အားပေးပါကြောင်းနှင့် ဆက်လက်၍လည်း ကြိုးစားအားထုတ်သွားကြစေလိုကြောင်း ပြောကြားသည်။

■ ■ ■

# အနောက်တောင်တိုင်းစစ်ဌာနချုပ် ဟိုင်းကြီးကျွန်းတပ်နယ်ရှိ အရာရှိ၊ စစ်သည်၊ မိသားစုများအား နယ်မြေခံရေတပ်စခန်းဌာနချုပ်ခန်းမ၌ တွေ့ဆုံစဉ် ပြောကြားသည့်အမှာစကား

( ၈ - ၂ - ၂၀၂၃ )




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ဖေဖော်ဝါရီလ ၈ ရက် မွန်းလွဲပိုင်းတွင် အနောက်တောင်တိုင်းစစ်ဌာနချုပ် ဟိုင်းကြီးကျွန်းတပ်နယ်ရှိ အရာရှိ၊ စစ်သည်၊ မိသားစုများအား နယ်မြေခံရေတပ်စခန်းဌာနချုပ်ခန်းမ၌ တွေ့ဆုံအမှာစကားပြောကြားသည်။

အဆိုပါတွေ့ဆုံပွဲအခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး မိုးအောင်၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး ထွန်းအောင်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ ဗိုလ်မှူးချုပ် ကြည်ခိုင်နှင့် တာဝန်ရှိသူများ၊ ဟိုင်းကြီးကျွန်းတပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများ တက်ရောက်ကြသည်။

**မိမိတို့တစ်ဦးချင်း နေ့စဉ်လုပ်ဆောင်ရမည့် လုပ်ငန်းတာဝန်များကို မှန်မှန်ကန်ကန် လုပ်ဆောင်နေခြင်းသည် လေ့ကျင့်ရေးဆောင်ရွက်နေခြင်းပင်ဖြစ်**

ထိုသို့တွေ့ဆုံအမှာစကားပြောကြားရာ၌တပ်မတော်၏ အဓိကတာဝန်သည် နိုင်ငံတော်ကာကွယ်ရေးတာဝန်များကို ထမ်းဆောင်ရန်ဖြစ်ပြီး တပ်မတော်(ကြည်း)၊ တပ်မတော်(ရေ)၊ တပ်မတော်(လေ) ဟူ၍ မြေပြင်၊ ရေပြင်၊ ဝေဟင်လုံခြုံရေးတာဝန်များကို စုပေါင်းအားဖြင့် ကာကွယ်စောင့်ရှောက်ရမည်ဖြစ်ကြောင်း၊ နိုင်ငံတော်ကာကွယ်ရေးတာဝန်ထမ်းဆောင်ရာတွင် ကာကွယ်ရေးလုပ်ငန်းစဉ်များအလိုက် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ထိုသို့ မိမိတို့၏တာဝန်များကို ကျေပွန်အောင်ထမ်းဆောင်နိုင်ရေးအတွက် စွမ်းရည်သုံးရပ်နှင့် ပြည့်စုံနေရမည်ဖြစ်ပြီး အမြဲမပြတ်လေ့ကျင့်ဆောင်ရွက်နေရမည်ဖြစ်ကြောင်း၊ စစ်သည်တိုင်း မိမိတို့တစ်ဦးချင်း နေ့စဉ်လုပ်ဆောင်ရမည့်လုပ်ငန်းတာဝန်များကို မှန်မှန်ကန်ကန်လုပ်ဆောင်နေခြင်းသည် လေ့ကျင့်ရေးဆောင်ရွက်နေခြင်းပင်ဖြစ်ကြောင်း၊ မိမိကိုယ်ကို အကျိုးမရှိစေနိုင်သည့် အသောက်အစားနှင့် အပျော်အပါးများကိုလည်း ရှောင်ကြဉ်ရမည်ဖြစ်ပြီး ကျန်းမာကြံ့ခိုင်အောင်နေထိုင်ရမည်ဖြစ်ကြောင်း၊ **မိမိကိုယ်ကို ကျန်းမာရေးနှင့်ညီညွတ်အောင်နေထိုင်ခြင်းမရှိပါက မိမိအပြင် မိမိ၏မိသားစု၊ မိမိအဖွဲ့အစည်း၏ အကျိုးစီးပွားကိုပါ ထိခိုက်**စေနိုင်သည်ဖြစ်သဖြင့် ကျန်းမာကြံ့ခိုင်အောင် အသိတရားနှင့်ယှဉ်၍ နေထိုင်စားသောက်ရမည်ဖြစ်ကြောင်း၊

စစ်သည်တိုင်း ကျန်းမာကြံ့ခိုင်ပြီး အင်ပြည့်အားပြည့်ဖြင့် တာဝန်ထမ်းဆောင်နိုင်ရမည်ဖြစ်ကြောင်း။

**တစ်ဦးချင်း၏ ဘဝတိုးတက်ရေးနှင့် စည်းကမ်းစနစ်တကျ ရှိစေရေး**

အရာရှိ စစ်သည်များအနေဖြင့် မိမိတို့တစ်ဦးချင်းစီ၏ ကိုယ်ရည်ကိုယ်သွေးများကို မြှင့်တင်နေရမည်ဖြစ်ပြီး တပ်မတော်မှ တာဝန်ထမ်းဆောင်မှုအလိုက်၊ အဆင့်အလိုက် တက်ရောက်ရမည့် သင်တန်းများ၌လည်း အမြဲမပြတ် ကြိုးပမ်းအားထုတ်ခြင်းဖြင့် မိမိဘဝတိုးတက်ရေးကို ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ အသိပညာဗဟုသုတများ ရရှိစေရေးအတွက်လည်း သက်ဆိုင်သည့်စာပေများကို ဖတ်မှတ်လေ့လာနေရမည်ဖြစ်ကြောင်း၊ ထို့ပြင် ဘဝ တိုးတက်ရေးအတွက် မဖြစ်မနေလိုအပ်သည့် စာပေဖတ်မှတ်ခြင်းများကို လုပ်ဆောင်နေရမည်ဖြစ်ကြောင်း၊ **စာဖတ်ခြင်းမှရရှိလာသည့် အသိပညာဗဟုသုတနှင့် အတတ်ပညာများသည် မိမိတို့ တစ်ဦးတစ်ယောက်ချင်း၏ ဘဝတိုးတက်ရေးကိုများစွာ အထောက်အကူဖြစ်စေမည်ဖြစ်ကြောင်း**၊ မိမိတို့သိရှိထားသည့် အသိပညာဗဟုသုတများကိုလည်း အချင်းချင်းပြန်လည် မျှဝေပေးခြင်းဖြင့် တပ်တွင်း စည်းလုံးညီညွတ်မှုနှင့် လူမှုပတ်ဝန်းကျင်ကောင်းကို ဖန်တီးပေးနိုင်မည် ဖြစ်ကြောင်း၊ **ဦးစီးခေါင်းဆောင်များအနေဖြင့်လည်း မိမိတို့၏လက်အောက်မှ အရာရှိ စစ်သည်၊ မိသားစုများအတွက် ပတ်ဝန်းကျင်ကောင်းများ ဖန်တီးပေးနိုင်ရမည်ဖြစ်ပြီး ညီညွတ်မျှတသည့် အုပ်ချုပ်မှုပုံစံရှိရမည်ဖြစ်ကြောင်း၊ တပ်မှူးကောင်းသဖွယ် စိတ်ဓာတ်၊ ဖခင်သဖွယ်စိတ်ဓာတ်ဖြင့် ကွပ်ကဲအုပ်ချုပ်ရမည်**ဖြစ်ကြောင်း၊ မိဘတို့ မည်သည့်သားသမီးများအပေါ် မကောင်းသည်ကို တားမြစ်ပြီးကောင်းရာများကိုညွှန်ပြကြကြောင်း၊တပ်မတော်အတွင်း၌ စည်းကမ်းများချမှတ်ထားခြင်းသည် စနစ်တကျရှိမှုနှင့် စုစည်းညီညွတ်မှုရှိစေရန်အတွက်ဖြစ်ပြီး မလိုလားအပ်ဘဲ တင်းကြပ်ထားခြင်းမျိုးမဟုတ်ကြောင်း၊ စစ်မြေပြင်တွင် တစ်ဦးနှင့်တစ်ဦးအသက်ပေး၍ တာဝန်ထမ်းဆောင်ရမည့်သူများဖြစ်သည့်အတွက် အမိန့်နာခံမှုကောင်းပြီး ပေးအပ်သည့်တာဝန်များကို ကျေပွန်စွာထမ်းဆောင်နိုင်ရေး၊ မလိုလားအပ်ဘဲ အသက်အန္တရာယ်ထိခိုက်မှုများ မဖြစ်ပေါ်စေရေးတို့အတွက် အမိန့်၊ ညွှန်ကြားချက်နှင့် စည်းကမ်းများကို ချမှတ်ထားခြင်းဖြစ်သည်ကို နားလည်သဘောပေါက်ရမည်ဖြစ်ကြောင်း။

**တပ်ပိုင်နှင့် တစ်ပိုင်တစ်နိုင် စိုက်ပျိုးမွေးမြူရေး**

လက်ရှိအချိန်တွင် တပ်မတော်အနေဖြင့် နိုင်ငံတော်တာဝန်များကိုပါ ထမ်းဆောင်ရလျက်ရှိကြောင်း၊ ကိုဗစ်-၁၉ ကပ်ရောဂါဖြစ်ပေါ်မှုများကြောင့် နိုင်ငံ၏စီးပွားရေးသည်လည်း ကျဆင်းခဲ့ရကြောင်း၊ မိမိတို့အနေဖြင့် နိုင်ငံ့စီးပွားရေး ပြန်လည်ကောင်းမွန်စေရေးပြည်တွင်းစီးပွားရေးကိုအားပေး မြှင့်တင်ဆောင်ရွက်ခဲ့သောကြောင့် လက်ရှိအချိန်တွင် နိုင်ငံ့စီးပွားရေးသည် အတိုင်းအတာတစ်ခုအထိ တိုးတက်လာသည်ကို တွေ့မြင်ရမည်ဖြစ်ကြောင်း၊ မိမိတို့ အရာရှိ စစ်သည်၊ မိသားစုများသည်လည်း တပ်ပိုင်စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများနှင့် တစ်ပိုင်တစ်နိုင်စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို အောင်မြင်အောင်ဆောင်ရွက်ခြင်းဖြင့် မိမိတို့ စားဝတ်နေရေးအတွက် အတိုင်းအတာတစ်ခုအထိ အထောက်အကူဖြစ်စေနိုင်မည်ဖြစ်ကြောင်း၊ တပ်ပိုင်စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကိုအောင်မြင်အောင် တွန်းအားပေးဆောင်ရွက်ခဲ့ခြင်းကြောင့် သက်သာချောင်ချိမှုကိုဖြစ်စေခဲ့ပြီး ယခုကဲ့သို့ အခြေအနေတွင်လည်း အသား၊ ငါးနှင့် ဟင်းသီးဟင်းရွက်များကို သက်သာသောဈေးနှုန်းများဖြင့် ရောင်းချပေးနိုင်ခြင်းဖြစ်ကြောင်း။

**ပညာရည်မြင့်မားရေး**

ပညာရေးနှင့်ပတ်သက်၍ နိုင်ငံသားတိုင်း KG+9 ပညာအရည်အချင်းပြီးမြောက်စေရေးဆောင်ရွက်ပေးထားကြောင်း၊ မိမိတို့နိုင်ငံတွင် အသိပညာ၊ အတတ်ပညာနှင့် ပြည့်စုံသည့် လူသားအရင်းအမြစ်ကောင်းများ များစွာပေါ်ထွက်လာရန် လိုကြောင်း၊ မိမိတို့၏သားသမီးများကို ကောင်းမွန်သည့် ပညာအမွေများ ပေးနိုင်ရမည်ဖြစ်ပြီး မိမိ၊ တပ်မတော်နှင့် တိုင်းပြည်အတွက် အားကိုးအားထားရသည့် မျိုးဆက်သစ်လူငယ်များ ဖြစ်လာရမည်ဖြစ်ကြောင်း၊ တပ်မတော်အနေဖြင့်လည်း အရာရှိ၊ စစ်သည်များ၊ မိသားစုများ၏ ပညာရည်မြင့်မားရေးကို အမြဲမပြတ်ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ စစ်သည်အဆင့်အတန်းအားလုံး စည်းကမ်းစနစ်တကျရှိပြီး မိမိတို့တစ်ဦးချင်းစီ၏တာဝန်များကိုကျေပွန်အောင်ထမ်းဆောင်ကာ တပ်မတော်၏ဂုဏ်ကို မြှင့်တင်ရမည်ဖြစ်ကြောင်း ပြောကြားသည်။

■ ■ ■

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ လမ်းညွှန်မှာကြားသည့်အစည်းအဝေးတွင် ပြောကြားသည့်အမှာစကား

( ၉ – ၂ – ၂၀၂၃ )




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ လမ်းညွှန်မှာကြားသည့်အစည်းအဝေးကို ဖေဖော်ဝါရီလ ၉ ရက် နံနက်ပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ကောင်စီအတွင်းရေးမှူး၊ ကောင်စီတွဲဖက်အတွင်းရေးမှူး၊ ကောင်စီဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ တက်ရောက်ကြပြီး နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီး၊ ပြည်နယ်ဝန်ကြီးချုပ်များနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း/ဒေသဥက္ကဋ္ဌများက Video Conferencing ဖြင့် တက်ရောက်ကြသည်။

## ရှေ့လုပ်ငန်းစဉ် ၅ ရပ်ချမှတ်

အစည်းအဝေးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ လမ်းညွှန်မှာကြားရာတွင် အဓိကအားဖြင့် လာမည့်ထပ်မံသက်တမ်းတိုးထားသည့်ကာလအတွင်း နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ရန်ရှိသည်များကို တာဝန်ရှိသူအားလုံး စဉ်းစားသုံးသပ်နိုင်ရန်နှင့် လုပ်ငန်းများအောင်မြင်အောင် အကောင်အထည် ဖော်ဆောင်ရွက်နိုင်ရန်အတွက် ယခုကဲ့သို့ပထမဆုံးအကြိမ် တွေ့ဆုံဆွေးနွေးရခြင်းဖြစ်ကြောင်း၊

**“ပြည်သူတို့၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်မည်”** ဟူသည့် ရှေ့လုပ်ငန်းစဉ် ၅ ရပ်အနက် ပထမဆုံးအချက်နှင့်ပတ်သက်၍ ၂၀၂၁ ဖေဖော်ဝါရီမှစ၍ ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)နှင့်အညီ နိုင်ငံရေးအရ အရေးပေါ်ကြေညာခဲ့ပြီး နိုင်ငံတော်၏တာဝန်များကို စတင်ထမ်းဆောင်ခဲ့ရခြင်းဖြစ်ကြောင်း၊ စတင်တာဝန်ယူစဉ်က ဆူပူဆန္ဒမှုများရှိခဲ့ပြီး နိုင်ငံရေးအရ သဘောထားကွဲလွဲမှုများ၊ သွေးထိုးမြှောက်ပင့်မှုများကြောင့် နောက်ပိုင်းကာလများတွင် ဆူပူမှုမှအကြမ်းဖက်မှု၊ လက်နက်ကိုင်အကြမ်းဖက်မှု စသည်တို့ဖြစ်ပေါ်လာခဲ့ကြောင်း၊ ဒီမိုကရေစီစနစ်ကျင့်သုံးသည့်နိုင်ငံများတွင် ဥပဒေနှင့်အညီ ဆန္ဒပြမှုများကိုခွင့်ပြုထားကြောင်း၊ သို့သော် ဆန္ဒပြမှုကျော်လွန်၍ အကြမ်းဖက်ဖြစ်စဉ်များ ဖြစ်သည်အထိဖြစ်ပေါ်လာသဖြင့် မိမိတို့အနေဖြင့် ထိန်းသိမ်းဆောင်ရွက်ခဲ့ကြောင်း၊ ထိုသို့ ဆောင်ရွက်ရာတွင်လည်း ဥပဒေနှင့်အညီသာ ထိန်းသိမ်းဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ အကြမ်းဖက်သမားများ

အနေဖြင့် အပြစ်မဲ့ပြည်သူများ၊ စစ်ရေးပစ်မှတ်မဟုတ်သည့် အုပ်ချုပ်ရေးဆိုင်ရာအဆောက်အဦများ၊ ပုဂ္ဂလိက လုပ်ငန်းများ၊ နိုင်ငံ့ဝန်ထမ်းများအပြင် သာသနာရေး ဆိုင်ရာပုဂ္ဂိုလ်များကိုပါ အကြမ်းဖက်လုပ်ရပ်များကို ရည်ရွယ်ချက်ရှိရှိဖြင့် လုပ်ဆောင်ခဲ့ကြောင်း၊ ထိုအချိန်တွင် ဆူပူဆန္ဒပြသူများမှ သဘောထားတင်းမာသူများကို သောင်းကျန်းသူနယ်မြေများအထိဆွဲထုတ်၍ PDF အမည် ခံအကြမ်းဖက်အဖွဲ့အဖြစ်ဖွဲ့စည်း၍ နိုင်ငံတော်ကို လက် နက်ကိုင်တိုက်ခိုက်ရန် လုပ်ဆောင်လာမှုများရှိကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် အချို့ EAO အဖွဲ့များပါဝင်ကြောင်း၊ မိမိတို့ဖမ်းဆီး ရမိသည့်လက်နက်ခဲယမ်းများတွင် EAO များအသုံးပြုသည့် လက်နက်များ ခဲယမ်းများ ပါဝင် သကဲ့သို့ နယ်စပ်မှတရားမဝင်ဝင်ရောက်လာသည့် ပြည်ပ နိုင်ငံများမှ လက်နက် များလည်းပါဝင်သည်ကို တွေ့ရှိရ ကြောင်း၊ ၎င်းတို့အနေဖြင့် နိုင်ငံတော်တည်ငြိမ်အေးချမ်း မှု ပျက်ပြားရန်ရည်ရွယ်၍ ဆောင်ရွက်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် စစ်ဆင်ရေးအဖြစ်သတ်မှတ်ထား သည့် နယ်မြေများတွင် စစ်ဆင်ရေးလုပ်ငန်းများဆောင် ရွက်လျက်ရှိသကဲ့သို့ စစ်ဆင်ရေးနယ်မြေအဖြစ်သတ်မှတ် ထားခြင်းမရှိသည့် နယ်မြေများတွင် အကြမ်းဖက်မှုနှိမ်နင်း ရေးလုပ်ငန်းများကို ဥပဒေနှင့်အညီသာ အဆင့်ဆင့်ဆောင် ရွက်လျက်ရှိကြောင်း၊ ထိန်းသိမ်းရန်ခက်ခဲသည့်နေရာ များကိုသာ စစ်အုပ်ချုပ်ရေးအမိန့်များ ထုတ်ပြန်ဆောင်ရွက် ခဲ့ခြင်းဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်ခဲ့မှုများကြောင့် ၂၀၂၂ ခုနှစ် ဧပြီလမှစ၍ အကြမ်းဖက်မှုများ သိသိသာသာ လျော့နည်းကျဆင်းသွားခဲ့ကြောင်း၊ လုံခြုံရေးတပ်ဖွဲ့ဝင် များအနေဖြင့် အကြမ်းဖက်မှုများ လျော့နည်းပပျောက် အောင် ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း။

၂၀၂၃ ခုနှစ်ကူးပြောင်းခါစ အစောပိုင်းအခြေအနေ များတွင် အကြမ်းဖက်မှုများ အနည်းငယ်ပြန်လည်ဖြစ် ပေါ်လာခဲ့ကြောင်း၊ ရွေ့လုပ်ငန်းစဉ်အရ ရွေးကောက်ပွဲ ကျင်းပပြုလုပ်နိုင်ရန်လိုအပ်သည့် ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်နေမှုကို ပျက်ပြားစေရန်အတွက် သက်ဆိုင်ရာ အဖွဲ့အစည်းများနှင့် ဌာနဆိုင်ရာအဆောက်အဦများ၊ စာရွက်စာတမ်းများကို မီးရှို့ဖျက်ဆီးမှုများ၊ မိုင်းထောင် ဖောက်ခွဲမှုများနှင့် နိုင်ငံ့ဝန်ထမ်းများနှင့် စေတနာ့ဝန်ထမ်း များအပေါ် ခြိမ်းခြောက်သတ်ဖြတ်ခြင်းများ ဆောင်ရွက် လာခဲ့သည်ကို တွေ့မြင်နိုင်မည်ဖြစ်ကြောင်း၊ အမျိုးသား ကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီအစည်းအဝေး (၁/၂၀၂၃)ကိုပြုလုပ်၍ မိမိအနေဖြင့် နိုင်ငံတော်၏အရေး ပေါ်အခြေအနေကာလအတွင်း လုပ်ဆောင်ချက်နှင့်တွေ့ ရှိချက်များကို ယာယီသမ္မတထံတင်ပြ၍ လက်ရှိကာလ တွင် နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုရှိရန် ဆက်လက် လုပ်ဆောင်ရန် လိုအပ်ချက်များရှိနေသေးကြောင်းတင်ပြ ခဲ့သဖြင့် ဥပဒေနှင့်အညီ အရေးပေါ်အခြေ အနေသတ်မှတ် ထားသည့်ကာလကို ၆ လထပ်မံသက်တမ်းတိုးမြှင့်ခဲ့ရ ခြင်းဖြစ်ကြောင်း၊ တည်ငြိမ်အေးချမ်းမှုကိုလိုအပ်သည့် အတွက် အရေးပေါ်ကာလကို သက်တမ်းထပ်မံတိုးမြှင့် ခဲ့ရခြင်းဖြစ်ကြောင်း။

**ပျက်စီးဆုံးရှုံးမှု ၄၉၀၀ ကျော်ရှိ**

အကြမ်းဖက်သမားများ၏ အဖျက်အမှောင့်လုပ်ရပ်များ ဆောင်ရွက်မှုကြောင့် နိုင်ငံတော်ပိုင်နှင့် ပုဂ္ဂလိကပိုင်ပစ္စည်း များ ပျက်ဆီးဆုံးရှုံးမှုများ များစွာရှိခဲ့ကြောင်း၊ သာမန်ပျက်စီး မှုများမပါပဲ ပျက်စီးဆုံးရှုံးမှုသည် ၄၉၀၀ ကျော်ရှိကြောင်း၊ လက်ပစ်ဗုံး၊ မိုင်း၊ လက်လုပ်ဗုံးများဖြင့် ပစ်ခတ်တိုက်ခိုက်မှု ၈၅၀၀ ကျော်ရှိခဲ့ကြောင်း၊ တိုက်ခိုက်မှု ၉၇၀၀ ကျော်ခန့် ရှိခဲ့ကြောင်း၊ မီးရှို့ဖျက်ဆီးမှုအကြိမ်ပေါင်း ပေါင်း ၁၂၃၀ ကျော်ရှိခဲ့ကြောင်း၊ ဖြစ်စဉ်များတွင် အကြမ်းဖက်သမား များထံမှရရှိခဲ့သည့် လက်နက်ပေါင်း ၁၇၆၉၀ ကျော်၊ လက်နက်မိုင်းနှင့် ဗုံး ၂၇၂၀၀ ကျော်အပါအဝင် ခဲယမ်းများ များစွာဖမ်းဆီးရမိခဲ့ကြောင်း၊ အဆိုပါလက်နက်များတွင် EAO အဖွဲ့များမှ လက်နက်ခဲယမ်းများနှင့် ပြည်ပနိုင်ငံများမှ လက်နက်ခဲယမ်းများပါဝင်သည်ကို တွေ့ရှိရကြောင်း၊ PDF အမည်ခံအကြမ်းဖက်သမားများ၏ သတ်ဖြတ်မှုများကြောင့် ရဟန်းသံဃာများ၊ အပြစ်မဲ့ပြည်သူများ သေဆုံးမှုနှင့် ဒဏ်ရာရရှိမှုများရှိခဲ့ကြောင်း၊ အကြမ်းဖက်သမားများ အနေဖြင့် အများပြည်သူသွားလာလျက်ရှိသည့် မီးရထား လမ်းများ၊ လမ်းတံတားများ၊ ဆက်သွယ်ရေးတာဝါတိုင် များကို ဖောက်ခွဲဖျက်ဆီးသည့် အဖျက်အမှောင့်လုပ်ရပ် များကိုလည်း လုပ်ဆောင်ခဲ့ကြောင်း။

အကြမ်းဖက်သမားများ၏ အဖျက်အမှောင့်လုပ်ရပ် များကြောင့် နိုင်ငံတော်ပိုင်နှင့် ပြည်သူပိုင်အဆောက်အဦ များကို ပြန်လည်တည်ဆောက်ရန် နိုင်ငံတော်မှ ငွေကြေး ကုန်ကျမှုများသည် နိုင်ငံတော်အတွက် ဆုံးရှုံးမှုများပင်

ဖြစ်ကြောင်း၊ အစိုးရတစ်ရပ်၏ နစ်နာဆုံးရှုံးမှုမဟုတ်ဘဲ နိုင်ငံတော်ရေရှည်ဆက်လျှောက်လှမ်းရမည့် အမျိုးသားအကျိုးစီးပွားများကို နစ်နာဆုံးရှုံးရခြင်းဖြစ်သည်ကို နားလည်သဘောပေါက်စေလိုကြောင်း၊ ၎င်းတို့သည် ဒီမိုကရေစီကို အကြမ်းဖက်နည်းလမ်းဖြင့်ရယူရန် လုပ်ဆောင်နေခြင်းဖြစ်သည်ကို တွေ့မြင်ရမည်ဖြစ်ကြောင်း၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ၏ခံယူချက်များနှင့် ၎င်းအကြမ်းဖက်အဖွဲ့၏ ယုံကြည်ချက်၊ ခံယူချက်များ တူညီမှုမရှိကြောင်း၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းအများစုသည် NCA အပေါ်တွင် လက်မှတ်ရေးထိုးထားခြင်းဖြစ်ကြောင်း၊ ၂၀၂၁ ခုနှစ်နောက်ပိုင်းတွင်ပေါ်ပေါက်လာသည့်လက်နက်ကိုင်အဖွဲ့အစည်းများသည် ဒီမိုကရေစီပေါ်တွင် သဘောထားကွဲလွဲမှုများကြောင့် ပေါ်ပေါက်လာသည့် အဖွဲ့အစည်းများဖြစ်ကြောင်း၊ ဒီမိုကရေစီစနစ်တွင် လက်နက်ကိုင်အကြမ်းဖက်ခြင်းကို မည်သည့်နိုင်ငံ၊ မည်သည့်အစိုးရမှ ခွင့်ပြုထားခြင်းမရှိကြောင်း၊ အကြမ်းဖက်လုပ်ရပ်ကို ဆောင်ရွက်နေသူများအနေဖြင့် ဒီမိုကရေစီကို နားလည်သဘောပေါက်ရန်လိုကြောင်း။

အကြမ်းဖက်မှုများကို ဒုတိယအကြိမ် အရေးပေါ်သက်တမ်းကာလတွင် ထိထိရောက်ရောက်ကိုင်တွယ်ဖြေရှင်းရန် လိုအပ်လာသဖြင့် အရေးကြီးသည့်မြို့နယ်များကို စစ်အုပ်ချုပ်ရေးအမိန့်များ တိုးမြှင့်သတ်မှတ်ခဲ့ရပြီး အကြမ်းဖက်မှုများလျော့ပါးအောင် ကိုင်တွယ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ စစ်အုပ်ချုပ်ရေးသတ်မှတ်ခြင်းသည် ပြစ်မှုကျူးလွန်သူများအတွက်သာဖြစ်ပြီး ပြည်သူများကို ကြေညာခြင်းမဟုတ်ကြောင်း၊ ပြည်သူများအနေဖြင့် စည်းကမ်းနှင့်အညီ လွတ်လပ်စွာနေထိုင်သွားလာလှုပ်ရှားနိုင်ကြောင်း၊ လာမည့် ၆ လတာကာလအတွင်း အဆိုပါဒေသများ၏ တည်ငြိမ်အေးချမ်းမှုသည်လည်းအတိုင်းအတာတစ်ခုအထိ တိုးတက်လာမည်ဟု ယူဆပါကြောင်း။

**မျှမျှတတဖြင့် ခန့်အပ်တာဝန်ပေးအပ်ခဲ့**

ဒုတိယအကြိမ် အစိုးရသက်တမ်းတွင် ဥပဒေကိုလိုရာဆွဲ၍လုပ်ဆောင်သွားခြင်းများရှိပြီး နိုင်ငံတော်အတွက် အန္တရာယ်ကြီးမားသည့် လုပ်ရပ်ဖြစ်ကြောင်း၊ ထို့ကြောင့် တပ်မတော်အနေဖြင့် ကြားဝင်ထိန်းသိမ်းပေးခဲ့ရခြင်းဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင်လည်း မှန်မှန်ကန်ကန်နှင့် မျှမျှတတရှိစေရန်လိုအပ်သည့်အတွက် မိမိတို့တာဝန်ယူချိန်မှစ၍ နိုင်ငံတော်အတွက် တာဝန်များပေးအပ်ရာတွင် တပ်မတော်နှင့်အရပ်ဘက်မှ သင့်တော်သူများကို မျှမျှတတဖြင့် ခန့်အပ်တာဝန်ပေးအပ်ခဲ့ပြီး ဥပဒေသတ်မှတ်ချက်များနှင့်အညီသာ ဆောင်ရွက်ခဲ့ကြောင်း၊ လုပ်ငန်းရပ်များကို အကောင်အထည်ဖော်ရာတွင် ဒီမိုကရေစီနည်းအရ အရပ်ဘက်အဖွဲ့အစည်းများဖြင့် အကောင်အထည်ဖော်ဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ မိမိတို့နိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) အရ လွှတ်တော်တွင် အရပ်ဘက်မှ ၇၅ ရာခိုင်နှုန်းပါဝင်ပြီး တပ်မတော်မှ ၂၅ ရာခိုင်နှုန်းသာပါဝင်ကြောင်း၊ ပြီးခဲ့သည့် လွှတ်တော်တွင်တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်များ၏ တင်ပြချက်များ၊ မိမိနှင့် တပ်မတော်အရာရှိကြီးများ၏ တပ်မတော်သားများနှင့် မိသားစုဝင်များကို ပြောကြားခဲ့သည့် မှာကြားချက်များနှင့် မိန့်ခွန်းများကို ပြန်လည်ဖတ်ရှုလေ့လာကြည့်မည်ဆိုပါက တပ်မတော်သည် နိုင်ငံတော်၏ ဒီမိုကရေစီစနစ်နှင့်ပတ်သက်၍ ရပ်တည်ချက်များကိုတွေ့ရမည်ဖြစ်ကြောင်း၊ တပ်မတော်သည် နိုင်ငံတော်ကို ပါတီစုံစနစ်ပေါ်တွင် ခိုင်ခိုင်မာမာရပ်တည်နိုင်စေရန် ထိန်းသိမ်းစောင့်ရှောက်ပေးသည့် Guardian အဖွဲ့အစည်းတစ်ခုဖြစ်နေမည့် အဖွဲ့အစည်းအဖြစ်ခံယူထားပါကြောင်း၊ မိမိတို့သည် လုံခြုံရေးနှင့် တည်ငြိမ်အေးချမ်းရေးအတွက် ဆက်လက်ဆောင်ရွက်နေခြင်းဖြစ်သည်ကို ပြောကြားလိုကြောင်း၊ ထိုသို့ ဆောင်ရွက်ရာတွင် ရေရှည်လုပ်ငန်းစဉ်နှင့်ပတ်သက်၍ ဆောင်ရွက်ရမည်များကို စဉ်းစားခဲ့ကြောင်း၊ ယခင်ရေရှည်လုပ်ငန်းစဉ်အတိုင်း ရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းကာ ရွေးကောက်ပွဲဆိုင်ရာများ ပြန်လည်စစ်ဆေးအရေးယူမှုနှင့်ပတ်သက်၍ ပြီးခဲ့သည့် နှစ်နှစ်တာကာလအတွင်း ဆောင်ရွက်ခဲ့ပြီးဖြစ်ကြောင်း၊ ထိုသို့အရေးယူဆောင်ရွက်ချိန်တွင် အဂတိလိုက်စားမှုများကိုလည်း တွေ့ရှိခဲ့ရသဖြင့် အရေးယူဆောင်ရွက်ခဲ့ရကြောင်း။

မိမိတို့ တာဝန်ထမ်းဆောင်သည့်ကာလအတွင်း ကိုဗစ်-၁၉ရောဂါနှင့်ပတ်သက်ပြီး ဆောင်ရွက်ခဲ့သည်များကို အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီအစည်းအဝေးတွင် တင်ပြခဲ့ပြီးဖြစ်ကြောင်း၊ လက်ရှိအချိန်တွင်လည်း ကိုဗစ်-၁၉ရောဂါဖြစ်ပေါ်မှုများသည် သိသိသာသာလျော့ပါးကျဆင်းသွားပြီဖြစ်ပြီး အတိုင်း

အတာတစ်ခုအထိ ထိန်းထားနိုင်ပြီဖြစ်ကြောင်း၊ သို့သော် ကိုဗစ်-၁၉ရောဂါနှင့်ပတ်သက်၍ ပေါ့ပေါ့ဆဆမဖြစ်ရန်လို ကြောင်း၊ ကျဆင်းသွားသည့် စီးပွားရေးနှင့်ပတ်သက်၍ ၂ နှစ်တာကာလအတွင်း ခက်ခက်ခဲခဲဖြင့်ဆောင်ရွက်ခဲ့ရာ အတိုင်းအတာတစ်ခုအထိ ပြန်လည်တိုးတက်အောင် ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ မိမိတို့တာဝန်ယူချိန်တွင် နိုင်ငံ စီးပွားကျဆင်းစေရန်အတွက် ဘဏ်စနစ်များပျက်စီးအောင် လုပ်ဆောင်ခဲ့မှုများရှိသဖြင့် မိမိတို့အနေဖြင့် ဘဏ်စနစ် များပြိုလဲမှုမရှိစေရေး ထိန်းသိမ်းဆောင်ရွက်ခဲ့ရကြောင်း၊ ကုန်သွယ်မှုနှင့်ပတ်သက်၍လည်း ၂၀၂၁ ခုနှစ်တွင် ကိုဗစ် -၁၉ရောဂါဖြစ်ပွားမှုကြောင့် ကုန်သွယ်မှုလုပ်ငန်းများ ကျဆင်းခဲ့ရသကဲ့သို့ ပြည်တွင်းကုန်ထုတ်လုပ်မှုများ ထိခိုက်ခဲ့ရကြောင်း၊ မိမိတို့အနေဖြင့် ပြည်တွင်းစီးပွားရေး ကို အားပေးမြှင့်တင်ခဲ့သဖြင့် စားရေရိက္ခာရှားပါးမှုများ မကြုံတွေ့ခဲ့ရဘဲ ကုန်ဈေးနှုန်းကြီးမြင့်မှုများကိုမူ အခြား နိုင်ငံများနည်းတူ ခံစားခဲ့ရကြောင်း၊ နိုင်ငံခြားငွေနှင့် ပတ်သက်၍ ပြီးခဲ့သည့်အစိုးရကာလတွင် ချေးခဲ့သည့် ချေးငွေများကို ၂၀၂၁ ခုနှစ်နောက်ပိုင်းတွင် ဆက်လက် ရရှိခြင်းမရှိကြောင်း၊ စီမံကိန်းအသစ်များ ထပ်မံရရှိခြင်း မရှိကြောင်း၊ ၂၀၂၁ ခုနှစ်အတွင်း စီးပွားရေးအကြပ်အတည်း များရှိခဲ့သော်လည်း ၂၀၂၂ ခုနှစ်တွင် ကုန်ထုတ်လုပ်များ ကောင်းမွန်လာခြင်း နယ်စပ်ကုန်သွယ်မှုများကို အတိုင်း အတာတစ်ခုအထိဖွင့်လှစ်လာနိုင်ခြင်းကြောင့် လုပ်ငန်း များပြန်လည်လည်ပတ်လာနိုင်ပြီး နိုင်ငံ၏စီးပွားရေးမှာ အနှုတ်လက္ခဏာမှ အပေါင်း ၃ ရာခိုင်နှုန်းနီးပါး တိုးတက် လာကြောင်း၊ မိမိတို့နိုင်ငံတွင် သဘာဝရေမြေအရင်းအမြစ် များရှိခြင်းကြောင့် ကုန်ထုတ်လုပ်မှုများကို ဆောင်ရွက်နိုင် ခဲ့ကြောင်း၊ ကိုဗစ်-၁၉ ဖြစ်ပွားမှုကို ထိန်းချုပ်နိုင်ခြင်းနှင့် ကုန်ထုတ်လုပ်မှုများကို ဆောင်ရွက်လာနိုင်ခြင်းကြောင့် နိုင်ငံ၏စီးပွားရေး ပြန်လည်ဖွံ့ဖြိုးတိုးတက်လာခြင်း ဖြစ်ကြောင်း၊ လာမည့်နှစ်တွင် နိုင်ငံ့စီးပွားရေး ယခုထက် ပိုမိုဖွံ့ဖြိုးတိုးတက်လာမည်ဟုယုံကြည်ကြောင်း၊ မိမိ အနေဖြင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ကုန် ထုတ်လုပ်ငန်းဆောင်ရွက်နေသူများနှင့် တွေ့ဆုံရာတွင်လည်း ၎င်းတို့၏တင်ပြချက်များအရ လုပ်ငန်းများတိုးတက်မှုရှိ သည်ကို တွေ့ရှိရကြောင်း၊ အလားတူ နိုင်ငံ့စီးပွားရေး မြှင့်တင်ရေး ရန်ပုံငွေများဖြင့် စိုက်ပျိုးရေးလုပ်ငန်းများ ကိုလည်း အောင်မြင်ဖြစ်ထွန်းအောင်ဆောင်နိုင်မည်ဟု ယုံကြည်ကြောင်း။

**ရှေ့သို့ဆက်လက်ကြိုးပမ်းဆောင်ရွက်**

တည်ငြိမ်အေးချမ်းရေးအတွက် ကြိုးပမ်းဆောင်ရွက် လျက်ရှိသကဲ့သို့ တစ်ဖက်မှလည်း နိုင်ငံတော်ဖွံ့ဖြိုး တိုးတက်ရေးအတွက်လည်း ဆက်လက်ဆောင်ရွက်နေ ရမည်ဖြစ်ကြောင်း၊ တိုင်းပြည်တစ်ခု ရပ်တည်နိုင်ရန်အတွက် ပြည်တွင်း၊ ပြည်ပမှ အားများလိုအပ်ကြောင်း၊ ကမ္ဘာပေါ်ရှိ နိုင်ငံတိုင်းသည် ၎င်းတို့နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် အမြဲမပြတ်ကြိုးပမ်းလျက်ရှိသကဲ့သို့ မိမိတို့နိုင်ငံသည်လည်း ရှေ့သို့ရောက်ရှိစေရေး ဆက်လက်ကြိုးပမ်းအားထုတ်နေ ရမည်ဖြစ်ကြောင်း၊ "ရှေ့သို့ချီမည်ပန်းတိုင်ဆီ" "Keep Moving Forward to Achieve Our Goal" ဆိုသည့်အတိုင်း နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် ရှေ့သို့ ဆက်လက်ကြိုးပမ်း ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ရှေ့သို့လှမ်းချီနေမှ သာလျှင် မိမိတို့လိုချင်သည့်ပန်းတိုင်ဆီသို့ အရောက်လှမ်း နိုင်မည်ဖြစ်ကြောင်း၊ ရှေ့သို့လျှောက်လှမ်းနိုင်ရန်အတွက် နိုင်ငံစီးပွားရေးကို မြှင့်တင်ပေးခြင်းသည် အကောင်းဆုံး ပင်ဖြစ်ကြောင်း၊ ထိုသို့ မိမိတို့နိုင်ငံတွင် စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းကို အောင်မြင်စွာဆောင်ရွက်နိုင်မည့် သယံဇာတအရင်းအမြစ်များစွာကို ပိုင်ဆိုင်ထားရှိပြီးဖြစ် ကြောင်း၊ စပါးအထွက်နှုန်းများကို တစ်ဧကချင်းအလိုက် အထွက်နှုန်းတိုးအောင်ဆောင်ရွက်နိုင်မည်ဆိုပါက ပြည် တွင်းဆန်ဖူလုံမှုကိုသာမက ပြည်ပသို့တင်ပို့ရောင်းချနိုင် သဖြင့် နိုင်ငံတော်အတွက် အကျိုးဖြစ်ထွန်းမည်ဖြစ်သကဲ့သို့ စိုက်ပျိုးရေးတောင်သူများ၏ ဝင်ငွေလည်းတိုးတက်လာ ကာ လူမှုစီးပွားဘဝများ ပိုမိုတိုးတက်လာမည်ဖြစ်ကြောင်း၊ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်မှုကြောင့် ဒေသတွင်းငွေကြေး လည်ပတ်မှုကို ပိုမိုကောင်းမွန်စေကာ ဒေသဖွံ့ဖြိုး တိုးတက်မှုကိုဖြစ်ပေါ်စေပြီး ထိုမှတစ်ဆင့် နိုင်ငံ့စီးပွားရေး ဖွံ့ဖြိုးတိုးတက်လာစေမည်ကြောင်း၊ ထို့ကြောင့် မိမိတို့အစိုးရ အနေဖြင့် တစ်ဧကချင်းအထွက်နှုန်းတိုးတက်စေရေး အလေးထားဆောင်ရွက်ကြစေလိုကြောင်း၊ စိုက်ပျိုးရေး လုပ်ငန်းများကို အောင်မြင်အောင်ဆောင်ရွက်၍ အထွက် နှုန်းတိုးတက်အောင် ဆောင်ရွက်နိုင်ခြင်းသည် မြေကြီး မှရွှေသီးအောင် ဆောင်ရွက်နိုင်ခြင်းပင်ဖြစ်ကြောင်း၊ ကမ္ဘာ ပေါ်တွင် စားသုံးမှုနှင့်ပတ်သက်၍ လိုအပ်ချက်များရှိနေ

ကြောင်း၊ မိမိတို့နိုင်ငံမှထွက်ရှိသည့် စိုက်ပျိုးရေးထွက်ကုန်များကိုအသုံးချ၍ ပြည်ပဈေးကွက်သို့ တင်ပို့နိုင်ရမည်ဖြစ်ကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းများကို အောင်မြင်အောင်ဆောင်ရွက်နိုင်ခြင်းသည် နိုင်ငံ့စီးပွားရေးတိုးတက်မှုကို များစွာအထောက်အကူပြုစေမည်ဖြစ်သဖြင့် မိမိတို့အစိုးရအဖွဲ့အနေဖြင့် ကြိုးပမ်းဆောင်ရွက်ကြရန် မှာကြားလိုကြောင်း။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာပေါ်များရေးနှင့်ပတ်သက်၍ ပြောကြားရာတွင် “ဒုတိယအချက်ဖြစ်သည့် တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် ပြည်သူလူထုဗဟိုပြုဖွံ့ဖြိုးရေးလုပ်ငန်းများကို လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်သွားမည်ဆိုတဲ့အတိုင်းပဲ ဒီအပေါ်မှာ စီးပွားရေးအားကောင်းအောင်လုပ်ကြဖို့ လိုအပ်ပါတယ်။ စိုက်ပျိုးရေးထုတ်ကုန်တွေ။ နောက် မွေးမြူရေးထုတ်ကုန်တွေ။ ကျွန်တော်တို့ ပြည်နယ်နဲ့တိုင်း တိုင်းမှာအကုန်ရှိပါတယ်။ မွေးမြူရေးထုတ်ကုန်အကုန်ရှိတယ်။ မနေ့က ဧရာဝတီတိုင်းသွားတဲ့အချိန်မှာ ခရိုင်တိုင်းရှိတယ်။ ခရိုင်တိုင်းမှာ ထုတ်ကုန်ပစ္စည်းအကုန်လုံးရှိတယ်။ ပြောရလို့ရှိရင်ဗျာ မျက်နှာမငယ်ရတဲ့ဒေသကိုသွားတွေ့တယ်။ အကုန်ရှိတယ်။ သူတို့ဆီမှာအကုန်ရှိတယ်။ ဒါလေးကို နည်းနည်း Push လုပ်ပြီးတော့ တင်လိုက်လို့ရှိရင်

တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် ပြည်သူလူထုဗဟိုပြုဖွံ့ဖြိုးရေးလုပ်ငန်းများကို လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်သွားမည်ဆိုတဲ့အတိုင်းပဲ ဒီအပေါ်မှာ စီးပွားရေးအားကောင်းအောင်လုပ်ကြဖို့ လိုအပ်ပါတယ်။ စိုက်ပျိုးရေးထုတ်ကုန်တွေ၊ နောက် မွေးမြူရေးထုတ်ကုန်တွေ၊ ကျွန်တော်တို့ ပြည်နယ်နဲ့တိုင်း တိုင်းမှာအကုန်ရှိပါတယ်။ မွေးမြူရေးထုတ်ကုန်အကုန်ရှိတယ်။

ကျွန်တော်တို့အများကြီးကို တိုင်းပြည်ရဲ့အခြေအနေဟာ ပြောင်းလဲသွားနိုင်စရာရှိတယ်ဆိုတာလေးလည်း ကျွန်တော်ပြောလိုပါတယ်။ အဲ့ဒါဆိုရင်တော့ တိုင်းပြည်သာယာဝပြောမှုတော့ ဖြစ်လာမှာပါ။ ဘာဖြစ်လို့လဲဆိုတော့ ဝင်ငွေရှိနေပြီဆိုတော့ သူတို့ရဲ့လူမှုဘဝတက်လာမှာ။ ဒါသေချာတယ်။ လူမှုဘဝတက်လာမှာ။ ကိုယ့်လူမှုဘဝတက်လာတယ်ဆိုရင် ကိုယ့်လူမှုဘဝကို အထိခိုက်ခံမှာမဟုတ်ဘူး။ အပျက်ဆီးခံမှာတော့မဟုတ်ဘူး။ ပျက်ဆီးမှာတော့လိုလားမှာမဟုတ်ဘူး။ ကောင်းတဲ့ Approach သွားမှာဖြစ်တယ်၊ မကောင်းတဲ့ Approach ကို သွားမှာတော့မဟုတ်ဘူး။ တိုင်းပြည်ကို အကောင်းဆုံးသောစောင့်ရှောက်ခြင်းကတော့ စီးပွားရေးမြှင့်တင်ပေးခြင်းပဲဖြစ်ပါတယ်။ စီးပွားရေးမြှင့်တင်အောင် ကျွန်တော်တို့ဆောင်ရွက်ရမှာဖြစ်ပါတယ်။ ဒါကြောင့် ကျွန်တော်က နံပါတ် ၂ အချက်မှာ ဒီဟာကို ကျွန်တော်တို့ထည့်တာပါ။ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်။ နောက် ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်။ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်ကမပြီးသေးပါဘူး နောက်မတ်လမှာပြီးမှာဖြစ်ပါတယ်။ ဘဏ္ဍာနှစ်မှာ ကျွန်တော်တို့က အကျိုးဝင်နေပါသေးတယ်။ အဲ့ဒီတော့ ကျွန်တော်တို့အနေနဲ့ စီးပွားရေးမြှင့်တင်မှုကို အရှိန်အဟုန်နဲ့ဆောင်ရွက်သွားဖို့လိုပါတယ်။ စီးပွားရေးအရှိန်မြှင့်လုပ်မယ်ဆိုလို့ရှိရင်လည်း စီးပွားရေးကိုအထောက်အကူပြုနိုင်တဲ့ သယ်ယူပို့ဆောင်ရေးစနစ်တွေ ကျွန်တော်တို့ရှိဖို့လိုပါတယ်။ လမ်းတွေကောင်းအောင် လုပ်ရပါမယ်။ မဖြစ်မနေလမ်းတွေကောင်းအောင်လုပ်ပေးရမယ်။ ဒါကတော့ လာမယ့်နှစ်မှာ လမ်းတွေကောင်းအောင်လုပ်ဖို့ ကျွန်တော်တို့ လျာထားပါတယ်။” ဟု ပြောကြားသည်။

**ပညာရေးအားနည်းချက်များရှိ**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ဆက်လက်ပြောကြားရာတွင် မိမိတို့နိုင်ငံတွင် အတန်းပညာနှင့်ပတ်သက်၍ လိုအပ်ချက်များစွာရှိနေဆဲဖြစ်ပြီး နိုင်ငံ့လူဦးရေ၏ ထက်ဝက်ကျော်ခန့်သည် အခြေခံပညာအလယ်တန်းအောက်၌သာရှိနေသည်ကို တွေ့ရှိရမည်ဖြစ်ကြောင်း၊ ပညာရေးအားနည်းချက်များရှိသဖြင့် အလုပ်အကိုင်အခွင့်အလမ်းများရရှိမှုအားနည်းပြီး လူမှုစီးပွားဘဝများသည်လည်း ခက်ခဲနိမ့်ကျမှုများရှိကြောင်း၊ ထို့ပြင် စဉ်းစားတွေးခေါ်နိုင်မှုနှင့် ဆင်ခြင်တုံ

တရားများတွင်လည်း အားနည်းချက်များရှိနိုင်မည်ဖြစ်ကြောင်း၊ ၂၀၂၁-၂၀၂၂ ခုနှစ်အတွင်းဖြစ်ပေါ်ခဲ့သည့် နိုင်ငံရေးဖြစ်ပေါ်ပြောင်းလဲမှုကာလအတွင်း ၎င်းအချက်ကိုအသုံးချ၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကိုမလိုလားသည့် ပြည်တွင်း၊ ပြည်ပ အဖွဲ့အစည်းများနှင့် EAO သွေးထိုးမှုများကြောင့် လမ်းမှားရောက်ခဲ့ရသူ များစွာရှိခဲ့သည်ကိုလည်း တွေ့မြင်ရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ပညာရေးနှင့်ပတ်သက်၍ မဖြစ်မနေအားပေးမြှင့်တင်ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ မကြာခင်ကာလ၌ စာမေးပွဲများစတင်တော့မည်ဖြစ်ပြီး မတ်လအတွင်း တက္ကသိုလ်ဝင်စာမေးပွဲများအားလုံး ပြီးစီးတော့မည်ဖြစ်ကြောင်း၊ ယခုပညာသင်နှစ်တွင် ပညာရည်သင်ကြားမှုများ အဆင်ပြေချောမွေ့စွာ ပြီးစီးခဲ့ပြီဟုဆိုနိုင်သော်လည်း ကျောင်းတက်ရာခိုင်နှုန်းမပြည့်မီသေးသည်ကို တွေ့ရှိရမည်ဖြစ်ကြောင်း၊ အချို့သောနယ်မြေများ၌ အကြမ်းဖက်သမားများ၏ ခြိမ်းခြောက်မှုနှင့်အခြားအကြောင်းအမျိုးမျိုးကြောင့်လာရောက်ပညာမသင်ကြားနိုင်သည့် ကျောင်းသူ၊ ကျောင်းသားများလည်း ရှိမည်ဖြစ်ကြောင်း၊ လာမည့်ပညာသင်နှစ်တွင် တစ်နိုင်ငံလုံးရှိကျောင်းအားလုံးဖွင့်လှစ်နိုင်အောင် မိမိတို့အနေဖြင့် ကြိုးစားဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ထို့သို့ နေရာဒေသအားလုံး၌ ကျောင်းများဖွင့်လှစ်နိုင်ရေးအတွက်လည်း အချို့သောနေရာဒေသများကို စစ်အုပ်ချုပ်ရေးကြေညာခဲ့ရခြင်းဖြစ်ကြောင်း၊ စည်းကမ်းကို တင်းတင်းကြပ်ကြပ်ကိုင်တွယ်မှသာလျှင် ကျောင်းနေအရွယ်ကလေးငယ်အားလုံး၏ အခွင့်အရေးများ မဆုံးရှုံးမည်ဖြစ်ကြောင်း၊ ပညာရေးဝန်ထမ်းများ၏ အခက်အခဲများကိုလည်း အတတ်နိုင်ဆုံးဖြေရှင်းဖြည့်ဆည်းပေးလျက်ရှိကြောင်း၊ ကျောင်းတက်ရောက်သူဦးရေသည်လည်း လာမည့်ပညာသင်နှစ်တွင် ပိုမိုတိုးပွားလာမည်ဖြစ်သဖြင့် အားလုံးအေးအေးချမ်းချမ်းဖြင့် ပညာသင်ကြားနိုင်ရေး မိမိတို့အနေဖြင့် ဆောင်ရွက်ပေးသွားရမည်ဖြစ်ကြောင်း။

ကျန်းမာရေးနှင့်ပတ်သက်၍ ကိုဗစ်-၁၉ရောဂါဖြစ်ပွားမှုနှုန်းသည် ကျဆင်းလျက်ရှိသည်ဖြစ်သော်လည်း မိမိတို့အနေဖြင့် ပေါ့ပေါ့ဆဆနေ၍ရမည်မဟုတ်ဘဲ စည်းကမ်းသတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ အိမ်နီးနားချင်းတိုင်းပြည်များနှင့် ကမ္ဘာ့နိုင်ငံများတွင်လည်း ကိုဗစ်-၁၉ရောဂါဖြစ်ပွားမှုနှုန်း လျော့ကျလာသည်ဖြစ်သော်လည်း မိမိတို့အနေဖြင့် သတိဖြင့်နေထိုင်ကြရန်လိုကြောင်း၊ ထို့ပြင် လူတစ်ဦးချင်းစီ၏ ကျန်းမာကြံ့ခိုင်ရေးအတွက် နေထိုင်စားသောက်မှုများ ကျန်းမာရေးနှင့်ညီညွတ်မှုရှိရမည်ဖြစ်ပြီး အာဟာရပြည့်ပြည့်ဝဝစားသုံးရမည်ဖြစ်ကြောင်း၊ ကျန်းမာရေးနှင့်မညီညွတ်သည့် နေထိုင်စားသောက်မှုများကြောင့်ကျန်းမာရေးထိခိုက်ပြီး ပညာသင်ကြားမှု၊ လုပ်အားဆုံးရှုံးမှုများ မရှိစေရေးအတွက်လည်း ကျန်းမာရေးစောင့်ရှောက်မှုများကို မြှင့်တင်ဆောင်ရွက်ပေးသွားရန်လိုကြောင်း၊ ထိုသို့ဆောင်ရွက်ပေးနိုင်မှသာလျှင် လူမှန်နေရာမှန်ချထားနိုင်မည်ဖြစ်ပြီး လူ့စွမ်းအားအရင်းအမြစ်များကို အကျိုးရှိစွာအသုံးချနိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် မိမိတို့အနေဖြင့် လာမည့်နှစ်တွင် စီးပွားရေးအားကောင်းအောင်ဆောင်ရွက်သွားမည်၊ လမ်းပန်းဆက်သွယ်ရေးပိုမိုကောင်းမွန်အောင် ဆောင်ရွက်သွားမည်၊ ပညာရေး၊ ကျန်းမာရေးမြှင့်တင်ရေးများကိုဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်းကို ပြောကြားလိုကြောင်း၊ အဓိကအားဖြင့် စိုက်ပျိုးမွေးမြူရေးကဏ္ဍများတွင် ယခုထက်ပိုမို၍ သိသိသာသာတိုးတက်အောင် ဆောင်ရွက်သွားရန်လိုကြောင်းကို ပြောကြားလိုကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းများကိုဆောင်ရွက်ရာတွင် မျိုးကောင်းရန်၊ မြေကောင်းရန်၊ ရေလုံလောက်စွာရရှိရန်၊ နည်းစနစ်တကျစိုက်ပျိုးရန် စသည့်အချက်များလိုအပ်ကြောင်း၊ ရောဝတီတိုင်းဒေသကြီးသို့သွားရောက်စဉ် အထွက်နှုန်းနှင့်ပတ်သက်၍ တိုးမြှင့်အောင်ဆောင်ရွက်ရေး၊ ဈေးကွက်ရရှိရေး၊ အရည်အသွေးကောင်းမွန်ရေးကို ဆောင်ရွက်သွားရန်မှာကြားခဲ့ကြောင်း၊ ဆီထွက်သီးနှံနှင့်ပတ်သက်၍ စားသုံးဆီကို နှစ်စဉ်ဒေါ်လာ သန်း ၇၀၀ ဖိုးခန့် တင်သွင်းနေရသည်ကို ပြောကြားလိုကြောင်း၊ ပြည်ပမှဆီတင်သွင်းမှုကိုလျှော့ချလိုက်မည်ဆိုပါက ပြည်တွင်းဆီစက်များ ပိုမိုလည်ပတ်လာနိုင်မည်ဖြစ်ကြောင်း၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များသို့ သွားရောက်စဉ် ဆီစက်လုပ်ငန်းများကိုခေတ်မီနည်းစနစ်များဖြင့်ဆောင်ရွက်နိုင်ရေး တိုးချဲ့လည်ပတ်နိုင်ရေးအတွက် တင်ပြမှုများများစွာရှိကြောင်း၊ နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေမှလည်း ဆီစက်လုပ်ငန်းများအတွက် ရင်းနှီးငွေများပေးထားပြီးဖြစ်ကြောင်း၊ ပန်းတိုင်ရည်မှန်းချက်ကိုပြည့်မီအောင် ထွက်ရှိရေးဆောင်ရွက်မည်ဆိုပါက ပြည်တွင်းဆီလိုအပ်ချက်ကို ဖူလုံ

စေမည်ဖြစ်ပြီး ပိုလျှံသည်အထိဖြစ်စေနိုင်ကြောင်း၊ ၂၀၂၄ ခုနှစ်တွင် ဆီဖူလုံရေးအတွက် ဆောင်ရွက်လျက်ရှိကြောင်း၊ ဆီထွက်သီးနှံများ တိုးမြှင့်စိုက်ပျိုးနိုင်ရေးနှင့် အထွက်နှုန်း တိုးအောင်ဆောင်ရွက်မည်ဆိုပါက ပြည်တွင်းဆီဖူလုံမှုကို ဖြစ်ပေါ်စေနိုင်မည်ဖြစ်ပြီး ပြည်ပမှတင်သွင်းနေရမှုကို လျှော့ချနိုင်မည်ဖြစ်ကြောင်း၊ နှမ်းတစ်စေ့ဖြင့် ဆီမဖြစ် နိုင်သော်လည်း အားလုံးဝိုင်းဝန်းကြိုးပမ်းဆောင်ရွက် မည်ဆိုပါက အောင်မြင်အောင်ဆောင်ရွက်နိုင်မည်ဖြစ် ကြောင်း၊ နိုင်ငံအတွက်လိုအပ်လျက်ရှိသည့် စားသုံးဆီကို ပြည်ပမှတင်သွင်းရသူ (Importer) အဆင့်မှ ပြည်တွင်း လိုအပ်ချက် ဖူလုံပြည့်မီအောင်ထုတ်လုပ်ပြီး ပြည်ပသို့ တင်ပို့နိုင်သူ (Exporter) အဆင့်အထိရောက်ရှိအောင် ကြိုးပမ်းဆောင်ရွက်ကြရန်လိုကြောင်း။

**ပဲအထွက်နှုန်းတိုးတက်အောင်**

ထို့ပြင် မိမိတို့နိုင်ငံ၌ ပဲအထွက်နှုန်းနည်းနေသေး သည်ကို တွေ့ရှိရကြောင်း၊ ကမ္ဘာပေါ်တွင် မိမိတို့နိုင်ငံသည် ပဲတင်ပို့မှု၌ ဒုတိယနေရာတွင်ရှိသည့် နိုင်ငံတစ်ခုဖြစ်ပြီး ကမ္ဘာ့ပဲလိုအပ်ချက်ပမာဏသည် များစွာရှိနေကြောင်း၊ ထို့ကြောင့် ဈေးကွက်ရရှိပြီးသားဖြစ်သဖြင့် ပဲအထွက်နှုန်း တိုးတက်အောင်လည်း ဆောင်ရွက်ကြရန်လိုပြီး အောင်မြင် အောင်ဆောင်ရွက်ခြင်းဖြင့် နိုင်ငံ့ဝင်ငွေများလည်း မြင့်တက် လာမည်ဖြစ်ကြောင်း၊ ဧရာဝတီတိုင်းဒေသကြီးအတွင်း ငါးမွေးမြူရေးလုပ်ငန်းများကို ခေတ်မီသိပ္ပံနည်းကျ ပြုလုပ်ထားသည်ကိုတွေ့ရှိရပြီး နိုင်ငံအတွက် များစွာ အကျိုးဖြစ်စေနိုင်သည့် မွေးမြူရေးလုပ်ငန်းတစ်ခုဖြစ် သည်ကို တွေ့ရှိရကြောင်း၊ နည်းပညာရရှိပြီးဖြစ်သဖြင့် အခြားသော တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌လည်း ဈေးကွက်ရရှိမှုအလိုက် တိုးမြှင့်ဆောင်ရွက်နိုင်မည်ဆိုပါ က သားငါးကဏ္ဍတွင် ငါးမွေးမြူရေးမှတစ်ဆင့် ဝင်ငွေများ စွာရရှိလာနိုင်မည်ဖြစ်ကြောင်း၊ ငါးမွေးမြူရေးနှင့်ပတ် သက်၍ သဘာဝငါးသယံဇာတများ အများအပြားဖမ်း ဆီး၍ ထုတ်ယူခြင်းသည် ငါးသယံဇာတများကို ဆုံးရှုံးလာ စေနိုင်သည်ဖြစ်သဖြင့် မိမိတို့အနေဖြင့် အားမပေးဘဲ ခေတ်မီ နည်းကျ စနစ်တကျမွေးမြူခြင်းကို အားပေးပါကြောင်း။

နွားမွေးမြူရေးနှင့်ပတ်သက်၍ အသားထုတ်လုပ်ခြင်း နှင့် နို့ထုတ်လုပ်ခြင်းဟူ၍ရှိပြီး ဒေါ်လာ သန်း ၁၀၀ နီးပါး တန်ဖိုးရှိ နို့နှင့်နို့ထွက်ပစ္စည်းများကို နှစ်စဉ်ပြည်ပမှတင် သွင်းနေရကြောင်း၊ မိမိတို့နိုင်ငံတွင်း၌ အောင်မြင်အောင် ထုတ်လုပ်နိုင်သည့် အခြေအနေများရှိပြီးဖြစ်သဖြင့် နိုင်ငံ အတွင်း နို့နှင့်နို့ထွက်ပစ္စည်းလိုအပ်ချက်များကို ပြည့်မီ အောင်ထုတ်လုပ်နိုင်မည်ဆိုပါက နိုင်ငံခြားငွေသုံးစွဲမှုကို လျှော့ချနိုင်မည်ဖြစ်ကြောင်း၊ မိရိုးဖလာမွေးမြူခြင်းထက် နည်းစနစ်ကျနသည့် မွေးမြူရေးစနစ်ကို ဖော်ဆောင်ပေး သွားရမည်ဖြစ်ကြောင်း။

ရှေ့လုပ်ငန်းစဉ် ၅ ရပ်အနက် တတိယအချက်သည် **“စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံ သည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များ ကို ဆက်လက်ဆောင်ရွက်သွားမည်”** ဟူ၍ဖြစ်ကြောင်း၊ မိမိတို့သည် အခြေခံဥပဒေအရ ပါတီစုံဒီမိုကရေစီစနစ်ကို လျှောက်လှမ်းလျက်ရှိပြီး တပ်မတော်အနေဖြင့်လည်း ဖွဲ့စည်း ပုံအခြေခံဥပဒေကို စောင့်ရှောက်ရန်တာဝန်ရှိကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေကို မဲပေးသည့်အချိန်တွင် မဲပေး ခွင့်ရှိသူများအနက် ၉၂ ဒသမ ၄၈ ရာခိုင်နှုန်း ထောက်ခံမဲ ပေးခဲ့ပြီး အတည်ပြုခဲ့ခြင်းဖြစ်ကြောင်း၊ ယင်းဖွဲ့စည်းပုံ အခြေခံဥပဒေကို လက်ရှိအခြေအနေနှင့် သင့်လျော်သည့် လိုအပ်သည့်ပြင်ဆင်မှုများ ဆောင်ရွက်ရမည်ကို မိမိတို့ အနေဖြင့် လက်ခံပြီးဖြစ်ကြောင်း၊ ပြင်ဆင်သင့်သည်များ ကိုပြင်ဆင်ပြီး မိမိတို့နိုင်ငံနှင့်ကိုက်ညီသည့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကြီးကို သွားရမည်ဖြစ်သဖြင့် လွှတ်တော်လမ်းကြောင်းကို မဖြစ် မနေသွားရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် နိုင်ငံရေးပါတီများ ပြင်ဆင်ဖွဲ့စည်းရန် လိုအပ်သည့်အတွက် ပြီးခဲ့သည့်လတွင် နိုင်ငံရေးပါတီများ မှတ်ပုံတင်ရန် ဥပဒေကိုလည်း ပြဋ္ဌာန်း ပေးခဲ့ပြီးဖြစ်ကြောင်း၊ အမှန်တကယ် နိုင်ငံရေးလုပ်ဆောင် လိုသူများ လုပ်ဆောင်နိုင်မည်ဖြစ်ကြောင်း၊ ၁၉၉၀ ပြည့်နှစ် ရွေးကောက်ပွဲတွင် အခွင့်အလမ်းပေးသည့်အနေဖြင့် နိုင်ငံ ရေးပါတီများကို လျော့ပေါ့စွာဖြင့် ဖွဲ့စည်းပေးခဲ့ကြောင်း၊ ယခင် ၁၉၆၂ ခုနှစ် နောက်ပိုင်းကာလတွင် တစ်ပါတီစနစ်ဖြင့် သွားခဲ့ပြီး ကွန်မြူနစ်အုပ်စုများ၊ ဒီမိုကရေစီအုပ်စုများနှင့် သဘောထားကွဲလွဲမှုများရှိခဲ့ကြောင်း၊ သို့သော်လည်း ပါတီ အနေဖြင့် မြန်မာ့နည်း၊ မြန်မာ့ဟန်ဖြင့် မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီစနစ်ကို သွားခဲ့ကြောင်း၊ ယင်းကို လက်မခံ နိုင်သူများအနေဖြင့် တစ်ပါတီကိုကာကွယ်ထားသည့်

ဥပဒေရှိနေသည့်အတွက် နိုင်ငံရေးထွက်ပေါက်မရှိခဲ့ကြောင်း၊ ၁၉၇၄ ခုနှစ် အခြေခံဥပဒေတွင်လည်း တစ်ပါတီစနစ်ဖြင့်သာ လျှောက်လှမ်းခဲ့ခြင်းဖြစ်သောကြောင့် ၁၉၈၈ ခုနှစ် အရေးအခင်းကာလတွင် ဒီမိုကရေစီအခွင့်အရေးကို တောင်းဆိုမှုများရှိခဲ့ပြီး ယခင်ဖွဲ့စည်းပုံဥပဒေပျက်ခဲ့ကြောင်း၊ တပ်မတော်အနေဖြင့် ပါတီစုံဒီမိုကရေစီလမ်းကြောင်းကို လမ်းခင်းပေးမည်ဖြစ်သဖြင့် ၁၉၉၀ ပြည့် ရွေးကောက်ပွဲတွင် ပါတီများဖွဲ့စည်းနိုင်သမျှဖွဲ့စည်းပြီး လုပ်ပိုင်ခွင့်များပေးခဲ့ကြောင်း၊ မိမိတို့အနေဖြင့် ယင်းကိစ္စနှင့်ပတ်သက်၍ ကောင်စီအစည်းအဝေးတွင်လည်း ဆွေးနွေးခဲ့ကြောင်း၊ ပါတီများများပြားခြင်းကြောင့် ပါတီဝင်အင်အားနည်းပါက ၎င်းတို့လှုပ်ရှားရသည့် နယ်မြေကျဉ်းမြောင်းမည်ဖြစ်ပြီး အခွင့်အရေးရရှိမှုသည်လည်း နည်းပါးမည်ဖြစ်ကြောင်း၊

ထို့ကြောင့် လူထုအားဖြင့် လုပ်ဆောင်ခြင်းသည် ပိုမိုကောင်းမွန်မည်ဟု ဆွေးနွေးခဲ့ကြပြီး နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း ပြင်ဆင်သည့်ဥပဒေကို ထုတ်ပြန်ခဲ့ခြင်းဖြစ်ကြောင်း၊ နိုင်ငံရေးတွင် နိုင်ငံရေးလုပ်ဆောင်လိုသူများပြားပြီး ယင်းနိုင်ငံရေးသည်လည်း အမှန်တကယ် အကောင်အထည်ဖော်နိုင်ရန်လိုကြောင်း၊ ပါတီများ၏ ပါတီနိုင်ငံရေး ဦးတည်ချက်ဟူသည်မှာ နိုင်ငံကိုပုံဖော်ရန် ချမှတ်ထားသည့် အတွေးအခေါ်အယူအဆပင်ဖြစ်ပြီး ယင်းကို အကောင်အထည်ဖော်ရန်အတွက် လွှတ်တော်လမ်းကြောင်းတွင် ပါဝင်နိုင်ရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ပါတီငယ်များများပြားနေပါက လုပ်ဆောင်နိုင်မည်မဟုတ်သဖြင့် ဦးစီးခေါင်းဆောင်မှုကောင်းသည့် ပါတီများတည်ရှိခြင်းသည် ပိုမိုကောင်းမွန်မည်ဟု ယူဆပါကြောင်း၊ ထို့ကြောင့် နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေကို ထုတ်ပြန်ခဲ့ပြီး ထိန်းသိမ်းခဲ့ခြင်းဖြစ်ကြောင်း၊ တည်ဆဲပါတီများအနေဖြင့် ရက်ပေါင်း ၆၀ အတွင်း မှတ်ပုံတင်ရန်လိုအပ်ပြီး မှတ်ပုံတင်ခြင်းမရှိပါက အလိုအလျောက်ပျက်ပြယ်သွားမည်ဖြစ်ကြောင်း၊ ပါတီအသစ်များအနေဖြင့်လည်း မှတ်ပုံတင်ရန်လိုအပ်ပြီး လက်ရှိတွင် လာရောက်မှတ်ပုံတင်ခြင်းများ ဆောင်ရွက်လျက်ရှိသည်ကို တွေ့ရှိရကြောင်း၊ ပါတီများနှင့်ပတ်သက်၍ ၎င်းတို့၏လုပ်ဆောင်ချက်များကိုလည်း ဥပဒေအရခွင့်ပြုသင့်သည်များကို ခွင့်ပြုပေးသွားရမည်ဖြစ်ကြောင်း၊ ပါတီများဖွဲ့စည်းပြီးပါက ရွေးကောက်ပွဲအတွက် ကြိုတင်ပြင်ဆင်သင့်သည်များကို ဆက်လက်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ယင်းတို့သည် မလွဲမသွေလုပ်ဆောင်ရမည်များဖြစ်သည်ကို ပြောလိုကြောင်း။

> **လူထုအားဖြင့် လုပ်ဆောင်ခြင်းသည် ပိုမိုကောင်းမွန်မည်ဟု ဆွေးနွေးခဲ့ကြပြီး နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း ပြင်ဆင်သည့်ဥပဒေကို ထုတ်ပြန်ခဲ့ခြင်းဖြစ်၊ နိုင်ငံရေးတွင် နိုင်ငံရေးလုပ်ဆောင်လိုသူ များပြားပြီး ယင်းနိုင်ငံရေးသည်လည်း အမှန်တကယ် အကောင်အထည်ဖော် နိုင်ရန်လို၊ ပါတီများ၏ ပါတီနိုင်ငံရေး ဦးတည်ချက်ဟူသည်မှာ နိုင်ငံကိုပုံဖော်ရန် ချမှတ်ထားသည့် အတွေးအခေါ်အယူအဆ ပင်ဖြစ်ပြီး ယင်းကို အကောင်အထည်ဖော် ရန်အတွက် လွှတ်တော်လမ်းကြောင်းတွင် ပါဝင်နိုင်ရမည်ဖြစ်။**

**"တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) ပါသဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။"** ဟု ရှေ့လုပ်ငန်းစဉ်စတုတ္ထအချက်အနေဖြင့် ချမှတ်ထားကြောင်း၊ ဒီမိုကရေစီစနစ်ကို ဖော်ဆောင်ရာတွင် တိုင်းပြည်ငြိမ်းချမ်းမှုရှိရန် မဖြစ်မနေလိုအပ်ကြောင်း၊ ကမ္ဘာပေါ်တွင် ဒီမိုကရေစီအပေါ် အကြမ်းဖက်မှုဖြစ်စဉ်များရှိနေသည့် တိုင်းပြည်များသည် တိုးတက်မှုထိခိုက်နှောင့်နှေးနေသည်ကို တွေ့ရမည်ဖြစ်ကြောင်း၊ ထို့ပြင် ဒီမိုကရေစီကိုအကြောင်းပြု၍ အာဏာတည်မြဲအောင် လုပ်ဆောင်နေသည့် တိုင်းပြည်များသည်လည်း အခက်အခဲများရှိမည်ဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် ယင်းကဲ့သို့ အခက်အခဲများမရှိစေရေး တည်ငြိမ်အေးချမ်းမှုများရှိအောင် ကြိုးပမ်း ဆောင်ရွက်လျက်ရှိကြောင်း၊ တည်ငြိမ်အေးချမ်းမှုသာလျှင် နိုင်ငံတော်၏ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေးတို့ကို ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊

ငြိမ်းချမ်းရေးတွင် ရိုးသားမှုရှိရမည်ဖြစ်၊ နယ်ချဲ့လက်အောက်တွင် သွေးခွဲအုပ်ချုပ်ခံခဲ့ရမှု၏အကျိုးဆက်များကြောင့် မငြိမ်းချမ်းခြင်း၏အကျိုးဆက်ကို ယခုထက်တိုင် ခံစားနေရခြင်းဖြစ်ပြီး နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက်ဆောင်ရွက်ရာတွင် အခက်အခဲများတွေ့ရ၊ ငြိမ်းချမ်းရေးဆွေးနွေးမှုများတွင် တစ်ဖက်နှင့်တစ်ဖက် သဘောထားကြီးစွာဖြင့် ဆွေးနွေးဆောင်ရွက်ကြရန်လို၊ နိုင်ငံတော်အတွက် ဖြစ်နိုင်သည်များနှင့် ဖြစ်သင့်သည်များကို အကြေအလည်ဆွေးနွေး အဖြေထုတ်ရမည်ဖြစ်။

ထို့ကြောင့် ငြိမ်းချမ်းရေးကမ်းလှမ်းဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် မည်သည့်လက်နက်ကိုင်အဖွဲ့အစည်းကိုမျှ ၎င်းတို့ကို တရားဝင်ခွင့်ပြုထားသည့် အခြေချစခန်းများသို့ သွားရောက်တိုက်ခိုက်ခြင်းများမလုပ်ခဲ့ကြောင်း၊ ငြိမ်းချမ်းရေးတွင် ရိုးသားမှုရှိရမည်ဖြစ်ကြောင်း၊ နယ်ချဲ့လက်အောက်တွင် သွေးခွဲအုပ်ချုပ်ခံခဲ့ရမှု၏အကျိုးဆက်များကြောင့် မငြိမ်းချမ်းခြင်း၏အကျိုးဆက်ကို ယခုထက်တိုင်ခံစားနေရခြင်းဖြစ်ပြီး နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ရာတွင် အခက်အခဲများတွေ့ရကြောင်း၊ ငြိမ်းချမ်းရေးဆွေးနွေးမှုများတွင် တစ်ဖက်နှင့်တစ်ဖက် သဘောထားကြီးစွာဖြင့် ဆွေးနွေးဆောင်ရွက်ကြရန်လိုကြောင်း၊ နိုင်ငံတော်အတွက် ဖြစ်နိုင်သည်များနှင့် ဖြစ်သင့်သည်များကို အကြေအလည်ဆွေးနွေးအဖြေထုတ်ရမည်ဖြစ်ကြောင်း၊ တိုင်းရင်းသားအားလုံး တူညီသည့်အခွင့်အရေးကိုသာ ရရှိရမည်ဖြစ်ကြောင်း၊ မဖြစ်နိုင်သည်များကို တောင်းဆိုနေ၍မရဘဲ တိုင်းပြည်အကျိုး၊ ပြည်ထောင်စုအကျိုးကိုသာကြည့်၍ ဆောင်ရွက်ကြစေလိုကြောင်း၊ ထို့ကြောင့် ငြိမ်းချမ်းရေးနှင့်ပတ်သက်ပြီး မိမိတို့အနေဖြင့် အကောင်းဆုံးဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် ရှေ့လုပ်ငန်းစဉ် စတုတ္ထအချက်ဖြစ်သည့် ငြိမ်းချမ်းရေးနှင့်ပတ်သက်၍ အကောင်းဆုံးဖြစ်အောင် အတတ်နိုင်ဆုံးဆောင်ရွက်သွားမည်ဖြစ်ပြီး တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် နိုင်ငံရေးအဖွဲ့အစည်းများအနေဖြင့်လည်း ပြည်ထောင်စုအကျိုးစီးပွားကို ရှေးရှုကြည့်၍ သမာသမတ်ရှိစွာဖြင့် ဆွေးနွေးဆောင်ရွက်သွားကြရန်လိုကြောင်း။

ရှေ့လုပ်ငန်းစဉ်များအနက် နောက်ဆုံးအချက်တွင် **“အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈) နှင့်အညီ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်”** ဟူ၍ ချမှတ်ထားကြောင်း၊ မိမိတို့အနေဖြင့် နိုင်ငံတော်ကို နိုင်ငံရေးအရ အရေးပေါ်အခြေအနေကြေညာခဲ့ရခြင်းသည် ရွေးကောက်ပွဲတွင်ဖြစ်ပေါ်ခဲ့သည့် မဲမသမာမှုများကြောင့်ဖြစ်ကြောင်း၊ ယခင်အစိုးရလက်ထက် ရွေးကောက်ပွဲ၌ သိက္ခာမဲ့သောရွေးကောက်ပွဲဖြစ်ခဲ့သဖြင့် မိမိတို့အနေဖြင့် သိက္ခာရှိသည့် ရွေးကောက်ပွဲကျင်းပနိုင်ရေး အဘက်ဘက်မှ ကြိုးပမ်းဆောင်ရွက်သွားရမည်ကြောင်း၊ ရွေးကောက်ပွဲသည် နိုင်ငံ့ခေါင်းဆောင်အထိ ရွေးခြယ်ခြင်းဖြစ်သဖြင့် စနစ်တကျဖြင့် မှန်ကန်မှုရှိအောင် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ယခင်ရွေးကောက်ပွဲ၌ မဲစာရင်းကွာဟမှုများစွာဖြစ်ပွားခဲ့သည်ကို တွေ့မြင်ပြီးဖြစ်ကြောင်း၊ ထို့ကြောင့် လာမည့် ရွေးကောက်ပွဲတွင် မဲစာရင်းများမှန်ကန်ရန်လိုပြီး မိမိတို့အနေဖြင့် စစ်မှန်ပြီး တရားမျှတသည့် ရွေးကောက်ပွဲတစ်ရပ်ကို ဖော်ဆောင်ပေးရမည်ဖြစ်ကြောင်း၊ တည်ငြိမ်အေးချမ်းရေးကို စတင်ဆောင်ရွက်ပေးရမည်ဖြစ်ပြီး မဲစာရင်းများမှန်ကန်စေရေး သန်းခေါင်စာရင်းများကို အမှန်အတိုင်းဖြစ်အောင် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ မဲပေးခွင့်ရှိသူတိုင်း မဲပေးခွင့်ရရှိစေရေး မဲစာရင်းများကို ပြုစုဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်နိုင်မှသာ လျှင် မဲစာရင်းများမှန်ကန်မည်ဖြစ်ကြောင်း၊ ကမ္ဘာ့နိုင်ငံတိုင်းတွင် ၁၀၀ ရာခိုင်နှုန်းမှန်ကန်သည့် ရွေးကောက်ပွဲဟူ၍မရှိဘဲ ရာခိုင်နှုန်းအနည်းငယ်ကွဲလွဲမှုများ ရှိကြကြောင်း၊ သို့သော်လည်း ရွေးကောက်ပွဲတွင် ကြီးမားသည့် မဲစာရင်းကွဲလွဲမှုများကို မည်သည့်နိုင်ငံကမျှ လက်မခံ

ကြကြောင်း၊ ထို့ကြောင့် မိမိတို့အနေဖြင့် မှန်ကန်သည့် မဲစာရင်းများဖြစ်စေရေး၊ မဲပေးခွင့်ရှိသူတိုင်း မဲပေးခွင့်ရရှိရေးကို ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ ဆန္ဒမဲပေးခြင်း မပေးခြင်းသည် မဲပေးသူများ၏အခွင့်အရေးဖြစ်ပြီး မဲပေးခွင့်ရရှိအောင် ဆောင်ရွက်ပေးရန်မှာ အစိုးရ၏တာဝန်ပင်ဖြစ်ကြောင်း။

မိမိတို့နိုင်ငံတွင် ပါတီစုံဒီမိုကရေစီစနစ် စတင်ကျင့်သုံးသည့်ကာလကစပြီး အထွေထွေရွေးကောက်ပွဲ (၃) ကြိမ်ကျင်းပခဲ့ပါကြောင်း၊ နိုင်ငံတွင် မြို့နယ် ၃၃၀ မြို့နယ်ရှိပြီး ၂၀၁၀ ပြည့်နှစ်ရွေးကောက်ပွဲတွင် ၃၂၅ မြို့နယ်၊ ၂၀၁၅ ခုနှစ် ရွေးကောက်ပွဲတွင် ၃၂၃ မြို့နယ်နှင့် ၂၀၂၀ ပြည့်နှစ်ရွေးကောက်ပွဲမှာ ၃၁၅ မြို့နယ်တို့၌ ရွေးကောက်ပွဲကျင်းပနိုင်ခဲ့ပါကြောင်း၊ တဖြည်းဖြည်းဖြင့် ရွေးကောက်ပွဲကျင်းပနိုင်သည့် မြို့နယ်များကျဆင်းလာသည်ကို တွေ့မြင်ရပြီး ဒီမိုကရေစီစနစ်ကိုဖော်ဆောင်မည်ဟူသည့် အစိုးရများလက်ထက်တွင် ပြည်သူ့ဆန္ဒဖော်ထုတ်နိုင်မှု ပိုမိုပြီးနည်းပါးသွားသည်ကို သတိပြုဖွယ်တွေ့ရပါကြောင်း။

ရွေးကောက်ပွဲများကျင်းပရာတွင်လည်း နိုင်ငံသားတစ်ဦးချင်း၏ ဆန္ဒသဘောထားကို လွတ်လပ်စွာဖော်ထုတ်နိုင်ရေး ခြိမ်းခြောက်မှု၊ အကျပ်ကိုင်မှု၊ မတရားတိုက်တွန်းမှု၊ လူအုပ်စုဖြင့် အနိုင်ကျင့်လွှမ်းမိုးမှု စသည့် မတရားမှုများကင်းဝေးရမည်ဖြစ်ကြောင်း၊ မိမိတို့အစိုးရအနေဖြင့် တစ်နိုင်ငံလုံးအကြားအလပ်မရှိအထွေထွေရွေးကောက်ပွဲကျင်းပပေးနိုင်ရေး၊ မဲပေးကြမည့် နိုင်ငံသားအားလုံး မတရားမှုများမှကင်းဝေးစေရေး ကြိုးစားဆောင်ရွက်လျက်ရှိပါကြောင်း၊ ကော်မရှင်တစ်ခုတည်း၏ တာဝန်သာမဟုတ်ဘဲ အားလုံးက ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြရန်လိုကြောင်း၊ သိက္ခာရှိသည့် ရွေးကောက်ပွဲနှင့် မှန်ကန်သည့် ရွေးကောက်ပွဲဖြစ်စေရေး ကြိုးပမ်းဆောင်ရွက်သွားရမည်ဖြစ်ကြောင်းကို အလေးအနက်ထားပြောကြားလိုကြောင်း။

မိမိတို့၏ ရှေ့ဆက်လက်ဆောင်ရွက်သွားမည့် ရှေ့လုပ်ငန်းစဉ် ၅ ရပ်နှင့်ပတ်သက်၍ ဆောင်ရွက်သွားရန်လိုအပ်သည်များကို ပြောကြားခဲ့ခြင်းဖြစ်ပြီး ဆက်လက်ပြောကြားလိုသည်မှာ နိုင်ငံတကာဆက်ဆံရေးနှင့်စပ်လျဉ်း၍ မိမိတို့နိုင်ငံသည် ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံဖြစ်ပြီး အဓိကအဖွဲ့အစည်းများဖြစ်သည့် အာဆီယံနှင့် ဘင်းမ်စတက်အဖွဲ့ဝင်နိုင်ငံဖြစ်ကြောင်း၊ မိမိတို့နိုင်ငံ၏ နိုင်ငံခြားရေးမူဝါဒမှာ လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သည့် နိုင်ငံခြားရေးမူဝါဒဖြစ်ကြောင်း၊ နိုင်ငံအားလုံးနှင့် မိတ်ဝတ်မပျက်ဆက်ဆံရေး၊ ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး မူကြီး (၅) ရပ်အပေါ်တွင်အခြေခံ၍ အားလုံးကို ဆက်ဆံကြောင်း၊ အာဆီယံတွင် ၁၉၉၇ ခုနှစ်၌ နောက်တိုးအဖွဲ့ဝင်နိုင်ငံအဖြစ် ပါဝင်လာခြင်းဖြစ်ကြောင်း။

**အခြေအနေမှန်ကို သိရှိစေရန် လိုအပ်**

မိမိတို့နိုင်ငံနှင့်ပတ်သက်၍ နိုင်ငံတကာကပြောဆိုနေသည့်ကိစ္စများတွင် မှားယွင်းနေသည်များရှိကြောင်း၊ အခါအားလျော်စွာ မိမိတို့နိုင်ငံသို့ရောက်ရှိလာသည့် ဧည့်သည်တော်များ၊ နိုင်ငံတကာအဖွဲ့အစည်းများ၊ သံတမန်များ၊ စီးပွားရေးအဖွဲ့အစည်းများမှ တာဝန်ရှိသူများက ၎င်းတို့ပြည်ပနိုင်ငံများတွင် သိရှိနေသည့်အချက်များနှင့် မြန်မာနိုင်ငံ၏ ပကတိအခြေအနေများမှာ ကွဲလွဲနေသည်ကို သိရှိရသည့်အတွက် အံ့သြမိသည်ဟု ပြောဆိုကြကြောင်း၊ ၎င်းတို့မှာ မီဒီယာများနှင့် ဘက်လိုက်တင်ပြထားကြသည့် သံတမန်များ၏ အချက်အလက်များကိုအခြေခံ၍ ပြောဆိုနေကြခြင်းဖြစ်ကြောင်း၊ ၎င်းတို့အနေဖြင့် အခြေအနေမှန်ကိုသိရှိစေရန်လိုအပ်ကြောင်း၊ မိမိတို့ရပ်တည်ချက်မှာ အာဆီယံ၏ မူဘောင်အတွင်းမှ မှန်မှန်ကန်ကန်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

**မှန်မှန်ကန်ကန်ဆောင်ရွက်ပေးရမည်**

ရခိုင်ပြည်နယ်ရှိ နေရပ်စွန့်ခွာသူများနှင့်စပ်လျဉ်း၍ မိမိတို့နိုင်ငံတွင် နေရပ်စွန့်ခွာသူများကိစ္စမှာ ခေတ်အဆက်ဆက်ဆောင်ရွက်ခဲ့ရသည့်ကိစ္စဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် မိမိတို့၏ တိုင်းရင်းသားများကို ကာကွယ်စောင့်ရှောက်ရမည်ဖြစ်ကြောင်း၊ နိုင်ငံသားများကိုလည်း စောင့်ရှောက်ရမည်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံတွင် ဘင်္ဂါလီများထဲမှ နိုင်ငံသားဖြစ်နေသူများရှိကြောင်း၊ ၎င်းတို့ကိုလည်း ဥပဒေနှင့်အညီ အခွင့်အရေးပေးထားကြောင်း၊ ထို့ပြင် ဘင်္ဂါလီများမှာ ရခိုင်ပြည်နယ်သာမက တစ်နိုင်ငံလုံးရှိအခြားဒေသများတွင်လည်း နေထိုင်လျက်ရှိကြောင်း၊ ပြန်လည်လက်ခံရေးနှင့်စပ်လျဉ်း၍ ပြဿနာဖြစ်ပေါ်နေသည်မှာ တရားမဝင်လာရောက်နေထိုင်သူများကြောင့် အခက်အခဲဖြစ်နေခြင်းဖြစ်ကြောင်း၊ ပြန်လည်လက်ခံခြင်းကိစ္စနှင့် ပတ်သက်၍ နှစ်နိုင်ငံသတ်မှတ်ထားသည့် သဘောတူညီချက်များနှင့်အညီသာ လက်ခံသွားမည်ဟု ပြောဆိုထား

ကြောင်း၊ မကြာခင်က ရခိုင်ပြည်နယ်သို့ တာဝန်ရှိသူများ သွားရောက်ခဲ့ကြောင်း၊ မိမိတို့အနေဖြင့် တရားဝင်သဘော တူညီချက်ဖြင့် ဆောင်ရွက်နေမှုအပေါ် ငြင်းဆန်ခြင်းမရှိကြောင်း၊ နှစ်နိုင်ငံသဘောတူညီချက်နှင့်အညီ ပြန်လည် ဝင်ရောက်လာချိန်တွင်လည်း ၁၉၈၂ ခုနှစ် နိုင်ငံသားဥပဒေနှင့်အညီ အခွင့်အရေးရရှိမည်ဖြစ်ကြောင်း၊ နိုင်ငံသား ဥပဒေမှာ ရခိုင်ပြည်နယ်ရှိ နေရပ်စွန့်ခွာသူများအတွက်သာ ဆောင်ရွက်ထားသည့် ဥပဒေမဟုတ်ကြောင်း၊ မြန်မာနိုင်ငံသို့ အကြောင်းအမျိုးမျိုးကြောင့် ရောက်ရှိနေသူများ နိုင်ငံသားပြုခွင့်ရရှိရေးအတွက် ဆောင်ရွက်ထားသည့်ဥပဒေဖြစ်ကြောင်း၊ ရခိုင်ပြည်နယ် နေရပ်စွန့်ခွာသူများကိစ္စမှာ မိမိတို့အစိုးရသာမက နောင်ပေါ်ပေါက်လာမည့် အစိုးရများကလည်း ဖြေရှင်း ဆောင်ရွက်ရမည့်ကိစ္စဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် နိုင်ငံတော်အတွက် မှန်မှန်ကန်ကန် ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း။

လျှပ်စစ်ဓာတ်အားရရှိရေးနှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံ အနေဖြင့် လက်ရှိတွင် လျှပ်စစ်ဓာတ်အားအခက်အခဲ ရှိနေဦးမည်ဖြစ်ကြောင်း၊ ယင်းမှာ ယခင်က လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရေးစီမံကိန်းများကို အကြောင်းအမျိုးမျိုးကြောင့် ရပ်ဆိုင်းခဲ့ရသည့်အတွက်လည်း ပါဝင်ကြောင်း၊ သို့ဖြစ်၍ မိမိအနေဖြင့် လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးစီမံကိန်းများကို ခွင့်ပြုပေးလျက်ရှိကြောင်း၊ ၂၀၂၅ ခုနှစ်တွင် အတတ်နိုင်ဆုံး နိုင်ငံတော်၏ ဓာတ်အားလိုအပ်ချက်ကို အပြည့်အဝ မဟုတ်သော်လည်း ရာခိုင်နှုန်းမြင့်မြင့်မားမား ပြည့်မီအောင် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင်လည်း ဒေသအစီအစဉ်ဖြင့် လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်းများကို ကြိုးစားဆောင်ရွက်ကြစေလိုကြောင်း၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များတွင် စပါးထွက်ရှိသည့်အတွက် စပါးခွံလောင်စာဖြင့်ထုတ်လုပ်သည့် လျှပ်စစ်၊ ဆိုလာလျှပ်စစ်နှင့် လေအားလျှပ်စစ်တို့ကို ဆောင်ရွက်ကြစေလိုကြောင်း၊ ထို့ပြင် လျှပ်စစ်ဓာတ်အား သုံးစွဲရေးတွင်လည်း ဓာတ်အားချွေတာသည့် လျှပ်စစ်ပစ္စည်းများကို သုံးစွဲကြရန်လိုကြောင်း၊ ပို့ဆောင်ရေးစနစ်ကိုလည်း လျှပ်စစ်သုံးစွဲသည့်ပို့ဆောင်ရေးစနစ်ဖြစ်စေရန် မဖြစ်မနေ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ လျှပ်စစ်မော်တော်ကား သုံးစွဲမှုကိုအောင်မြင်အောင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ လျှပ်စစ်မော်တော်ကားတင်သွင်းခွင့်ပြုရာတွင် စိတ်ဝင်စားမှုများနှင့် ကမ်းလှမ်းမှုများရှိကြောင်း၊ ကမ္ဘာ့ရေနံဈေးမှာ တစ်နှစ်ထက်တစ်နှစ် မြင့်တက်လာကြောင်း၊ သို့ဖြစ်၍ စက်သုံးဆီသုံးစွဲကိုလျှော့ချနိုင်စေရန် လျှပ်စစ်ဓာတ်အား ပိုမိုထုတ်လုပ်ရန်လိုအပ်ကြောင်း၊ အရည်အသွေးကောင်းမွန်သည့် လျှပ်စစ်မော်တော်ကားများ တွင်တွင်ကျယ်ကျယ် သုံးစွဲနိုင်စေရန် ကြီးကြပ်ရေးအဖွဲ့များက အလေးထား၍ စနစ်တကျဆောင်ရွက်သွားရန်လိုကြောင်း၊ လက်ရှိတွင် ရန်ကုန်–နေပြည်တော် အမြန်လမ်းနှင့် လမ်းဟောင်းတို့တွင် Charging Station များဆောက်လုပ်နေကြောင်း၊ ထပ်မံ၍လည်း နေပြည်တော်–မန္တလေးလမ်း၊ လားရှိုးလမ်း၊ မော်လမြိုင်လမ်းနှင့် ကရင်ပြည်နယ်တို့တွင် တိုးချဲ့ဆောက်လုပ်နိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း၊ လျှပ်စစ်ယာဉ်သုံးစွဲမှုကို တွင်တွင်ကျယ်ကျယ်ဖြစ်စေရန် ဝန်ကြီးဌာနများက ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြစေလိုကြောင်း၊ မိမိတို့အစိုးရအနေဖြင့် ဘက်စုံထောင့်စုံမှ ကြိုးစားဆောင်ရွက်ပါက လာမည့် ၆ လအတွင်း နိုင်ငံတော်အတွက် များစွာအထောက်အကူဖြစ်မည်ဖြစ်ကြောင်း ပြောကြားသည်။

■ ■ ■

# ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၂/ ၂၀၂၃) တွင် ပြောကြားသည့် အမှာစကား

( ၉ - ၂ - ၂၀၂၃ )





ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေး အမှတ်စဉ် (၂/၂၀၂၃) ကို ဖေဖော်ဝါရီလ ၉ ရက် မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ရုံး အစည်းအဝေးခန်းမဥ္စကျင်းပရာ နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်အမှာစကား ပြောကြားသည်။

အစည်းအဝေးသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ပြည်ထောင်စုဝန်ကြီးများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးများက သက်ဆိုင်ရာကဏ္ဍအလိုက် ရှင်းလင်းတင်ပြကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က နိဂုံးချုပ်အမှာစကားပြောကြား ရာတွင် ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက် ရမည့်လုပ်ငန်းများကို အချိန်မီပြီးစီးအောင် ဆောင်ရွက် သွားကြရန်လိုကြောင်း၊ အစိုးရ၏ စီးပွားရေးလုပ်ငန်း များနှင့်စပ်လျဉ်း၍ ဝင်ငွေနှင့်အသုံးစရိတ်မျှတမှုမရှိသည့် လုပ်ငန်းများရှိနေကြောင်း၊ သို့ဖြစ်၍ ဝင်ငွေနှင့်သုံးငွေ မျှတမှုရှိစေရန် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ယခင် အစိုးရလက်ထက်တွင် စီမံခန့်ခွဲမှုလွဲမှားမှုများကြောင့် အချို့နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများ ရပ်ဆိုင်းခဲ့ရကြောင်း၊ အချို့လုပ်ငန်းများသည် လုပ်ငန်းဆောင်ရွက်နိုင်မှုမရှိသော် လည်း လစာငွေပေးချေထားရခြင်းများနှင့် ထိန်းသိမ်းမှု ကုန်ကျစရိတ်များ များစွာရှိနေကြောင်း။

ရပ်တန့်ထားသည့်စက်ရုံများသည် နိုင်ငံ့အတွက် အရှုံးများသာဖြစ်သဖြင့် ပြန်လည်လည်ပတ်ခြင်းများကို ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် အကုန်အကျအနည်းဆုံးနှင့် အကောင်းဆုံးဖြစ်အောင် ဆောင်ရွက်နိုင်ရေးအတွက် မလိုလားအပ်ဘဲ ငွေကြေး ကုန်ကျမှုများမဖြစ်ပေါ်စေရေး မှန်မှန်ကန်ကန်ဆောင်ရွက် ကြစေလိုကြောင်း၊ မှန်မှန်ကန်ကန်ဆောင်ရွက်ခြင်းမရှိ ပါက အရေးယူခြင်းများကိုလည်းဆောင်ရွက်နိုင်ကြောင်း၊ ဦးစီးခေါင်းဆောင်ရသည့် တာဝန်ရှိသူများအနေဖြင့် မိမိ တို့၏လုပ်ငန်းတာဝန်များကို သိရှိအောင်ဆောင်ရွက်ပြီး မှန်ကန်သည့်လမ်းညွှန်ချက်များ ချမှတ်ဆောင်ရွက်သွား ရန်လိုကြောင်း၊ မိမိတို့အားပေးအပ်လာသည့်တာဝန်ကို မူဝါဒအားဖြင့် သိရှိဆောင်ရွက်နိုင်ရေး ဆောင်ရွက်သွား ရန်လိုကြောင်း။

လာမည့်ကာလတွင် ပို့ဆောင်ရေး၊ ပညာရေး၊ ကျန်းမာ ရေးကဏ္ဍများကို ဦးစားပေးဆောင်ရွက်သွားမည်ဖြစ်ပြီး လျှပ်စစ်ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကို မဖြစ်မနေဆောင်ရွက်

သွားမည်ဖြစ်ကြောင်း၊ ဝန်ကြီးဌာနများအနေဖြင့်လည်း သက်ဆိုင်ရာကဏ္ဍအလိုက် အထောက်အကူပြုနိုင်ရေး ကြိုးစားဆောင်ရွက်သွားကြရန်လိုကြောင်း၊ ပညာရေးတွင် KG+9 သင်ကြားပြီးမြောက်ချိန်တွင် အသက်မွေးဝမ်းကျောင်း ပညာရပ်များ ကူးပြောင်းသင်ကြားနိုင်ရေး အောင်မြင် အောင်ဆောင်ရွက်ပေးကြစေလိုကြောင်း၊ အောင်မြင် သောပညာရေးစနစ်ဖြစ်အောင် ဝိုင်းဝန်းတည်ဆောက် ပေးကြစေလိုကြောင်း။

နောင်ကျင်းပမည့် အခမ်းအနားများနှင့်ပတ်သက်၍ ဘာသာရေး၊ နိုင်ငံရေး သက်ဆိုင်ရာကဏ္ဍအလိုက် အခမ်းအနားများကို ရိုးရာအစဉ်အလာမပျက် အနှစ်သာရပြည့်ဝစွာဖြင့် ထိထိရောက်ရောက် အောင်အောင်မြင်မြင် ဆောင်ရွက်သွားကြရန်လိုကြောင်း၊ နိုင်ငံတော်၏ ယဉ်ကျေးမှုနှင့် ကိုးကွယ်မှုတို့သည် ပြင်ပ ပယောဂများကြောင့် ပျောက်ပျက်သွားခြင်းများမရှိအောင် ထိန်းသိမ်းစောင့်ရှောက်ရမည်ဖြစ်ကြောင်း၊ တိုင်းပြည်တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေး၊ တိုင်းပြည်စီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် ဝန်ကြီးဌာနများအလိုက် ပေါင်းစပ်ညှိနှိုင်း ကြိုးစားဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း ပြောကြားသည်။

■ ■ ■

# ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၏ (၇၇) နှစ်မြောက် နှစ်ပတ်လည်နေ့အခမ်းအနားတွင် ပြောကြားသည့် အမှာစကား

( ၁၅ - ၂ - ၂၀၂၃ )






မြန်မာနိုင်ငံ၏ ပထမဦးဆုံးသောမီဒီယာနှင့် သက်တမ်းအမြင့်မားဆုံးသော ဌာနကြီးတစ်ခုဖြစ်သည့် ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၏ (၇၇) နှစ်မြောက် နှစ်ပတ်လည်နေ့အခမ်းအနားကို ဖေဖော်ဝါရီလ ၁၅ ရက် မွန်းလွဲပိုင်းတွင် နေပြည်တော် တပ်ကုန်းမြို့ရှိ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၌ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်ချီးမြှင့်ပြီး ဂုဏ်ပြုအမှာစကားပြောကြားသည်။

**တက်ရောက်**

အဆိုပါအခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ကောင်စီဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ ဒုတိယဝန်ကြီးများ၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ ဝန်ထမ်းများနှင့် တာဝန်ထမ်းဆောင်ခဲ့ကြသည့် ဝန်ထမ်းဟောင်းများ၊ သတင်းမီဒီယာများ၊ အနုပညာရှင်များနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များတက်ရောက်ကြပြီး မြန်မာ့အသံနှင့်ရုပ်မြင်သံကြား ရန်ကုန်ရုံးမှ ဝန်ထမ်းများ၊ ထပ်ဆင့်လွှင့်စက်ရုံများမှ ဝန်ထမ်းများက အွန်လိုင်းမှတစ်ဆင့် တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များအား ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းနှင့် အဖွဲ့ဝင်များ၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ တာဝန်ရှိသူများက လှိုက်လှဲနွေးထွေးစွာ ကြိုဆိုနှုတ်ဆက်ကြသည်။

ယင်းနောက် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၏ (၇၇) နှစ်မြောက် နှစ်ပတ်လည်နေ့အခမ်းအနားကိုစတင်ကျင်းပရာ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ ဝန်ထမ်းများက **"စိန်ရတုအလှမှန် ထာဝရမြန်မာ့အသံ"** တေးသီချင်းဖြင့် ကပြဖျော်ဖြေတင်ဆက်ကြပြီး မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၏ **"ရတုအဆက်ဆက်မှသည် ၇၇ နှစ်တိုင်ခဲ့ပြီ MRTV"** Documentary အစီအစဉ် ဗီဒီယိုမှတ်တမ်းကို ပြသသည်။

**အမှာစကားပြောကြား**

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အမှာ စကားပြောကြားရာတွင် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၏ နှစ်ပတ်လည်နေ့အခမ်းအနားကို ၁၉၄၆ ခုနှစ်၊ ဖေဖော်ဝါရီ ၁၅ ရက်တွင် ရန်ကုန်ရေဒီယို (Rangoon Radio) အမည်မှ ဗမာ့အသံ (Barma Broadcasting Service-BBS) အမည် ပြောင်းလဲပြင်ဆင်ခဲ့သည့် **"ဗမာ့အသံနေ့"**ကို မူတည်ပြီး သတ်မှတ်ကျင်းပခဲ့ခြင်းဖြစ်ကြောင်း၊ ထို့နောက် **"မြန်မာ့**

**အသံ"** အမည်မှ **"မြန်မာ့အသံနှင့်ရုပ်မြင်သံကြား"** (Myanma Radio and Television–MRTV) အမည်ကို ပြင်ဆင်ပြောင်းလဲလာမှုနှင့်အတူ ခေတ်အဆက်ဆက် သတ်မှတ်ကျင်းပခဲ့သည်မှာ (၇၅) နှစ်မြောက် စိန်ရတုကို ကျော်လွန်လာခဲ့ပြီး ယနေ့တွင် (၇၇)နှစ် ပြည့်မြောက်ခဲ့ပြီဖြစ်ပါကြောင်း၊ သတင်းအချက်အလက်များ ပြန်ကြားပေးရန်၊ အသိပညာမျှဝေပေးရန်၊ ဖျော်ဖြေပေးရန်ဟူသည့် အတိုင်း တာဝန်ကျေပွန်စွာဆောင်ရွက်ခဲ့ပြီး တိုင်းရင်းသား ပြည်သူလူထု အားလုံးအတွက် အကျိုးပြုခဲ့သည်မှာ (၇၇) နှစ်ကာလရှိခဲ့ပြီဖြစ်ပါကြောင်း။

မိမိတို့ငယ်စဉ်ကာလက "မြန်မာ့အသံ" ဟူသည့် ရေဒီယိုအစီအစဉ်သာရှိခဲ့ပြီး မြန်မာ့အသံ၏ ထုတ်လွှင့်မှု၊ ဖျော်ဖြေတင်ဆက်မှုများကို နားထောင်ကြည့်ရှုခဲ့ရပါကြောင်း၊ ကဏ္ဍစုံနှင့် ရသစုံကို ပေးနိုင်သည့် ဇာတ်လမ်း ပမာနားဆင်စရာ၊ အသံလွှင့်ဇာတ်၊ ကွက်စိပ်၊ ဇာတ်သဘင်၊ သောတရှင်တို့လိုရာ၊ ဘောလုံးပွဲတိုက်ရိုက်ထုတ်လွှင့်မှု စသည့်ကဏ္ဍစုံများကို စွဲစွဲလမ်းလမ်းဖြစ်ခဲ့ပါကြောင်း၊ တပ်မတော်တွင် တာဝန်ထမ်းဆောင်ချိန်တွင်လည်း စစ်သည်အတွက် တေးလက်ဆောင်၊ တပ်မတော်စာတိုက် စသည့် တင်ဆက်မှုများကြောင့် ရှေ့တန်းစစ်မြေပြင်တွင် ရွှင်လန်းတက်ကြွ ပျော်ရွှင်ခဲ့ရပါကြောင်း၊ စတင်တည်ထောင်စဉ်ကတည်းက ပြည်သူများ၏ ရင်တွင်း၌ စွဲလမ်းနှစ်ခြိုက်စေသည့် အစီအစဉ်များ၊ တင်ဆက်ဖျော်ဖြေမှုများနှင့် အောင်မြင် တိုးတက်လာသည့်ဌာနဖြစ်ကြောင်းကို ဂုဏ်ယူစွာပြောကြားလိုပါကြောင်း။

မြန်မာ့အသံနှင့်ရုပ်မြင်သံကြား (MRTV) သည် မြန်မာနိုင်ငံတွင် သက်တမ်းမြင့်မားပြီး အစဉ်အလာကြီးမားသည့် ပြည်သူ့ဝန်ဆောင်မှုဌာနကြီးတစ်ခုဖြစ်သကဲ့သို့ ခေတ်အဆက်ဆက်တွင် တာဝန်ကျေပွန်ခဲ့ပြီး ပြောင်းလဲတိုးတက်နေသည့် နည်းပညာ၊ အတတ်ပညာများနှင့်အညီ ပြုပြင်ပြောင်းလဲ လိုက်ပါဆောင်ရွက်နိုင်ခြင်းကြောင့် ယခုကဲ့သို့ (၇၇)နှစ် ပြည့်မြောက်သည်အထိ အရေးပါသည့် သမိုင်းမှတ်တိုင်တစ်ခုကို မားမားမတ်မတ်ဖြင့် ဝင့်ဝင့်ကြွားကြွား စိုက်ထူနိုင်ခြင်းပင်ဖြစ်ကြောင်း၊ **မြန်မာ့အသံနှင့်ရုပ်မြင်သံကြား (MRTV) ၏ လုပ်ငန်းစဉ်များကို ဆန်းစစ်ကြည့်ပါက တစ်ဦးတစ်ယောက် တစ်ဖွဲ့တည်းဖြင့် လုပ်ဆောင်၍ မရဘဲ အားလုံးပူးပေါင်းလုပ်ဆောင်မှုဖြင့်သာ အကောင်အထည်ဖော်ဆောင်ရွက်ရသည်ကို တွေ့မြင်ရမည်**ဖြစ်ပါကြောင်း။

ထို့ကြောင့် ယနေ့အခမ်းအနားသည် **မြန်မာ့အသံနှင့်ရုပ်မြင်သံကြား (MRTV) အတွက် (၇၇)နှစ် ပြည့်မြောက်သည့်နေ့အဖြစ် သတ်မှတ်ဂုဏ်ပြုခြင်းဖြစ်သကဲ့သို့ MRTV ဝန်ထမ်းများ၏ စည်းလုံးညီညွတ်မှု၊ တစ်စိတ်တစ်ဝမ်းတည်းဖြစ်မှုတို့ကိုလည်း သက်သေပြခြင်းပင်ဖြစ်**ပါကြောင်း၊ တစ်နည်းအားဖြင့် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား (MRTV) မှ ဝန်ထမ်းများအနေဖြင့် ခေတ်အဆက်ဆက်တွင် နိုင်ငံ့အကျိုး၊ ပြည်သူ့အကျိုးကို ဦးထိပ်ပန်ဆင်ပြီး စည်းလုံးညီညွတ်စွာဖြင့် မိမိတို့၏ လုပ်ငန်းတာဝန်များကို ကျေပွန်စွာ ထမ်းဆောင်နိုင်ခဲ့ကြသည်ဟုလည်း ဆိုနိုင်ပါကြောင်း၊ ထိုကဲ့သို့ ကြိုးပမ်းဆောင်ရွက်မှုနှင့် အောင်မြင်မှုရလဒ်များကို ဖော်ထုတ်ပြသနိုင်ခဲ့ခြင်းကြောင့်လည်း ဂုဏ်ယူဝမ်းမြောက်ရကြောင်းကိုပြောကြားလိုကြောင်း၊ ဆက်လက်၍လည်း နိုင်ငံနှင့်ပြည်သူအတွက် တာဝန်ကိုကျေပွန်အောင် ထမ်းဆောင်သွားနိုင် ကြမည်ဟုလည်း ယုံကြည်မျှော်လင့်ထားပါကြောင်း။

**ဖွင့်လှစ်ပေးခဲ့**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ စတင်တာဝန်ယူပြီးနောက် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၏ (၇၅) နှစ်မြောက် စိန်ရတုနှစ်ပတ်လည်နေ့အခမ်းအနားကို ကိုယ်တိုင်တက်ရောက်ပြီး ဝန်ထမ်းများကို အားပေးဂုဏ်ပြုအမှာစကား ပြောကြားခဲ့ပါကြောင်း၊ ထို့အပြင် မြန်မာ့အသံနှင့်ရုပ်မြင်သံကြားပြခန်းငယ်ကို စိန်ရတုအထိမ်းအမှတ်အဖြစ် ထည်ထည်ဝါဝါ ခံ့ခံ့ညားညား ပြသနိုင်မည့် အဆောက်အအုံတစ်ခုပေါ်ပေါက်လာရေး လှူဒါန်းတည်ဆောက်ပေးခဲ့ပြီး ပြီးခဲ့သည့် (၇၆)နှစ်မြောက် နှစ်ပတ်လည်နေ့အကြိုအဖြစ် ဖေဖော်ဝါရီ ၁ ရက်တွင် မိမိကိုယ်တိုင် တက်ရောက်ဖွင့်လှစ်ပေးခဲ့ပါကြောင်း၊ ယင်းသို့ဆောင်ရွက်ပေးခြင်းသည်လည်း မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ သမိုင်းအဆက်ဆက် ဆောင်ရွက်ခဲ့မှုမှတ်တမ်းများ၊ အသုံးပြုခဲ့သည့် စက်ပစ္စည်းကိရိယာများနှင့် တူရိယာပစ္စည်းများ၊ တာဝန်ထမ်းဆောင်ခဲ့သည့် ဝန်ထမ်းများ၏ ကြိုးစားဆောင်ရွက်မှုများကို ဂုဏ်ပြုပြီး သမိုင်းမှတ်တမ်းများ မပျောက်ပျက်အောင် ရှိနေစေရေးနှင့် နောင်လာနောက်သားများ၊ ဝန်ထမ်းများ၊ ပြည်သူများ လေ့လာသိရှိနိုင်စေရေး

စေတနာဖြင့်အကောင်အထည်ဖော်ပေးခဲ့ခြင်းဖြစ်ပါကြောင်း၊ သမိုင်းဟူသည်မှာ ချန်ထား၍မရသကဲ့သို့ ဖျောက်ဖျက်၍လည်း မရပါကြောင်း၊ တစ်ဆက်တည်းတွင် MRTV News Channel နှင့် MRTV DTH စနစ်ဖြင့် ထုတ်လွှင့်ပြသနိုင်ရေးအတွက်လည်း ဖွင့်လှစ်ပေးခဲ့ပါကြောင်း။

**အသိပညာပေးနိုင်ခဲ့**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ စတင်တာဝန်ယူစကတည်းက နိုင်ငံတော်တွင် ကိုဗစ်-၁၉ ကပ်ရောဂါ ကူးစက်ပြန့်ပွားမှုများပြားပြီး တစ်ဆက်တည်း၌ပင် ဆူပူအကြမ်းဖက်မှုများကြောင့် အခက်အခဲများကြားမှ နိုင်ငံတော်ကို ပြန်လည်တည်ဆောက်နေရခြင်းဖြစ်ပါကြောင်း၊ ယခုအချိန်တွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ပြန့်ပွားမှုမရှိသလောက်ဖြစ်ပြီး အနည်းဆုံးအခြေအနေသို့ရောက်အောင် ထိန်းနိုင်ခဲ့ရာတွင် မြန်မာ့ရုပ်မြင်သံကြား၊ နိုင်ငံပိုင်သတင်းစာများနှင့် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဝန်ထမ်းများ၊ စာအုပ်စာစောင်များမှ ကျယ်ကျယ်ပြန့်ပြန့် အသိပညာပေးနိုင်ခဲ့သည်ကို တွေ့ရကြောင်း၊ မိမိကိုယ်တိုင်လည်း တီဗွီ၊ ရေဒီယို၊ သတင်းစာများကို နားထောင်ဖတ်ရှုပြီး ထိထိရောက်ရောက် အသိပညာပေးနိုင်ရေး လမ်းညွှန်မှာကြား အကြံပြုခဲ့သည်ကို ဝန်ထမ်းများအသိပင်ဖြစ်ပါကြောင်း၊ ယခုအချိန်တွင် အချို့နိုင်ငံများ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ပြန့်ပွားမှု၊ သေဆုံးမှု များနေသေးသည်ကို တွေ့ရသော်လည်း မိမိတို့နိုင်ငံ၌ အနည်းငယ်မျှသော ကူးစက်မှုများသာရှိပြီး သေဆုံးမှုမရှိတော့ခြင်းသည် ကျန်းမာရေးဝန်ထမ်းများ၏ ကြိုးစားဆောင်ရွက်မှု၊ စီမံအုပ်ချုပ်ရေးအဖွဲ့ အစည်းများ၏ စီမံဆောင်ရွက်မှု၊ နိုင်ငံပိုင်မီဒီယာများ၏ စဉ်ဆက်မပြတ် နည်းမျိုးစုံဖြင့် အသိပညာပေးမှု၊ ပြည်သူအားလုံးက ပူးပေါင်းလုပ်ဆောင်မှုများကြောင့်ပင်ဖြစ်သဖြင့် အားလုံးကို ကျေးဇူးတင်သကဲ့သို့ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားအပါအဝင် နိုင်ငံပိုင်မီဒီယာအားလုံးကိုလည်း မှတ်တမ်းတင်ကြောင်းကို ပြောလိုပါကြောင်း။

လက်ရှိအခြေအနေတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) အရ နိုင်ငံတော်တာဝန်ကို ထမ်းဆောင်ခဲ့သည်မှာ နှစ်နှစ်ပြည့်မြောက်ခဲ့ပြီ ဖြစ်ပါကြောင်း၊ သို့သော်လည်း နှစ်နှစ်တာကာလလုံးဖြစ်ခဲ့သည့် ဆူပူအကြမ်းဖက်မှုများ၊ လူသတ်၊ မီးရှို့၊ ဖောက်ခွဲ ဖျက်ဆီးမှုများသည် သိသိသာသာ

**ယခုအချိန်တွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ပြန့်ပွားမှုမရှိသလောက်ဖြစ်ပြီး အနည်းဆုံးအခြေအနေသို့ရောက်အောင် ထိန်းနိုင်ခဲ့ရာတွင် မြန်မာ့ရုပ်မြင်သံကြား၊ နိုင်ငံပိုင်သတင်းစာများနှင့် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဝန်ထမ်းများ၊ စာအုပ်စာစောင်များမှ ကျယ်ကျယ်ပြန့်ပြန့် အသိပညာပေးနိုင်ခဲ့သည်ကို တွေ့ရ၊ မိမိကိုယ်တိုင်လည်း တီဗွီ၊ ရေဒီယို၊ သတင်းစာများကို နားထောင်ဖတ်ရှုပြီး ထိထိရောက်ရောက် အသိပညာပေးနိုင်ရေး လမ်းညွှန်မှာကြား အကြံပြုခဲ့သည်ကို ဝန်ထမ်းများအသိပင်ဖြစ်။**

လျော့နည်းကျဆင်းသွားခြင်း မရှိသေးကြောင်း၊ မိမိတို့နိုင်ငံ၏ တည်ငြိမ်အေးချမ်းမှု၊ စည်းလုံးညီညွတ်မှု၊ ဖွံ့ဖြိုးတိုးတက်မှုကို မလိုလားသည့် ဩဇာခံဖြစ်အောင် အဓမ္မလုပ်ချင်ကြသည့် ပြည်ပနိုင်ငံကြီးများနှင့် ပြည်သူ အကျိုးကို မျက်ကွယ်ပြုကာ မိမိတို့ပုဂ္ဂိုလ်ရေးနှင့် အဖွဲ့အစည်းအကျိုးစီးပွားကိုသာ ရှေးရှုနေကြသည့် ပြည်တွင်းမှ သစ္စာဖောက်များနှင့် ပြည်ပြေးများသည် နိုင်ငံတော်အလုံးစုံပျက်သုဉ်းရေးကို အရှိန်အဟုန်ဖြင့် တိုးမြှင့်ဆောင်ရွက်နေဆဲဖြစ်သည်ကို အားလုံးအသိပင်ဖြစ်ပါကြောင်း။

မိမိတို့အနေဖြင့် ထာဝရငြိမ်းချမ်းရေးအတွက် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် တွေ့ဆုံဆွေးနွေးခြင်း၊ ပစ်ခတ်တိုက်ခိုက်မှုကို တစ်ဖက်သတ်ကာလရှည်ကြာ ရပ်စဲထား ပေးခဲ့ခြင်း၊ NCA လမ်းကြောင်းအတိုင်း လျှောက်လှမ်းရန် ဖိတ်ခေါ်ခြင်း၊ အလားတူ အကြမ်းဖက်လုပ်ရပ်များကြောင့် ကြောက်လန့်ပြီး ရှောင်တိမ်းနေကြသူများကို ပြန်လည်သတင်းပို့ကြရန် ဖိတ်ခေါ်ခြင်း၊ ပြစ်ဒဏ်ကျခံနေရသူများကို လွတ်ငြိမ်းချမ်းသာခွင့်ပြုခဲ့ခြင်းများဖြင့် ပျော့ပျောင်း ညင်သာစွာဆောင်ရွက်နေပါကြောင်း၊ သို့သော်လည်း အထူးသဖြင့် လူငယ်များကို သွေးထိုး မြှောက်ပင့်ခြင်း၊ ခြိမ်းခြောက်

အကျပ်ကိုင်ခြင်းစသည့် မရိုးသားသည့် နည်းလမ်းများဖြင့် စည်းရုံးသိမ်းသွင်းပြီး လမ်းမှားသို့တွန်းပို့ကာ နိုင်ငံတော်ကို ဖျက်ဆီးနေကြဆဲဖြစ်သောကြောင့် ပြည်သူများနှင့် လူငယ်များ အတွေးအခေါ်မှန်ကန်ပြီး အသိပညာမြင့်မားလာစေရေး ဆက်လက်ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင်လည်း ပြန်ကြားရေးဝန်ကြီးဌာနအပါအဝင် သက်ဆိုင်ရာဝန်ကြီးဌာနများ၊ ဒေသဆိုင်ရာ အဖွဲ့အစည်းများက ဆက်လက်ပြီး ဆောင်ရွက်သွားကြရန် မှာကြားလိုပြီး အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်ပေးကြရန် တိုက်တွန်းမှာကြားလိုပါကြောင်း။

## ပူးပေါင်းဆောင်ရွက်

ယခုအချိန်တွင် ပြည်သူကို အသိပညာဗဟုသုတပေးနိုင်ရန် အရေးကြီးပါကြောင်း၊ အထူးသဖြင့် လူငယ်လူရွယ်များကို လမ်းမှားမရောက်စေရေး၊ ပညာတတ်သားကောင်းရတနာများဖြစ်လာစေရေးသည်လည်း ပိုမိုအရေးကြီးပါကြောင်း၊ ယနေ့လူငယ်များသည် နောင်တစ်ချိန်တွင် နိုင်ငံ့တာဝန်များကိုထမ်းဆောင်ကြမည့်၊ နိုင်ငံတော်ကြီးကို ထုဆစ်ပုံဖော်ကြမည့်၊ လက်ဆင့်ကမ်းတာဝန်ယူကြမည့်သူများဖြစ်နေခြင်းကြောင့်ပင်ဖြစ်ကြောင်း၊ အဓိကအားဖြင့် မိဘ၊ ဆရာများတွင် တာဝန်ရှိသည်ဟုဆိုရမည်ဖြစ်သော်လည်း မိမိတို့မီဒီယာများမှ စဉ်ဆက်မပြတ် အသိပညာပေး၊ ဗဟုသုတများဖြန့်ဝေပေးနေပါက ပိုမိုထိရောက်စေမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့်လည်း နိုင်ငံတော်အစိုးရက ပညာရေးကဏ္ဍကို ဘက်ပေါင်းစုံကမြှင့်တင်ပေးလျက်ရှိပြီး KG+9 ပြီးမြောက်အောင် သင်ယူကြစေရေး အားပေးလုပ်ဆောင်လျက်ရှိပါကြောင်း၊ အဓိကမှာ နိုင်ငံတော်ကြီး ထာဝရငြိမ်းချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်သူလူထုကို အတွေးအခေါ်အယူအဆနှင့် အလုပ်အကိုင်များမှန်ကန်စေရေးတို့အတွက် မီဒီယာပိုင်းက ကြိုးစားအားထုတ်ဆောင်ရွက်သွားကြရန် အခြားသက်ဆိုင်ရာဌာနများနှင့် ပူးပေါင်းဆောင်ရွက်သွားကြရန် မှာကြားလိုကြောင်း။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေအရ နိုင်ငံတော်တာဝန်ကို ထိန်းသိမ်းဆောင်ရွက်နေစဉ်ကာလအတွင်း နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် ထာဝရငြိမ်းချမ်းရေး၊ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေး၊ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေး၊ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးတို့ကို ဦးတည်ချက်များ၊ ရှေ့လုပ်ငန်းစဉ်များချမှတ်ပြီး အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း၊ နိုင်ငံနှင့် ပြည်သူ့အကျိုးအတွက်၊ နိုင်ငံတော်၏ရှေ့ရေးအတွက် ဆောင်ရွက်နေကြောင်းကို ပြည်သူလူထုသိရှိစေရေး ပြန်ကြားရေးကဏ္ဍမှ အလေးထားဆောင်ရွက်ပေးသွားကြရန် မှာကြားလိုကြောင်း။

## တည်ထားကိုးကွယ်

မိမိတို့နိုင်ငံ၌ ထေရဝါဒဗုဒ္ဓသာသနာတော်ကြီး ခိုင်မာထွန်းလင်းတောက်ပလျက်ရှိနေသည်ကို ကမ္ဘာကိုပြသနိုင်ရန်၊ တိုင်းပြည်အေးချမ်းသာယာမှုရှိရန်နှင့် ပြည်တွင်းပြည်ပ ဘုရားဖူးများ လာရောက်ကြပြီး ဒေသတိုးတက်စည်ကားစေရန်၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှု အထောက်အကူဖြစ်စေရန် ရည်ရွယ်ချက်များဖြင့် နေပြည်တော် ဒက္ခိဏသီရိမြို့နယ် မာရဝိဇယ ဗုဒ္ဓဥယျာဉ်တော်ကြီးအတွင်း၌ “မာရဝိဇယ” ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ထားကိုးကွယ်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း၊ ယခုဆိုပါက ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ ဆင်းတုတော်အပိုင်း (၄) ကို ရတနာပလ္လင်တော်ထက်သို့ ပင့်ဆောင်ပူဇော်နိုင်ခဲ့ပြီးဖြစ်ပါကြောင်း၊ ထို့အပြင် နိုင်ငံတစ်ဝန်းလုံးက ကုသိုလ်ရှင်များလှူဒါန်းသည့် ဌာပနာတော်များကိုလည်း ထည့်လှူပူဇော်ပြီး ဖြစ်ပါကြောင်း၊ ဆက်လက်၍လည်းသာသနဗိမာန်တော်ကြီးတည်ဆောက်ရေး၊ ပိဋကတ်ကျမ်းစာများကို ကျောက်စာတော်များ ထုဆစ်ပူဇော်ပြီး ကျောက်စာရုံစေတီတော်များ တည်ဆောက်ရေး၊ ရင်ပြင်တော်များ၊ သုဓမ္မာဇရပ်များနှင့် အခြားသောသာသနိကအဆောက်အဦများ တည်ဆောက်ရေး၊ ဗုဒ္ဓဥယျာဉ်တော်ကြီး သာယာလှပစေရေးတို့ကို ဆက်လက်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ထိုကဲ့သို့ ခမ်းနားထည်ဝါသည့် ဗုဒ္ဓအမွေအနှစ်ကြီး တည်ထားကိုးကွယ်ရန် ဆောင်ရွက်နေသည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော် မြတ်ကြီး၏ မဟာရံတံတိုင်းတည်ဆောက်လှူဒါန်းမည့် သာသနိကအဆောက်အဦများအတွက် လှူဒါန်းလိုသည့် ဘုရားဒါယကာ၊ ဒါယိကာမများက လှူဒါန်းနိုင်ရေးအတွက် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားအပါအဝင် တီဗွီ၊ ရေဒီယို၊ သတင်းစာများက နှိုးဆော်

တိုက်တွန်းပေးနေသည်ကိုလည်း ဆက်လက်ဆောင်ရွက်သွားရန် မှာကြားလိုပါကြောင်း။

MRTV News Channel ကို အသွင်သစ်၊ အမြင်သစ်၊ ပုံစံသစ်နှင့် အရန်စတူဒီယိုမှ ပူးပေါင်းထုတ်လွှင့်ခဲ့ရာမှ ယခုအခါ စတူဒီယိုအသစ်ကို နိုင်ငံတော်ဘဏ္ဍာငွေမှ ငွေကျပ်သန်း ၁၁၅၀ (ငွေကျပ်သန်းတစ်ထောင့်တစ်ရာ့ငါးဆယ်) အသုံးပြုကာ သတင်းထုတ်လွှင့်ခန်းနှင့် ခေတ်မီစက်ပစ္စည်းများတပ်ဆင်ပြီးဖြစ်ပြီး ယခုအခမ်းအနားအပြီးတွင် ဆက်လက်ဖွင့်လှစ်ပေးမည်ဖြစ်သည့်အတွက် သီးသန့်စတူဒီယိုအဖြစ် စတင်အသုံးပြုပြီး ထုတ်လွှင့်နိုင်တော့မည်ဖြစ်ပါကြောင်း။

**ရပ်တည်နေ**

နိုင်ငံနှင့်ပြည်သူအကျိုးကို မီဒီယာနှင့်ဝန်ဆောင်မှုပေးနေသည့် MRTV သည် တိုင်းရင်းသား ဘာသာစကားအမျိုးအမည် ၂၀ နှင့် ဘာသာစကားများစွာ ထုတ်လွှင့်နိုင်မှုကြောင့် ကမ္ဘာ့အလယ်တွင် ထူးခြား၊ ထင်ရှားသည့် ရုပ်သံလွှင့်ဌာနကြီးအဖြစ် ရပ်တည်နေသည်ကိုလည်း သိရှိရသည့်အတွက် ဌာနနှင့်ထပ်တူ ဂုဏ်ယူပါကြောင်းလည်း ပြောကြားလိုပါကြောင်း၊ ခေတ်အဆက်ဆက်တွင် MRTV ၏ ဝန်ထမ်းဟောင်းများက သူ့ခေတ်သူ့အခါအလိုက် တာဝန်ကျေပွန်ခဲ့ကြသကဲ့သို့ မျိုးဆက်သစ်ဝန်ထမ်းများကလည်း သမိုင်းပေးတာဝန်များကို ကျေပွန်အောင် ဆက်လက်ထမ်းဆောင်ကြရမည် ဖြစ်ပါကြောင်း။

ထို့ကြောင့် MRTV အနေဖြင့် အနာဂတ်တွင် ရေရှည်တည်တံ့အောင်မြင်သည့် ဌာနကြီးအဖြစ် ဆက်လက်ရှင်သန်ရပ်တည်နိုင်ရေး ယနေ့ တာဝန်ထမ်းဆောင်နေကြသည့် ဝန်ထမ်းများ၏ စိတ်စေတနာနှင့် ခံယူချက်၊ ယုံကြည်ချက်၊ ကြိုးစားဆောင်ရွက်မှုများအပေါ်၌ တည်ရှိနေသည် ဆိုသည်ကိုလည်း သတိပြုကြရမည်ဖြစ်ပါကြောင်း။

မြန်မာ့အသံနှင့်ရုပ်မြင်သံကြားတွင် မြန်မာ့ယဉ်ကျေးမှုနှင့် ထုံးတမ်းစဉ်လာများ ခိုင်မာစွာ စောင့်ထိန်းခဲ့သည့်မှုရှိပြီးဖြစ်ပါကြောင်း၊ ရုပ်မြင်သံကြားနှင့် အသံလွှင့်ခြင်းဆိုသည်မှာ လူများ၏စိတ်ကို ဖမ်းစားနိုင်စွမ်းရှိပြီး တိုင်းရင်းသားများထိန်းသိမ်းအပ်သည့် အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများကို ပြည်သူလူထု၏ စိတ်နှလုံးထဲတွင်ရှိနေစေရေး ဆက်လက်ဆောင်ရွက်ပေးရန် မှာကြားလိုပါကြောင်း၊ တစ်ဖက်ကလည်း နိုင်ငံသူ နိုင်ငံသားများ ခေတ်နှင့်အညီ ရင်ပေါင်တန်းနိုင်ရေး အမြင်ရှိအောင်လည်း လုပ်ဆောင်ပေးကြရန် တိုက်တွန်း လိုပါကြောင်း။

ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့်လည်း မူလလုပ်ငန်းတာဝန်များအပြင် သီးခြားပေးအပ်လာသည့် လုပ်ငန်းတာဝန်များအပေါ် ကြိုးစားထမ်းဆောင်နေသကဲ့သို့ နိုင်ငံအတွင်း၌ အနုပညာလုပ်ငန်းများ ပုံမှန်အခြေအနေအတိုင်း ပြန်လည်လုပ်ကိုင်နိုင်စေရေးနှင့် အနုပညာလောကသားများ၏ စားဝတ်နေရေးကိစ္စများ အဆင်ပြေစေရေး တတ်စွမ်းသမျှကြိုးပမ်းဆောင်ရွက်ပေးနေသည်ကိုလည်း အသိအမှတ်ပြု ပြောကြားလိုပါကြောင်း။

နိုင်ငံတော်၏ သမိုင်းကြောင်းနှင့်အတူ ခေတ်အဆက်ဆက်ဖြတ်သန်းခဲ့သည့် မြန်မာ့အသံနှင့်ရုပ်မြင်သံကြားသည် နေ့စဉ်တင်ဆက်နေသည့်သတင်းနှင့် အစီအစဉ်များ ပိုမိုအရည်အသွေးကောင်းမွန်စေရေး၊ Content ပိုင်းဆိုင်ရာ အသစ်အသစ်များ ဖန်တီးထုတ်လုပ်ပြီး သတင်းအချက်အလက်များ ပြန်ကြားပေးရန်၊ အသိပညာမျှဝေပေးရန်၊ ဖျော်ဖြေပေးရန်ဟူသည့် ရည်မှန်းချက်များ အောင်မြင်အောင် ကြိုးစားဆောင်ရွက်ပေးကြရန်၊ နိုင်ငံတကာရုပ်သံလုပ်ငန်းများ၏ ပြောင်းလဲတိုးတက်ဖွံ့ဖြိုးမှုများကို မျက်ခြည်မပြတ်စောင့်ကြည့်လေ့လာပြီး ယှဉ်တွဲလိုက်ပါဆောင်ရွက်နိုင်ရေးနှင့် ဝန်ထမ်းများ၏စွမ်းဆောင်ရည်များ တိုးမြှင့်လာစေရေးအတွက် ဝန်ထမ်းအားလုံး၏ စွမ်းဆောင်နိုင်မှုအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ပြီးတိုးတက်အောင်လုပ်ဆောင်ကြရန်၊ နိုင်ငံတော်နှင့် နိုင်ငံသားများ၏ အကျိုးစီးပွားအတွက် ပြည်သူ့အကျိုးပြုဝန်ဆောင်မှုလုပ်ငန်းများကိုစဉ်ဆက်မပြတ်ပေးစွမ်းနိုင်အောင် ကြိုးပမ်းဆောင်ရွက်ပေးကြပြီး နိုင်ငံတော်နှင့် ပြည်သူတို့က အားကိုးအားထားပြုရသည့် ဌာနကြီးတစ်ခုဖြစ်အောင် ယခင်ကထက် ပိုမိုစည်းလုံးသည့်၊ ပိုမိုညီညွတ်သည့် စိတ်ကောင်းစေတနာအပြည့်ဖြင့် သယ်ပိုးစွမ်းဆောင်ပေးကြပါရန် တိုက်တွန်းမှာကြားလိုကြောင်း၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၏ (၇၇)နှစ် ပြည့်မြောက်သည့်နေ့မှသည် ရှေ့ရာစုနှစ်ပေါင်းများစွာအထိ အောင်မြင်မှုများနှင့်အတူလျှောက်လှမ်းပြီး ဂုဏ်ယူဝင့်ကြွားစွာ ရှင်သန်ရပ်တည်နိုင်ပါစေကြောင်း ပြောကြားသည်။

■ ■ ■

# (၇၅) နှစ်မြောက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံတို့အကြား သံတမန်ဆက်သွယ်ထူထောင်မှု အထိမ်းအမှတ်အဖြစ် မြန်မာ-ရုရှားချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဖိုရမ်တွင် ပြောကြားသည့်အမှာစကား

( ၁၆ - ၂ - ၂၀၂၃ )





(၇၅) နှစ်မြောက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့် ရုရှားဖက်ဒရေးရှင်း နိုင်ငံတို့အကြား သံတမန်ဆက်သွယ်ထူထောင်မှု အထိမ်းအမှတ်အဖြစ် မြန်မာ-ရုရှား ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဖိုရမ်ကို ဖေဖော်ဝါရီလ ၁၆ရက်တွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန-၂ ၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်ပြီး အဖွင့်အမှာစကား ပြောကြားသည်။

**တက်ရောက်**

အဆိုပါ အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ကောင်စီဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီး H.E.Mr. Nikolay LISTOPADOV နှင့်အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံရုံးနှင့်ရုရှား-မြန်မာချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးအသင်းမှ တာဝန်ရှိသူများ၊ ပါဝင်ဆွေးနွေးကြမည့် ပညာရှင်များ၊ တက္ကသိုလ်များမှ နည်းပြများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၊ မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံသံအမတ်ကြီးနှင့် အဖွဲ့ဝင်များသည် အခမ်းအနားကျင်းပပြုလုပ်မည့် မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန-၂သို့ရောက်ရှိကြပြီး ရုရှား-မြန်မာ ချစ်ကြည်ရေးမှတ်တမ်းဗီဒီယိုနှင့် မှတ်တမ်းဓာတ်ပုံများအား လှည့်လည်ကြည့်ရှုကြသည်။

**စတင်ဖွင့်လှစ်**

ထို့နောက် မြန်မာအသံနှင့် ရုပ်မြင်သံကြားမှ တေးသံရှင်များက **“သမိုင်းတစ်ခေတ် တို့ဖွင့်လှစ်မည်”** သီချင်းဖြင့် သီဆိုဖျော်ဖြေ၍ အခမ်းအနားကို စတင်ဖွင့်လှစ်သည်။ ယင်းနောက် မြန်မာ-ရုရှား ခေတ်အဆက်ဆက် ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ခဲ့မှုမှတ်တမ်းဗီဒီယိုကို ဖွင့်လှစ်ပြသသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က (၇၅) နှစ်မြောက် မြန်မာ-ရုရှား သံတမန်ဆက်သွယ်ထူထောင်မှု အထိမ်းအမှတ်အဖြစ် အဖွင့်

အမှာစကား ပြောကြားရာတွင် ယခုကျင်းပပြုလုပ်သည့် ဖိုရမ်ကြီးကို မြန်မာ-ရုရှား ချစ်ကြည်ရင်းနှီးမှု ပိုမိုခိုင်မာစေရန်နှင့် ကဏ္ဍပေါင်းစုံ၌ ပိုမိုပူးပေါင်းဆောင်ရွက်နိုင်စေရန် ရည်ရွယ်ကျင်းပပြုလုပ်ခြင်းဖြစ်ကြောင်း၊ အားလုံးသိကြသည့်အတိုင်း မြန်မာနိုင်ငံနှင့် ရုရှားနိုင်ငံတို့၏ သံတမန်ဆက်သွယ်ထူထောင်မှုသည် ၂၀၂၃ ခုနှစ်၊ ဖေဖော်ဝါရီ ၁၈ ရက်တွင် (၇၅) နှစ် ပြည့်မြောက်တော့မည်ဖြစ်ပါကြောင်း၊ နှစ်နိုင်ငံဆက်ဆံရေးသမိုင်းကိုပြန်ကြည့်ပါက ခေတ်အဆက်ဆက်တွင် ရင်းနှီးချစ်ခင်မှုခိုင်မြဲခဲ့သကဲ့သို့နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရလက်ထက်တွင် ယခင်ကထက် ပိုမိုတိုးမြှင့်ဆောင်ရွက်နိုင်ရုံသာမက နှစ်နိုင်ငံ တပ်မတော်အကြား၌လည်း တိုးမြှင့်ဆောင်ရွက်နိုင်ခဲ့သည်ကိုတွေ့ကြရမည်ဖြစ်ပါကြောင်း၊ ကုန်သွယ်မှုကိစ္စရပ်များ၊ သိပ္ပံနည်းပညာ ဆိုင်ရာကိစ္စရပ်များ၊ ကာကွယ်ရေးဆိုင်ရာကိစ္စရပ်များသာမက အခြားကဏ္ဍပေါင်းစုံ ပူးပေါင်းဆောင်ရွက်ရေးကိစ္စများကို မြှင့်တင်နိုင်ခဲ့ပါကြောင်း။

**အမြဲတမ်းမဟာမိတ်**

အထူးသဖြင့် ရုရှားနိုင်ငံနှင့် မြန်မာနိုင်ငံတို့သည် အမြဲတမ်းမိတ်ဆွေနိုင်ငံ၊ အမြဲတမ်းမဟာမိတ်နိုင်ငံများအဖြစ် ဆက်လက်ပူးပေါင်းဆောင်ရွက်သွားကြမည်ဖြစ်ပြီး ရုရှား-မြန်မာချစ်ကြည်ရေးအသင်းများ တိုးချဲ့ဖွင့်လှစ်ဆောင်ရွက်ရေး၊ နှစ်နိုင်ငံအစိုးရနှင့် တပ်မတော်အရာရှိကြီးများ ချစ်ကြည်ရေးခရီး အပြန်အလှန်လည်ပတ်ရေး၊ ကုန်သွယ်မှုနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်ရေး၊ ခရီးသွားလုပ်ငန်းတိုးမြှင့်ရေး၊ ဘာသာရေးနှင့် ယဉ်ကျေးမှုဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး၊ အရပ်ဘက်စစ်ဘက် ပညာတော်သင်များ ထပ်မံစေလွှတ်ရေးနှင့် လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အပြန်အလှန်စေလွှတ်သွားရေး၊ လူသားချင်း စာနာထောက်ထားမှုဆိုင်ရာကိစ္စရပ်များတွင် ပူးပေါင်းဆောင်ရွက်ရေးနှင့် နိုင်ငံတကာနှင့် ဒေသတွင်း ဆက်ဆံရေးအခြေအနေများကို ပိုမိုကောင်းမွန်အောင် ဆောင်ရွက်ကြရေးဟူသည့် လုပ်ငန်းများတွင် နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်သွားကြမည်ဖြစ်ပါကြောင်း။

**ရင်းနှီးချစ်ကြည်ဆက်ဆံလာခဲ့**

အတိတ်သမိုင်းကြောင်းကိုပြန်ကြည့်ပါက ရုရှားနိုင်ငံနှင့် မြန်မာနိုင်ငံတို့သည် ပထဝီအနေအထားအရ သမုဒ္ဒရာကြီးများနှင့် တိုက်ကြီးများခြားထားသော်လည်း နှစ်နိုင်ငံအပြန်အလှန် နားလည်မှု၊ စီးပွားရေးအခွင့်အလမ်းနှင့် မဟာဗျူဟာဆိုင်ရာ ထည့်သွင်းစဉ်းစားမှုများအပေါ် အခြေခံပြီး နီးနီးကပ်ကပ်ရင်းနှီးချစ်ကြည်ဆက်ဆံလာခဲ့ကြသည်ကို တွေ့မြင်နိုင်မည် ဖြစ်ပါကြောင်း။

ရုရှားနိုင်ငံသည် မြန်မာနိုင်ငံ၏ သံတမန်ဆက်ဆံရေးတွင် ဆဋ္ဌမမြောက်နိုင်ငံဖြစ်ပြီး မြန်မာနိုင်ငံလွတ်လပ်ရေးရရှိခဲ့သည့် ၁၉၄၈ ခုနှစ်ကတည်းက သံတမန်ဆက်ဆံခဲ့ကြခြင်းဖြစ်သဖြင့် ရင်းနှီးကျွမ်းဝင်မှုများ အခိုင်အမာရှိနေပြီဟု ပြောရမည်ဖြစ်ပါကြောင်း။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏လွတ်လပ်ရေးကြေညာစာတမ်းတွင် **"ငါတို့လွတ်လပ်ရေးနှင့်ငါတို့နိုင်ငံတော်ကြီး၏သစ္စာကို ကမ္ဘာဆုံးတိုင် မယိမ်းမယိုင်တည်မည်။ ငါတို့သည် လွတ်လပ်သောနိုင်ငံဖြစ်သည်နှင့်အညီ ကမ္ဘာ့လွတ်လပ်သောနိုင်ငံအပေါင်းတို့တရားသဖြင့်ကျင့်ဆောင်အပ်သောကျင့်ဝတ်ကိုစောင့်ရှောက်ကျင့်ဆောင်မည်။ ငါတို့၏လွတ်လပ်ရေးကို ငါတို့ချစ်မြတ်နိုးသည်နှင့်အညီ တစ်ပါးသူတို့၏လွတ်လပ်ရေးကိုလည်း ငါတို့လေးစားစောင့်စည်းမည်။ ငါတို့သည် ငြိမ်းချမ်းရေးကို အလိုရှိသည်နှင့်အညီ ငါတို့ကဲ့သို့ လိုလားသူများနှင့်အတူလက်တွဲ၍ ကမ္ဘာ့ငြိမ်းချမ်းရေးကို ကာကွယ်စောင့်ရှောက်မည်။ ဤငါတို့ကြေညာချက်ကို တစ်ကမ္ဘာလုံး တစ်ယောက်မကျန်ကြားသိစေသတည်း။"**ဟု ရေးသားကြေညာခဲ့သည်ကို တွေ့မြင်နိုင်မည်ဖြစ်ပါကြောင်း။

ယင်းကြေညာစာတမ်းကိုကြည့်ပါက မိမိတို့မြန်မာနိုင်ငံသားများသည် လွတ်လပ်ရေးကိုလေးစားမြတ်နိုး တန်ဖိုးထားထိန်းသိမ်းသူများ၊ ငြိမ်းချမ်းရေးကို အလေးထားမှုများ၊ ကမ္ဘာ့ငြိမ်းချမ်းရေးကို ကာကွယ်စောင့်ရှောက်လိုစိတ်ရှိမှုများကို တွေ့ရှိရမည်ဖြစ်ပါကြောင်း။

**ဝင်ရောက်စွက်ဖက်**

ယနေ့ကမ္ဘာကြီးတွင် အင်အားကြီးနိုင်ငံအချို့သည် နိုင်ငံငယ်များ၏ ပြည်တွင်းရေးကိစ္စများတွင် အကြောင်းအမျိုးမျိုးပြကာ ဝင်ရောက်စွက်ဖက်ပြီး တည်ငြိမ်မှုပျက်ပြားအောင်၊ စည်းလုံးညီညွတ်မှုပြိုကွဲအောင် နည်းလမ်းမျိုးစုံအသုံးပြုပြီးဆောင်ရွက်နေကြပါကြောင်း၊ တစ်နည်းအားဖြင့် နိုင်ငံငယ်လေးများအပေါ် မလိုတစ်မျိုးလိုတစ်မျိုးလုပ်ပြီး ဖိအားပေးအကျပ်ကိုင်မှုများ၊ အနိုင်ကျင့်ဗိုလ်ကျမှုများ၊ ခွဲခြားဆက်ဆံမှုများပြုလုပ်နေသည်ကို တွေ့မြင်နေရပါကြောင်း။

**မိမိတို့မြန်မာနိုင်ငံသည် ရုရှားနိုင်ငံနှင့် ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးတိုးတက်ခိုင်မြဲစေရန် အစဉ်တစိုက်အလေးထားဆောင်ရွက်သွားမည်ဖြစ်ကြောင်းကိုလည်း ပြောကြားလို၊ ရုရှားနိုင်ငံကို မိတ်ကောင်းဆွေကောင်းအဖြစ် လေးစားတန်ဖိုးထားပြီး နှစ်နိုင်ငံအကျိုးစီးပွားဖြစ်ထွန်းနိုင်အောင် ဘက်ပေါင်းစုံမှ ဖော်ဆောင်သွားမည်ဖြစ်သကဲ့သို့ နှစ်နိုင်ငံပြည်သူများအချင်းချင်း ရင်းနှီးချစ်ကြည်စွာ ကူးလူးဆက်သွယ်ဆောင်ရွက်နိုင်ရေးအတွက်လည်း ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်၊ ယနေ့မျက်မှောက်ကမ္ဘာကြီးတွင် အရေးအကြီးဆုံးလိုအပ်နေသည့် အရာသည် ငြိမ်းချမ်းရေး၊ တည်ငြိမ်ရေးနှင့် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးတို့ပင်ဖြစ်**

အထူးသဖြင့် မိမိတို့မြန်မာနိုင်ငံကဲ့သို့ ပထဝီနိုင်ငံရေးအရ အရေးပါသည့် နိုင်ငံငယ်တစ်ခုကို ၎င်းတို့အလိုကျ ပုံဖော်ဆောင်ရွက်နိုင်ရေးနှင့်ဒေသတွင်း သြဇာကျယ်ပြန့်လာစေရေးအတွက် နည်းလမ်းမျိုးစုံနှင့် ဖိအားပေးအကျပ်ကိုင်မှုများ၊ အပြစ်ရှာဝေဖန်တိုက်ခိုက်မှုများ၊ ပိတ်ဆို့အရေးယူမှုများ၊ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်မှုများကို စဉ်ဆက်မပြတ် တစ်စိုက်မတ်မတ် အရှိန်ယူဆောင်ရွက်နေသည်ကို စိတ်မကောင်းဖွယ် တွေ့မြင်နေရပါကြောင်း။

**မိတ်ကောင်းဆွေသဟာ**

ထိုကဲ့သို့ နိုင်ငံကြီးအချို့၏ မြန်မာနိုင်ငံအပေါ် အဆိုးမြင်စိတ်များစွာနှင့် အလုံးစုံပျက်သုဉ်းရေး ရည်ရွယ်ကျင့်ကြံဆောင်ရွက်မှုများကို ရင်ဆိုင်ကျော်လွှားနိုင်ရေးအတွက် မိတ်ကောင်းဆွေသဟာပီသစွာ အမြဲဖေးမကူညီရပ်တည်ပေးသည့် ရုရှားနိုင်ငံ၏ခေါင်းဆောင်များနှင့် ရုရှားနိုင်ငံသူ၊ နိုင်ငံသားများကို အထူးပင်ကျေးဇူးတင်ရှိကြောင်းကို ပြောကြားလိုပါကြောင်း။

မိမိတို့မြန်မာနိုင်ငံသည် ရုရှားနိုင်ငံနှင့် ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေး တိုးတက်ခိုင်မြဲစေရန် အစဉ်တစိုက်အလေးထားဆောင်ရွက်သွားမည်ဖြစ်ကြောင်းကိုလည်း ပြောကြားလိုပါကြောင်း၊ ရုရှားနိုင်ငံကို မိတ်ကောင်းဆွေကောင်းအဖြစ် လေးစားတန်ဖိုးထားပြီး နှစ်နိုင်ငံအကျိုးစီးပွားဖြစ်ထွန်းနိုင်အောင် ဘက်ပေါင်းစုံမှ ဖော်ဆောင်သွားမည်ဖြစ်သကဲ့သို့ နှစ်နိုင်ငံပြည်သူများ အချင်းချင်းရင်းနှီးချစ်ကြည်စွာ ကူးလူးဆက်သွယ်ဆောင်ရွက်နိုင်ရေးအတွက်လည်း ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်းကို ပြောကြားလိုပါကြောင်း။

ယနေ့မျက်မှောက်ကမ္ဘာကြီးတွင် အရေးအကြီးဆုံးလိုအပ်နေသည့်အရာသည် ငြိမ်းချမ်းရေး၊ တည်ငြိမ်ရေးနှင့် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးတို့ပင် ဖြစ်ပါကြောင်း၊ ထိုအရာများသည် တစ်သီးခြားစီရပ်တည်၍မရဘဲ တစ်ခုနှင့်တစ်ခု အမှီသဟဲပြုနေရသည့်အရာများပင်ဖြစ်ပါကြောင်း၊ ငြိမ်းချမ်းမှုမရှိဘဲ တည်ငြိမ်မှုမရနိုင်သကဲ့သို့ ငြိမ်းချမ်းမှုနှင့်တည်ငြိမ်မှုမရှိဘဲ ဖွံ့ဖြိုးတိုးတက်မှုကို ဖော်ဆောင်လို့မရနိုင်သည်ကို သတိပြုကြရမည်ဖြစ်ပါကြောင်း၊ ယင်းလိုအပ်ချက်များ ပြည့်စုံရေးအတွက် မိမိတို့အားလုံးသည် နိုင်ငံတကာဆက်ဆံရေး ခိုင်မာအားကောင်းလာစေရန် မဖြစ်မနေ ကြိုးပမ်းကြရမည်ဖြစ်ပါကြောင်း။

**ဆောင်ရွက်နိုင်ကြမည်**

တစ်နည်းအားဖြင့် ကမ္ဘာ့မျက်နှာစာအသီးသီးတွင် တစ်နိုင်ငံနှင့်တစ်နိုင်ငံ၊ ပြည်သူတစ်ဦးနှင့်တစ်ဦး ပူးပေါင်းဆောင်ရွက်နိုင်မှသာ ငြိမ်းချမ်းရေး၊ တည်ငြိမ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးတို့ကို ဆောင်ရွက်နိုင်ကြမည်ဖြစ်ပါကြောင်း။

အားလုံးသိကြသည့်အတိုင်း ဒီမိုကရေစီစနစ်ကို စတင်ကျင့်သုံးစ ဖွံ့ဖြိုးဆဲနိုင်ငံတစ်နိုင်ငံဖြစ်သည့် မိမိတို့မြန်မာနိုင်ငံသည် များစွာသောစိန်ခေါ်မှုများကို ရင်ဆိုင်နေရသော်လည်း ကုလသမဂ္ဂအပါအဝင် ဒေသတွင်းအဖွဲ့အစည်းများ၊ ကမ္ဘာ့နိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်မှုများကို တက်ကြွစွာပါဝင်ဆောင်ရွက်လျက်ရှိပါကြောင်း၊ အထူးသဖြင့် မြန်မာနိုင်ငံသည် ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံဖြစ်လာချိန်မှစပြီး ယနေ့အချိန်အထိ ကုလသမဂ္ဂနှင့် ပူးပေါင်းဆောင်ရွက်ရေးကို နိုင်ငံခြားရေးမူဝါဒ၏ အုတ်မြစ်တစ်ခုအဖြစ် သတ်မှတ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ မိမိတို့အနေဖြင့် ကုလသမဂ္ဂကြီးကို ကမ္ဘာ့နိုင်ငံများ၏ ငြိမ်းချမ်းမှု၊ သဟဇာတဖြစ်မှုနှင့် တရား

မျှတမှုရှိပြီး သာယာဝပြောသည့် ကမ္ဘာ့အသိုက်အဝန်းကြီး ဖြစ်ပေါ်လာရေးအတွက် ကူညီပံ့ပိုးပေးနိုင်လိမ့်မည်ဟု ယုံကြည်မျှော်လင့်လျက်ရှိသည်ကို ပြောကြားလိုပါကြောင်း။

သို့သော် အင်အားကြီးကမ္ဘာ့နိုင်ငံအချို့သည် နိုင်ငံငယ်များအပေါ် တစ်ဖက်သတ်ဝါဒစွဲဖြင့် မတူညီသည့် နိုင်ငံရေးစနစ်ဖြင့် အတွေးအခေါ်များအပေါ် လွှမ်းမိုးထိန်းချုပ်နိုင်ရန် နည်းလမ်းမျိုးစုံနှင့်အစဉ်တစိုက် ကြိုးပမ်းဆောင်ရွက်နေကြသည်ကိုလည်း အားလုံးကသတိပြုကြရန် လိုအပ်ပါကြောင်း၊ အဆိုးဆုံးမှာဒီမိုကရေစီနှင့် လူ့အခွင့်အရေးကို အကြောင်းပြ၍ အချုပ်အခြာအာဏာပိုင်နိုင်ငံများ၏ ပြည်တွင်းရေးတွင် ဝင်ရောက်စွက်ဖက် ခြယ်လှယ်လိုမှုများကိုစိတ်မကောင်းဖွယ်တွေ့မြင်နေရပါကြောင်း။

**လေးစားလိုက်နာဆောင်ရွက်**

ယခုကဲ့သို့သော အခြေအနေတွင် နိုင်ငံများအနေဖြင့် အချုပ်အခြာအာဏာကို အပြန်အလှန်လေးစားမှု၊ နားလည်ယုံကြည်မှုနှင့် နိုင်ငံတစ်နိုင်ငံ၏ ပြည်တွင်းရေးကိစ္စများတွင် ဝင်ရောက်မစွက်ဖက်ရေးတို့ကိုလေးစားလိုက်နာဆောင်ရွက်ပေးကြရန် တိုက်တွန်းပြောကြားလိုပါကြောင်း၊ မည်သို့ပင်ဖြစ်စေ မိမိတို့နိုင်ငံအနေဖြင့် တစ်ဖက်က နိုင်ငံရေးတည်ငြိမ်အေးချမ်းမှုရရှိရေးအတွက် ကြိုးပမ်းဆောင်ရွက်မည်ဖြစ်သကဲ့သို့ အခြားတစ်ဖက်တွင်လည်း အာဆီယံအဖွဲ့ဝင် နိုင်ငံတစ်နိုင်ငံဖြစ်သည့်အတွက်အာဆီယံ၏သဘောထားရပ်တည်ချက်များအတိုင်း ဒေသတွင်းတည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် အပြည့်အဝပါဝင်ဆောင်ရွက်လျက်ရှိသည်ကို အသိပေးပြောကြားလိုပါကြောင်း။

**ပထဝီနိုင်ငံရေးအရ အရေးပါ**

မိမိတို့နိုင်ငံသည် အရှေ့တောင်အာရှဒေသ၏ အချက်အချာနေရာတွင် တည်ရှိနေသည့်အတွက် ပထဝီနိုင်ငံရေးအရ အရေးပါသည့်နိုင်ငံဖြစ်ပါကြောင်း၊ မြောက်ပိုင်းဒေသတွင် နှင်းဖုံးသည့်တောင်တန်းကြီးများ၊ အလယ်ပိုင်းတွင် ထွန်ယက်စိုက်ပျိုးနိုင်သည့် မြေပြန့်လွင်ပြင်များနှင့် တောင်ဘက်ပိုင်းတွင် ပင်လယ်ပြင်နှင့် ကျွန်းစုများရှိသည့်အတွက် ရေမြေရာသီဥတု လွန်စွာသာယာလှပသကဲ့သို့ စားရေရိက္ခာနှင့် သဘာဝတွင်းထွက်ပစ္စည်းများ ထွက်ရှိသည့်အတွက် သဘာဝကဖန်တီးပေးထားသည့် တန်ဖိုးမဖြတ်နိုင်သော နိုင်ငံတော်ကြီးဖြစ်ပါကြောင်း။

ယခုကဲ့သို့တန်ဖိုးရှိသည့် ရေမြေရာသီဥတုနှင့် သဘာဝ

> **မိမိတို့နိုင်ငံသည် အရှေ့တောင်အာရှဒေသ၏ အချက်အချာနေရာတွင် တည်ရှိနေသည့် အတွက် ပထဝီနိုင်ငံရေးအရ အရေးပါသည့် နိုင်ငံဖြစ်၊ မြောက်ပိုင်းဒေသတွင် နှင်းဖုံးသည့် တောင်တန်းကြီးများ၊ အလယ်ပိုင်းတွင် ထွန်ယက်စိုက်ပျိုးနိုင်သည့် မြေပြန့်လွင်ပြင် များနှင့် တောင်ဘက်ပိုင်းတွင် ပင်လယ်ပြင်နှင့် ကျွန်းစုများရှိသည့်အတွက် ရေမြေ ရာသီဥတု လွန်စွာသာယာလှပသကဲ့သို့ စားရေရိက္ခာနှင့်သဘာဝတွင်းထွက် ပစ္စည်းများ ထွက်ရှိသည့်အတွက် သဘာဝကဖန်တီးပေးထားသည့် တန်ဖိုး မဖြတ်နိုင်သော နိုင်ငံတော်ကြီးဖြစ်။**

တရားများကို အကျိုးရှိစွာအသုံးချပြီး တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးနှင့် နိုင်ငံသူနိုင်ငံသားများ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် တက်ညီလက်ညီဆောင်ရွက်ကြရန် လိုအပ်မည်ဖြစ်ပါကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံ့အကျိုး၊ တိုင်းရင်းသားပြည်သူတို့၏အကျိုးကိုရှေးရှုပြီး **"ရှေ့သို့ချီမည် ပန်းတိုင်ဆီ"** ဟူသည့် ဆောင်ပုဒ်အတိုင်း ပိုမိုကောင်းမွန်သည့် နိုင်ငံတော်နှင့်လူမှုစီးပွားဘဝကို တည်ဆောက်လျက်ရှိပါကြောင်း။

**အားပေးဆောင်ရွက်သွားမည်**

ထိုသို့ဆောင်ရွက်ရာတွင် ပြည်သူလူထုတစ်ရပ်လုံး အကျိုးကိုရှေးရှုပြီး လက်တွေ့ကျကျ ဆောင်ရွက်နိုင်မည့် နည်းလမ်းများကို ရှာဖွေကြိုးပမ်းဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း၊ မိမိတို့နိုင်ငံတွင် သဘာဝမှပေးထားသည့် အခွင့်အလမ်းကောင်းများစွာရှိပြီးသားဖြစ်သည့်အတွက် ပြည်တွင်းစီးပွားရေးနှင့် ပြည်တွင်းကုန်ထုတ်လုပ်မှု တိုးတက်ရေးတို့အတွက် အားပေးဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ယခုကဲ့သို့ဆောင်ရွက်သည့်အခါတွင် လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးသည် အဓိကအခန်းကဏ္ဍမှ ပါဝင်နေသည့်အတွက် ရှားရှားနိုင်ငံနှင့်ပူးပေါင်းဆောင်ရွက်ရေး

လုပ်ငန်းများတွင် လူ့သားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများနှင့် ပညာသင်ကြားရေးလုပ်ငန်းများကို အဓိကထားပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း။

ထို့ပြင် ရုရှားနိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်မှုနယ်ပယ်များအဖြစ် နှစ်နိုင်ငံကူးလူးဆက်ဆံရေး၊ ကူးသန်းရောင်းဝယ်ရေးကိစ္စများ၊ ကမ္ဘာလှည့်ခရီးသွားကဏ္ဍများ၊ ယဉ်ကျေးမှုနှင့် အားကစားဆိုင်ရာကဏ္ဍများအပြင် အခြားကဏ္ဍပေါင်းစုံတွင် ပူးပေါင်းဆောင်ရွက်မည်ဖြစ်သည့်အတွက် မိမိတို့ကျရာကဏ္ဍမှ အတူတကွပူးပေါင်းဆောင်ရွက်ပေးကြရန်တိုက်တွန်းလိုပါကြောင်း။

မိမိအနေဖြင့် ရုရှားနိုင်ငံခရီးစဉ်များတွင် မြန်မာနိုင်ငံတွင် လိုအပ်သည့် ရင်းနှီးမြှုပ်နှံမှုများပြုလုပ်ပေးကြရန် ဖိတ်ခေါ်ခဲ့ခြင်းကြောင့် အခုအချိန်တွင် စတင်အကောင်အထည်ဖော်ဆောင်ရွက်နေသည်ကိုတွေ့ရပြီး မကြာခင်ယခုထက်ပိုမိုတိုးမြှင့် ဆောင်ရွက်လာနိုင်ကြလိမ့်မည်ဟု ယုံကြည်မျှော်လင့်ထားပါကြောင်း၊ မိမိတို့အစိုးရအနေဖြင့် မြန်မာနိုင်ငံ၏အကျိုးကို လိုလားသည့် မည်သည့်နိုင်ငံ၊ အဖွဲ့အစည်း၊ လူပုဂ္ဂိုလ်များနှင့်မဆို ပူးပေါင်းဆောင်ရွက်ရန်အသင့်ရှိသည်ကိုလည်း အသိပေးပြောကြားလိုပါကြောင်း။

မိမိတို့နိုင်ငံသည် လွတ်လပ်ရေးရပြီးကာလကတည်းက ငြိမ်းချမ်းစွာအတူယှဉ်တွဲ နေထိုင်ရေးမူကြီး (၅) ချက်ကို အစဉ်တစိုက် လက်ခံကျင့်သုံး ဆောင်ရွက်နေသကဲ့သို့ လွတ်လပ်၍ တက်ကြွပြီးဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးလျက်ရှိပါကြောင်း၊ ကမ္ဘာ့ငြိမ်းချမ်းရေးနှင့် နိုင်ငံအချင်းချင်းမိတ်ဝတ်မပျက် ပေါင်းဖက်ဆက်ဆံရေးကို ရှေးရှုဆောင်ရွက်လျက်ရှိပါကြောင်း။

မိမိတို့ အစိုးရသက်တမ်းကာလတွင် အမျိုးမျိုးသောဖိအားများ၊ ဝေဖန်မှုများ၊ ပြစ်တင်မှုများကြားက မြန်မာနိုင်ငံ၏ပကတိအခြေအနေများအပေါ် နားလည်သဘောပေါက်ပြီး ပူးပေါင်းကူညီဆောင်ရွက်ပေးသည့် ရုရှားနိုင်ငံအပါအဝင် နိုင်ငံတကာအဖွဲ့အစည်းများ၊ နိုင်ငံများနှင့် လူပုဂ္ဂိုလ်များအားလုံးကို အထူးပင်ကျေးဇူးတင်ရှိသည်ကို ထပ်လောင်းပြောကြားလိုပါကြောင်း။

**တက်ကြွစွာပါဝင်ဆွေးနွေး**

ယနေ့ဖိုရမ်တွင် ဆွေးနွေးကြမည့်အကြောင်းအရာများ၊ ဆွေးနွေးမည့်ပုဂ္ဂိုလ်များသည် ရုရှား-မြန်မာ ချစ်ကြည်ရင်းနှီးမှု တိုးမြှင့်ဆောင်ရွက်ရေးနှင့် ကဏ္ဍပေါင်းစုံ ပူးပေါင်းဆောင်ရွက်နိုင်မည့် အခွင့်အလမ်းများ၊ အတွေးအမြင်များ၊ နည်းလမ်းများရှာဖွေဆွေးနွေးကြမည်ဖြစ်သဖြင့် အထူးပင်ကျေးဇူးတင်ရှိပါကြောင်းနှင့် တက်ရောက်လာသူအားလုံးက တက်ကြွစွာပါဝင်ဆွေးနွေးပေးကြပါရန် တိုက်တွန်းပြောကြားလိုပါကြောင်း၊ **သမိုင်းကြောင်းအရ နှစ်ပေါင်းများစွာ ဖြစ်တည်ရှည်ကြာခဲ့သည့် ရုရှား-မြန်မာ ချစ်ကြည်ရေး အဓွန့်ရှည်ကြာတည်တံ့ပါစေ၊ ရုရှား-မြန်မာ ယဉ်ကျေးမှုဖွံ့ဖြိုးတိုးတက်ပါစေ၊ ရုရှား-မြန်မာ နှစ်ပြည်ထောင် တိုးတက်ဖွံ့ဖြိုးပါစေ**ဟု ဆုတောင်းပါကြောင်း ပြောကြားသည်။

■ ■ ■

# (၅၁) ကြိမ်မြောက် မြန်မာနိုင်ငံ ကျန်းမာရေးဆိုင်ရာသုတေသန ညီလာခံဖွင့်ပွဲအခမ်းအနားတွင် ပြောကြားသည့်မိန့်ခွန်း

( ၂၀ - ၂ - ၂၀၂၃ )



**အားလုံးမင်္ဂလာပါ–**

ဒီနေ့ကျင်းပပြုလုပ်တဲ့ **“(၅၁) ကြိမ်မြောက် မြန်မာနိုင်ငံ ကျန်းမာရေးဆိုင်ရာသုတေသနညီလာခံ”** ကို တက်ရောက်လာကြတဲ့ တာဝန်ရှိပုဂ္ဂိုလ်များ၊ ကျန်းမာရေးပညာရှင်များ၊ သုတေသနပညာရှင်များနဲ့ ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနဲ့ ပြည့်စုံကြပါစေ၊ စိတ်၏ချမ်းသာခြင်း ကိုယ်၏ကျန်းမာခြင်းနဲ့ ပြည်စုံကြပါစေကြောင်း ဆုတောင်းလျက် ဦးစွာနှုတ်ခွန်းဆက်သအပ်ပါတယ်။

အခုလို ကျန်းမာရေးဆိုင်ရာသုတေသနညီလာခံကြီးကို ဆောင်ရွက်ခြင်းဖြင့် ကျန်းမာရေးနဲ့ပတ်သက်တဲ့ ကာကွယ်ရေးနဲ့ ကုသရေးဆိုင်ရာပညာရပ်များ တိုးတက်လာပြီး ကျန်းမာရေးစောင့်ရှောက်မှု အဆင့်အတန်းမြင့်မားလာစေဖို့နဲ့ သုတေသနတွေ့ရှိချက်များကို လက်တွေ့အသုံးချမယ့် သက်ဆိုင်ရာကျန်းမာရေးပညာရှင်များ သိရှိဆွေးနွေးပြီး အသိပညာဖလှယ်နိုင်စေဖို့စတဲ့ ရည်ရွယ်ချက်များ ချမှတ်ပြီး ကျင်းပတာဖြစ်ကြောင်း သိရှိရပါတယ်။

ကျန်းမာရေးဆိုင်ရာသုတေသနညီလာခံကြီးကို ၁၉၆၅ ခုနှစ်က စတင်ကျင်းပခဲ့ပြီး အစောပိုင်းနှစ်တွေမှာ သုတေသနစာတမ်းများအဖြစ်သာ တင်သွင်းဖတ်ကြားဆွေးနွေးခြင်းကိုဆောင်ရွက်ခဲ့ပေမယ့် ၁၉၉၁ ခုနှစ်ကစပြီး သုတေသနပိုစတာပြပွဲနှင့် ၂၀၀၂ ခုနှစ်ကစပြီး ပညာရပ်ဆိုင်ရာနှီးနှောဖလှယ်ဆွေးနွေးပွဲ (Symposium) တွေကို ကျယ်ကျယ်ပြန့်ပြန့်ထည့်သွင်းကျင်းပခဲ့ပါတယ်။ သုတေသီပညာရှင်များရဲ့ သုတေသနအရည်အသွေးတွေ ပိုမိုတိုးတက်ကောင်းမွန်လာစေပြီး ကြိုးစားယှဉ်ပြိုင်မှုရှိလာစေရေးအတွက် စာတမ်းတွေကိုတင်ပြရာမှာ အလေးထားအားထုတ်မှုရှိလာစေဖို့ အတွက် ၁၉၉၃ ခုနှစ်ကစပြီး အကောင်းဆုံးစာတမ်းဆုတွေ၊ အကောင်းဆုံးပိုစတာဆုတွေ ချီးမြှင့်ခဲ့

ပါတယ်။ မျိုးဆက်သစ်သုတေသီလူငယ်တွေကိုလည်း အားပေးဂုဏ်ပြုနိုင်ဖို့အတွက် ၂၀၁၀ ပြည့်နှစ်ကစလို့ လူငယ်သုတေသီဆုချီးမြှင့်ခြင်းကိုလည်း ထည့်သွင်းဆောင်ရွက်ခဲ့တယ်လို့လည်း သိရပါတယ်။

အခု (၅၁) ကြိမ်မြောက် သုတေသနညီလာခံကြီးကို ၂၀၂၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၀ ရက်နေ့ကနေ ၂၄ ရက်နေ့အထိ ငါးရက်ကျင်းပမှာဖြစ်ပြီး ညီလာခံကြီးကိုပေးပို့လာတဲ့ သုတေသနစာတမ်းတွေအနက် အခြေခံသုတေသနစာတမ်း၊ အသုံးချသုတေသနစာတမ်း၊ လူမှုရေးနဲ့ ကျန်းမာရေးစနစ်သုတေသနစာတမ်းနဲ့ သုတေသနပိုစတာတွေကို ညီလာခံမှာ တင်သွင်းဖတ်ကြားနိုင်ဖို့ စာတမ်းကြီးကြပ်ရေးဆပ်ကော်မတီက စနစ်တကျစိစစ်ရွေးချယ်ဆောင်ရွက်ထားကြောင်းနဲ့ ပိုစတာပြသခြင်းကို In-person ပုံစံနဲ့ စီစဉ်ဆောင်ရွက်ထားတယ်လို့သိရှိရပါတယ်။ ညီလာခံမှာ သုတေသနစာတမ်း ၅၈ စောင်၊ သုတေသနပိုစတာ ၃၄ စောင် တင်သွင်းဖတ်ကြားပြသကြမှာဖြစ်ပြီး ပညာရပ်ဆိုင်ရာနှီးနှောဖလှယ်ပွဲလေးခုကို ပြည်တွင်းပြည်ပက ပညာရှင်တွေနဲ့ ဆွေးနွေးကျင်းပမှာဖြစ်တယ်လို့လည်း သိရပါတယ်။ နိုင်ငံရဲ့ကျန်းမာရေးမြှင့်တင်မှုမှာ ထိရောက်မယ့်ဆောင်ရွက်ချက်များဖြစ်တဲ့အတွက် လေးစားဂုဏ်ယူပါကြောင်း ပြောကြားလိုပါတယ်။

ဒီနေ့ကမ္ဘာကြီးမှာ ကိုဗစ်-၁၉ အပါအဝင် အသစ်ဖြစ်ပေါ်လာတဲ့ ကူးစက်ရောဂါများ (Emerging Infectious Diseases) နဲ့ ကမ္ဘာ့ကပ်ရောဂါ (Pandemics) အများစုဟာ တိရစ္ဆာန်တွေကနေ စတင်အခြေပြုဖြစ်ပေါ်လာတဲ့ရောဂါများ (Zoonotic Diseases) ဖြစ်ကြောင်း သိရှိရပါတယ်။ ဒါ့ကြောင့် ယခုနှစ်သုတေသနညီလာခံရဲ့ အဓိကသုတေသနဦးတည်ချက်ခေါင်းစဉ် (Theme)အဖြစ် **"The Fight Against Zoonotic Diseases: A one Health Approach" "တိရစ္ဆာန်မှတစ်ဆင့် ကူးစက်နိုင်သောရောဂါများကို တစ်စုတည်းသော ကျန်းမာရေးပူးပေါင်းဆောင်ရွက်မှုဖြင့် ဝိုင်းဝန်းတိုက်ဖျက်ကြပါစို့"** လို့သတ်မှတ်ထားပြီး ၎င်းနဲ့ပတ်သက်တဲ့ပညာရပ်ဆိုင်ရာနှီးနှောဖလှယ်ပွဲကို ပြည်တွင်း/ပြည်ပ ပညာရှင်များပါဝင်ပြီး အတွေ့အကြုံတွေကို တင်ပြဆွေးနွေးကာ အသိအမြင်ချင်းဖလှယ်မှုတွေ ဆောင်ရွက်သွားမယ်လို့ သိရှိရပါတယ်။ ဒီလိုပူးပေါင်းဆောင်ရွက်မှုကနေတစ်ဆင့် ရလဒ်ကောင်းများထွက်ပေါ်လာမယ်လို့လည်း ယုံကြည်ပါတယ်။

ယနေ့ကမ္ဘာနဲ့တစ်ဝန်း ခေတ်နဲ့အညီ တိုးတက်ပြောင်းလဲနေရာမှာ အဆင့်မြင့်မော်လီကျူးဆိုင်ရာနည်းပညာတွေဟာ ရောဂါကုထုံးများ၊ ဆေးအသစ်ထုတ်ဖော်မှုများအတွက် များစွာအထောက်အကူပေးနေကြောင်း သက်သေသာဓကများကို တွေ့နေရပြီဖြစ်ပါတယ်။ ဒီအချက်ကို တီဘီရောဂါနဲ့ အသည်းရောင်အသားဝါရောဂါတို့အတွက် မီးမောင်းထိုးပြမယ့် **"Clinical Significance of Molecular Techniques: A Focus on TB and Hepatitis B (တီဘီနှင့် အသည်းရောင်အသားဝါ ဘီရောဂါကုသရေးတွင် မော်လီကျူလာနည်းပညာ၏ လက်တွေ့အသုံးဝင်ခြင်းဆိုင်ရာ ဆွေးနွေးပွဲ)"**ကို မြန်မာနိုင်ငံနဲ့ တောင်ကိုရီးယားနိုင်ငံတို့က သုတေသနသိပ္ပံပညာရှင်များက ဆွေးနွေးအသိပညာဖလှယ်မှုများ ပြုလုပ်မယ်လို့ သိရပါတယ်။

ယနေ့အချိန်မှာ ကိုဗစ်-၁၉ ရောဂါပိုး၊ သွေးလွန်တုပ်ကွေးလို ဗိုင်းရပ်စ်ပိုးများ၊ မျိုးကွဲ၊ မျိုးရိုးဗီဇပြောင်းလဲမှုကြောင့် ရောဂါပြင်းထန်မှုများနဲ့ ကပ်ရောဂါအသွင်ဖြစ်ပွားမှုတွေကို လက်တွေ့ရင်ဆိုင်နေကြရပြီဖြစ်ပါတယ်။ ဒီလိုမျိုးရိုးဗီဇပြောင်းလဲလာမှုတွေကိုလည်း စဉ်ဆက်မပြတ်အချိန်နဲ့တစ်ပြေးညီ စောင့်ကြည့်လေ့လာဖို့နဲ့ ကာကွယ်ကုသရေးတို့အတွက် သုတေသနစွမ်းဆောင်ရည် တိုးတက်မြင့်မားအောင် ကြိုးပမ်းဆောင်ရွက်နေကြရမှာဖြစ်ပါတယ်။ နိုင်ငံတော်အနေနဲ့လည်း လိုအပ်ချက်တွေကို ဆက်လက်ပံ့ပိုးဖြည့်ဆည်းပေးသွားမှာဖြစ်ပြီး နိုင်ငံတကာနဲ့ ပူးပေါင်းဆောင်ရွက်မှုတွေကိုလည်း အားပေးသွားမှာဖြစ်ပါတယ်။

တစ်ချိန်တည်းမှာ မကူးစက်တတ်တဲ့ ရောဂါများဖြစ်တဲ့ ကင်ဆာ၊ ဆီးချို၊ သွေးတိုး စတဲ့ရောဂါတွေနဲ့ပတ်သက်တဲ့ သုတေသနလုပ်ငန်းတွေကိုလည်း ထိထိရောက်ရောက် ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ရမှာဖြစ်ပါတယ်။ သဘာဝပတ်ဝန်းကျင်ညစ်ညမ်းမှုကြောင့် ဖြစ်ပွားတတ်တဲ့ရောဂါတွေကို ကာကွယ်ထိန်းချုပ်ရေးနဲ့ပတ်သက်တဲ့ သုတေသနလုပ်ငန်းတွေကိုလည်း ဦးစားပေးဆောင်ရွက်ဖို့ လိုအပ်ပါတယ်။ တိုင်းရင်းဆေးပညာနဲ့ပတ်သက်တဲ့ လက်တွေ့အသုံးချသုတေသနတွေကတစ်ဆင့် ပြည်သူတွေ လက်တွေ့အကျိုးရှိစေရေးနဲ့ မိမိတို့နိုင်ငံရဲ့ တိုင်းရင်းဆေးပညာရပ်နဲ့ တိုင်းရင်းဆေးဝါးထုတ်ကုန်များ နိုင်ငံတကာကို ထိုးဖောက်နိုင်ရေးအတွက် တိကျခိုင်မာတဲ့ သုသေသနပြုထားတဲ့

အချက်အလက်တွေ ပိုမိုရရှိဖို့အတွက်ကိုလည်း တိုင်းရင်းဆေးပညာရှင်ကြီးများ၊ တိုင်းရင်းဆေးပညာဦးစီးဌာနတို့နဲ့ ပူးပေါင်းဆောင်ရွက်ရမှာဖြစ်ပါတယ်။

နိုင်ငံတော်အနေနဲ့ ကျန်းမာရေးဝန်ကြီးဌာနက လက်တွေ့အသုံးချသုတေသန (Implementation Research Grant) တွေအတွက် နှစ်စဉ်သုတေသနထောက်ပံ့ကြေးတွေ ပေးခဲ့ရာမှာ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်အတွင်း သုတေသနအဆိုပြုလွှာ ကနဦးစိစစ်ရွေးချယ်ရေးအဖွဲ့က ရွေးချယ်ပေးထားတဲ့ သုတေသနစီမံချက် ၁၇၃ ခုအတွက် စုစုပေါင်းရန်ပုံငွေ ကျပ်သန်းပေါင်း ၆၇၇ ဒသမ ၃ သန်းကို ခွဲဝေထောက်ပံ့ပေးပြီးဖြစ်တာကြောင့် ထိရောက်အောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရွက်ပေးကြဖို့ တိုက်တွန်းမှာကြားလိုပါတယ်။

ကျန်မာရေးသုတေသနလုပ်ငန်းတွေ ဆောင်ရွက်တဲ့အခါမှာ ပြည်သူ့အကျိုးကိုရှေးရှုပြီး ပြည်သူများရဲ့ မျှော်မှန်းသက်တမ်း ယခုထက်ပိုမိုမြင့်မားလာစေဖို့အတွက် အခြေခံကျန်းမာရေးကောင်းမွန်ရေးနဲ့ ကျန်းမာရေးနဲ့ညီညွတ်စွာနေထိုင်စားသောက်ရေး၊ ရောဂါများကူးစက်ဖြစ်ပွားတတ်တဲ့သဘောသဘာဝကို သိရှိကာကွယ်နိုင်ရေးတို့ကို ကျယ်ကျယ်ပြန့်ပြန့်နားလည်အောင်ဆောင်ရွက်ပေးကြဖို့လိုပါတယ်။ ဒါ့အပြင် တိုင်းရင်းဆေးပညာဆိုင်ရာ သုတေသနများ၊ နိုင်ငံတကာနဲ့ သုတေသနဆိုင်ရာပူးပေါင်း ဆောင်ရွက်ခြင်းများကို သုတေသနကျင့်ဝတ်များနဲ့အညီ တိုးမြှင့်ဆောင်ရွက်ပြီး တွေ့ရှိရတဲ့အချက်များကိုလည်း အခုလိုညီလာခံများကျင်းပခြင်း၊ ပြည်တွင်းပြည်ပသုတေသနဂျာနယ်များ၊ စာစောင်များထုတ်ဝေခြင်းစတဲ့ ပြည်သူတွေကို အချိန်နဲ့တစ်ပြေးညီအသိပေးခြင်း၊ သတိပေးခြင်းလုပ်ငန်းတွေကို ဆောင်ရွက်ပေးကြဖို့လည်း အလွန်အရေးကြီးပါတယ်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရဲ့ဦးတည်ချက် ၁၂ ရပ်အနက် လူမှုရေးဦးတည်ချက်တစ်ခုဖြစ်တဲ့ **“နိုင်ငံ၏အခြေခံကျန်းမာရေးစောင့်ရှောက်မှုကို ပိုမိုခိုင်မာအောင်တည်ဆောက်၍ တစ်မျိုးသားလုံးသက်ရှည်ကျန်းမာသည့် ကျန်းမာရေးစနစ်ဖြစ်ပေါ်လာရေး”** ကို အောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရွက်ပေးကြဖို့ တိုက်တွန်းမှာကြားလိုပါတယ်။

အမျိုးသားကျန်းမာရေးသုတေသနမူဝါဒမှာပါရှိတဲ့ **“ကောင်းမွန်သော သုတေသနအလေ့အကျင့်များကို ပြုစုပျိုးထောင်ပေးခြင်းနှင့် သုတေသနလုပ်ငန်းဆောင်ရွက်နိုင်ရန် ကောင်းမွန်သောပတ်ဝန်းကျင်အခြေအနေ ဖန်တီးပေးခြင်းဖြင့် သင်ကြားရေးဆိုင်ရာဌာနများတွင် သုတေသနဆောင်ရွက်ရန် အားပေးရမည်”** ဆိုတဲ့ မူဝါဒနဲ့အညီ မိမိတို့နိုင်ငံမှာ အရာရာကိုလေ့လာစူးစမ်းသုတေသနပြုလုပ်ပြီးမှ လုပ်ငန်းများကိုဆောင်ရွက်လိုတဲ့ စိတ်နေစိတ်ထား၊ တစ်နည်းအားဖြင့် သုတေသနပြုလိုတဲ့စိတ် (Research minded)ရှိတဲ့ လူငယ်လူရွယ်တွေ ပညာရှင်တွေ များစွာပေါ်ထွက်လာအောင် ဆောင်ရွက်ရမှာဖြစ်ပါတယ်။ ဒီလိုမျိုးဖြစ်ပေါ်တိုးတက်လာနိုင်ဖို့ ငယ်စဉ်ကျောင်းသားဘဝကတည်းက သုတေသနပြုလုပ်လိုတဲ့ ဝါသနာအလေ့အကျင့်ပါလာအောင် ပျိုးထောင်နိုင်ဖို့အတွက် ယခုလိုကျန်းမာရေးဆိုင်ရာသုတေသနညီလာခံများ စဉ်ဆက်မပြတ် ကျင်းပပေးနေဖို့ လိုအပ်ပါတယ်။

တစ်ချိန်တည်းမှာ အမျိုးသားကျန်းမာရေးသုတေသနမူဝါဒမှာပါရှိတဲ့ **“ကျန်းမာရေးသုတေသနနှင့် သင်ကြားရေးဆိုင်ရာဌာနများတွင် ကောင်းစွာသက်ဝင်လှုပ်ရှား**

အမျိုးသားကျန်းမာရေးသုတေသနမူဝါဒမှာပါရှိတဲ့ “ကောင်းမွန်သော သုတေသနအလေ့အကျင့်များကို ပြုစုပျိုးထောင်ပေးခြင်းနှင့် သုတေသနလုပ်ငန်းဆောင်ရွက်နိုင်ရန် ကောင်းမွန်သောပတ်ဝန်းကျင်အခြေအနေ ဖန်တီးပေးခြင်းဖြင့် သင်ကြားရေးဆိုင်ရာ ဌာနများတွင် သုတေသနဆောင်ရွက်ရန် အားပေးရမည်” ဆိုတဲ့ မူဝါဒနဲ့အညီ မိမိတို့ နိုင်ငံမှာ အရာရာကိုလေ့လာစူးစမ်း သုတေသနပြုလုပ်ပြီးမှ လုပ်ငန်းများကို ဆောင်ရွက်လိုတဲ့ စိတ်နေစိတ်ထား၊ တစ်နည်း အားဖြင့် သုတေသနပြုလိုတဲ့စိတ် (Research minded)ရှိတဲ့ လူငယ်လူရွယ်တွေ ပညာရှင်တွေ များစွာပေါ်ထွက်လာအောင် ဆောင်ရွက်ရမှာဖြစ်ပါတယ်။

**နေသည့် တာဝန်ယူမှု၊ တာဝန်ခံမှုရှိသော သုတေသနဆောင်ရွက်မှုစနစ်တစ်ရပ် ထူထောင်ရမည်”** ဆိုတဲ့အချက်ကိုလည်း လိုက်နာဆောင်ရွက်ကြဖို့ လိုအပ်ပါတယ်။ သုတေသနပြုလုပ်မယ့် သုတေသီတွေအနေနဲ့ မိမိတို့လုပ်ဆောင်တဲ့ သုတေသနတွေဟာ မှန်ကန်တိကျပြီး မိမိတို့သုတေသနပြုလုပ်တဲ့ လူနာတွေ၊ ပြည်သူတွေအတွက် ကောင်းကျိုးကိုသာဖြစ်စေမယ်ဆိုတဲ့ တာဝန်ခံမှု၊ တာဝန်ယူမှုအပြည့်ရှိတဲ့ ကျင့်ဝတ်နဲ့ညီတဲ့ သုတေသန (Responsible Conduct of Research) များသာ ဖြစ်ရမယ်ဆိုတာကို စွဲစွဲမြဲမြဲသိရှိလိုက်နာဆောင်ရွက်ပေးဖို့ အထူးအရေးကြီးလှပါတယ်။

ညီလာခံကြီးကို အောင်မြင်စွာကျင်းပနိုင်ဖို့ လုပ်ငန်းတာဝန်တွေသတ်မှတ်ပြီး စနစ်တကျအကောင်အထည်ဖော်ဆောင်ရွက်ခဲ့ကြတယ်လို့ သိရှိရတဲ့အတွက် ညီလာခံကျင်းပရေးဦးစီးကော်မတီ၊ လုပ်ငန်းကော်မတီနဲ့ ဆပ်ကော်မတီဝင်များအားလုံး စာတမ်း၊ပိုစတာများ ဖတ်ကြားတင်သွင်းသူ သုတေသီများ၊ ပညာရပ်ဆိုင်ရာ နှီးနှောဖလှယ်ပွဲတွေမှာ ပါဝင်ဆွေးနွေးကြသူ ပြည်တွင်း/ပြည်ပ ပညာရှင်များကိုလည်း ကျေးဇူးတင်ရှိပါကြောင်းနဲ့ မှတ်တမ်းတင်ချီးကျူးပါကြောင်း အလေးထားထည့်သွင်းပြောကြားလိုပါတယ်။

**နိဂုံးချုပ်အနေနဲ့-**

- ယခုကျင်းပတဲ့ (၅၁) ကြိမ်မြောက် မြန်မာနိုင်ငံကျန်းမာရေးဆိုင်ရာ သုတေသနညီလာခံကြီးမှာ တင်ပြတဲ့ သုတေသနစာတမ်းများ၊ သုတေသနပိုစတာများနဲ့ ပညာရပ်ဆိုင်ရာနှီးနှောဖလှယ်ဆွေးနွေးပွဲများကနေ သုတေသနရလဒ်ကောင်းရရှိအောင် တိုင်ပင်ဆွေးနွေးပေးကြပါ။
- ကျန်းမာရေးဝန်ကြီးဌာနရဲ့ ရည်မှန်းချက်ဖြစ်တဲ့ လူတိုင်းသက်တမ်းစေ့ အသက်ရှည်စွာ နေထိုင်နိုင်ရေးနဲ့ လူတိုင်းရောဂါဘယကင်းရှင်းရေးကို ထိရောက်အောင်မြင်အောင် ကြိုးစားဆောင်ရွက်ပေးကြပါ။

ဆေးသုတေသနဦးစီးဌာနရဲ့ မျှော်မှန်းချက်ဖြစ်တဲ့ ဆေးသုတေသနတွေ့ရှိချက်တွေကို အသုံးချခြင်းဖြင့် မြန်မာနိုင်ငံသားများ ပိုမိုကျန်းမာလာစေရေး မျှော်မှန်းချက်ကို မျက်ဝါးထင်ထင်အကောင်အထည်ဖော်စေနိုင်တဲ့ (Evidence-based research findings) များဟာ ခိုင်မာတိကျတဲ့ ရလဒ်အခြေပြုသုတေသနတွေ့ရှိချက်များဖြစ်တယ်လို့ ယုံကြည်ပါကြောင်းနဲ့ နိုင်ငံတကာနဲ့ ရင်ပေါင်တန်းနိုင်မယ့် နိုင်ငံ့ဖွံ့ဖြိုးတိုးတက်ရေးအတွက် အကောင်းဆုံးတွန်းအားပေးမယ့် သုတေသနကောင်းများကို သုတေသီပညာရှင်များ စွမ်းစွမ်းတမံအကောင်အထည်ဖော်ဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း နိဂုံးချုပ်အပ်ပါတယ်။

အားလုံးကို ကျေးဇူးတင်ပါတယ်။

■ ■ ■

# နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ ဧည့်ခန်းမဆောင်၌ ပြုလုပ်သည့် ဂုဏ်ထူးဆောင်တံဆိပ်နှင့် အဆောင်အယောင်များ ချီးမြှင့်အပ်နှင်းခြင်း အခမ်းအနားတွင် ပြောကြားသည့်အမှာစကား

( ၂၀ - ၂ - ၂၀၂၃ )



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်သည် ၂၀၂၃ ခုနှစ် (၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အထိမ်းအမှတ်အဖြစ် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ငြိမ်းချမ်းသာယာဝပြောရေးအတွက် စွမ်းစွမ်းတမံပူးပေါင်းဆောင်ရွက်ခဲ့ကြသည့် ပုဂ္ဂိုလ်များအား ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များကို ချီးမြှင့်အပ်နှင်းခဲ့ပြီး ဇန်နဝါရီ ၁ ရက်နှင့် ၂ ရက်တို့တွင် အခမ်းအနားများကို အောင်မြင်စွာကျင်းပခဲ့ကာ အခမ်းအနားတက်ရောက်လာသည့် ဘွဲ့ခံပုဂ္ဂိုလ်များထံ ရရှိသည့် ဂုဏ်ထူးဆောင်ဘွဲ့များအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ကိုယ်တိုင်တစ်ဦးချင်း လက်ရောက်ချီးမြှင့်အပ်နှင်းခဲ့ပြီး ဖြစ်သည်။

အဆိုပါ ဂုဏ်ထူးဆောင်ဘွဲ့များ အပ်နှင်းခြင်းအခမ်းအနားသို့ အကြောင်းအမျိုးမျိုးကြောင့် ကိုယ်တိုင်သော်လည်းကောင်း၊ ကိုယ်စားသော်လည်းကောင်း တက်ရောက်ရယူနိုင်ခဲ့ခြင်းမရှိဘဲ အဝေးရောက်လက်ခံယူမည့် ဘွဲ့ခံပုဂ္ဂိုလ်များရှိခဲ့ပြီး သက်ဆိုင်ရာတိုင်းဒေသကြီးနှင့်ပြည်နယ်ဝန်ကြီးချုပ်များ၊ တိုင်းမှူးများက သွားရောက်ချီးမြှင့်အပ်နှင်းခြင်းများကို ဆောင်ရွက်ပေးလျက်ရှိသည်။

**တက်ရောက်**

ယနေ့တွင်လည်း ဂုဏ်ထူးဆောင်တံဆိပ်နှင့် အဆောင်အယောင်များ ချီးမြှင့်ခြင်းကို နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ ဧည့်ခန်းမဆောင်၌ပြုလုပ်ရာ အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်

**အဆွေတော်အနေဖြင့် နှစ်နိုင်ငံနှင့် တပ်မတော်နှစ်ရပ်အကြား ချစ်ကြည်ရင်းနှီးမှု၊ မြန်မာနိုင်ငံ ဖွံ့ဖြိုးတိုးတက်မှုနှင့် ဂျပန်နိုင်ငံမှ ရင်းနှီးမြှုပ်နှံမှုများ မြန်မာနိုင်ငံတွင် လာရောက်ဆောင်ရွက်နိုင်ရန်တို့အတွက် အစွမ်းကုန်ဆောင်ရွက်ပေးနိုင်ခဲ့၊ အဆွေတော်၏ ကြိုးပမ်းခဲ့မှုများကြောင့် နှစ်နိုင်ငံအစိုးရ၊ ပြည်သူများနှင့် တပ်မတော်နှစ်ရပ်အကြား ပူးပေါင်းဆောင်ရွက်မှုနှင့် ချစ်ကြည်ရင်းနှီးမှုများ ခိုင်မာစွာဖြင့် ဆောင်ရွက်နိုင်ခဲ့ခြင်းဖြစ်ပြီး ယခုထက်ပိုမိုတိုးတက်အောင် ဆက်လက်ကြိုးပမ်းဆောင်ရွက်နိုင်မည်ဟု ယုံကြည်။**

ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်နှင့် တာဝန်ရှိသူများ၊ Japan– Myanmar Association Chairman ဖြစ်သူ H.E. Mr. HIDEO WATANABE နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး သီရိပျံချီ စည်သူစိုးထွန်းက ဘွဲ့တံဆိပ်ပေးအပ်သည့် အမိန့်များကို ဖတ်ကြားတင်ပြသည်။ ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ငြိမ်းချမ်းသာယာဝပြောရေးအတွက်စွမ်းစွမ်းတမံပူးပေါင်းဆောင်ရွက်ခဲ့သောကြောင့် စွမ်းဆောင်မှုဆိုင်ရာ ဘွဲ့တံဆိပ်ရရှိခဲ့သည့် Japan–Myanmar Association Chairman ဖြစ်သူ H.E. Mr. HIDEO WATANABE ထံ သီရိပျံချီဘွဲ့တံဆိပ်နှင့်အဆောင်အယောင်ကိုလက်ရောက်ချီးမြှင့်အပ်နှင်းသည်။

ယင်းနောက် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ငြိမ်းချမ်းသာယာဝပြောရေးအတွက် စွမ်းစွမ်းတမံ ပူးပေါင်းဆောင်ရွက်ခဲ့သောကြောင့် ဂုဏ်ထူးဆောင်ဘွဲ့တံဆိပ်ရရှိခဲ့သည့် ဂျပန်နိုင်ငံဝန်ကြီးချုပ်ဟောင်း Mr. Taro Aso အား သရေစည်သူဘွဲ့တံဆိပ်နှင့် အဆောင်အယောင်ကို ချီးမြှင့်အပ်နှင်းရာ Japan–Myanmar Association Chairman ဖြစ်သူ H.E. Mr. HIDEO WATANABE က ဂျပန်နိုင်ငံဝန်ကြီးချုပ်ဟောင်းကိုယ်စား လက်ခံရယူသည်။

**ဂုဏ်ပြုစကားပြောကြား**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ဘွဲ့တံဆိပ်များ ချီးမြှင့်အပ်နှင်းခြင်းနှင့်ပတ်သက်၍ ဂုဏ်ပြုစကားပြောကြားရာတွင် အဆွေတော် ဂျပန်-မြန်မာချစ်ကြည်ရေးအသင်းဥက္ကဋ္ဌသည် မြန်မာနိုင်ငံဖွံ့ဖြိုးတိုးတက်ရေးနှင့် နှစ်နိုင်ငံချစ်ကြည်ရေးအတွက် နှစ်ပေါင်းများစွာ ဆောင်ရွက်ခဲ့သည့် မိတ်ဆွေကောင်းတစ်ဦးဖြစ်ကြောင်း၊ ထို့ကြောင့် အဆွေတော်ကို ဘွဲ့တံဆိပ်ချီးမြှင့်အပ်နှင်းရသည့်အတွက် ဝမ်းမြောက်ဂုဏ်ယူပါကြောင်းနှင့် အဆွေတော်အနေဖြင့် နှစ်နိုင်ငံနှင့် တပ်မတော်နှစ်ရပ်အကြား ချစ်ကြည်ရင်းနှီးမှု၊ မြန်မာနိုင်ငံ ဖွံ့ဖြိုးတိုးတက်မှုနှင့် ဂျပန်နိုင်ငံမှ ရင်းနှီးမြှုပ်နှံမှုများ မြန်မာနိုင်ငံတွင် လာရောက်ဆောင်ရွက်နိုင်ရန်တို့အတွက် အစွမ်းကုန်ဆောင်ရွက်ပေးနိုင်ခဲ့ပါကြောင်း၊ အဆွေတော်၏ ကြိုးပမ်းခဲ့မှုများကြောင့် နှစ်နိုင်ငံအစိုးရ၊ ပြည်သူများနှင့် တပ်မတော်နှစ်ရပ်အကြား ပူးပေါင်းဆောင်ရွက်မှုနှင့် ချစ်ကြည်ရင်းနှီးမှုများ ခိုင်မာစွာဖြင့် ဆောင်ရွက်နိုင်ခဲ့ခြင်းဖြစ်ပြီး ယခုထက်ပိုမိုတိုးတက်အောင် ဆက်လက်ကြိုးပမ်းဆောင်ရွက်နိုင်မည်ဟု ယုံကြည်ပါကြောင်း၊ သမိုင်းဟူသည်မှာ ဖျောက်ဖျက်၍မရဘဲ ကမ္ဘာတည်သရွေ့ ကျန်ရှိနေမည်ဖြစ်သဖြင့် ကောင်းမွန်သည့်သမိုင်းကို အတူတကွရေးထိုးကြရမည်ဖြစ်ကြောင်း၊ ယခုကဲ့သို့ ဘွဲ့တံဆိပ်ရရှိသည့်အတွက်လည်းအဆွေတော်၊အဆွေတော်၏မိသားစု၊ အဆွေတော်၏ နိုင်ငံတို့နှင့် ထပ်တူ ဂုဏ်ယူဝမ်းမြောက်ပါကြောင်း ပြောကြားသည်။

■ ■ ■

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစည်းအဝေး (၂/၂၀၂၃) တွင် ပြောကြားသည့်အမှာစကား

( ၂၃ - ၂ - ၂၀၂၃ )





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစည်းအဝေး (၂/၂၀၂၃) ကို ဖေဖော်ဝါရီလ ၂၃ ရက် မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး အစည်းအဝေးခန်းမ၌ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး အောင်လင်းဒွေး၊ တွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ကောင်စီအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**ချမှတ်ထားသည့် ရှေ့လုပ်ငန်းစဉ်များ၊ ဦးတည်ချက်များကို အောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရွက်ရန် ကြိုးပမ်းဆောင်ရွက်ရမည်**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အဖွင့်အမှာစကား ပြောကြားရာတွင် နိုင်ငံတော်ကိုနိုင်ငံရေးအရ အရေးပေါ်အခြေအနေကြေညာထားသည့်ကာလကို ၆ လ သက်တမ်းတိုးပြီးချိန်တွင် အသစ်ထပ်မံဖွဲ့စည်းသည့် ကောင်စီဝင်များဖြင့် ပထမဆုံးအကြိမ်ပြုလုပ်သည့် အစည်းအဝေးဖြစ်ကြောင်း၊ လာမည့် ၆ လတာကာလအတွင်း နိုင်ငံတော်အတွက် နိုင်ငံရေးအရ၊ စီးပွားရေးအရ၊ လူမှုရေးအရဆောင်ရွက်ရန်ရှိသည့်ကိစ္စများကို တိုင်ပင်ဆွေးနွေးဆောင်ရွက်ရန်ဖြစ်ကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် နိုင်ငံတော်အဆင့်မူဝါဒများ ချမှတ်ဆောင်ရွက်ရကြောင်း၊ မိမိတို့နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီမှ အသစ်ချမှတ်ထားသည့် ရှေ့လုပ်ငန်းစဉ်များ၊ ဦးတည်ချက်များကို အောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရွက်ရန် ကြိုးပမ်းဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ တိုင်းပြည် ရာနှုန်းပြည့်တည်ငြိမ်အေးချမ်းမှုမရှိသေးခြင်းနှင့် လွတ်လပ်ပြီးတရားမျှတသည့် ရွေးကောက်ပွဲကျင်းပနိုင်ရန် အခြေခံလိုအပ်ချက်များမှအစ ဖြည့်ဆည်းဆောင်ရွက်ရန် လုပ်ငန်းများရှိနေခြင်းတို့ကြောင့် အရေးပေါ်အခြေအနေကာလကို ၆ လ သက်တမ်းတိုးဆောင်ရွက်ခဲ့ရခြင်းဖြစ်ကြောင်း၊ လာမည့်ရွေးကောက်ပွဲကို လွတ်လပ်ပြီးတရားမျှတသည့် ရွေးကောက်ပွဲဖြစ်ရန်၊ လူတိုင်းမဲပေးနိုင်ခွင့်ရှိရန်နှင့် နိုင်ငံတစ်ဝှမ်းဆောင်ရွက်နိုင်ရန် ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ ကမ္ဘာ့နိုင်ငံတိုင်းတွင် ဆန္ဒမဲပေးခြင်းကို ရာနှုန်းပြည့်ဆောင်ရွက်နိုင်ခြင်းမရှိကြောင်း၊ မဲပေးခြင်း၊ မပေးခြင်းမှာ ပြည်သူတစ်ဦးချင်း၏ဆန္ဒဖြစ်ပြီး မဲဆန္ဒရှင်ပြည်သူများအားလုံး လွတ်လပ်စွာမဲပေးနိုင်ရေး ဆောင်ရွက်ပေးရန်မှာ အစိုးရ၏တာဝန်ဖြစ်ကြောင်း၊ ဆန္ဒမဲပေးချိန်တွင် ခြိမ်းခြောက်မှုများ၊ အကြပ်ကိုင်မှုများနှင့်ဖိအားပေးမှုများ

မရှိအောင် ဆောင်ရွက်ပေးရန်လိုကြောင်း၊ မဲဆန္ဒရှင်များ လွတ်လပ်စွာဆန္ဒမဲပေးနိုင်ရန်အတွက် နိုင်ငံတည်ငြိမ်အေးချမ်းမှုရှိအောင်ဆောင်ရွက်ရန်လိုကြောင်း၊ အချို့ EAO များနှင့် PDF အမည်ခံ အကြမ်းဖက်သမားများ၏ အကြမ်းဖက်တိုက်ခိုက်မှုများကြောင့် နိုင်ငံအဝန်းရာနှုန်းပြည့်တည်ငြိမ်အေးချမ်းမှုမရှိသည်ကိုတွေ့ရှိရပြီး တည်ငြိမ်အေးချမ်းမှုရှိအောင် ဆက်လက်ဆောင်ရွက်ရန် လိုအပ်နေသေးကြောင်း။

**လာမည့်ရွေးကောက်ပွဲကို အောင်မြင်စွာကျင်းပနိုင်ရန် လုပ်ဆောင်သင့်သည်များကို ကြိုတင်ပြင်ဆင်ဆောင်ရွက်လျက်ရှိ**

နိုင်ငံရေးပါတီများနှင့်ပတ်သက်၍ ပါတီအရေအတွက်များပြားသော်လည်း ရွေးကောက်ပွဲတွင် လွှတ်တော်ကိုယ်စားလှယ် အရွေးခံရသည့်ပါတီများ နည်းပါးခဲ့သည်ကို တွေ့ရကြောင်း၊ ၎င်းအခြေအနေသည် နိုင်ငံရေးပါတီများအနေဖြင့် ဒေသနှင့်ပြည်သူလူထုတို့၏ အမှန်တကယ်လိုလားချက်များကို ဖော်ဆောင်ပေးနိုင်ရန် အားနည်းမှုရှိနေပြီး ပြည်သူများ၏ ယုံကြည်ကိုးစားမှုနည်းပါးသည်ကိုတွေ့ရကြောင်း၊ ထို့ကြောင့် ဒေသနှင့်ပြည်သူများ၏ လိုလားချက်များကို အမှန်တကယ် အကောင်အထည်ဖော်ဆောင်ပေးနိုင်သော ပြည်သူကို အမှန်တကယ်ကိုယ်စားပြုသည့် နိုင်ငံရေးပါတီများ ဖြစ်ရန်လိုကြောင်း၊ အလားတူ ရွေးကောက်ပွဲတွင်ပါဝင်သည့် ပါတီများသည် လွှတ်တော်ထဲတွင် ကိုယ်စားပြုမှုများမှသာ ပြည်သူ၏အသံနှင့် တိုင်းပြည်မှဖြစ်စေချင်သည်များကို ပြောခွင့်ရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေကို ပြင်ဆင်ထုတ်ပြန်ခဲ့ကြောင်း၊ ပါတီများတွင် ဦးဆောင်သည့်သူများကိုလည်း ပြည်သူတို့၏လိုလားချက်၊ လိုအပ်ချက်များကို သိရှိနိုင်ရေး အခွင့်အလမ်းများ ဖော်ဆောင်ပေးရမည်ဖြစ်ကြောင်း၊ လွှတ်တော်တွင် နိုင်ငံရေးပါတီများ၊ တိုင်းရင်းသားများ ကိုယ်စားပြုမှုများပြားလာစေရေး PR စနစ်ဖြင့် ကျင့်သုံးမည်ဆိုပါက ပိုမိုအဆင်ပြေမည်ဖြစ်ကြောင်း၊ ထို့ကြောင့် PR စနစ်ကိုကျင့်သုံးနိုင်ရန်အတွက် သက်ဆိုင်ရာနိုင်ငံရေးပါတီများ၊ ငြိမ်းချမ်းရေးဆွေးနွေးပွဲများတွင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် ဆွေးနွေးရာတွင် လက်ခံမှုရှိသည်ကိုတွေ့ရကြောင်း၊ နိုင်ငံရေးပါတီများနှင့် ၎င်းတို့ကို ဦးဆောင်မည့်သူများ၏အခြေအနေများကို ပြည်သူများမှ လေ့လာနိုင်ရန်အတွက်လည်း အချိန်တစ်ခုပေးရန် လိုအပ်ကြောင်း။

မဲစာရင်းနှင့်ပတ်သက်၍ မဲစာရင်းသည် လူဦးရေနှင့် သန်းခေါင်စာရင်းကိုအခြေခံ၍ ဆောင်ရွက်ရခြင်းဖြစ်ကြောင်း၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ ဆောင်ရွက်သည့် မဲပေးပိုင်ခွင့်ရှိသူစာရင်း၊ ရွေးကောက်ပွဲကော်မရှင်မှဆောင်ရွက်သည့် မဲစာရင်းနှင့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှဆောင်ရွက်သည့် မဲစာရင်းဟူ၍ရှိကြောင်း၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာနမှ ကောက်ယူသည့် လူဦးရေသန်းခေါင်စာရင်းသည် အခြေခံစာရင်းရှိသဖြင့် ပိုမိုတိကျမှန်ကန်နိုင်မည်ဖြစ်ပြီး အနည်းဆုံး ၁၀ နှစ်လျှင်တစ်ကြိမ် သန်းခေါင်စာရင်း ကောက်ယူခြင်းသည် မဖြစ်မနေဆောင်ရွက်သင့်သည့် နိုင်ငံတကာစံနှုန်းတစ်ခုဖြစ်ကြောင်း၊ မိမိတို့နိုင်ငံတွင် ၂၀၁၄ ခုနှစ်၌ နောက်ဆုံးသန်းခေါင်စာရင်းကို ကောက်ယူခဲ့ခြင်းဖြစ်ကြောင်း၊ ၂၀၁၉ ခုနှစ်တွင် ခန့်မှန်းလူဦးရေတွက်ချက်မှု အစီရင်ခံစာကိုထုတ်ပြန်ခဲ့ကြောင်း၊ ၂၀၁၄ ခုနှစ်တွင် ကောက်ယူခဲ့ခြင်းဖြစ်သဖြင့် ဆယ်နှစ်နီးပါးကြာမြင့်ပြီဖြစ်သောကြောင့် အချို့သောအချက်များကို ပြန်လည်အတည်ပြု ဆောင်ရွက်ရန်လိုအပ်သည်ကိုလည်း ထည့်သွင်းစဉ်းစားရန်လိုကြောင်း၊ ၂၀၂၀-၂၀၂၁-၂၀၂၂ ခုနှစ်များတွင် ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုကြောင့် သွားလာမှုခက်ခဲမှုနှင့် သေဆုံးမှုများ၊ နိုင်ငံရေးမတည်ငြိမ်မှုကြောင့် ဖြစ်ပေါ်လာသည့် အကြမ်းဖက်မှုဖြစ်စဉ်များ၊ နိုင်ငံရေးပဋိပက္ခများကြောင့် ကိန်းဂဏန်းအချက်အလက်များသည် တိကျမှန်ကန်မှုရှိရန် အားနည်းချက်များရှိမည်ဖြစ်ကြောင်း၊ ထို့ကြောင့် စာရင်းဇယားအချက်အလက်များ မှန်ကန်စေရေး ပြည်လုံးကျွတ်သန်းခေါင်စာရင်းကို ပြန်လည်ကောက်ယူရန် လိုအပ်မည်ဖြစ်ကြောင်း၊ သို့မှသာ မဲစာရင်းများကို မှန်ကန်အောင် ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် ရာနှုန်းပြည့်အသင့်ဖြစ်မှုဖြစ်ရန်အတွက် အချိန်လိုအပ်ချက်ရှိခြင်းကြောင့် မိမိအနေဖြင့် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီအစည်းအဝေးတွင် နိုင်ငံတော်ယာယီသမ္မတကို တင်ပြ၍ အရေးပေါ်အခြေအနေကာလကို ၆ လထပ်မံသက်တမ်းတိုးရန်လိုအပ်မှုကို တင်ပြခဲ့ခြင်းဖြစ်ကြောင်း၊ ထိုသို့တင်ပြခဲ့ချိန်တွင် နိုင်ငံတည်ငြိမ်အေးချမ်းရေးအတွက် ဦးစားပေး ဆောင်ရွက်ရန်လိုအပ်လျက်ရှိသည်ကို ယာယီ

မိမိတို့အနေဖြင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီကို စတင်ဖွဲ့စည်းစဉ်ကတည်းကပင် နိုင်ငံစီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေး အတွက် ရှေ့လုပ်ငန်းစဉ်များ၊ ဦးတည်ချက်များချမှတ်၍ ယင်းအပေါ်ဦးတည်ပြီး လုပ်ငန်းများကို စနစ်တကျအကောင် အထည်ဖော်ဆောင်ရွက်ခဲ့ခြင်းဖြစ်၊ လက်ရှိ အချိန်တွင်လည်း ရှေ့လုပ်ငန်းစဉ်များနှင့် ဦးတည်ချက်များကို အသစ်ထပ်မံချမှတ် ပြင်ဆင်၍ဆောင်ရွက်လျက်ရှိပြီး ပထမအချက် အနေဖြင့် တည်ငြိမ်အေးချမ်းရေးအတွက် အချို့သောမြို့နယ်များတွင် စစ်အုပ်ချုပ်ရေး အမိန့်များကိုထုတ်ပြန်၍ တည်ငြိမ်အေးချမ်း ရေးကို ဦးစားပေးဆောင်ရွက်လျက်ရှိ။

သမ္မတကြီးမှ မေတ္တာရပ်ခံခဲ့ခြင်းကြောင့် အချို့သောမြို့နယ်များကိုစစ်အုပ်ချုပ်ရေးအမိန့်ထုတ်ပြန်၍ တည်ငြိမ်အေးချမ်းရေးကို ဦးတည်ဆောင်ရွက်လျက်ရှိကြောင်း။

**တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး ဆောင်ရွက်လျက်ရှိ**

မိမိတို့အနေဖြင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီကို စတင်ဖွဲ့စည်းစဉ်ကတည်းကပင် နိုင်ငံစီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် ရှေ့လုပ်ငန်းစဉ်များ၊ ဦးတည်ချက်များချမှတ်၍ ယင်းအပေါ်ဦးတည်ပြီး လုပ်ငန်းများကို စနစ်တကျအကောင်အထည်ဖော်ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ လက်ရှိအချိန်တွင်လည်း ရှေ့လုပ်ငန်းစဉ်များနှင့် ဦးတည်ချက်များကို အသစ်ထပ်မံချမှတ်ပြင်ဆင်၍ ဆောင်ရွက်လျက်ရှိပြီး ပထမအချက်အနေဖြင့် တည်ငြိမ်အေးချမ်းရေးအတွက် အချို့သောမြို့နယ်များတွင် စစ်အုပ်ချုပ်ရေးအမိန့်များကိုထုတ်ပြန်၍ တည်ငြိမ်အေးချမ်းရေးကို ဦးစားပေးဆောင်ရွက်လျက်ရှိကြောင်း၊ စစ်အုပ်ချုပ်ရေးအမိန့်ထုတ်ပြန်ခြင်းသည် ပြည်သူများကို ထိန်းချုပ်ကန့်သတ်ခြင်းမဟုတ်ဘဲ ဒေသခံပြည်သူလူထုတို့၏ အကျိုးစီးပွားကို ထိခိုက်ပျက်စီးအောင် ဆောင်ရွက်နေကြသည့် အကြမ်းဖက်သမားများ၏ လုပ်ဆောင်ချက်များကို ထိထိရောက်ရောက် ထိန်းချုပ်နိုင်ရေး ဆောင်ရွက်ခြင်းပင်ဖြစ်ကြောင်း၊ တည်ငြိမ်အေးချမ်းမှုကို အလေးထားဆောင်ရွက်ရန်လိုအပ်မည်ဖြစ်ပြီး လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် တည်ငြိမ်မှုရှိရန် လိုအပ်သည့်ဒေသများတွင် ပိုမိုအလေးထား ဆောင်ရွက်သွားရန် မှာကြားလိုကြောင်း။

**လူအများစုဖြစ်သည့် ပြည်သူလူထု၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်လျက်ရှိ**

ရှေ့လုပ်ငန်းစဉ် ဒုတိယအချက်အနေဖြင့် တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် ပြည်သူလူထုဗဟိုပြုဖွံ့ဖြိုးရေးလုပ်ငန်းများကို လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ သာယာဝပြောရေးဟူသည် ရှေ့လုပ်ငန်းစဉ် ပထမအချက်ဖြစ်သည့် တည်ငြိမ်အေးချမ်းရေးနှင့် တိုက်ရိုက်ဆက်စပ်နေသည်ကို သတိပြုရန်လိုကြောင်း၊ စားရေရိက္ခာဖူလုံရေးအတွက် မိမိတို့နိုင်ငံတွင် အဓိကဆောင်ရွက်၍ရနိုင်သည့် စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများကို အားပေးမြှင့်တင်ဆောင်ရွက်လျက်ရှိကြောင်း၊ ကျေးလက်နေ ပြည်သူများအားလုံးနီးပါးသည် စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများဖြင့် အသက်မွေးဝမ်းကြောင်းလုပ်ငန်းများကို ဆောင်ရွက်ကြကြောင်း၊ စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို အားပေးမြှင့်တင်ဆောင်ရွက်နိုင်မည်ဆိုပါက ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝများတိုးတက်မြင့်မားလာမည်ဖြစ်ကြောင်း၊ ၂၀၂၁ ခုနှစ်နှင့် ၂၀၂၂ ခုနှစ်အတွင်း နိုင်ငံစီးပွားရေး အကြပ်အတည်းများရှိခဲ့ကြောင်း၊ သို့သော် ကုန်ဈေးနှုန်းကြီးမြင့်မှုမှလွဲ၍ စားသောက်ကုန်များ ပြတ်လပ်မှုမရှိခဲ့ကြောင်း၊ အခြေခံလူတန်းစားများ၏ လူမှုစီးပွားဘဝကို မြှင့်တင်ပေးခြင်းဖြင့် တိုင်းပြည်သာယာဝပြောမှုကိုလည်း ဖြစ်ပေါ်စေမည်ဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် လူနည်းစု၏အကျိုးစီးပွားကို အားပေးခြင်းမဟုတ်ဘဲ လူအများစုဖြစ်သည့် ပြည်သူလူထု၏ အကျိုးစီးပွားအတွက် ဆောင်ရွက်နေခြင်း

ဖြစ်သည့်အတွက် ကောင်စီအဖွဲ့ဝင်များအနေဖြင့်လည်း အလေးထားဆောင်ရွက်ကြရန်လိုကြောင်း၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းကို အားပေးဆောင်ရွက်ခြင်းသည် ပြည်နယ်များ၏ နယ်စွန်နယ်ဖျားဒေသများ ဖွံ့ဖြိုးတိုးတက်ရေးကိုပါ များစွာအထောက်အကူပြုစေမည်ဖြစ်ကြောင်း။

အချို့တိုင်းဒေသကြီးနှင့်ပြည်နယ်များတွင် ဆန်စပါးဝမ်းစာဖူလုံမှုထက်ကျော်လွန်သော်လည်း အချို့ဒေသများတွင် ဖူလုံမှုမရှိသည်ကိုတွေ့ရကြောင်း၊ တစ်နိုင်ငံလုံးအတိုင်းအတာအနေဖြင့် ဆန်ဖူလုံမှုမှာ ၁၄၂ ရာခိုင်နှုန်းရှိကြောင်း၊ ဆန်ဖူလုံမှုမရှိသည့် ဒေသများတွင် တစ်ဧကချင်းအလိုက် အထွက်နှုန်းများပြည့်မီအောင်ဆောင်ရွက်မည်ဆိုပါက ဒေသတွင်းဝမ်းစာဖူလုံမှုကို အထောက်အကူပြုနိုင်မည်ဖြစ်ကြောင်း၊ အလားတူ ဝမ်းစာဖူလုံမှုရှိပြီးဖြစ်သည့် ဒေသများတွင်လည်း တစ်ဧကချင်းအထွက်နှုန်းများကို ယခုထက် ပိုမိုတိုးတက်အောင်ထုတ်လုပ်နိုင်မည်ဆိုပါက ဆန်ထွက်ကုန်များကို ပြည်ပသို့ ပိုမိုတင်ပို့နိုင်မည်ဖြစ်သောကြောင့် ပြည်ပဝင်ငွေများပိုမိုတိုးတက်လာမည်ဖြစ်ပြီး တောင်သူများ၏လူမှုစီးပွားဘဝ ယခုထက်ပိုမိုတိုးတက်ဖွံ့ဖြိုးလာမည်ဖြစ်ကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းများဆောင်ရွက်ရာတွင် ပန်းတိုင်ရည်မှန်းချက်ပြည့်မီအောင်ဆောင်ရွက်ရန်လိုကြောင်း၊ လိုအပ်ပါကလည်း အချို့နေရာများတွင် စိုက်ပျိုးမြေများ တိုးချဲ့ဆောင်ရွက်ရန်လိုကြောင်း၊ လက်ရှိထွက်ရှိနေသည့်အထွက်နှုန်းထက် တစ်ဧကလျှင် ၅ တင်း ပိုမိုတိုးတက်ထွက်ရှိအောင် ဆောင်ရွက်နိုင်မည်ဆိုပါက တစ်နိုင်ငံလုံးအတိုင်းအတာအနေဖြင့် များစွာ အကျိုးဖြစ်ထွန်းနိုင်မည်ဖြစ်ကြောင်း၊ ဥပမာအားဖြင့် မိမိတို့နိုင်ငံတွင် မိုးစပါးစိုက်ပျိုးဧက ၁၅ သန်းရှိကြောင်း၊ ပန်းတိုင်ရည်မှန်းချက်မှာ တစ်ဧကလျှင် တင်း ၁၀၀ ဖြစ်သော်လည်း ယခုအခါပျမ်းမျှအားဖြင့် တစ်နိုင်ငံလုံးတွင် တစ်ဧက ၇၅ တင်းသာ ထွက်ရှိလျက်ရှိကြောင်း၊ ထို့ကြောင့် စပါးတစ်ဧကလျှင် စပါး ၅ တင်းပိုမိုထွက်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက စပါးတင်းပေါင်း ၇၅ သန်းပိုမိုထွက်ရှိလာမည်ဖြစ်ပြီး စပါးစိုက်တောင်သူများအတွက် ဝယ်လိုအားတက်လာစေမည်ဖြစ်ကြောင်း၊ တိုင်းပြည်အတွက်လည်း ဝင်ငွေပိုမိုရရှိမည်ဖြစ်ကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ခြင်းဖြင့် တောင်သူတစ်ဦးချင်း တစ်ယောက်ချင်းစီ၏ ဝင်ငွေများတိုးပွားလာမှုမှအစပြု၍ ဒေသတွင်နေထိုင်သူများအားလုံး၏ ဝင်ငွေများ ယခင်ကထက်တိုးတက်ကောင်းမွန်လာပြီး ဒေသတွင်းလည်ပတ်သုံးစွဲငွေများပြားလာကာ လူမှုစီးပွားဘဝများလည်း တိုးတက်လာမည်ဖြစ်ကြောင်း၊ ထို့ကြောင့် လယ်ယာစိုက်ပျိုးရေးကဏ္ဍမြင့်မားစေရေး မိမိအနေဖြင့် အားပေးဆောင်ရွက်နေခြင်းဖြစ်ကြောင်း။

**လူသားအရင်းအမြစ်များ ကြွယ်ဝစေရေး ပညာရည်မြင့်မားရေး အားပေးဆောင်ရွက်လျက်ရှိ**

စိုက်ပျိုးရေးလုပ်ငန်းများနှင့် မွေးမြူရေးလုပ်ငန်းများဆောင်ရွက်ရန်အတွက် လူသားအရင်းအမြစ်ကောင်းများလိုအပ်ကြောင်း၊ ထို့ကြောင့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများအတွက်လိုအပ်သည့် လူသားအရင်းအမြစ်များရရှိစေရေး ကျောင်းသား၊ ကျောင်းသူများပညာရည်မြင့်မားရန် အားပေးဆောင်ရွက်လျက်ရှိကြောင်း၊ ကျောင်းသား၊ ကျောင်းသူများပညာသင်ကြားမှုနှင့်ပတ်သက်၍ ယခုအချိန်တွင် အခြေခံပညာကျောင်းများ ပြန်လည်ဖွင့်လှစ်ထားသော်လည်း အချို့သော ကျောင်းသား၊ ကျောင်းသူများအနေဖြင့် လုံခြုံရေးအရ၊ စီးပွားရေးအရ ပညာပြန်လည်သင်ကြားမှု မရှိသည်များလည်းရှိကြောင်း၊ ပညာသင်ကြားရန်ပျက်ကွက်နေသည့် ကျောင်းသား၊ ကျောင်းသူများအားလုံး လာမည့်ပညာသင်နှစ်တွင် ပညာသင်ကြားနိုင်စေရေး တာဝန်ရှိသူများအနေဖြင့် တိုက်တွန်းဆောင်ရွက်ကြစေလိုကြောင်း၊ အစိုးရအနေဖြင့် ကိုဗစ်-၁၉ ရောဂါနှင့် နိုင်ငံရေးအခက်အခဲများကြားမှ ကျောင်းများကိုတက်ရောက်နိုင်ရေး ဖွင့်လှစ်ပေးထားပြီးဖြစ်သဖြင့် ကျောင်းနေအရွယ်ကလေးငယ်များအားလုံး ကျောင်းနေနိုင်ရေး တိုက်တွန်းအားပေးဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံသည် စိုက်ပျိုးရေးနှင့် မွေးမြူရေးနိုင်ငံဖြစ်သဖြင့် စိုက်ပျိုးမွေးမြူရေးနှင့်ပတ်သက်သည့် ကျွမ်းကျင်လုပ်သားများ ရှိရန်လိုကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီတာဝန်ယူချိန်၌ စိုက်ပျိုးရေးနှင့် မွေးမြူရေးသိပ္ပံများကို တိုးချဲ့ဖွင့်လှစ်ခဲ့ပြီး ခရိုင်ပေါင်း ၅၀ ရှိ အခြေခံပညာကျောင်းများ၌ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် စက်မှုနည်းပညာဘာသာရပ်များကို သင်ကြားပေးသွားမည်ဖြစ်ကြောင်း၊ ပညာရည်မြင့်မားစေရန် နိုင်ငံသားတိုင်း KG+9 ထိပြီးမြောက်စေရေး ရည်မှန်းဆောင်ရွက်လျက်ရှိကြောင်း၊ အခြေခံပညာပြီးဆုံးသည့်အချိန်တွင် ထိုအထဲမှထူးချွန်သူများအနေဖြင့် သက်ဆိုင်ရာဘာသာရပ်များအလိုက်

ကောလိပ်နှင့်တက္ကသိုလ်များသို့ ဆက်လက်တက်ရောက် ပညာသင်ကြားနိုင်မည်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံတွင် ပညာရည်မြင့်မားသည့် လူသားအရင်းအမြစ်များဖွံ့ဖြိုးတိုးတက်မှသာ နိုင်ငံဖွံ့ဖြိုးတိုးတက်မှုများကို များစွာ အထောက်အကူပြုစေမည်ဖြစ်ကြောင်း။

**ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့်ပြည်ထောင်စုတည်ဆောက်လျက်ရှိ**

ရှေ့လုပ်ငန်းစဉ် တတိယအချက်အနေဖြင့် စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်သွားမည်ဟူ၍ဖြစ်ပြီး နိုင်ငံရေးအနေဖြင့် ပါတီစုံဒီမိုကရေစီစနစ်ကို ကျင့်သုံးသွားမည်ဖြစ်ကာ အုပ်ချုပ်ရေးအနေဖြင့် ပါတီစုံဒီမိုကရေစီစနစ်နှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုစနစ်ကို ကျင့်သုံးနိုင်ရေးဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ပြည်နယ်နှင့် တိုင်းဒေသကြီး အားလုံးတွင် လျော်ကန်သင့်မြတ်သည့် အုပ်ချုပ်မှုအာဏာကို မဖြစ်မနေခွဲဝေပေးရမည်ဖြစ်ကြောင်း၊ ဖက်ဒရယ် အုပ်ချုပ်ရေးဟူသည်မှာ အာဏာခွဲဝေကျင့်သုံးခြင်းပင်ဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်ပေးသည့်အချိန်တွင် လိုအပ်ချက်များကို ပြန်လည်ဆွေးနွေးပြီး ပြည်ထောင်စုနှင့် တိုင်းဒေသကြီးနှင့်ပြည်နယ်များမှ ဆောင်ရွက်ရမည်များကို ဆွေးနွေးဆုံးဖြတ်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ဖက်ဒရယ်ဆိုင်ရာ လုပ်ပိုင်ခွင့်နှင့်ပတ်သက်၍ ဖွဲ့စည်းပုံအခြေခံဥပဒေဇယား (၁၊ ၂၊ ၃၊ ၅) ပါ ပြည်ထောင်စုအဆင့်၊ တိုင်းဒေသကြီး၊ ပြည်နယ်အဆင့်နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ဒေသတို့မှပြဋ္ဌာန်းရမည့် ထုတ်ပြန်ရမည့် ဥပဒေများ၊ စည်းမျဉ်းများ၊ လုပ်ထုံးလုပ်နည်းများ ပြည့်စုံစွာဆောင်ရွက်နိုင်မှုမရှိသေးသည်ကို လေ့လာတွေ့ရှိနိုင်ကြောင်း၊ မိမိတို့တာဝန်ယူချိန်တွင် ဒီမိုကရေစီနှင့် ဖက်ဒရယ်အုပ်ချုပ်မှု အာဏာခွဲဝေမှုအားလုံးကို အကောင်အထည်ဖော်နိုင်သမျှ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ပါတီစုံဒီမိုကရေစီစနစ် ကျင့်သုံးရေးနှင့်ပတ်သက်၍ ထိရောက်သည့်ပါတီစုံ ဒီမိုကရေစီလမ်းကြောင်း၊ တရားမျှတသည့် ပါတီစုံဒီမိုကရေစီ လမ်းကြောင်းကို သွားနိုင်ရမည်ဖြစ်ကြောင်း၊ တပ်မတော် အနေဖြင့်လည်း ပြည်သူများလိုလားသည့် ပါတီစုံဒီမိုကရေစီ ခိုင်မာစေရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊

> **မိမိတို့ တာဝန်ယူချိန်တွင် ဒီမိုကရေစီနှင့် ဖက်ဒရယ်အုပ်ချုပ်မှု အာဏာခွဲဝေမှု အားလုံးကို အကောင်အထည်ဖော်နိုင်သမျှ ဆောင်ရွက်သွားမည်ဖြစ်၊ ပါတီစုံဒီမိုကရေစီ စနစ်ကျင့်သုံးရေးနှင့်ပတ်သက်၍ ထိရောက်သည့်ပါတီစုံ ဒီမိုကရေစီလမ်းကြောင်း၊ တရားမျှတသည့် ပါတီစုံဒီမိုကရေစီလမ်းကြောင်းကို သွားနိုင်ရမည်ဖြစ်၊ တပ်မတော်အနေဖြင့်လည်း ပြည်သူများလိုလားသည့် ပါတီစုံဒီမိုကရေစီ ခိုင်မာစေရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိ၊ ထို့ကြောင့် ပါတီများဖွဲ့ရာတွင် ခိုင်မာသည့် ပါတီများဖွဲ့စေရေး ဆောင်ရွက်ရမည်ဖြစ်။**

ထို့ကြောင့် ပါတီများဖွဲ့ရာတွင် ခိုင်မာသည့် ပါတီများဖွဲ့စေရေး ဆောင်ရွက်ရမည်ဖြစ်ကြောင်း။

**တစ်နိုင်ငံလုံးငြိမ်းချမ်းရေးရရှိအောင်ဆောင်ရွက်လျက်ရှိ**

စတုတ္ထအချက်အနေဖြင့် တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များ အတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်ဟူ၍ ဖြစ်ပြီးဖွဲ့စည်းပုံ အခြေခံဥပဒေ (၂၀၀၈ ခုနှစ်) သည် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲဖြင့် အတည်ပြုထားသည့်ဥပဒေဖြစ်ပြီး ပြည်သူတို့အပေါ်ထားရှိသည့် ကတိကဝတ်ဖြစ်ကြောင်း၊ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) သည်လည်း အစိုးရနှင့် EAO များ အကြား၊ နိုင်ငံတကာအဖွဲ့အစည်းများအကြား ထားရှိခဲ့သည့် ကတိကဝတ်ဖြစ်ကြောင်း၊ ထို့ကြောင့် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) နှင့် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ် NCA ကိုအခြေခံ၍ ငြိမ်းချမ်းရေးကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် ငြိမ်းချမ်းရေး ဆွေးနွေးရာတွင်လည်း အပြုသဘောဆောင်သည့်ဆွေးနွေးမှုရလဒ်များကို ဖော်ဆောင်နိုင်ခဲ့ကြောင်း၊ တစ်နိုင်ငံလုံးငြိမ်းချမ်းရေး

ရရှိရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

**ခြိမ်းခြောက်မှုနှင့် ဖိအားပေးမှုများမရှိသည့် မဲပေးမှုများဖြစ်ရန်လိုအပ်**

ရှေ့လုပ်ငန်းစဉ်၏ နောက်ဆုံးအချက်ဖြစ်သည့် “အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈) နှင့်အညီ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲအားပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်” ဟူသည့် အချက်အား အကောင်အထည်ဖော်နိုင်ရေးအတွက် တည်ငြိမ်အေးချမ်းမှုရှိရန် အဓိကလိုအပ်မည်ဖြစ်ကြောင်း၊ တည်ငြိမ်အေးချမ်းမှုရှိပြီး ဖိအားကင်းစွာဖြင့် မဲပေးနိုင်မှသာလျှင် လွတ်လပ်၍တရားမျှတသည့် စစ်မှန်သည့်ရွေးကောက်ပွဲ တစ်ရပ်ဖြစ်လာမည်ဖြစ်ကြောင်း၊ ၂၀၁၅ ခုနှစ်ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် အချို့သောနယ်မြေများ၌ ခြိမ်းခြောက်မှုများရှိခြင်းကြောင့် မဲရလဒ်များပြောင်းလဲသွားသည်ကို တွေ့ရှိရကြောင်း၊ ထိုသို့ဖိအားပေးမှုနှင့် ခြိမ်းခြောက်မှုများ မရှိအောင်ဆောင်ရွက်နိုင်မှသာ မဲရလဒ်များမှန်ကန်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် မိမိတို့နေဖြင့် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) ကို အခြေခံသည့် ငြိမ်းချမ်းရေးဆွေးနွေးပွဲများကို ဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် တွေ့ဆုံဆွေးနွေးရာတွင် ၎င်းတို့၏လိုလားချက်များ၊ ဖြစ်ချင်သည်များကို နိုင်ငံတော်အတွက် ဖြစ်သင့်ဖြစ်ထိုက်သည်များနှင့်ချိန်ထိုး၍ အကောင်းဆုံးဖြစ်အောင် တပ်မတော်အနေဖြင့် ဆွေးနွေးဆောင်ရွက်လျက်ရှိကြောင်း၊ ဒီမိုကရေစီစနစ်တွင် လွှတ်တော်သည် နိုင်ငံရေးအရအမြင့်ဆုံးဖြစ်ပြီး တိုင်းရင်းသားများအနေဖြင့်လည်း မိမိတို့ဒေသ၏ အခွင့်အရေးများကို တရားဥပဒေနှင့်အညီ တောင်းဆိုနိုင်ရေးအတွက် နိုင်ငံရေးစင်မြင့်လွှတ်တော်တွင် ပိုမိုပါဝင်နိုင်ရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် နိုင်ငံရေးပါတီများအတွက် လုံလောက်သည့်အချိန်တစ်ခုပေးရန်လိုအပ်နေသေးကြောင်း။

**အရေးပေါ်သက်တမ်းကာလ ထပ်မံတိုးမြှင့်မှုအပေါ် ပြည်သူများ၏တုံ့ပြန်ချက်များ၊ လိုအင်ဆန္ဒများနှင့် ပတ်သက်၍ ဖြေရှင်းဆောင်ရွက်လျက်ရှိ**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ၂ နှစ်တာကာလ တာဝန်ထမ်းဆောင်မှုနှင့်ပတ်သက်၍ ယာယီသမ္မတထံသို့အစီရင်ခံတင်ပြခဲ့ပြီး အရေးပေါ်အခြေအနေ သက်တမ်းကာလကို ၆ လ ထပ်မံတိုးခဲ့ရာ တွေ့ရှိရသည့် ဝေဖန်မှုများ၊ တုံ့ပြန်ချက်များနှင့် လိုအင်ဆန္ဒများကို လေ့လာဆန်းစစ်ခဲ့ကြောင်း၊ တွေ့ရှိချက်များအရ ရွေးကောက်ပွဲပြန်လည်ဆောင် ရွက်ပေးရန်၊ တည်ငြိမ်အေးချမ်းမှုရှိအောင် ဆောင်ရွက်ပေးရန်နှင့် ကုန်ဈေးနှုန်းကျဆင်းမှုရှိအောင် ဆောင်ရွက်ပေးရန်ဟူသည့် အချက် ၃ ချက်သည် အဓိကဖြစ်ကြောင်း၊ တည်ငြိမ်အေးချမ်းမှုရှိရန်အတွက် အချို့သောမြို့နယ်များတွင် စစ်အုပ်ချုပ်ရေးအမိန့်ကိုထုတ်ပြန်ခဲ့ကြောင်း၊ တပ်မတော်အနေဖြင့် တည်ငြိမ်အေးချမ်းမှုရှိအောင် ဆောင်ရွက်ရာတွင် ယခင်ကြုံတွေ့ခဲ့ရသည့် အတွေ့အကြုံများအရ ဥပဒေနှင့်အညီသာ ထိန်းသိမ်းဆောင်ရွက်လျက်ရှိကြောင်း၊ လက်ရှိအခြေအနေတွင် စစ်မှန်သည့်ဒီမိုကရေစီဖြစ်စေရေးနှင့် ဒီမိုကရေစီစနစ်ခိုင်မာစေရေး တပ်မတော်မှ ထိန်းသိမ်းဆောင်ရွက်လျက်ရှိကြောင်း၊ သို့သော်ဒီမိုကရေစီနှင့်လူ့အခွင့်အရေး အမည်ခံသူများအနေဖြင့် မဲစာရင်းမှားယွင်းမှုများအပေါ် ဥပဒေအရဖြေရှင်း ဆောင်ရွက်ခြင်းမပြုဘဲ အကြမ်းဖက်လမ်းစဉ်ကို ဆောင်ရွက်ခဲ့ခြင်းသည် မှားယွင်းသည့် နည်းလမ်းဖြစ်ကြောင်း၊ ထိုသို့ထပ်မံမဖြစ်ပွားစေရေး ဆောင်ရွက်ရန်လိုကြောင်း၊ ရွေးကောက်ပွဲသည် တိုင်းပြည်တစ်ခု၏ သိက္ခာပင်ဖြစ်သဖြင့် သိက္ခာရှိသည့် ရွေးကောက်ပွဲတစ်ရပ်ဖြစ်ပေါ်စေရေး ကြိုးပမ်းဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ မဲစာရင်းများမှန်ကန်မှုရှိစေရေးအတွက် လိုအပ်သည်များကို ဆောင်ရွက်ရန် အချိန်လိုအပ်နေသေးကြောင်း။

ကုန်ဈေးနှုန်းကျဆင်းစေရေးနှင့်ပတ်သက်၍ ကုန်ဈေးနှုန်းများမြင့်တက်ရခြင်းမှာ ယခင်က ထုတ်ကုန်နည်းပါးပြီး သွင်းကုန်များများပြားခြင်းကြောင့် ကုန်သွယ်မှုလိုငွေများ ဖြစ်ပေါ်ခဲ့ကြောင်း၊ ပြီးခဲ့သည့် ၂၀၂၀–၂၀၂၁ ခုနှစ်တွင် ကိုဗစ် -၁၉ ရောဂါ ဖြစ်ပွားမှုကြောင့် ကမ္ဘာနှင့်တစ်ဝန်း ကုန်ပစ္စည်းရှားပါးမှု၊ ပို့ဆောင်ရေးနှင့် လုပ်သားလိုအပ်ချက်များကြောင့် ကုန်ဈေးနှုန်းများမြင့်တက်လာခဲ့ကြောင်း၊ ဓာတ်မြေဩဇာများ၊ စက်သုံးဆီများစသည့် သွင်းအားစုများ၏ ကုန်ဈေးနှုန်းများမြင့်တက်လာခြင်းနှင့် လုပ်သားရှားပါးလာခြင်းများကြောင့် ထုတ်ကုန်များဈေးနှုန်းမြင့်တက်လာခြင်းဖြစ်ကြောင်း၊ မိမိတို့နိုင်ငံသည် လျှပ်စစ်ဓာတ်အား လုံလောက်မှုမရှိသည့်နိုင်ငံဖြစ်သဖြင့် စက်သုံး

ဆီများဈေးနှုန်းမြင့်တက်လာချိန်တွင် လျှပ်စစ်ဓာတ်အားခများလည်း မြင့်တက်လာသည်ကိုတွေ့ရကြောင်း၊ မိမိတို့နိုင်ငံတွင် ကုန်ဈေးနှုန်းများမြင့်တက်ခဲ့သော်လည်း အခြေခံကုန်ပစ္စည်းများ ပြတ်လပ်မှုမရှိခဲ့ကြောင်း၊ နိုင်ငံ့ဝင်ငွေတိုးတက်စေရေးအတွက် ပြည်တွင်းကုန်ထုတ်လုပ်မှုများတိုးတက်စေရေးအားပေးဆောင်ရွက်လျက်ရှိကြောင်း၊ သို့မှသာ ကုန်ဈေးနှုန်းများကျဆင်းလာ မည်ဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် ကုန်ဈေးနှုန်းများ ကျဆင်းစေရေး တတ်နိုင်သမျှ ဆောင်ရွက်လျက်ရှိကြောင်း။

**နိုင်ငံတကာဆက်ဆံရေး ကောင်းမွန်အောင်ဆောင်ရွက်**

နိုင်ငံတကာဆက်ဆံရေးနှင့်ပတ်သက်၍ မိမိတို့နိုင်ငံသည် အာဆီယံအဖွဲ့ဝင်နိုင်ငံ၊ ဘင်းစတက်စ် အဖွဲ့ဝင်နိုင်ငံနှင့် ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံဖြစ်ပြီး အိမ်နီးချင်းနိုင်ငံများ၊ မိတ်ဆွေနိုင်ငံများနှင့် ဆက်ဆံမှုကောင်းရှိရမည်ဖြစ်ကြောင်း၊ နိုင်ငံတကာဆက်ဆံရေးနယ်ပယ်၌ မိမိတို့နိုင်ငံ၏ အချုပ်အခြာအာဏာနှင့် အမျိုးသားအကျိုးစီးပွားကိုစောင့်ထိန်းလျက် အခြားနိုင်ငံများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် မိတ်ဝတ်မပျက် ပေါင်းဖက်ဆက်ဆံရေးကို အလေးထားဆောင်ရွက်လျက်ရှိကြောင်း၊ ယခုနိုင်ငံတွင်း၌ ဖြစ်ပေါ်နေသောအခြေအနေများသည် မိမိတို့နိုင်ငံ၏ ပြည်တွင်းရေးသာဖြစ်ကြောင်း၊ ကျင်းပမည့်ရွေးကောက်ပွဲသည်လည်း မိမိတို့နိုင်ငံ၏ရွေးကောက်ပွဲဖြစ်ပြီး ကမ္ဘာ့ရွေးကောက်ပွဲမဟုတ်ကြောင်း၊ မိမိတို့နိုင်ငံသားများအတွက် လွတ်လပ်ပြီးတရားမျှတသော ရွေးကောက်ပွဲဖြစ်ရန်လိုကြောင်း။

ကမ္ဘာပေါ်ရှိ နိုင်ငံတိုင်းသည် ၎င်းတို့နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် အမြဲမပြတ်ကြိုးပမ်းလျက်ရှိသကဲ့သို့ မိမိတို့နိုင်ငံသည်လည်း ရှေ့သို့ရောက်ရှိစေရေး ဆက်လက်ကြိုးပမ်းအားထုတ်နေရမည်ဖြစ်ကြောင်း၊ **“ရှေ့သို့ချီမည်ပန်းတိုင်ဆီ” “Keep Moving Forward to Achieve Our Goal”** ဆိုသည့်အတိုင်း နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် ရှေ့သို့ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ရှေ့လုပ်ငန်းစဉ် ၅ ရပ်နှင့် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် မိမိ၏အမြင်များကို ဆွေးနွေးခဲ့ခြင်းဖြစ်ပြီး ကောင်စီအဖွဲ့ဝင်များအနေဖြင့်လည်း တိုင်းပြည်အတွက် ကောင်းရာကောင်းကျိုးများကို ဆောင်ရွက်နိုင်ရေး လိုအပ်သည်များကိုအကြံပြုဆွေးနွေးဆောင်ရွက်ကြစေလိုကြောင်း တိုက်တွန်းပြောကြားသည်။

ထို့နောက် ကောင်စီဝင်များက တည်ငြိမ်အေးချမ်းမှုလိုအပ်နေသည့် အချို့ဒေသများ အမြန်ဆုံးတည်ငြိမ်အေးချမ်းစေရေး၊ တိုင်းရင်းသားဒေသများတွင် ခန့်အပ်ထားသော တိုင်းရင်းသားဘာသာစကားသင် နေ့စားလပေး ဆရာ၊ ဆရာမများ၏ကိစ္စရပ်များ၊ Application အသုံးပြု၍ Online ငွေချေးလုပ်ငန်းဆောင်ရွက်နေသူများကို စိစစ်မှုများပြုလုပ်ပေးရေး၊ ပညာရေး၊ ကျန်းမာရေးနှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးတင်ပြကြသည်။

ဆွေးနွေးတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က နိုင်ငံတည်ငြိမ်အေးချမ်းရေးနှင့်ပတ်သက်၍ ဆောင်ရွက်လျက်ရှိသည့်ကိစ္စရပ်များ၊ နေ့စားလပေး ဆရာ၊ ဆရာမများ၏ လစာ၊ ခံစားခွင့်များနှင့်ပတ်သက်၍ သက်ဆိုင်ရာဝန်ကြီးဌာန၊ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များနှင့် ဆွေးနွေးသုံးသပ်၍ ပြဋ္ဌာန်းထားသည့် လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ပေးနိုင်မည့်ကိစ္စရပ်များ၊ ပညာရေးကဏ္ဍကို ဦးစားပေးဆောင်ရွက်ပေးလျက်ရှိသည့်ကိစ္စရပ်များနှင့် Online ငွေချေးလုပ်ငန်းနှင့်စပ်လျဉ်းပြီး ပြည်ထဲရေးဝန်ကြီးဌာနမှ စိစစ်သွားမည့်ကိစ္စရပ်များနှင့်ပတ်သက်၍ လိုအပ်သည်များကို ဖြည့်စွက်မှာကြားသည်။

ယခုနိုင်ငံတွင်း၌ ဖြစ်ပေါ်နေသောအခြေအနေများသည် မိမိတို့နိုင်ငံ၏ ပြည်တွင်းရေးသာဖြစ်၊ ကျင်းပမည့်ရွေးကောက်ပွဲသည်လည်း မိမိတို့နိုင်ငံ၏ရွေးကောက်ပွဲဖြစ်ပြီး ကမ္ဘာ့ရွေးကောက်ပွဲ မဟုတ်၊ မိမိတို့နိုင်ငံသားများအတွက် လွတ်လပ်ပြီးတရားမျှတသော ရွေးကောက်ပွဲဖြစ်ရန်လို၊ ကမ္ဘာပေါ်ရှိ နိုင်ငံတိုင်းသည် ၎င်းတို့နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် အမြဲမပြတ်ကြိုးပမ်းလျက်ရှိသကဲ့သို့ မိမိတို့နိုင်ငံသည်လည်း ရှေ့သို့ရောက်ရှိစေရေး ဆက်လက်ကြိုးပမ်းအားထုတ်နေရမည်ဖြစ်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းက အသစ်ဖွဲ့စည်းထားသည့် ကောင်စီနှင့်ကောင်စီဝင်များအား ကြိုဆိုပါကြောင်း၊ ကောင်စီဝင်များအနေဖြင့် နိုင်ငံကိုကိုယ်စားပြုသည့် အဖွဲ့အစည်းဖြစ်၍ မိမိတို့၏ဒေသအတွက်၊ နိုင်ငံတော်၏အကျိုးအတွက် ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်ကြရန် လိုကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ချမှတ်ထားသည့် ရှေ့လုပ်ငန်းစဉ် (၅) ရပ်၊ ဦးတည်ချက် (၁၂) ရပ်၊ အမျိုးသားရေးရည်မှန်းချက်၊ နိုင်ငံရေးရည်မှန်းချက်များအပေါ်အခြေခံပြီး နိုင်ငံတော်၏အတွက် အကျိုးရှိစေမည့်ကိစ္စရပ်များကို ဦးစားပေးတင်ပြခြင်း၊ ဆောင်ရွက်ခြင်းတို့ကိုလုပ်ဆောင်စေလိုကြောင်း၊ အချို့ကိစ္စရပ်များကို အချိန်နှင့်တစ်ပြေးညီ တင်ပြကြရန်နှင့် ထိုသို့တင်ပြမှသာကြန့်ကြာမှုမရှိဘဲ စောလျင်စွာ ဖြေရှင်းဆောင်ရွက်ပေးနိုင်မည်ဖြစ်ကြောင်း ဖြည့်စွက်ပြောကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က နိဂုံးချုပ်အမှာစကားပြောကြားရာ၌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင်များကို တာဝန်ပေးအပ်ရာတွင် နိုင်ငံရေး၊ အုပ်ချုပ်ရေးအတွေ့အကြုံနှင့် လုပ်ငန်းတာဝန်အပေါ်မူတည်၍ ခန့်အပ်ခဲ့ခြင်းဖြစ်ပြီး အတတ်နိုင်ဆုံး တိုင်းရင်းသားအားလုံးကို ကိုယ်စားပြုပါဝင်နိုင်အောင် ရွေးချယ်ဖွဲ့စည်းခဲ့ခြင်းဖြစ်ကြောင်း။

ကောင်စီဝင်များအနေဖြင့် တိုင်းပြည်အတွက် ရှေးရှုဆောင်ရွက်ကြရမည်ဖြစ်ပြီး ကောင်စီသည် နိုင်ငံတော်တွင် အဆင့်အမြင့်ဆုံးအဖွဲ့အစည်းဖြစ်သည့်အတွက် ယင်းနှင့်လျော်ညီစွာ ပြောဆို၊ ပြုမူလုပ်ကိုင်ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ကောင်စီဝင်တစ်ဦးချင်းသည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီကိုကိုယ်စားပြု၍ တာဝန်ယူဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ဦးစားပေးအနေဖြင့် တိုင်းပြည်ကိုတည်ငြိမ်အေးချမ်းအောင် ဆောင်ရွက်ပေးကြရမည်ဖြစ်ပြီး ပြည်သူများလုံခြုံစိတ်ချ စိတ်ချမ်းသာစွာနေနိုင်အောင်ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ ထို့ပြင် ပြည်သူများ၏လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်အောင် လုပ်ဆောင်ပေးရန်လိုကြောင်း၊ ထိုသို့လုပ်ဆောင်ပေးရာတွင် ပြည်သူများ၏အလုပ်အကိုင်အခွင့်အလမ်းများကိုဖော်ဆောင်ပေးပြီး စီးပွားရေးကောင်းအောင် ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ သို့မှသာ တိုင်းပြည်၏စီးပွားရေးသည်လည်း ဖွံ့ဖြိုးတိုးတက်လာပြီး တိုင်းပြည်၏ ဂျီဒီပီတိုးတက်လာမည်ဖြစ်ကြောင်း၊ မိမိတို့၏လုပ်ဆောင်ချက်များသည် သမိုင်းတစ်ခုကိုတာဝန်ယူခြင်းဖြစ်သည့်အတွက် မှတ်ကျောက်တင်ခံနိုင်သောလုပ်ဆောင်ချက်များဖြစ်ရန်လိုကြောင်း၊ ထို့ကြောင့် အရာရာကို အရှည်မျှော်တွေး၍ လုပ်ဆောင်ကြရန်လိုအပ်ကြောင်း မှာကြားခဲ့သည်။

■ ■ ■

# အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်၊ စစ်တွေတပ်နယ်ရှိ အရာရှိ၊ စစ်သည်၊ မိသားစုများအား နယ်မြေခံတပ်နယ်ခန်းမ၌ သွားရောက်တွေ့ဆုံစဉ် ပြောကြားသည့်အမှာစကား

( ၂၆ - ၂ - ၂၀၂၃ )




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ဖေဖော်ဝါရီလ ၂၆ ရက် မွန်းလွဲပိုင်းတွင် အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်၊ စစ်တွေတပ်နယ်ရှိ အရာရှိ၊ စစ်သည်၊ မိသားစုများအား နယ်မြေခံတပ်နယ်ခန်းမ၌ သွားရောက်တွေ့ဆုံ အမှာစကားပြောကြားသည်။

အဆိုပါတွေ့ဆုံပွဲအခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အတူ ဇနီး ဒေါ်ကြူကြူလှ၊ ကာကွယ်ရေးဦးစီးချုပ် (ရေ) ဗိုလ်ချုပ်ကြီး မိုးအောင်နှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ် (လေ) ဗိုလ်ချုပ်ကြီး ထွန်းအောင်နှင့် ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ် ထင်လတ်ဦးနှင့် တာဝန်ရှိသူများ၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်၊ စစ်တွေတပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများ တက်ရောက်ကြသည်။

## နိုင်ငံရေးဖြစ်ပေါ်ပြောင်းလဲမှု

ထိုသို့ တွေ့ဆုံအမှာစကားပြောကြားရာ၌ စစ်တွေတပ်နယ်ရှိအရာရှိ၊ စစ်သည်၊ မိသားစုများအားလုံးကို တွေ့ဆုံရသည့်အတွက် ဝမ်းမြောက်မိပါကြောင်း၊ နိုင်ငံတော်တွင် ဖြစ်ပေါ်ခဲ့သည့်အခြေအနေများအရ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အမျိုးသားနိုင်ငံရေးဦးဆောင်မှုအခန်းကဏ္ဍတွင် ပါဝင်နေရသည့် အခြေအနေမှန်များကို အရာရှိ စစ်သည်၊ မိသားစုများအနေဖြင့် သိရှိနေရမည်ဖြစ်ကြောင်းဖြင့် ဦးစွာ ပြောကြားပြီး နိုင်ငံတော်တွင် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးလိုလားလျက်ရှိသည့် ပါတီစုံဒီမိုကရေစီစနစ်ကို လျှောက်လှမ်းနိုင်ရေး တပ်မတော်မှ ဦးဆောင်ခဲ့သည့်အခြေအနေများနှင့် ၂၀၁၁ ခုနှစ်မှစ၍ ပါတီစုံဒီမိုကရေစီစနစ်ကို လျှောက်လှမ်းခဲ့သည့်အခြေအနေများ၊ ဒီမိုကရေစီအစိုးသက်တမ်း ၂ ခုတွင် တပ်မတော်အနေဖြင့် ကျရာတာဝန်များကို ကျေပွန်စွာထမ်းဆောင်ခဲ့ပြီး လိုအပ်သည်များကိုလည်း အကြံပြုခဲ့သည့်အခြေအနေများ၊ ဒီမိုကရေစီအစိုးရ ဒုတိယသက်တမ်းကာလတွင် စီမံခန့်ခွဲမှုနှင့်အုပ်ချုပ်ရေးဆိုင်ရာ အားနည်းချက်များရှိခဲ့ခြင်းကြောင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုဖြစ်သင့်သလောက် မဖြစ်ခဲ့ရသည့်အခြေအနေများ၊ ပြည်သူလူထုမှမျှော်လင့်သလောက် ဖွံ့ဖြိုးတိုးတက်မှုမရှိခဲ့၍ ရွေးကောက်ပွဲအပေါ်အယုံအကြည်မဲ့လာပြီး No Vote လှုပ်ရှားမှုများပေါ်ပေါ်လာသဖြင့် ပါတီစုံဒီမိုကရေစီစနစ်ဆက်လက်ထွန်းကားရေး မိမိကိုယ်တိုင်ဆန္ဒမဲပေးကြရေးအတွက် ပြောကြားခဲ့ရသည့်အခြေအနေများ၊ တစ်ဖက်အဖွဲ့အစည်းအနေဖြင့်လည်း ၎င်းအခြေအနေများကြောင့် မဲအနိုင်မရမည်ကိုစိုးရိမ်ပြီး ဆောင်ရွက်ခဲ့သည့်ကိစ္စရပ်များ၊ ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် မဲမသမာမှုများဖြစ်ပေါ်ခဲ့သည့် အခြေအနေများနှင့်

မဲမသမာမှုများကို ဖြေရှင်းဆောင်ရွက်ပေးခြင်း မရှိခဲ့သည့် အခြေအနေများ၊ နိုင်ငံတော်တွင်ဖြစ်ပေါ်လာခဲ့သည့် အခြေအနေများအရ နိုင်ငံတော်ကို နိုင်ငံရေးအရအရေးပေါ် အခြေအနေကြေညာခဲ့ပြီး တပ်မတော်မှ နိုင်ငံ့တာဝန်များကို ထမ်းဆောင်ခဲ့ရမှုအခြေအနေများ၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနှင့် ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး၊ တည်ငြိမ်အေးချမ်းရေးတို့အတွက် မူဝါဒများ၊ ဦးတည်ချက်များချမှတ်၍ ကြိုးပမ်းဆောင်ရွက်နေမှုအခြေအနေများ၊ ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် ဖြစ်ပေါ်ခဲ့သည့် မဲမသမာမှုဖြစ်စဉ်များကိုသင်ခန်းစာယူပြီး လာမည့်ရွေးကောက်ပွဲတွင် မဲစာရင်းများ မှန်ကန်မှုရှိစေရေးအတွက် မြေပြင်စာရင်းကောက်ယူခြင်းလုပ်ငန်းများအပါအဝင် လုပ်ငန်းစဉ်များအတိုင်း စနစ်တကျ စီမံဆောင်ရွက်လျက်ရှိသည့်အခြေအနေများ၊ မည်သည့်နိုင်ငံဖြစ်စေ အမြဲမပြတ်ကြိုးပမ်းအားထုတ်နေမှသာလျှင် ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သဖြင့် မိမိတို့အနေဖြင့်လည်း နိုင်ငံတော်တွင်ဖြစ်ပေါ်လျက်ရှိသည့် အခြေအနေများကြားမှ နိုင်ငံရေး၊ စီးပွားရေး၊ ငြိမ်းချမ်းရေး၊ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးကိုစဉ်ဆက်မပြတ်ကြိုးပမ်းဆောင်ရွက်လျက်ရှိသည့် အခြေအနေများနှင့်ပတ်သက်၍ အကျယ်တဝင့် ရှင်းလင်းပြောကြားသည်။

**စစ်စည်းကမ်းနှင့် အမိန့်နာခံမှု ကောင်းမွန်ရမည်**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က နိုင်ငံတော်တွင်ဖြစ်ပေါ်ခဲ့သည့်အခြေအနေများနှင့် မည်သည့်အစိုးရကအုပ်ချုပ်သည်ဖြစ်စေ တပ်မတော်အနေဖြင့် နိုင်ငံတော်နှင့် ပြည်သူလူထု၏ အကျိုးစီးပွားကိုသာ အစဉ်ဦးထိပ်ထား၍ ဆောင်ရွက်လျက်ရှိသည့်အခြေအနေများကို အရာရှိ၊ စစ်သည်၊ မိသားစုသိရှိနိုင်ရန် ယခုကဲ့သို့အကျယ်တဝင့် ရှင်းလင်းပြောကြားခဲ့ခြင်းဖြစ်ကြောင်း၊ တပ်မတော်သားများအနေဖြင့် မိမိတို့ တစ်ဦးတစ်ယောက်ချင်းစီ၏ ကိုယ်ရည်ကိုယ်သွေးများမြင့်တက်လာစေရေး စဉ်ဆက်မပြတ်ကြိုးစားအားထုတ်နေရမည်ဖြစ်ကြောင်း၊ တပ်မတော်အနေဖြင့် စစ်သည် တစ်ဦးချင်း၏ အရည်အသွေးများမြင့်မားစေရေး၊ အဆင့်နှင့်လျော်ညီသည့် အတတ်ပညာနှင့် ပညာရပ်များရရှိစေရေး သက်ဆိုင်ရာအဆင့်အလိုက် သင်တန်းများဖွင့်လှစ် သင်ကြားပေးလျက်ရှိသကဲ့သို့ စစ်သည်များအနေဖြင့်လည်း ကြိုးစားအားထုတ်ကြရမည်ဖြစ်ကြောင်း၊ စစ်စည်းကမ်းသည် တပ်မတော်၏ ကျောရိုးဖြစ်ကာ စည်းကမ်းလိုက်နာမှုရှိပြီး အမိန့်နာခံမှုရှိမှသာလျှင် စစ်သားကောင်းတစ်ယောက် ပီသမည်ဖြစ်ကြောင်း၊ နိုင်ငံတော်၏လုံခြုံရေးနှင့် ကာကွယ်ရေးတာဝန်များကို ထမ်းဆောင်ရာတွင် အမိန့်နာခံမှုရှိခြင်းသည် အလွန်အရေးကြီးပြီး စည်းကမ်းကောင်းမွန်ရန်လည်း လိုအပ်မည်ဖြစ်ကြောင်း၊ စည်းကမ်းကောင်းမွန်ခြင်းသည် အမိန့်နာခံမှုရှိခြင်းပင်ဖြစ်ကြောင်း၊ စည်းကမ်းများထုတ်ပြန်ထားရှိခြင်းသည် မည်သည့်လုပ်ငန်းကိုမဆို စည်းစနစ်တကျ ဆောင်ရွက်တတ်စေရန်နှင့် မဖြစ်သင့်သည်များကိုမဖြစ်စေရန် ထုတ်ပြန်ထားခြင်းဖြစ်ပြီး အကြောင်းမဲ့တင်းကြပ်ထားခြင်းမဟုတ်သည်ကို နားလည်သဘောပေါက်ရန်လိုကြောင်း၊ စည်းကမ်းလိုက်နာခြင်းဖြင့် မိမိကိုယ်ကိုမြှင့်တင်ရမည်ဖြစ်ကြောင်း။

**လူသာလျှင် ပဓာန**

မည်သည့်ကိစ္စတွင်မဆို လူသာလျှင်အရေးအကြီးဆုံးဖြစ်ကြောင်း၊ ထို့ကြောင့် **"လူသာလျှင် ပဓာန"**ဟု ဆိုကြခြင်းဖြစ်ကြောင်း၊ နိုင်ငံ၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး စသည့် အရေးကိစ္စအားလုံး၌ လူပါဝင်ဆောင်ရွက်ရပြီး လူ၏ဦးဆောင်မှု၊ လူ၏လိုက်နာဆောင်ရွက်မှု၊ လူ၏ပြုပြင်ဖန်တီးမှုတို့သည် အဓိကကျကြောင်း၊ ထို့ကြောင့် လူတစ်ဦးချင်း အရည်အသွေး၊ အရည်အချင်းမြင့်မားနေစေရေး ဆောင်ရွက်ရမည်ဖြစ်ကြောင်း။

ထို့ကြောင့် မိမိဘဝတိုးတက်ရေးအတွက် မိမိသာလျှင် အဓိကအရေးအကြီးဆုံးဖြစ်ကြောင်း၊ တပ်မတော်သားတစ်ဦးအနေဖြင့်လည်း အရည်အသွေး၊ အရည်အချင်းများကောင်းမွန်အောင် နေထိုင်ဆောင်ရွက်ကြရန်အရေးကြီးကြောင်း၊တပ်မတော်သားများအားလုံးသည် အခြေခံအားဖြင့် စစ်အတတ်ပညာများသင်ကြားပေးပြီးဖြစ်ကြောင်း၊ တိုက်ပွဲဝင်နိုင်ရန်အတွက် သင်ကြားပေးခြင်းဖြစ်ကြောင်း၊ ထုတ်ပေးထားသည့် လက်နက်များကိုလည်း ကျွမ်းကျင်စွာကိုင်တွယ်အသုံးပြုနိုင်ရန်လိုကြောင်း၊ တပ်မတော်သားကောင်းများဖြစ်စေရေး တပ်မတော်မှ အဆင့်ဆင့်ပညာရပ်များကို သင်ကြားလေ့ကျင့်ပေးနေခြင်းဖြစ်ကြောင်း၊ စစ်အတတ်ပညာများကို စစ်စည်းကမ်းကောင်းမွန်စေရန်နှင့် အမိန့်နာခံတတ်မှုရှိစေရန် သင်ကြားလေ့ကျင့်ပေးခြင်းဖြစ်သဖြင့် စစ်သည်တစ်ဦးချင်း စစ်စည်းကမ်းလိုက်နာပြီး မိမိ

အရည်အသွေးကို အမြဲထက်မြက်နေစေရန် ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

**မိမိကိုယ်ကို မိမိမြှင့်တင်ရမည်၊ ဦးစီးခေါင်းဆောင်များ ညီညွတ်မျှတသည့် ကွပ်ကဲအုပ်ချုပ်မှုရှိရမည်**

မိမိတို့တစ်ဦးချင်း၏ ကိုယ်စီတာဝန်များကို ကျေပွန်စွာထမ်းဆောင်နိုင်ရေးအတွက် ကျန်းမာကြံ့ခိုင်မှုရှိရန်နှင့် လေ့ကျင့်မှုများကို ပုံမှန်ဆောင်ရွက်နေရန် လိုအပ်မည်ဖြစ်ကြောင်း၊ ကျန်းမာကြံ့ခိုင်မှုရှိရန်အတွက် မိမိကိုယ်ကို ထိန်းထိမ်းသိမ်းသိမ်းနေပြီး ကျန်းမာရေးနှင့်ညီညွတ်မျှတသည့် သွားလာနေထိုင်စားသောက်မှုရှိရမည်ဖြစ်ကြောင်း၊ လူတို့တွင် တစ်ဦးချင်း၏ အရည်အသွေးတိုးတက်ရန်မှာ မိမိကိုယ်တိုင်နှင့်ပင် တိုက်ရိုက်သက်ဆိုင်သည်ဖြစ်သဖြင့် မိမိကိုယ်ကို ထိန်းသိမ်းနေထိုင်နိုင်ရန်လိုကြောင်း၊ မိမိကိုယ်ကိုယုံကြည်မှုရှိစွာဖြင့် ကြိုးစားအားထုတ်မည်ဆိုပါက မိမိတို့တစ်ဦးချင်းစီ၏ လူမှုဘဝများသည်လည်း မြင့်တက်လာမည်ဖြစ်ကြောင်း၊ လူတစ်ဦးနှင့်တစ်ဦးသည် ဘဝဖြတ်သန်းပုံခြင်း တူညီမှု ရှိမည်မဟုတ်သော်လည်း တပ်မတော်သားအများစုသည် အများနှင့်နေထိုင်သွားလာရသည်ဖြစ်သဖြင့် မိမိ၏ အထက်အရာရှိများ၊ လုပ်ဖော်ကိုင်ဖက်များ၊ လက်အောက်ငယ်သားများထံမှ ကောင်းမွန်သည့်အချက်များ၊ အတွေ့အကြုံများကို လေ့လာသင်ယူ၍ မိမိဘဝတိုးတက်ရေးအတွက် အကျိုးရှိရှိအသုံးချရမည်ဖြစ်ကြောင်း၊ တစ်ဦးနှင့်တစ်ဦး တိုင်ပင်ဖေးမဆောင်ရွက်ရန်လိုပြီး မဖြစ်သင့်သည့် မလုပ်သင့်သည့်များကို အချင်းချင်းတည့်မတ်ထိန်းကြောင်းပေးရမည်ဖြစ်ကြောင်း၊ ဦးစီးခေါင်းဆောင်သည့်သူများအနေဖြင့်လည်း မိမိတို့ဦးဆောင်ရသည့် တပ်ဖွဲ့ကိုညီညွတ်မျှတစွာကွပ်ကဲအုပ်ချုပ်ရန်လိုပြီး တပ်မှူးကောင်းသဖွယ်စိတ်ဓာတ်ဖြင့် အုပ်ချုပ်ရန်လိုကြောင်း၊ ဦးစီးခေါင်းဆောင်ပြုနေသူများအနေဖြင့် မိမိတို့၏ မိသားစု၊ မိမိတို့၏ တပ်နှင့် မိမိတို့ ပတ်ဝန်းကျင်ကို ကောင်းမွန်သည့်ထိန်းသိမ်းမှုများ ပြုကြရန်လိုကြောင်း။

**တပ်ပိုင်နှင့် တစ်ပိုင်တစ်နိုင် စိုက်ပျိုးမွေးမြူရေး**

ကမ္ဘာ့နိုင်ငံအသီးသီးတွင် ကုန်ဈေးနှုန်းကြီးမြင့်မှုအခက်အခဲဖြစ်ပေါ်လျက်ရှိသည့်နည်းတူ မိမိတို့နိုင်ငံ၌လည်း ကုန်ဈေးနှုန်းကြီးမြင့်မှုကို တွေ့ကြုံရလျက်ရှိကြောင်း၊ မိမိတို့နိုင်ငံတွင် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ရေနှင့်မြေများ၊ သဘာဝသယံဇာတများနှင့် လူသားအရင်းအမြစ်များရှိသော်လည်း စဉ်ဆက်မပြတ်ကြိုးစားလိုစိတ်နှင့် အလုပ်လုပ်ကိုင်လိုမှုအားနည်းခြင်းကြောင့် တိုးတက်မှုများ နောက်ကျလျက်ရှိသည်ကိုတွေ့ရကြောင်း၊ ထို့ကြောင့်ပြည်တွင်းကုန်ထုတ်လုပ်မှုလုပ်ငန်းများ တိုးတက်အောင်ဆောင်ရွက်၍ နိုင်ငံစီးပွားဖွံ့ဖြိုးတိုးတက်အောင် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ တပ်မတော်၌ တပ်ပိုင်နှင့် တစ်ပိုင်တစ်နိုင် စိုက်ပျိုးမွေးမြူရေးကို အောင်မြင်အောင် စဉ်ဆက်မပြတ် အကောင်အထည်ဖော်စေခြင်းမှာလည်း စားရေးသောက်ရေးတွင် တစ်ဖက်တစ်လမ်းမှ အထောက်အကူဖြစ်ရန်အတွက်ဖြစ်ကြောင်း၊ တပ်ရင်း၊ တပ်ဖွဲ့များရှိ တပ်ပိုင်နှင့်တစ်ပိုင်တစ်နိုင်စိုက်ပျိုး မွေးမြူရေးလုပ်ငန်းများကို အောင်မြင်အောင် စဉ်ဆက်မပြတ်ဆောင်ရွက်နိုင်ခဲ့သဖြင့် အခက်အခဲများဖြစ်ပေါ်ချိန်တွင် အောင်မြင်စွာကျော်လွှားနိုင်ခဲ့ခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် တပ်မတော်သားများနှင့် မိသားစုဝင်များအနေဖြင့် ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်သွားကြရန်လိုကြောင်း။

**ပညာရည်မြင့်မားရေး အားပေးမြှင့်တင်ရမည်**

မိမိတို့ကလေးငယ်များ၏ ပညာရည်မြင့်မားရေးအတွက်ကိုလည်း အားပေးဆောင်ရွက်ကြစေလိုကြောင်း၊ နွေရာသီကျောင်းပိတ်ရက်ကာလကို အကျိုးရှိရှိအသုံးချနိုင်စေရေးအတွက် ယခင်စာသင်နှစ်သင်ခန်းစာများကို ပြန်လည်ဖတ်မှတ်စေခြင်း၊ အင်္ဂလိပ်စာနှင့် ကွန်ပျူတာအခြေခံသင်တန်းများ ဖွင့်လှစ်ပေးခြင်း၊ ယဉ်ကျေးလိမ္မာသင်တန်းများဖွင့်လှစ်ပေးခြင်းတို့ကို ဆောင်ရွက်ပေးရန်လိုကြောင်း၊ စာပေဖတ်မှတ်လေ့လာတတ်သည့် အလေ့အကျင့်ကောင်းများကိုဘဝတစ်လျှောက်လုံးရရှိသွားအောင် ဆောင်ရွက်ပေးသွားရမည်ဖြစ်ကြောင်း၊ စစ်သည်များအနေဖြင့်လည်း မိမိတို့၏ အတန်းပညာများ မြင့်မားရေးအတွက် တပ်မတော်ပညာရေးကျောင်းများတွင် မှန်မှန်ကန်ကန်တက်ရောက်သင်ကြားသွားရန်လိုကြောင်း၊ တပ်မတော်သားများ၏ တစ်ဦးချင်း စွမ်းရည်တိုးတက်ပြီး စစ်လက်နက်ပစ္စည်းများ၏ စွမ်းအားနှင့်စွမ်းပကားမြင့်မားအောင် ဆောင်ရွက်နိုင်မည်ဆိုပါက တပ်မတော်အင်အားရှိမည်ဖြစ်ကြောင်း၊ တစ်ဦးချင်းစွမ်းရည်များကိုအသုံးချ၍ တပ်မတော်တစ်ရပ်လုံး စွမ်းရည်ရှိအောင် ဆောင်ရွက်ရမည်ဖြစ်ကြောင်း မှာကြားသည်။

■ ■ ■

# ကုလားတန်မြစ်ကြောင်း ဘက်စုံသုံး ဖြတ်သန်းသယ်ယူပို့ဆောင်ရေး စီမံကိန်းသို့ သွားရောက်ကြည့်ရှုစစ်ဆေးစဉ်ပြောကြားသည့်အမှာစကား

( ၂၇ - ၂ - ၂၀၂၃ )



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ဖေဖော်ဝါရီလ ၂၇ ရက်နံနက်ပိုင်းတွင် ခရီးစဉ်တွင်လိုက်ပါလာသည့် အဖွဲ့ဝင်များ၊ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်း၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ထင်လတ်ဦးနှင့် တာဝန်ရှိသူများလိုက်ပါပြီး ရခိုင်ပြည်နယ်၊ စစ်တွေမြို့ရှိ ကုလားတန်မြစ်ကြောင်း ဘက်စုံသုံးဖြတ်သန်းသယ်ယူပို့ဆောင်ရေးစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်နေမှုအခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

**ရှင်းလင်းတင်ပြ**

ဦးစွာ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်းက စီမံကိန်းဖြစ်ပေါ်လာသည့်အခြေအနေများနှင့် စီမံကိန်းတွင်ပါဝင်သည့် လုပ်ငန်းများ၊ ကုလားတန်ဆိပ်ခံတံတားဆိုင်ရာအချက်အလက်များနှင့် တည်ဆောက်ပြီးစီးမှုအခြေအနေများ၊ ရုံးနှင့်ဆက်စပ်အဆောက်အဦများတည်ဆောက်ပြီးစီးမှု၊ စက်ယန္တရားများနှင့် မြစ်တွင်းသွားသယ်ယူပို့ဆောင်ရေးယာဉ်များရောက်ရှိမှု၊ ပလက်ဝပြည်တွင်းရေကြောင်းဆိပ်ကမ်းတည်ဆောက်ပြီးစီးမှု၊ ရေလမ်းကြောင်းသောင်တူးဖော်ခြင်းလုပ်ငန်းများဆောင်ရွက်ပြီးစီးမှု၊ ပလက်ဝမှ မြန်မာ-အိန္ဒိယနယ်စပ်အထိ အဝေးပြေးကားလမ်းဖောက်လုပ်ရန်ဆောင်ရွက်နေမှု၊ အပြည်ပြည်ဆိုင်ရာ အကောက်ခွန်ဆိပ်ကမ်းအဖြစ် သတ်မှတ်ဆောင်ရွက်ခြင်း၊ ပြည်တွင်းဆိပ်ကမ်းအဖြစ် သတ်မှတ်ရန်ဆောင်ရွက်လျက်ရှိမှု၊ စီမံကိန်းပြီးစီးပါက ရရှိနိုင်မည့်အကျိုးကျေးဇူးများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြမှုများနှင့်ပတ်သက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ကုလားတန်မြစ်ကြောင်း ဘက်စုံသုံးဖြတ်သန်းသယ်ယူပို့ဆောင်ရေးစီမံကိန်းသည် ရခိုင်ပြည်နယ်အတွက် များစွာအကျိုးဖြစ်ထွန်းစေနိုင်သည့်စီမံကိန်းတစ်ခုဖြစ်ပြီး ပြည်တွင်း၊ ပြည်ပ ကုန်စည်စီးဆင်းမှုများကို ပိုမိုလျင်မြန်စေမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံနှင့် အိန္ဒိယနိုင်ငံသည် ကောင်းမွန်သည့်ဆက်ဆံရေးသမိုင်းကြောင်းရှိပြီး အိမ်နီးချင်းကောင်း၊ မိတ်ဆွေကောင်းနိုင်ငံများဖြစ်ကြောင်း၊ ယခုစီမံကိန်းသည် နှစ်နိုင်ငံကူးလူးဆက်သွယ်မှု၊ ကုန်သွယ်မှုကို ပိုမိုတိုးမြှင့်လာစေနိုင်မည်ဖြစ်ပြီး နှစ်နိုင်ငံလုံးအတွက် မဟာဗျူဟာအရ အရေးကြီးသည့်စီမံကိန်းတစ်ခုဖြစ်ကြောင်း၊ ရခိုင်ပြည်နယ်အတွင်း ပစ်ခတ်တိုက်ခိုက်မှုများရပ်စဲပြီး တည်ငြိမ်အေးချမ်းမှုရှိမှသာလျှင် ပလက်ဝဒေသအပါအဝင် ရခိုင်ပြည်နယ်မြောက်ပိုင်းဒေသဖွံ့ဖြိုးရေးကို ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ ထို့ပြင် ကုလားတန်မြစ်ကြောင်းတစ်လျှောက် ဖွံ့ဖြိုးတိုးတက်ရေးကိုလည်း များစွာအထောက်အကူဖြစ်စေမည်ဖြစ်ကြောင်း၊ ထို့ကြောင့် စီမံကိန်း အမြန်ဆုံးအကောင်အထည်ဖော်ဆောင်ရွက်ပြီးစီးနိုင်ရေး သက်ဆိုင်ရာကဏ္ဍအလိုက် ကြိုးပမ်းဆောင်ရွက်ကြရန်လိုကြောင်း မှာကြားသည်။

■ ■ ■

# ရခိုင်ပြည်နယ်အတွင်းရှိ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး (MSME) လုပ်ငန်းရှင်များအား စစ်တွေမြို့၊ ဦးဥတ္တမခန်းမ၌ တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများနှင့် စီးပွားရေးလုပ်ငန်းဖွံ့ဖြိုး တိုးတက်ရေးဆိုင်ရာများကို ဆွေးနွေးစဉ် ပြောကြားသည့်အမှာစကား

( ၂၇ - ၂ - ၂၀၂၃ )



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ဖေဖော်ဝါရီလ ၂၇ ရက်နံနက်ပိုင်းတွင် ရခိုင်ပြည်နယ်အတွင်းရှိအသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး (MSME) လုပ်ငန်းရှင်များအား စစ်တွေမြို့၊ ဦးဥတ္တမခန်းမ၌ တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများနှင့် စီးပွားရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများကို ဆွေးနွေး ပြောကြားသည်။

အဆိုပါတွေ့ဆုံပွဲသို့နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ကောင်စီဝင်ဗိုလ်ချုပ်ကြီးတင်အောင်စန်း၊ ဒေါက်တာမူထန်၊ ပြည်ထောင်စုဝန်ကြီးများ၊ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ထင်လတ်ဦး၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြို့မိ၊ မြို့ဖများ၊ ရခိုင်ပြည်နယ်အတွင်းရှိ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး (MSME)လုပ်ငန်းရှင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**MSME လုပ်ငန်းများဆောင်ရွက်လျက်ရှိမှုနှင့် လိုအပ်ချက်များအား တစ်ဦးချင်းတင်ပြဆွေးနွေး**

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်က ဒေသဆိုင်ရာအချက်အလက်များ၊ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး (MSME) လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှု၊ MSME လုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးကူညီပံ့ပိုးမှုများဆောင်ရွက်လျက်ရှိမှု၊ အသေးစား၊ အငယ်

စားနှင့် အလတ်စားကုန်ထုတ်လုပ်မှုဆိုင်ရာသင်တန်းများ ဖွင့်လှစ်လျက်ရှိမှု၊ One Village One Product လုပ်ငန်းများဆောင်ရွက်လျက်ရှိမှု၊ သုတေသနနှင့်ဖွံ့ဖြိုးရေးဆိုင်ရာများ ဆောင်ရွက်လျက်ရှိမှု၊ ရခိုင်ပြည်နယ်အတွင်း ပြည်တွင်း၊ ပြည်ပမှ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှုနှင့် ရင်းနှီးမြှုပ်နှံမှုများတိုးတက်စေရေး ဆောင်ရွက်လျက်ရှိမှု၊ ပြည်တွင်း၊ ပြည်ပခရီးသွားများဝင်ရောက်မှု၊ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်မှု၊ MSME လုပ်ငန်းရှင်များအတွက် ချေးငွေများထုတ်ချေးပေးထားမှုနှင့် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ မတည်ထောက်ပံ့ငွေများထုတ်ပေးထားရှိမှု၊ MSME ထုတ်ကုန်ပြပွဲများ ကျင်းပပြုလုပ်လျက်ရှိမှုနှင့် ရခိုင်ပြည်နယ်အတွင်း အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး (MSME) လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်လျက်ရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ရခိုင်ပြည်နယ်ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးတင်အောင်ဦး၊ ရခိုင်ပြည်နယ် ဆန်စပါးလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးရွှေထွန်းအောင်၊ ရခိုင်ပြည်နယ်ဆီစက်လုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးကျော်အေးမောင်၊ ရခိုင်ပြည်နယ်ဆားလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးသန်းဝင်းနှင့် တက်ရောက်လာကြသည့် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး (MSME) လုပ်ငန်းရှင်များက နယ်စပ်ကုန်သွယ်ရေးလုပ်ငန်းများတွင် အချိန်လိုအပ်ချက်ကြောင့် အခက်အခဲရှိမှု၊ နယ်စပ်ကုန်သွယ်ရေးအတွက် ဆိပ်ခံတံတားတည်ဆောက်ပေးစေလိုမှု၊ ကုန်သွယ်မှုအတွက် ရာသီမရွေးသွားလာနိုင်သည့် ကားလမ်းများဖောက်လုပ်ပေးစေလိုမှု၊ ကမ်းရိုးတန်းသွားကုန်သွယ်ရေးသင်္ဘောများ ပြေးဆွဲပေးစေလိုမှု၊ ဘဏ်စနစ်များကို ပြည်ပနိုင်ငံများနှင့် တိုက်ရိုက်ပေးချေဆောင်ရွက်နိုင်ရေး ရခိုင်ပြည်နယ်အတွင်း ခွင့်ပြုပေးရန်လိုအပ်မှု၊ အလုပ်အကိုင်အခွင့်အလမ်းများတိုးတက်ရေးအတွက် စက်မှုဇုန်များခွင့်ပြုဆောင်ရွက်ပေးရန်လိုအပ်မှု၊ ရခိုင်ပြည်နယ်အတွင်း ဆန်စပါးစိုက်ပျိုးထုတ်လုပ်နေမှုအခြေအနေများ၊ ရခိုင်ပြည်နယ်အတွင်း နွေစပါးစိုက်ပျိုးမှုနည်းပါးပြီး ယခုအခါ တောင်သူများအနေဖြင့် နွေစပါးစိုက်ပျိုးလိုမှုများပြားလာခြင်းကြောင့် လိုအပ်သည့်စိုက်ပျိုးရေများရရှိအောင် ဆောင်ရွက်ပေးစေလိုမှု၊ ရခိုင်ပြည်နယ်အတွင်း ဆန်စပါးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မျိုးကောင်းမျိုးသန့်၊ နည်းပညာ၊ သွင်းအားစုနှင့် အခြားလိုအပ်သည်များကို နိုင်ငံတော်မှ ကူညီပံ့ပိုးပေးစေလိုမှု၊ ရခိုင်ပြည်နယ်အတွင်း ဆီထွက်သီးနှံများ စိုက်ပျိုးမှုနှင့် ထွက်ရှိမှု၊ ဆီစက်လုပ်ငန်းမြှင့်တင်နိုင်ရေးအတွက် ရင်းနှီးမတည်ငွေများလိုအပ်လျက်ရှိမှု၊ ရခိုင်ပြည်နယ်အတွင်း ဆားလုပ်ငန်းများဆောင်ရွက်လျက်ရှိမှုနှင့် ထုတ်လုပ်နိုင်မှု၊ ဈေးကွက်လိုအပ်ချက်အရ ဆားလိုအပ်ချက်များ ပိုမိုများပြားလာသည့်အတွက် ဆားကောင်းဆားသန့်များ တိုးမြှင့်ထုတ်လုပ်နိုင်ရေး လိုအပ်သည့်ရင်းနှီးမတည်ငွေများ ပံ့ပိုးကူညီပေးစေလိုမှု၊ ရခိုင်ပြည်နယ်အတွင်း အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး(MSME)လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သည်များ ကူညီပံ့ပိုးပေးစေလိုမှု၊ ရခိုင်ပြည်နယ်အတွင်း အများအပြားပေါက်ရောက်ဖြစ်ထွန်းသည့် ဓနိပင်မှ အဆင့်မြင့်ထုတ်ကုန်များကို ထုတ်လုပ်လျက်ရှိမှု၊ ရခိုင်ပြည်နယ်အတွင်း ချည်မျှင်နှင့် ရက်ကန်းလုပ်ငန်းလုပ်ကိုင်ဆောင်ရွက်လျက်ရှိမှုနှင့် ဒေသတွင်းစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြားလိုအပ်သည်များကို အသီးသီးတင်ပြဆွေးနွေးကြရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က လိုအပ်သည်များ ပြန်လည်မေးမြန်းဆွေးနွေးပြောကြားသည်။

**ပြည်ထောင်စုဝန်ကြီးများက သက်ဆိုင်ရာကဏ္ဍအလိုက် ပြန်လည်ရှင်းလင်းဆွေးနွေး**

ဆက်လက်ပြီး လုပ်ငန်းရှင်များ၏ တစ်ဦးချင်း ရှင်းလင်းတင်ပြမှုများနှင့်ပတ်သက်၍ ပြည်ထောင်စုဝန်ကြီးများကဝန်ကြီးဌာနအလိုက် လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိမှု၊ ရခိုင်ပြည်နယ်အတွင်း နယ်စပ်ဒေသကုန်သွယ်မှု ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သည့်လမ်းပန်းဆက်သွယ်မှုကောင်းမွန်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိမှု၊ နိုင်ငံတော်မှ MSME လုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေး အားပေးဆောင်ရွက်လျက်ရှိမှုနှင့် လိုအပ်သည့်ရင်းနှီးမတည်ငွေများကို ထိုက်သင့်သောအတိုးနှုန်းများဖြင့် ထုတ်ချေးပေးလျက်ရှိမှု၊ တင်ပြချက်များတွင်ပါဝင်သည့် ရင်းနှီးမတည်ငွေများကိုလည်း သတ်မှတ်ချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ထုတ်ချေးပေးနိုင်ရေး ဆောင်ရွက်ပေးသွားမည်ဖြစ်သဖြင့် စနစ်တကျဆက်သွယ်

**နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် စိုက်ပျိုးမွေးမြူရေးနှင့် ကုန်ထုတ်လုပ်ငန်းများအတွက် ရင်းနှီးမတည်ငွေများ ထုတ်ပေးခဲ့ပြီး ရခိုင်ပြည်နယ်အတွက် ရန်ပုံငွေ ကျပ် ၁၀ ဘီလီယံကိုထုတ်ပေးခဲ့၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို အခြေခံသည့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများကို အောင်မြင်အောင်အားပေး ဆောင်ရွက်၊ နိုင်ငံ့စီးပွားပြန်လည်တိုးတက်စေရေး မိမိတို့အနေဖြင့် အခက်အခဲများကြားမှ ကြိုးပမ်းဆောင်ရွက်လျက်ရှိ။**

ဆောင်ရွက်ပေးစေလိုမှု၊ ရခိုင်ပြည်နယ်အတွင်း စိုက်ပျိုးရေးလုပ်ငန်းများ အောင်မြင်စွာဆောင်ရွက်နိုင်ရေးအတွက် လျှပ်စစ်နှင့် လောင်စာဆီသုံးမြစ်ရေတင်လုပ်ငန်းများ များစွာကို ပြုလုပ်ထားရှိပြီးဖြစ်သော်လည်း စိုက်ကေယခုထက်ပိုမိုအကျိုးပြုနိုင်မည့် မြစ်ရေတင်လုပ်ငန်း၊ ချောင်းရေတင်လုပ်ငန်းများဆောင်ရွက်ပေးနိုင်ရေး ကွင်းဆင်းဆောင်ရွက်လျက်ရှိမှု၊ ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေး၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် သမဝါယမအသင်းအဖွဲ့များဖွဲ့၍ လိုအပ်သည်များ ကူညီပံ့ပိုးပေးလျက်ရှိမှု၊ ရခိုင်ပြည်နယ်အတွင်း သစ်တောသယံဇာတများကို အကျိုးရှိစွာထုတ်ယူသုံးစွဲရန်နှင့် အလွန်အကျွံထုတ်ယူသုံးစွဲမှုများကြောင့် ပြုန်းတီးမှုမဖြစ်စေရေး၊ သဘာဝပတ်ဝန်းကျင်ပျက်စီးမှုမဖြစ်စေရေးတို့အတွက် ထိန်းသိမ်းစောင့်ရှောက်ရန်လည်းလိုအပ်မှု၊ အရည်အသွေးမြင့်ဆားများကို ပြည်ပမှတင်သွင်းနေရမှုအား လျှော့ချနိုင်ရေးအတွက် ရခိုင်ပြည်နယ်နှင့် ဧရာဝတီတိုင်းဒေသကြီးတို့အတွင်းရှိ ဆားလုပ်ငန်းရှင်များအနေဖြင့် မိရိုးဖလာဆားထုတ်လုပ်မှုနည်းစနစ်များထက် နည်းစနစ်တကျ အရည်အသွေးမြင့်ဆားများ ထုတ်လုပ်သည့်နည်းစနစ်များကို အသုံးပြုကြရန်လိုအပ်မှု၊ MSME လုပ်ငန်းများအတွက် နည်းပညာလိုအပ်ချက်များအတွက် သင်တန်းများပို့ချပေးမည်ဖြစ်သဖြင့် သက်ဆိုင်ရာဝန်ကြီးဌာနလက်အောက်ရှိ ဦးစီးဌာနများနှင့် ချိတ်ဆက်ဆောင်ရွက်နိုင်မှု၊ တရားမဝင်ကုန်သွယ်မှုသည် ပြည်တွင်းစီးပွားရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်မှုကို များစွာထိခိုက်နစ်နာစေနိုင်သည်ဖြစ်သဖြင့် ဝိုင်းဝန်းတိုက်ဖျက်ကြရန်လိုအပ်မှုစသည်ဖြင့် သက်ဆိုင်ရာကဏ္ဍများအလိုက် အသီးသီး ပြန်လည်ဆွေးနွေးပြောကြားကြသည်။

**ဒေသတွင်းစိုက်ပျိုးမွေးမြူရေး ကုန်ကြမ်းများကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်**

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ဆွေးနွေးပြောကြားရာတွင် နိုင်ငံ့စီးပွားမြှင့်တင်ရေးအတွက် ရခိုင်ပြည်နယ်အတွင်း ဖွံ့ဖြိုးတိုးတက်ရေး၊ ကုန်ထုတ်လုပ်ငန်းများမြှင့်တင်ရေးတို့အတွက် လိုအပ်သည်များကို ဆောင်ရွက်ပေးနိုင်ရန် လာရောက်ခဲ့ခြင်းဖြစ်ကြောင်း၊ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် စိုက်ပျိုးမွေးမြူရေးနှင့် ကုန်ထုတ်လုပ်ငန်းများအတွက် ရင်းနှီးမတည်ငွေများထုတ်ပေးခဲ့ပြီး ရခိုင်ပြည်နယ်အတွက် ရန်ပုံငွေ ကျပ် ၁၀ ဘီလီယံကိုထုတ်ပေးခဲ့ကြောင်း၊ ရခိုင်ပြည်နယ်အတွင်း စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများကို အောင်မြင်အောင် အားပေးဆောင်ရွက်ကြရန်လိုကြောင်း။

မိမိတို့နိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုနှင့် နိုင်ငံရေးဖြစ်ပေါ်ပြောင်းလဲမှုအခြေအနေများကြောင့် နိုင်ငံ့စီးပွားရေးကျဆင်းခဲ့ရပြီး ယခင်က ပြည်တွင်းကုန်ထုတ်လုပ်မှုလုပ်ငန်းများကို အားပေးမှုမရှိခဲ့ခြင်းကြောင့်လည်း အခက်အခဲများပိုမိုတွေ့ကြုံခဲ့ရကြောင်း၊ ယခင်က မိမိတို့နိုင်ငံသည် ပြည်ပမှထောက်ပံ့မှုများ ချေးငွေများကို အလွန်အမင်းအားကိုး၍ ရပ်တည်ခဲ့သည်ကိုတွေ့ရှိရကြောင်း၊ ထို့ကြောင့် နိုင်ငံ့စီးပွားပြန်လည်တိုးတက်စေရေး မိမိတို့အနေဖြင့် အခက်အခဲများကြားမှ ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံ့လူဦးရေ၏ ၇၀ ရာခိုင်နှုန်းခန့်သည် ကျေးလက်တွင်နေထိုင်ကြပြီး စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို အဓိကထားလုပ်ကိုင်ကြကြောင်း၊ စီးပွားရေးမြှင့်တင်မှုများဆောင်ရွက်ရာတွင် ခိုင်မာသည့်စီးပွားရေးလုပ်ငန်းများကို ဆောင်ရွက်ရန်လိုသဖြင့် ဒေသတွင်းရရှိသည့် ကုန်ကြမ်းပစ္စည်းများကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများကို အားပေးဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ကျေးလက်နေ

ပြည်သူများ၏စီးပွားရေးမှာ နိမ့်ကျလျက်ရှိသဖြင့် ၎င်းတို့၏ လူမှုဘဝတိုးတက်စေရေး ကျေးလက်ကိုအခြေခံသည့် စီးပွားရေးကိုဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း။

**ပြည်တွင်းကုန်ထုတ်လုပ်မှုလုပ်ငန်းများကိုအားပေးခြင်းသည် နိုင်ငံ့စီးပွားမြှင့်တင်ရေးကို အားပေးခြင်းပင်ဖြစ်**

ပြည်တွင်းစီးပွားရေးတိုးတက်ရန်အတွက် ကုန်ထုတ်လုပ်မှုများဆောင်ရွက်ရာတွင် မိမိတို့နိုင်ငံမှထွက်ရှိသည့် စိုက်ပျိုးမွေးမြူရေးထုတ်ကုန်များကို အသုံးပြုရမည်ဖြစ်ကြောင်း၊ ပြည်တွင်းကုန်ထုတ်လုပ်မှုလုပ်ငန်းများကိုအားပေးခြင်းသည် နိုင်ငံ့စီးပွားမြှင့်တင်ရေးကို အားပေးခြင်းပင်ဖြစ်ကြောင်း၊ တန်ဖိုးမြှင့်ကုန်ချောများထုတ်လုပ်ခြင်းသည် အလုပ်အကိုင်အခွင့်အလမ်းများကို ပေါများလာစေမည်ဖြစ်ပြီး ငွေကြေးလည်ပတ်မှုများလည်း ဖြစ်ပေါ်လာမည်ဖြစ်သဖြင့် များစွာအကျိုးဖြစ်ထွန်းစေမည်ဖြစ်ကြောင်း၊ MSME လုပ်ငန်းများမှ ထွက်ရှိသည့် တန်ဖိုးမြှင့်ထုတ်ကုန်များကို ပြည်ပသို့တင်ပို့နိုင်ရန်အတွက် နိုင်ငံတော်မှ စီမံဆောင်ရွက်ပေးလျက်ရှိပြီး ထုတ်ကုန်များတင်ပို့နိုင်ရေး ကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်း။

**ဒေသထွက်ကုန်များနှင့် သယံဇာတများကို အကျိုးရှိရှိအသုံးချပြီး ဒေသနှင့်ဒေသခံများ၏ အကျိုးစီးပွားတိုးတက်စေမည်**

ရခိုင်ပြည်နယ်သည် ရေခံမြေခံကောင်းများကို ပိုင်ဆိုင်ထားရှိပြီး သဘာဝသယံဇာတများလည်း များစွာကြွယ်ဝသည့် ပြည်နယ်တစ်ခုဖြစ်ကြောင်း၊ ရခိုင်ပြည်နယ်အတွင်း ရော်ဘာကုန်ကြမ်းများ များစွာထွက်ရှိသဖြင့် ရော်ဘာကို အခြေခံသည့် တန်ဖိုးမြှင့်လူသုံးကုန်ပစ္စည်းများကို ထုတ်လုပ်နိုင်မည်ဆိုပါက ပြည်တွင်းသုံးစွဲမှုကို အထောက်အကူပြုမည်ဖြစ်ပြီး ပိုလျှံသည်များကိုလည်း ပြည်ပသို့တင်ပို့ရောင်းချနိုင်မည်ဖြစ်ကြောင်း၊ ပြည်တွင်း၌သုံးစွဲမှုများသည့် မော်တော်ကားတာယာနှင့် မော်တော်ဆိုင်ကယ်တာယာကဲ့သို့သော ကုန်ပစ္စည်းများကို ထုတ်လုပ်နိုင်မည်ဆိုပါက ပိုမိုအကျိုးဖြစ်ထွန်းစေမည်ဖြစ်ကြောင်း၊ မွေးမြူရေးလုပ်ငန်းများမှလည်း သားရေများထုတ်လုပ်၍ရနိုင်ပြီး ရော်ဘာနှင့်သားရေကိုအခြေခံသည့် လူသုံးကုန်ပစ္စည်းများကို ထုတ်လုပ်နိုင်မည်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံအတွက် လိုအပ်သည့်စက္ကူများကို နှစ်စဉ် ပြည်ပမှတင်သွင်းနေရခြင်းကြောင့် နိုင်ငံခြားငွေများစွာ သုံးစွဲရလျက်ရှိကြောင်း၊ ရခိုင်ပြည်နယ်အတွင်း စက္ကူပျော့ဖတ်များထုတ်လုပ်နိုင်သည့် အခြေခံကုန်ကြမ်းဖြစ်သော ဝါးများရှိပြီးဖြစ်သဖြင့် စနစ်တကျဖြင့် အသုံးပြုကြစေလိုကြောင်း၊ ထို့ပြင် ရခိုင်ပြည်နယ်အတွင်း အုန်းပင်များ များစွာဖြစ်ထွန်းပေါက်ရောက်သဖြင့် အုန်းနှင့်အုန်းထွက်ပစ္စည်းများကို အောင်မြင်စွာ ထုတ်လုပ်နိုင်ကြောင်း၊ ပြည်နယ်အတွင်းရှိနေသည့် ကုန်ကြမ်းပစ္စည်းများကိုအသုံးပြု၍ စက်မှုထုတ်ကုန်များကို ထုတ်လုပ်ခြင်းဖြင့် ဒေသအတွက် များစွာအကျိုးရှိမည်ဖြစ်ကြောင်း။

ကုန်ထုတ်လုပ်မှုများအတွက် သွင်းအားစုများ မဖြစ်မနေလိုအပ်ကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းများအတွက် လိုအပ်သည့်သဘာဝဓာတ်မြေသြဇာများရရှိရေး မွေးမြူရေးလုပ်ငန်းများကို စနစ်တကျဆောင်ရွက်ခြင်းဖြင့် တိရစ္ဆာန်များ၏ စွန့်ပစ်ပစ္စည်းများမှတစ်ဆင့် ဇီဝမြေသြဇာများရရှိစေမည်ဖြစ်ကြောင်း၊ မွေးမြူရေးလုပ်ငန်းများကို စုပေါင်းသမဝါယမစနစ်ဖြင့် စနစ်တကျမွေးမြူဆောင်ရွက်နိုင်မည်ဆိုပါက ပိုမိုအောင်မြင်ဖြစ်ထွန်းနိုင်မည်ဖြစ်ကြောင်း။

**ပညာရေးအားပေးမြှင့်တင်ခြင်းဖြင့် နိုင်ငံတော်ကိုတည်ဆောက်**

မည်သည့်လုပ်ငန်းကိုဆောင်ရွက်သည်ဖြစ်စေ လူသာလျှင် ပဓာနဖြစ်ကြောင်း၊ လူ၏ကြိုးစားအားထုတ်မှုဖြင့်သာ လုပ်ငန်းများအောင်မြင်နိုင်ကြောင်း၊ ထို့ကြောင့် နိုင်ငံတော်နှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ရာတွင် အရည်အသွေးမြင့်မားသော လူသားအရင်းအမြစ်များရရှိစေရေး ပညာရေးကိုအားပေးရမည်ဖြစ်ကြောင်း၊ ပညာရေးနှင့်ပတ်သက်၍ မိမိတို့နိုင်ငံတွင် အားနည်းမှုများရှိခဲ့သဖြင့် ပညာရည်မြင့်မားရေး၊ အသိပညာ၊ အတတ်ပညာနှင့် ပြည့်စုံသည့် လူသားအရင်းအမြစ်ကောင်းများ များစွာပေါ်ထွန်းလာရေး ပညာရေးကိုအားပေးဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ယခင်က ရခိုင်ပြည်နယ်၏ပညာရေးမှာ မြင့်မားခဲ့သည်ကိုတွေ့ရှိရသော်လည်း နောက်ပိုင်းတွင် ကျဆင်းမှုများရှိခဲ့ကြောင်း၊ တန်းစဉ်ကူးပြောင်းမှုများ နည်းပါးခြင်းကြောင့်ဖြစ်သည်ကိုတွေ့ရှိရကြောင်း၊ ပညာရေးအားနည်းမှုများသည် လုပ်ငန်းကျွမ်းကျင်မှုရှိသည့် လုပ်သားများဖြစ်သည့် ကျွမ်းကျင်လုပ်သား (Skill Labour) အရင်းအမြစ်များကိုနည်းပါးစေခဲ့ကြောင်း၊ ထို့ကြောင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုတွင်လည်း များစွာနောက်ကျကျန်ခဲ့ရ

သည်ကို တွေ့ရှိရမည်ဖြစ်ကြောင်း၊ ၂၀၁၄ ခုနှစ် သန်းခေါင်စာရင်းအရ မိမိတို့နိုင်ငံ၏ပညာရေးသည် မဖြစ်မနေအားပေးမြှင့်တင်ဆောင်ရွက်ရမည်ကို သတိပြုဖွယ်တွေ့ရှိရကြောင်း၊ ထို့ကြောင့် ပြည်တွင်းစီးပွားရေးနှင့် ပြည်တွင်းပညာရည်မြင့်မားရေးကို မိမိတို့အနေဖြင့် အလေးထား အားပေးဆောင်ရွက်လျက်ရှိကြောင်း။

လူသားအရင်းအမြစ်လိုအပ်ချက်နှင့်ပတ်သက်၍ တက္ကသိုလ်များ၊ ကောလိပ်များ ဖွင့်လှစ်သင်ကြားပေးလျက်ရှိကြောင်း၊ ဒေသအလိုက် ကျောင်းသားမိဘများနှင့် တာဝန်ရှိသူများအနေဖြင့် မိမိတို့၏သားသမီးများ ပညာတတ်များဖြစ်စေရေး ပညာရေး ကိုအားပေးဆောင်ရွက်ကြစေလိုကြောင်း၊ ပညာတတ်များဖြစ်မှသာလျှင် ၎င်းတို့၏ လူမှုဘဝရပ်တည်မှုများ မြင့်မားနိုင်မည်ဖြစ်သဖြင့် ကောင်းမွန်သည့်ပညာအမွေများပေးနိုင်ရေး မိဘများအနေဖြင့် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ပညာတတ်များပေါ်များမှသာ နိုင်ငံတော်အတွက်လိုအပ်သည့် လူသားအရင်းအမြစ်ကောင်းများရရှိမည်ဖြစ်သဖြင့် ကျောင်းသားမိဘများ၊ သက်ဆိုင်ရာတာဝန်ရှိသူများအနေဖြင့် ပညာရည်မြှင့်တင်ရေးလုပ်ငန်းများကို အလေးထားအားပေးဆောင်ရွက်ကြစေလိုကြောင်း။

**ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး**

ရခိုင်ပြည်နယ်သည် ပြည်တွင်း၊ ပြည်ပခရီးသွားလုပ်ငန်းများအတွက် အခြေခံကောင်းများရှိပြီးဖြစ်ကြောင်း၊ ခရီးသွားလုပ်ငန်းများတိုးတက်လာမည်ဆိုပါက ဒေသထွက်အစားအစာများနှင့် အသုံးအဆောင်များကို ရောင်းချနိုင်မည်ဖြစ်ကြောင်း၊ ထိုသို့ ရောင်းချနိုင်ရန်အတွက် ကုန်ပစ္စည်းထုတ်လုပ်မှုများကိုဆောင်ရွက်ရာတွင် အရည်အသွေးကောင်းမွန်စေရန်နှင့် ထုပ်ပိုးမှုများကို အဆင့်မီအောင်ဆောင်ရွက်နိုင်ရန်လိုကြောင်း၊ ခရီးသွားများကိုဆွဲဆောင်နိုင်ရန်အတွက် မိမိတို့ဒေသသန့်ရှင်းသာယာလှပရေးအတွက် ဝိုင်းဝန်းဆောင်ရွက်ကြစေလိုကြောင်း၊ ပတ်ဝန်းကျင်သန့်ရှင်းသာယာလှပမှသာ မျက်စိပသာဒဖြစ်စေမည်ဖြစ်ကြောင်း။

**ဒေသတည်ငြိမ်အေးချမ်းမှသာ ကောင်းမွန်သည့် အနာဂတ်ကို လက်ဆင့်ကမ်းနိုင်မည်**

နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်မှ ဆောင်ရွက်သင့်သည်များကို အင်တိုက်အားတိုက်ဆောင်ရွက်ပေးလျက်ရှိသကဲ့သို့ ရခိုင်ပြည်နယ်အတွင်း နေထိုင်သူများအနေဖြင့်လည်း မိမိတို့ဒေသဖွံ့ဖြိုးတိုးတက်ရေး ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်း၊ ရခိုင်ပြည်နယ်အတွင်း တည်ငြိမ်အေးချမ်းမှုရှိပါက ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ပိုမိုဆောင်ရွက်နိုင်မည်ဖြစ်သဖြင့် တည်ငြိမ်အေးချမ်းပြီး တရားဥပဒေစိုးမိုးမှုရှိအောင် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်း၊ နိုင်ငံတော်မှ လိုအပ်သည်များကို ကူညီဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ ရွေးကောက်ပွဲပြန်လည်ကျင်းပနိုင်ရေးအတွက်လည်း မိမိတို့အနေဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ ရွေးကောက်ပွဲပြန်လည်ကျင်းပချိန်တွင် ရခိုင်ပြည်နယ်လုံးကျွတ်ရွေးကောက်ပွဲကျင်းပနိုင်ရေး ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ရခိုင်ပြည်နယ်ထာဝရငြိမ်းချမ်းစေရေးဆောင်ရွက်နိုင်မှသာလျှင် ဒေသခံနောင်လာနောက်သားများကို ကောင်းမွန်သည့်အနာဂတ်ဘဝများ လက်ဆင့်ကမ်းနိုင်မည်ဖြစ်ပြီး ဒေသသည်လည်း ပိုမိုဖွံ့ဖြိုးတိုးတက်မည်ဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် နိုင်ငံရေးရည်မှန်းချက်များ၊ စီးပွားရေးရည်မှန်းချက်များချမှတ်၍ ဆောင်ရွက်လျက်ရှိပြီး အဆိုပါရည်မှန်းချက်များအတိုင်း အကောင်အထည်ဖော်ဆောင်ရွက်မည်ဆိုပါက နိုင်ငံတော်သည်လည်း ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း၊ ရခိုင်ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေး၊ တည်ငြိမ်အေးချမ်းရေးအတွက်လည်း ရခိုင်ပြည်နယ်တွင် လာရောက်တာဝန်ထမ်းဆောင်ကြသည့် ဌာနဆိုင်ရာဝန်ထမ်းများ၊ လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ ဒေသခံပြည်သူများအားလုံး တက်ညီလက်ညီဖြင့် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်း ဆွေးနွေးတိုက်တွန်းပြောကြားသည်။

■ ■ ■

# အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် စစ်တောတပ်နယ်ရှိ နယ်မြေခံ ရေတပ်စခန်းဌာနချုပ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများအား ရေတပ်စခန်းဌာနချုပ်ခန်းမ၌ သွားရောက်တွေ့ဆုံစဉ် ပြောကြားသည့်အမှာစကား

( ၂၈ - ၂ - ၂၀၂၃ )



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ဖေဖော်ဝါရီလ ၂၈ ရက် မွန်းလွဲပိုင်းတွင် အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်၊ စစ်တောတပ်နယ်ရှိ နယ်မြေခံရေတပ်စခန်းဌာနချုပ်မှ အရာရှိစစ်သည်၊ မိသားစုများအား အဆိုပါရေတပ်စခန်းဌာနချုပ်ခန်းမ၌ သွားရောက်တွေ့ဆုံအမှာစကား ပြောကြားသည်။

အဆိုပါ တွေ့ဆုံပွဲအခမ်းအနားသို့နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အတူ ဇနီးဒေါ်ကြူကြူလှ၊ ကာကွယ်ရေး ဦးစီးချုပ် (ရေ) ဗိုလ်ချုပ်ကြီးမိုးအောင်နှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ် (လေ) ဗိုလ်ချုပ်ကြီး ထွန်းအောင်နှင့် ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ထင်လတ်ဦးနှင့် တာဝန်ရှိသူများ၊ စစ်တောတပ်နယ်ရှိ နယ်မြေခံရေတပ်စခန်းဌာနချုပ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများ တက်ရောက်ကြသည်။

## နိုင်ငံရေးဖြစ်ပေါ်ပြောင်းလဲမှု

ထိုသို့တွေ့ဆုံအမှာစကားပြောကြားရာ၌ အရာရှိ၊ စစ်သည်၊ မိသားစုများအနေဖြင့် တပ်မတော်သည် နိုင်ငံတော်၏အမျိုးသားနိုင်ငံရေးဦးဆောင်မှုအခန်းကဏ္ဍတွင် ပါဝင်နေရသည့် အခြေအနေမှန်များနှင့် နိုင်ငံတော်၏တာဝန်များကို ထမ်းဆောင်နေရမှုများကို သိရှိနားလည်နေရမည်ဖြစ်ကြောင်းဖြင့် ဦးစွာပြောကြားပြီး နိုင်ငံတော်တွင် ပြည်သူ့ဆန္ဒဖြစ်သည့် ပါတီစုံဒီမိုကရေစီစနစ် ကျင့်သုံးနိုင်ရေး တပ်မတော်မှ ဦးဆောင်ဆောင်ရွက်ခဲ့သည့်အခြေအနေများ၊ ဒီမိုကရေစီအစိုးရကာလများတွင် နိုင်ငံရေး၊ လူမှုရေး၊ စီးပွားရေးတိုးတက်မှုများရှိသကဲ့သို့ ဒီမိုကရေစီအစိုးရဒုတိယသက်တမ်းကာလတွင် စီမံခန့်ခွဲမှုနှင့်အုပ်ချုပ်ရေးဆိုင်ရာ အားနည်းချက်များရှိခဲ့ခြင်းကြောင့် ပြည်သူလူထုမှ ရွေးကောက်ခံအစိုးရအပေါ် ယုံကြည်မှုအားနည်းမှုများ ဖြစ်ပေါ်ခဲ့မှုနှင့် ရွေးကောက်ပွဲတွင် အနိုင်ရရှိရေး မသမာသောနည်းလမ်းများဖြင့် ဆောင်ရွက်ခဲ့မှုများ၊ ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် မဲမသမာမှုများဖြစ်ပေါ်ခဲ့သည့်အခြေအနေများနှင့် မဲမသမာမှုများကို ဖြေရှင်းဆောင်ရွက်ပေးခြင်းမရှိခဲ့သည့်အတွက် နိုင်ငံတော်ကို နိုင်ငံရေးအရအရေးပေါ် အခြေအနေကြေညာခဲ့ပြီး တပ်မတော်မှ နိုင်ငံ့တာဝန်များကို ထမ်းဆောင်ခဲ့ရမှုများ၊ ရွေးကောက်

> တပ်မတော်(ကြည်း)၊ တပ်မတော်(ရေ)၊ တပ်မတော်(လေ)ဟူ၍ မြေပြင်၊ ရေပြင်၊ ဝေဟင်လုံခြုံရေးတာဝန်များကို စုပေါင်းအားဖြင့် ကာကွယ်စောင့်ရှောက်ရမည်ဖြစ်၊ တပ်မတော်(ရေ) အနေဖြင့် နိုင်ငံတော်၏ ရေပြင်ပိုင်နက်နယ်နိမိတ်များကို ကာကွယ်စောင့်ရှောက်ရန်ဖြစ်ကြောင်း၊ ရေပေါ်၊ ရေအောက် ပိုင်နက်နယ်နိမိတ်အတွင်း လုံခြုံရေးနှင့်တရားဥပဒေစိုးမိုးရေးအတွက် စစ်သည်တစ်ဦးချင်း နေ့စဉ်ဆောင်ရွက်ရမည့်လုပ်ငန်းတာဝန်များကို ကျေပွန်အောင် ထမ်းဆောင်ရမည်ဖြစ်၊ လောကဥ္စမည်သည့် အရေးကိစ္စကိုမဆို လူပါဝင်ဆောင်ရွက်ရပြီး လူ၏ ကြိုးစားအားထုတ်မှုဖြင့်သာ လုပ်ငန်းများ အောင်မြင်နိုင်မည်ဖြစ်။

ပွဲတွင်ဖြစ်ပေါ်ခဲ့သည့် မဲမသမာမှုဖြစ်စဉ်များကို သင်ခန်းစာယူပြီး လာမည့်ရွေးကောက်ပွဲတွင် မဲစာရင်းများ မှန်ကန်မှုရှိစေရေးအတွက် မြေပြင်စာရင်းကောက်ယူခြင်းလုပ်ငန်းများအပါအဝင် လုပ်ငန်းစဉ်များအတိုင်း စနစ်တကျစီမံဆောင်ရွက်လျက်ရှိမှုနှင့် လွတ်လပ်ပြီးတရားမျှတသည့် ရွေးကောက်ပွဲကျင်းပနိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိမှု၊ လူတစ်ဦးပင်ဖြစ်စေ၊ နိုင်ငံတစ်ခုပင်ဖြစ်စေ အမြဲမပြတ်ကြိုးပမ်းအားထုတ်နေမှသာလျှင် ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သဖြင့် မိမိတို့အနေဖြင့်လည်း အခက်အခဲများကြားမှ နိုင်ငံရေး၊ စီးပွားရေး၊ ငြိမ်းချမ်းရေး၊ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးကို စဉ်ဆက်မပြတ် ကြိုးပမ်းဆောင်ရွက်လျက်ရှိမှုတို့နှင့်ပတ်သက်၍ အကျယ်တဝင့် ရှင်းလင်းပြောကြားသည်။

**လူသာလျှင်အဓိကဖြစ်သဖြင့် အရည်အသွေးရှိပြီး စိတ်ဓာတ်ကောင်းသည့် စစ်သည်များဖြစ်ရန် အရေးကြီး**

တပ်မတော်ပိုင်းဆိုင်ရာများနှင့်ပတ်သက်၍ တပ်မတော်၏ အဓိကတာဝန်သည် နိုင်ငံတော်ကာကွယ်ရေးတာဝန်များကိုထမ်းဆောင်ရန်ဖြစ်ပြီး တပ်မတော်(ကြည်း)၊ တပ်မတော်(ရေ)၊ တပ်မတော်(လေ)ဟူ၍ မြေပြင်၊ ရေပြင်၊ ဝေဟင်လုံခြုံရေးတာဝန်များကို စုပေါင်းအားဖြင့် ကာကွယ်စောင့်ရှောက်ရမည်ဖြစ်ကြောင်း၊ တပ်မတော်(ရေ) အနေဖြင့် နိုင်ငံတော်၏ ရေပြင်ပိုင်နက်နယ်နိမိတ်များကို ကာကွယ်စောင့်ရှောက်ရန်ဖြစ်ကြောင်း၊ ရေပေါ်၊ ရေအောက် ပိုင်နက်နယ်နိမိတ်အတွင်း လုံခြုံရေးနှင့်တရားဥပဒေစိုးမိုးရေးအတွက် စစ်သည်တစ်ဦးချင်း နေ့စဉ်ဆောင်ရွက်ရမည့်လုပ်ငန်းတာဝန်များကို ကျေပွန်အောင်ထမ်းဆောင်ရမည်ဖြစ်ကြောင်း၊ လောကဥ္စမည်သည့်အရေးကိစ္စကိုမဆို လူပါဝင်ဆောင်ရွက်ရပြီး လူ၏ကြိုးစားအားထုတ်မှုဖြင့်သာ လုပ်ငန်းများအောင်မြင်နိုင်မည်ဖြစ်ပြီး လူသာလျှင်ပဓာနဖြစ်ကြောင်း။

ထို့ကြောင့် လူတစ်ဦးချင်း၏ အရည်အသွေးများခိုင်မာခြင်းသည် အရေးကြီးကြောင်း၊ တပ်တစ်ခုကောင်းရန်မှာလည်း တပ်တွင်တာဝန်ထမ်းဆောင်သည့်သူများ အရည်အချင်းရှိရန်၊ စိတ်ဓာတ်ကောင်းရန် အရေးကြီးကြောင်း၊ ကျောက်ဖြူဒေသ၏ ထူးခြားချက်သည် ကုန်းမြေနှင့် ရေပြင်ထိစပ်ဆက်စပ်လျက်ရှိပြီး နယ်မြေခံတပ်များအနေဖြင့် ရေပြင်၊ မြေပြင် လုံခြုံရေးတာဝန်များကိုထမ်းဆောင်ရကြောင်း၊ နိုင်ငံတော်လုံခြုံရေးတာဝန်များကို ထမ်းဆောင်ရာတွင် မှန်မှန်ကန်ကန် တာဝန်ကျေပွန်အောင် ထမ်းဆောင်ရန်လိုပြီး မိမိတို့တစ်ဦးတစ်ယောက်၏ တာဝန်လစ်ဟင်းမှုများသည် ဆုံးရှုံးမှုနှင့်ပေးဆပ်ရမှုများ ကြီးမားစွာဖြစ်ပေါ်လာနိုင်သည့်အတွက် နိုင်ငံနှင့် တပ်မတော်အတွက်၊ ပြည်သူ့အတွက်သစ္စာရှိစွာဖြင့် တာဝန်ကိုကျေပွန်စွာထမ်းဆောင်ကြရမည်ဖြစ်ကြောင်း။

**အစိုးရ၊ တပ်မတော်နှင့် ပြည်သူတို့အတူတကွလက်တွဲ၍ အနာဂတ်နိုင်ငံတော်ကို ကောင်းမွန်စွာပုံဖော်နိုင်ရမည်**

တပ်မတော်သည် ပြည်သူတို့နှင့်အတူလက်တွဲပြီး လွတ်လပ်ရေးကိုရယူပေးခဲ့ပြီး ပြည်ထောင်စုကြီးမပြိုကွဲရေးနှင့် ဒို့တာဝန်အရေးသုံးပါးကို အစဉ်ဦးထိပ်ထားကာ ယနေ့အချိန်အထိတာဝန်များကို ကျေပွန်စွာထမ်းဆောင်ခဲ့သည်ကို သိရှိပြီးဖြစ်မည်ဖြစ်ကြောင်း၊ နိုင်ငံရေးအရသဘောထားကွဲလွဲမှုများ၊ အယူဝါဒရေးအရ သဘောထားကွဲလွဲမှုများကြောင့် ပေါ်ပေါက်လာသည့် တိုင်းရင်းသားလက်နက်ကိုင်ပဋိပက္ခများကိုလည်း မိမိတို့၏ပြည်ထောင်စုဖွား တိုင်းရင်းသားများဖြစ်သည်ဟူသည့် စိတ်ဖြင့်အတတ်နိုင်ဆုံး ထိန်းထိန်း

သိမ်းသိမ်းသာဖြေရှင်းဆောင်ရွက်ခဲ့ကြောင်း၊ အရာရှိ၊ စစ်သည်၊ မိသားစုများအနေဖြင့် မိမိတိုင်းပြည်၏ ပကတိအခြေအနေမှန်ကို သိရှိနားလည်ရမည်ဖြစ်ပြီး စစ်ရေးသတိ၊ စစ်ရေးအသိနှင့် လုံခြုံရေးအမြင်များရှိရမည်ဖြစ်ကြောင်း၊ အနာဂတ်နိုင်ငံတော်ကို အစိုးရ၊ တပ်မတော်နှင့် ပြည်သူတို့ အတူတကွလက်တွဲ၍ ကောင်းမွန်စွာပုံဖော်နိုင်ရမည်ဖြစ်ကြောင်း၊ **ပေးအပ်လာသည့်တာဝန်များကို ကြည်သာရွှင်ပျစွာ ထမ်းဆောင်နိုင်ရမည်ဖြစ်ပြီး မိမိတို့တာဝန်များကို လေးလေးစားစားဖြင့်အောင်မြင်အောင်ကြိုးပမ်းဆောင်ရွက်ပါက မိမိတို့၏တာဝန်ထမ်းဆောင်မှုများကို အသိအမှတ်ပြုခံရမည်ဖြစ်**ကြောင်း၊ ထို့ပြင် မိမိတို့တာဝန်ကျရာဒေသ၌လည်း ကြည်သာရွှင်ပျစွာဖြင့် တပ်၏ကောင်းရာကောင်းကျိုး၊ ဒေသ၏ကောင်းရာကောင်းကျိုးကို ထမ်းဆောင်ကြရန်လိုကြောင်း။

ကျောက်ဖြူဒေသသည် ရာသီဥတုပြင်းထန်သည့်ဒေသတစ်ခုဖြစ်သည့်အတွက် ကျန်းမာရေးကိုဂရုတစိုက်ဖြင့်နေထိုင်ခြင်း၊ မမျှော်လင့်ထားသည့် သဘာဝဘေးအန္တရာယ်များအတွက် သတိရှိရှိဖြင့်နေထိုင်ခြင်း၊ ကြိုတင်ပြင်ဆင်ထားရှိခြင်းတို့ကို ဆောင်ရွက်ကြရန်လိုကြောင်း၊ သွားရေးလာရေး ဝေးလံခက်ခဲသည့်ဒေသဖြစ်သဖြင့် တပ်ပိုင်နှင့်တစ်ပိုင်တစ်နိုင် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို အောင်မြင်အောင်ဆောင်ရွက်ပြီး စားရေးကို အထောက်အကူဖြစ်စေရမည်ဖြစ်ကြောင်း။

ပညာရေးနှင့်ပတ်သက်၍ အရာရှိ၊ စစ်သည်၊ မိသားစုများအနေဖြင့် မိမိတို့ဘဝတိုးတက်ရေးကိုအထောက်အကူပြုစေမည့် ဗဟုသုတများရရှိစေရန် စာအုပ်စာစောင်များကို ဖတ်ရှုလေ့လာနေရန်လိုကြောင်း၊ မိမိကိုယ်တိုင် အသိပညာဗဟုသုတရရှိစေမည့်စာကောင်းပေမွန်များကိုလေ့လာဖတ်ရှုရုံသာမက မိမိတို့၏ကလေးငယ်များကိုလည်း ပညာရည်မြင့်တင်ပေးရန်လိုကြောင်း၊ သို့မှသာ ၎င်းတို့၏ဘဝတိုးတက်ရေးအတွက် ဆောင်ရွက်နိုင်ကြမည်ဖြစ်ကြောင်း၊ သားသမီးများ၏ ပညာရည်မြင့်မားရေးအတွက် အားပေးဆောင်ရွက်၍ မိဘကောင်းများဖြစ်အောင် ဆောင်ရွက်ကြစေလိုပြီး ကောင်းမွန်သည့် ပညာအမွေကိုပေးနိုင်ရမည်ဖြစ်ကြောင်း မှာကြားသည်။

■ ■ ■

# ရခိုင်ပြည်နယ် ကျောက်ဖြူခရိုင်အတွင်းရှိ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများအား ကျောက်ဖြူမြို့ ရမ္မာဝတီခန်းမ၌တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများနှင့် စီးပွားရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများကိုဆွေးနွေးစဉ် ပြောကြားသည့်အမှာစကား

( ၂၈ - ၂ - ၂၀၂၃ )





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ဖေဖော်ဝါရီလ ၂၈ ရက် နံနက်ပိုင်းတွင် ရခိုင်ပြည်နယ် ကျောက်ဖြူခရိုင်အတွင်းရှိ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများအား ကျောက်ဖြူမြို့ရှိ ရမ္မာဝတီခန်းမ၌တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများနှင့် စီးပွားရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများကို ဆွေးနွေးပြောကြားသည်။

အဆိုပါတွေ့ဆုံပွဲသို့နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ကောင်စီဝင် ဗိုလ်ချုပ်ကြီး တင်အောင်စန်း၊ ဒေါက်တာမှုထန်၊ ပြည်ထောင်စုဝန်ကြီးများ၊ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ အနောက်ပိုင်းတိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ် ထင်လတ်ဦး၊ ကျောက်ဖြူခရိုင်အတွင်းရှိခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများ၊ ကျောက်ဖြူအထူးစီးပွားရေးဇုန်မှ တာဝန်ရှိသူများတက်ရောက်ကြသည်။

**ကျောက်ဖြူအထူးစီးပွားရေးဇုန်ဆိုင်ရာများနှင့် ဒေသဆိုင်ရာအချက်အလက်များအား ရှင်းလင်းတင်ပြ**

ဦးစွာ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦးနှင့် ကျောက်ဖြူအထူးစီးပွားရေးဇုန်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးမြင့်သိန်းတို့က ကျောက်ဖြူအထူးစီးပွားရေးဇုန် ဖြစ်ပေါ်လာပုံနှင့် နောက်ခံအခြေအနေများ၊ စီမံခန့်ခွဲမှုကော်မတီများ ဖွဲ့စည်းဆောင်ရွက်ခဲ့မှု၊ အစိုးရအဆက်ဆက် ရေရှည်စီမံချက်များချမှတ်၍ စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်ခဲ့မှု၊ လက်ရှိစီမံကိန်းဆောင်ရွက်လျက်ရှိမှုနှင့် ဆက်လက်ဆောင်ရွက်နိုင်မည့်အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ကျောက်ဖြူခရိုင် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးရဲလင်းမောင်က ဒေသဆိုင်ရာအချက်အလက်များ၊ စီးပွားရေး၊ လူမှုရေး၊ စိုက်ပျိုးမွေးမြူရေး၊ ကျန်းမာရေး အထွေထွေအချက်အလက်များကို ရှင်းလင်းတင်ပြပြီး တက်ရောက်လာကြသည့် မြို့မိမြို့ဖများက ဒေသဖွံ့ဖြိုးတိုးတက်ရေး၊ ဒေသခံများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် လိုအပ်သည်များ ကူညီပံ့ပိုးဆောင်ရွက်

ပေးစေလိုမှု၊ ကျောက်ဖြူမြို့ရှိ သာသနာ့ဗိမာန်အဆောက် အအုံသည် နှစ်ပေါင်းကြာရှည်ပြီဖြစ်ပြီး ပျက်စီးယိုယွင်း လျက် ရှိသဖြင့် ပြင်ဆင်ဆောင်ရွက်ပေးရန်လိုအပ်လျက်ရှိ မှုတို့ကို တင်ပြကြသည်။

**နိုင်ငံတည်ဆောက်ရေးတွင် ဦးတည်ချက်များ၊ ရည်မှန်းချက် များထားရှိပြီး မပျောက်ပျက်အောင် ဦးတည်ဆောင်ရွက် ရမည်**

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ဆွေးနွေးပြောကြားရာတွင် ကျောက်ဖြူခရိုင်အတွင်းရှိဌာန ဆိုင်ရာတာဝန်ရှိသူများကို ပထမဆုံးအကြိမ် တွေ့ဆုံဆွေးနွေးခြင်းဖြစ်ကြောင်း၊ စစ်တွေမြို့၌လည်း ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိ မြို့ဖများ၊ စီးပွားရေးလုပ်ငန်းရှင်များနှင့် တွေ့ဆုံဆွေးနွေးမှု များကို ဆောင်ရွက်ခဲ့ကြောင်း၊ ထိုသို့တွေ့ဆုံစဉ် ဒေသဖွံ့ဖြိုး တိုးတက်ရေးဆိုင်ရာများကို တင်ပြဆွေးနွေးကြကြောင်း၊ လူတိုင်းသည်မိမိတို့ဒေသ၊ မိမိတို့တိုင်းပြည်ကို ဖွံ့ဖြိုးတိုး တက်စေလိုသည်ဖြစ်သော်လည်း မိမိဒေသနှင့် တိုင်းပြည်၏ ပကတိအခြေအနေနှင့်ကိုက်ညီပြီး ဖြစ်နိုင်သည်နှင့်ဖြစ်သင့် သည်များကို တွက်ချက်ဆောင်ရွက်ကြရကြောင်း၊ နိုင်ငံ တည်ဆောက်ရေးတွင်ဦးတည်ချက်များ၊ ရည်မှန်းချက် များထားရှိပြီး ဆောင်ရွက်ကြရကြောင်း၊ ရည်မှန်းချက်များ၊ ဦးတည်ချက်များ မပျောက်ပျက်စေရေး ဦးတည်ဆောင်ရွက် ကြရခြင်း ဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် စစ်မှန်စည်းကမ်း ပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေး၊ ဒီမို ကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စု တည်ဆောက်ရေးတို့ကို နိုင်ငံရေးလုပ်ငန်းစဉ် ၂ ရပ် ချမှတ် ဆောင်ရွက်လျက်ရှိကြောင်း၊ အမျိုးသားရေးလုပ်ငန်းစဉ် ၂ ရပ်အနေဖြင့်လည်း တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးကို ဦးတည်ချက်ထား ဆောင်ရွက် လျက်ရှိကြောင်း၊ သာယာဝပြောရေးသည် တည်ငြိမ် အေးချမ်းရေးနှင့် တိုက်ရိုက်ဆက်စပ်လျက်ရှိသည့်အတွက် ဒေသတစ်ခုချင်းစီအလိုက် တည်ငြိမ်အေးချမ်းမှသာလျှင် ဒေသများနှင့် တိုင်းပြည်သည်လည်း သာယာဝပြောလာ မည်ဖြစ်ကြောင်း။

**ပညာတတ် လူသားအရင်းအမြစ်ကောင်းများ ပေါ်ထွက် လာရေး ပညာရေးအားပေးမြှင့်တင်**

ထိုကဲ့သို့ဆောင်ရွက်နိုင်ရေးအတွက် အဓိကလိုအပ် ချက်သည် လူသားအရင်းအမြစ်ကောင်းများ များစွာပေါ်ထွက် လာရေးပင်ဖြစ်သည့်အတွက် ပညာရေးကိုအားပေးမြှင့်တင် လျက်ရှိကြောင်း၊ အတန်းပညာရှိမှသာ အသိပညာ၊ အတတ် ပညာများ တိုးတက်ရရှိမည်ဖြစ်သည့်အတွက် ကျောင်းနေ အရွယ်ကလေးအားလုံး ပညာသင်ကြားနိုင်ရေး ပညာရေး ကို အားပေးဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ကျောက်ဖြူဒေသတွင် ပညာတတ်များပေါ်များစေရေး ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရန်လိုကြောင်း၊ ဒေသတွင်း ပညာတတ်များပေါ်များမှသာ ဒေသတိုးတက်ရေးအတွက် လိုအပ်သည့် လူသားအရင်းအမြစ်ကောင်းများကို ရရှိမည် ဖြစ်ကြောင်း။

**စိုက်ပျိုးမွေးမြူရေး**

ကျောက်ဖြူဒေသတွင် စိုက်ပျိုးမွေးမြူရေးလုပ်ငန်း များကို အောင်မြင်စွာဆောင်ရွက်နိုင်မည့်အခွင့်အလမ်းများ ရှိပြီးဖြစ်ကြောင်း၊ ကျောက်ဖြူခရိုင်အတွင်း စပါးအထွက် နှုန်းများ ယခုထက်ပိုမိုတိုးတက်အောင် ဆောင်ရွက်မည် ဆိုပါက ဒေသအတွက်များစွာ အကျိုးရှိမည်ဖြစ်ပြီး စပါး စိုက်တောင်သူများအတွက် ဝယ်လိုအားတက်လာစေမည် ဖြစ်ကြောင်း၊ တိုင်းပြည်အတွက်လည်း ဝင်ငွေပိုမိုရရှိမည် ဖြစ်ကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ခြင်း ဖြင့် တောင်သူတစ်ဦးချင်းတစ်ယောက်ချင်းစီ၏ ဝင်ငွေများ တိုးပွားလာမှုမှအစပြု၍ ဒေသတွင်နေထိုင်သူများအားလုံး၏ ဝင်ငွေများ ယခင်ကထက် တိုးတက်ကောင်းမွန်လာပြီး ဒေသတွင်းလည်ပတ်သုံးစွဲငွေများပြားလာကာ လူမှုစီးပွား ဘဝများလည်း တိုးတက်လာမည်ဖြစ်ကြောင်း၊ ထို့ကြောင့် တစ်ဧကချင်းအထွက်နှုန်းများကို ပန်းတိုင်ရည်မှန်းချက် ပြည့်မီအောင် ဆောင်ရွက်ကြရန်လိုကြောင်း၊ ဒေသ၏ လိုအပ်ချက်ကို ပြည့်မီအောင် ဦးစားပေးဆောင်ရွက်ပြီး ယင်းထက် ပိုမိုထုတ်လုပ်နိုင်မည်ဆိုပါက အခြားဒေသများ၊ ပြည်ပနိုင်ငံများသို့ပါ တင်ပို့ရောင်းချနိုင်မည်ဖြစ်ကြောင်း။

စိုက်ပျိုးရေးလုပ်ငန်းများ အောင်မြင်ရန်အတွက် မျိုး ကောင်းရန်၊ မြေသြဇာနှင့် အောင်ရေလုံလောက်စွာ ရရှိရန်၊ စိုက်နည်းစနစ်များ ကောင်းမွန်ရန်လိုကြောင်း၊ စိုက်ပျိုးရေး အတွက်လိုအပ်သည့် မြေသြဇာများရရှိရေးအတွက် မွေးမြူ ရေးလုပ်ငန်းများကို စနစ်တကျဆောင်ရွက်မည်ဆိုပါက ဇီဝမြေသြဇာများရရှိနိုင်မည်ဖြစ်ကြောင်း၊ မွေးမြူရေးလုပ်ငန်း များဆောင်ရွက်ရာတွင် ဒေသနှင့်ကိုက်ညီသည့် ငါးနှင့်ပုစွန်

မွေးမြူရေးလုပ်ငန်းများကို အောင်မြင်အောင်ဆောင်ရွက်နိုင်မည်ဆိုပါက ကျောက်ဖြူဒေသ၏စီးပွားရေးကို များစွာအထောက်အကူပြုနိုင်မည်ဖြစ်ကြောင်း။

စိုက်ပျိုးရေးနှင့်ပတ်သက်၍ ဒေသတွင်းကောင်းမွန်စွာပေါက်ရောက်ဖြစ်ထွန်းသည့် အုန်းပင်ကိုအကျိုးရှိစွာအသုံးချနိုင်ရမည်ဖြစ်ကြောင်း၊ အုန်းနှင့် အုန်းထွက်ပစ္စည်းများမှ အရည်အသွေးမြင့် ထုတ်ကုန်ပစ္စည်းအမျိုးအမည်များစွာကို ထုတ်လုပ်ရောင်းချနိုင်သည်ဖြစ်သဖြင့် ကျောက်ဖြူဒေသတွင် အုန်းစိုက်ပျိုးရေးလုပ်ငန်းများကို အောင်မြင်စွာဆောင်ရွက်နိုင်ကြောင်း၊ အုန်းစိုက်ပျိုးခြင်းဖြင့်ဒေသအတွင်း အုန်းထွက်ပစ္စည်းများကိုထုတ်လုပ်နိုင်သဖြင့် အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုဖော်ဆောင်နိုင်မည်ဖြစ်ကာ ဒေသဝင်ငွေပိုမိုရရှိစေမည်ဖြစ်ကြောင်း။

အလားတူ သဘာဝဘေးဒဏ်ကို ခံနိုင်ရေးနှင့် မိုးလေဝသမှန်ကန်စေရေးတို့အတွက် အရိပ်ရလေကာပင်များ၊ လမုပင်များကို စိုက်ပျိုးရန်လိုသကဲ့သို့ ရှိပြီးဖြစ်သည့် သစ်ပင်သစ်တောများကိုလည်း ထိန်းသိမ်းဆောင်ရွက်ရန်လိုကြောင်း၊ သစ်ပင်သစ်တောများအားလုံးသည် သဘာဝဘေးဒဏ်ကာကွယ်ရေးကို များစွာအထောက်အကူပြုနိုင်မည်ဖြစ်ကြောင်း။

ကျောက်ဖြူအထူးစီးပွားရေးဇုန်နှင့်ပတ်သက်၍ ကျောက်ဖြူရေနက်ဆိပ်ကမ်းကိုပြည်ပကုန်သွယ်မှုလုပ်ငန်းများ ပိုမိုတိုးတက်စေရန်အတွက် ရည်ရွယ်ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ ကျောက်ဖြူစက်မှုဇုန်နှင့် ပတ်သက်၍လည်း စီမံဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် စီမံကိန်းများအကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ဒေသတစ်ခုချင်းစီအလိုက် ၎င်းဒေသနှင့်ကိုက်ညီနိုင်မည့် စီးပွားရေးလုပ်ငန်းများကို ရေတိုရေရှည်တွက်ချက် ဘက်ပေါင်းစုံမှ တွက်ချက်စဉ်းစားဆောင်ရွက်ကြရခြင်းဖြစ်ကြောင်း၊ ကျောက်ဖြူအထူးစီးပွားရေးဇုန် စီမံကိန်းကိုဆောင်ရွက်ရာတွင်လည်း နိုင်ငံတော်အတွက် အဘက်ဘက်မှ ကြည့်ရှုစဉ်းစားပြီး အောင်မြင်အောင်ဆောင်ရွက်ရမည်ဖြစ်ကြောင်း။

မိမိတို့အနေဖြင့် နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး (MSME) လုပ်ငန်းများကိုအားပေးဆောင်ရွက်လျက်ရှိကြောင်း၊ ပြည်တွင်းစီးပွားရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ပြည်တွင်းမှထွက်ရှိသည့် ကုန်ကြမ်းများကို အဓိကထားဆောင်ရွက်ရမည်ဖြစ်ပြီး စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများမှထွက်ရှိသည့် ကုန်ကြမ်းများမှ တန်ဖိုးမြှင့်ထုတ်ကုန်များကို ထုတ်လုပ်နိုင်ရန်လိုအပ်ကြောင်း၊ ထို့ကြောင့် ကျောက်ဖြူဒေသတွင် စိုက်ပျိုးရေးလုပ်ငန်းနှင့် မွေးမြူရေးလုပ်ငန်းများကို အောင်မြင်အောင်ဆောင်ရွက်ကြစေလိုပြီး ဒေသဖွံ့ဖြိုးရေးကို အထောက်အကူဖြစ်စေလိုကြောင်း၊ နိုင်ငံတော်အနေဖြင့် MSME လုပ်ငန်းများအတွက် လိုအပ်သည့်ရင်းနှီးမတည်ငွေများကို ထုတ်ပေးလျက်ရှိကြောင်း။

**အိမ်သာလျှင် ဧည့်လာမည်**

ထို့ပြင် ကျောက်ဖြူဒေသသည် သာယာလှပသည့် ပတ်ဝန်းကျင်နှင့် သဘာဝအလှရှုခင်းများကို ပိုင်ဆိုင်ထားပြီးဖြစ်သဖြင့် ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကိုလည်း အောင်မြင်စွာဆောင်ရွက်၍ရနိုင်မည်ဖြစ်ကြောင်း၊ ဒေသတွင်းသို့ လာရောက်သူများပြားစေရေး ဒေသတည်ငြိမ်အေးချမ်းမှု၊ သန့်ရှင်းသပ်ရပ်မှု၊ ဒေသထွက်အစားအစာများနှင့် သာယာလှပသည့် ပတ်ဝန်းကျင်ကောင်းကို ဖန်တီးပေးနိုင်မှုတို့ဖြင့် ပြည်တွင်း၊ ပြည်ပ ဧည့်သည်များကို ဆွဲဆောင်နိုင်ရမည်ဖြစ်ကြောင်း၊ အိမ်သာယာမှသာလျှင်ဧည့်လာမည်ဖြစ်ကြောင်း၊ ထို့ကြောင့်ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ဒေသတွင်လာရောက်တာဝန်ထမ်းဆောင်ကြသည့် ဌာနဆိုင်ရာဝန်ထမ်းများ၊ ဒေသခံများအားလုံးက အတူတကွ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ဒေသနှင့်တိုင်းပြည်အကျိုးကိုကြည့်၍ မိမိတို့တစ်ဦးချင်းစီအလိုက် ဆောင်ရွက်ရမည်များကိုတတ်စွမ်းသရွေ့ ကြိုးပမ်းအားထုတ်ဆောင်ရွက်ကြစေလိုပြီး မျိုးဆက်သစ်များ၊ နောင်လာနောက်သားများအတွက် အနာဂတ်ကောင်းကို ဖန်တီးပေးနိုင်ရမည်ဖြစ်ကြောင်း ဆွေးနွေးပြောကြားသည်။

■ ■ ■

# ရခိုင်ပြည်နယ် စစ်တွေမြို့ မြို့ရေပေးဝေရေး စီမံဆောင်ရွက်ထားရှိမှု အခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးစဉ် ပြောကြားသည့် အမှာစကား

( ၂၈ - ၂ - ၂၀၂၃ )



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ဖေဖော်ဝါရီလ ၂၈ ရက် နံနက်ပိုင်းတွင် ခရီးစဉ်တွင်လိုက်ပါလာသည့်အဖွဲ့ဝင်များ၊ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်း၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ထင်လတ်ဦးနှင့် တာဝန်ရှိသူများလိုက်ပါပြီး ရခိုင်ပြည်နယ် စစ်တွေမြို့ မြို့ရေပေးဝေရေးစီမံဆောင်ရွက်ထားရှိမှုအခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

**ရှင်းလင်းတင်ပြ**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် မြို့ရေပေးဝေရေးကန်တော်ကြီးနှင့် ရေစုကန်အစုအဖွဲ့နေရာသို့ရောက်ရှိကြရာ ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးကျော်မိုးနှင့် တာဝန်ရှိသူများက စစ်တွေမြို့အတွင်းရှိ ပြည်သူများ၏ နေ့စဉ်နှင့်နှစ်စဉ် ပျမ်းမျှသုံးရေလိုအပ်ချက်ပမာဏ၊ သုံးရေလိုအပ်ချက်အတွက် ကန်တော်ကြီးနှင့် ရေစုကန်အစုအဖွဲ့၊ ဆတ်ရိုးကျရေစုကန်အစုအဖွဲ့တို့ဖြင့် မိုးရေကိုသိုလှောင်၍ ရေပေးဝေရေးဆောင်ရွက်လျက်ရှိမှု၊ နှစ်စဉ် မိုးရွာသွန်းမှုအခြေအနေများနှင့် ရေသိုလှောင်နိုင်မှု၊ ၂၀၁၇ ခုနှစ်မှစ၍ မိုးရေချိန်ရရှိမှုနည်းလာခြင်း၊ မြို့နေလူဦးရေတိုးပွားလာခြင်းတို့ကြောင့် ရေပေးဝေရေးတွင် လိုအပ်ချက်များဖြစ်ပေါ်လျက်ရှိမှုနှင့် ရေလှောင်ကန်တိုး

မြို့နေပြည်သူ လူထုတို့၏ နေ့စဉ်သုံးရေလိုအပ်ချက်ပမာဏကို ဖြည့်ဆည်းပေးနိုင်ရေးကြိုးပမ်းဆောင်ရွက်ပေးရမည်ဖြစ်၊ ရေချိုကိုသိုလှောင်၍ ဖြန့်ဖြူးပေးသည့်နည်းလမ်းအပြင် ဒေသတွင်းရှိရေငန်ကို ရေချို သုံးရေအဖြစ် ပြောင်းလဲအသုံးပြုနိုင်မည့်နည်းလမ်းများကိုလည်း စဉ်းစားဆောင်ရွက်ကြရမည်ဖြစ်၊ မြို့ပတ်ဝန်းကျင်ကို မထိခိုက်စေနိုင်မည့် မြို့၏မြောက်ဘက်ခြမ်းတွင် မြေအောက်ရေ ထုတ်ယူသုံးစွဲနိုင်ရေး ဆန်းစစ်သုတေသနပြုတိုင်းတာခြင်းကို အမြန်ဆုံးဆောင်ရွက်ရန်လို။

ချဲ့ခြင်းနှင့် ရေစုကန်များအတွင်းသို့ ခမီကြိမ်ချောင်းရေလှောင်တမံမှ ရေသွယ်တန်းဖြည့်တင်းခြင်းနည်းလမ်းအပါအဝင် အခြားနည်းများဖြင့် ရေရရှိရေးဆောင်ရွက်ပေးရန်လိုအပ်လျက်ရှိမှုတို့ကို ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က မြို့နေပြည်သူလူထုတို့၏ နေ့စဉ်သုံးရေလိုအပ်ချက်ပမာဏကို ဖြည့်ဆည်းပေးနိုင်ရေးကြိုးပမ်းဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ ရေချိုကိုသိုလှောင်၍ ဖြန့်ဖြူးပေးသည့်နည်းလမ်းအပြင် ဒေသတွင်းရှိရေငန်ကို ရေချိုသုံးရေအဖြစ် ပြောင်းလဲအသုံးပြုနိုင်မည့်နည်းလမ်းများကိုလည်း စဉ်းစားဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ထို့ပြင် မြို့ပတ်ဝန်းကျင်ကို မထိခိုက်စေနိုင်မည့် မြို့၏မြောက်ဘက်ခြမ်းတွင် မြေအောက်ရေထုတ်ယူသုံးစွဲနိုင်ရေး ဆန်းစစ်သုတေသနပြုတိုင်းတာခြင်းကို အမြန်ဆုံးဆောင်ရွက်၍ ပြန်လည်တင်ပြရန်လိုကြောင်း၊ မြေအောက်ရေကိုလုံလောက်စွာ ထုတ်ယူသုံးစွဲနိုင်မည့်အခြေအနေရှိပါကလည်း လောင်စာဆီအသုံးပြု၍ ရေတင်ခြင်းထက်လျှပ်စစ်ဖြင့် ရေတင်ခြင်း၊ ဆိုလာစွမ်းအင်သုံးလျှပ်စစ်ဖြင့်ရေတင်ခြင်း တို့ဆောင်ရွက်နိုင်ရေး တွက်ချက်ဆောင်ရွက်ကြရန်လိုကြောင်း။

**မဖြစ်မနေဆောင်ရွက်ရမည်**

လက်ရှိကန်တော်ကြီးရေစုကန်၏ သန့်ရှင်းသပ်ရပ်မှုနှင့်ကြံ့ခိုင်မှုတို့ကို ပြန်လည်မြှင့်တင်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ရေစုကန်များ သတ်မှတ်ပမာဏအထိ ရေစုဆောင်းနိုင်မှုမရှိခြင်းသည် မိုးရေချိန်လုံလောက်စွာရရှိမှုမရှိခြင်းကြောင့်ဖြစ်ကြောင်း၊ ဒေသအတွင်းရှိ သစ်တောသယံဇာတများကို အလွန်အမင်းထုတ်ယူသုံးစွဲခြင်းသည် ရာသီဥတုဖောက်ပြန်ခြင်း၊ မိုးရွာရက်နည်းခြင်းနှင့် သဘာဝဘေးအန္တရာယ်တို့ကို ဖြစ်ပေါ်စေနိုင်သဖြင့် ဒေသအတွက်အကျိုးရှိသည့် လမုပင်အပါအဝင် သစ်တောသစ်ပင်စိုက်ပျိုးခြင်းများကို မဖြစ်မနေဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ဒေသတွင်း၌ သစ်ပင်သစ်တောများ များပြားစွာရှိမှသာလျှင် ရေငွေ့ကိုထိန်းနိုင်မည်ဖြစ်ပြီး မိုးရေချိန်သည်လည်း များပြားစွာရရှိနိုင်မည်ဖြစ်သည့်အတွက် ဒေသအကျိုးကိုရှေ့ရှုကြည့်၍ စဉ်းစားဆောင်ရွက်ကြရမည်ဖြစ်ကြောင်း မှာကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် ရေစုကန်များကိုကြည့်ရှုပြီး လိုအပ်သည့်ပြုပြင်ထိန်းသိမ်းမှုများဆောင်ရွက်နိုင်ရေးနှင့် ဒေသ၏သုံးရေလိုအပ်ချက်ကို ပြည့်မီအောင်ဖြန့်ဖြူးပေးနိုင်ရေး ကြိုးပမ်းဆောင်ရွက်ကြရန် လိုအပ်သည်များကို တာဝန်ရှိသူများအားမှာကြားခဲ့သည်။

■ ■ ■

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ
# နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်
# ပေးပို့ခဲ့သည့် သဝဏ်လွှာများ

# ၂၀၂၃ ခုနှစ်၊ (၇၆) နှစ်မြောက် ရှမ်းပြည်နယ်နေ့အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာ

## (၇-၂-၂၀၂၃)

**ချစ်ကြည်လေးစားအပ်ပါသော တိုင်းရင်းသား မိဘပြည်သူ ညီအစ်ကိုမောင်နှမများအားလုံး မင်္ဂလာပါခင်ဗျား**

ယနေ့ ဖေဖော်ဝါရီလ ၇ ရက်နေ့၊ (၇၆) နှစ်မြောက် ရှမ်းပြည်နယ်နေ့အခမ်းအနားသို့ ဂုဏ်ပြုသဝဏ်လွှာပေးပို့ခွင့်ရသည့်အတွက် များစွာဂုဏ်ယူဝမ်းမြောက်မိပါသည်။ ရှမ်းပြည်နယ်နှင့် နိုင်ငံတစ်ဝန်းရှိ တိုင်းရင်းသားမိဘပြည်သူအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေကြောင်း ဆုမွန်ကောင်းတောင်းလျှက် နှုတ်ခွန်းဆက်သအပ်ပါသည်။

ရှမ်းပြည်နယ်သည် မိမိတို့နိုင်ငံ၏ အရှေ့ဘက် တောင်တန်းဒေသများဖြစ်ပြီး ဧရိယာစတုရန်းမိုင်ပေါင်း ခြောက်သောင်းကျော်ရှိကာ တစ်ဖက်နိုင်ငံများနှင့်လည်း ဆက်စပ်နေသဖြင့် နိုင်ငံအတွက်အရေးပါသည့် ပြည်နယ်တစ်ခုဖြစ်ပါသည်။ ရှမ်းမျိုးနွယ်စုများဖြစ်သော ရှမ်း၊ ပလောင်၊ ပအိုဝ်း၊ ဝ၊ ဓနု၊ ကိုးကန့်၊ လားဟူ၊ အာခါ၊ အင်းသား စသည့် ရှမ်းတိုင်းရင်းသားများနှင့်အတူ ကချင်၊ ကယား၊ လီဆူ စသည့် တိုင်းရင်းသားများစွာတို့သည် ကိုယ်ပိုင်ယဉ်ကျေးမှု၊ ဓလေ့ထုံးစံတို့ဖြင့် စည်းလုံးညီညွတ်စွာ အတူယှဉ်တွဲ စုပေါင်းနေထိုင်လျက်ရှိသော တောတောင်ရေမြေ သဘာဝအလှအပများနှင့် ပြည့်စုံသည့် ပြည်နယ်ဖြစ်ပါသည်။ ထို့ပြင် မြေပေါ်မြေအောက် သယံဇာတများဖြစ်သည့် သတ္တုရိုင်းတွင်းထွက်များ၊ ကျောက်မျက်ရတနာများ၊ ကျွန်းသစ်နှင့် သစ်တောထွက်ပစ္စည်းများ ထွက်ရှိရာ ရေခံမြေခံကောင်းများရှိပြီး အရှေ့ဘက်ခြမ်း ပြည်ပနိုင်ငံများနှင့် ထိစပ်လျက်ရှိသောကြောင့် နိုင်ငံအတွက်အရေးပါပြီး နယ်စပ်ဒေသကုန်သွယ်ရေးများဖြင့် ဖွံ့ဖြိုးတိုးတက်လျက်ရှိသော ပြည်နယ်တစ်ခုလည်းဖြစ်ပါသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသည် နှစ်ပေါင်းများစွာကတည်းကပင် သမိုင်းအထောက်အထားအခိုင်အမာဖြင့် ကိုယ့်ထီး၊ ကိုယ့်နန်း၊ ကိုယ့်ကြငှန်း၊ ကိုယ်ပိုင်ယဉ်ကျေးမှု၊ ကိုယ်ပိုင်စာပေများ ထွန်းကားခဲ့ပြီး တိုင်းရင်းသားလူမျိုးစုအားလုံးတို့ ခေတ်အဆက်ဆက် အေးအတူပူအမျှ အခြေချနေထိုင်လာခဲ့ကာ ကမ္ဘာ့အလယ်တွင် ထင်ရှားစွာ ရပ်တည်လာခဲ့သော အချုပ်အခြာအာဏာပိုင် နိုင်ငံတစ်နိုင်ငံဖြစ်ပါသည်။ သို့ရာတွင် နယ်ချဲ့အင်္ဂလိပ်တို့က မြန်မာနိုင်ငံကို ကျူးကျော်စစ် သုံးကြိမ်တိုင်တိုင် တိုက်ခိုက်သိမ်းယူခဲ့ခြင်းကြောင့် ၁၈၈၅ ခုနှစ်တွင် မြန်မာတစ်နိုင်ငံလုံး သူ့ကျွန်ဘဝသို့ ကျရောက်ခဲ့ရပါသည်။

ပြည်ထောင်စုဖွား တိုင်းရင်းသားအားလုံးသည် နယ်ချဲ့တို့၏ ကျူးကျော်သိမ်းပိုက်မှုကို အစွမ်းကုန်တွန်းလှန်ခဲ့ကြသကဲ့သို့ ကိုလိုနီလက်အောက်ကျရောက်စဉ် ကာလတစ်လျှောက်လုံးတွင်လည်း လွတ်လပ်ရေးအတွက် စည်းလုံးညီညွတ်စွာဖြင့် ရရာလက်နက်ဆွဲကိုင် တွန်းလှန်ခဲ့ကြပါသည်။ ထိုသို့ နယ်ချဲ့တော်လှန်ရေးနှင့် လွတ်လပ်ရေးကြိုးပမ်းမှုကာလတွင် လည်းကောင်း၊ ဖက်ဆစ်ဆန့်ကျင်ရေးနှင့် တော်လှန်ရေးကာလတို့တွင်လည်းကောင်း၊ တစ်နိုင်ငံလုံးရှိ နိုင်ငံရေးခေါင်းဆောင်များ၊ အမျိုးသားရေးတက်ကြွလှုပ်ရှားသူများနှင့်အတူ ရှမ်းပြည်နယ်မှ စော်ဘွားများ၊ မျိုးချစ်ပုဂ္ဂိုလ်များ၊ လူထုခေါင်းဆောင်များနှင့် တိုင်း

ရင်းသားအားလုံးကပါဝင်ခဲ့သည်မှာလည်း ပြည်နယ်၏ ကောင်းမြတ်သည့်အစဉ်အလာနှင့် ဂုဏ်ယူဖွယ်ရာ သမိုင်းများပင်ဖြစ်ပါသည်။ စစ်မှန်သောလွတ်လပ်ရေး လုံးဝမရရှိမချင်း တိုက်ပွဲပေါင်းစုံဆင်နွှဲ နေကြမည်ဟူသော သန္နိဋ္ဌာန်မှာ တိုင်းရင်းသားအားလုံး၏ရင်တွင်းတွင် ကိန်းအောင်းနေသည့် အပြင်းအထန်အခိုင်အမာဆုံးသော သန္နိဋ္ဌာန်ကြီးဖြစ်သည့်အတွက် မြန်မာနိုင်ငံ လွတ်လပ်ရေးရရှိရန် ကြိုးပမ်းကြရာတွင် တိုင်းရင်းသားခေါင်းဆောင်များသည် တညီတညွတ် တလုံးတစည်းတည်း စုပေါင်း၍ အင်တိုက်အားတိုက် လုံးပန်းခဲ့ကြပါသည်။

မြန်မာပြည်မ၌ "ဖဆပလ" အဖွဲ့ချုပ်ကြီး ဦးဆောင်၍ လွတ်လပ်ရေးတိုက်ပွဲအတွက် အပြင်းအထန်ရုန်းကန်ကြိုးပမ်း တိုက်ပွဲဝင်နေချိန်တွင် ရှမ်းပြည်နယ်ရှိ မျိုးချစ်လူကြီး၊ လူငယ်များကလည်းစုပေါင်း၍ နိုင်ငံလွတ်လပ်ရေးအတွက် မျိုးချစ်စိတ်ဓာတ်အပြည့်ဖြင့် ပါဝင်လှုပ်ရှားခဲ့ကြပါသည်။

မြန်မာ့လွတ်လပ်ရေး ကြိုးပမ်းမှုသမိုင်းတွင် အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းသည် မြန်မာနိုင်ငံ လွတ်လပ်ရေးရရှိရန်အတွက် တိုင်းရင်းသားခေါင်းဆောင်များနှင့် လှည့်လည်တွေ့ဆုံဆွေးနွေးချိန်တွင် တောင်ကြီးမြို့သို့ဝင်ရောက်၍ ရှမ်းပြည်နယ်မှ စော်ဘွားများ၊ ကိုယ်စားလှယ်များနှင့် သီးခြားစီ တွေ့ဆုံဆွေးနွေးခဲ့ပါသည်။ ဗိုလ်ချုပ်အောင်ဆန်းသည် ၁၉၄၇ ခုနှစ်၊ ဇန်နဝါရီလတွင် လန်ဒန်သို့သွားရောက်ပြီး တောင်တန်းဒေသများအပါအဝင် မြန်မာတစ်နိုင်ငံလုံးကို အတူတကွ လွတ်လပ်ရေးပေးရန် ဗြိတိသျှအစိုးရနှင့် ဆွေးနွေးတောင်းဆိုခဲ့ပါသည်။

၁၉၄၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၃ ရက်နေ့တွင် ရှမ်းပြည်စဝ်ဖများကောင်စီအမှုဆောင်အဖွဲ့ဝင် စော်ဘွားများနှင့် ရှမ်းပြည်လူထုကိုယ်စားလှယ်များပါဝင်သည့် ပဏာမဆွေးနွေးပွဲကို စတင်ကျင်းပခဲ့ပါသည်။ ဖေဖော်ဝါရီလ ၆ ရက်နေ့တွင် ရှမ်းနှင့်ကချင်ကိုယ်စားလှယ်များပူးပေါင်း၍ တွေ့ဆုံဆွေးနွေးပြီး ဖေဖော်ဝါရီလ ၇ ရက်နေ့တွင် ရှမ်း၊ ကချင်၊ ချင်းကိုယ်စားလှယ်များတွေ့ဆုံပြီး ဆပ်ကော်မတီဖွဲ့စည်းကာ ဆွေးနွေးဆုံးဖြတ်ချက်များကို သဘောတူလက်မှတ်ရေးထိုးနိုင်ခဲ့ပါသည်။

၁၉၄၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၇ ရက်နေ့တွင် ရှမ်း၊ ကချင်၊ ချင်း တိုင်းရင်းသားခေါင်းဆောင်များသည် ဗမာပြည်မနှင့် အတူပူးပေါင်း၍ လွတ်လပ်ရေးအရယူမည့် သဘောတူဆုံးဖြတ်ချက်များကို ရှမ်းပြည်နယ် ပင်လုံမြို့၌ ချမှတ်နိုင်ခဲ့ပါသည်။ ထိုသို့ တောင်တန်း၊ ပြည်မ မခွဲခြားဘဲ မြန်မာတစ်နိုင်ငံလုံး လွတ်လပ်ရေးကို အတူတကွရယူရန် ဆုံးဖြတ်နိုင်ခဲ့သည့် ဖေဖော်ဝါရီလ ၇ ရက်နေ့ကို ဂုဏ်ပြုသောအားဖြင့် ရှမ်းပြည်နယ်နေ့အဖြစ် ကျင်းပပြုလုပ်လာခဲ့သည်မှာ (၇၆) နှစ်တိုင်ခဲ့ပြီဖြစ်ပါသည်။ ထို့ကြောင့် ရှမ်းပြည်နယ်နေ့သည် သမိုင်းဝင် ပြည်ထောင်စုနေ့၏ အခြေခံ၊ ပင်လုံစာချုပ်၏ ပဋိညာဉ်များကို ချမှတ်နိုင်ခဲ့သည့် တိုင်းရင်းသားအားလုံး၊ မြန်မာတစ်မျိုးသားလုံးနှင့်သက်ဆိုင်သော နေ့ထူးနေ့မြတ် အခါသမယပင်ဖြစ်ပါသည်။

နယ်ချဲ့တို့သည် ၎င်းတို့၏ရေရှည်အကျိုးစီးပွားအတွက် မြန်မာနိုင်ငံကို ပြည်မနှင့် တောင်တန်းဒေသများ ခွဲခြား၍ ဥပဒေဖြင့်ကန့်သတ်ပြီး သွေးခွဲအုပ်ချုပ်ခဲ့ပါသည်။ ထို့ကြောင့် မိမိတို့ တိုင်းရင်းသားများအကြား လူမျိုးစွဲ၊ ဝါဒစွဲ၊ ဂိုဏ်းဂဏစွဲ၊ ပုဂ္ဂိုလ်စွဲတို့ကြောင့် လွတ်လပ်ရေးရပြီးလပိုင်းအတွင်းမှာပင် လက်နက်ကိုင်သောင်းကျန်းမှုများဖြင့် တိုက်ပွဲများဖြစ်ကာ ယခုအချိန်ထိ တည်ငြိမ်အေးချမ်းမှုမရှိသည်ကို အားလုံးအသိပင်ဖြစ်ပါသည်။ လွတ်လပ်ရေးရပြီးဖြစ်သော်လည်း လွတ်လပ်ရေးအရသာကို မိမိတို့ တိုင်းရင်းသားအားလုံး ပြည့်ပြည့်ဝဝမခံစားနိုင်ကြဘဲ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးမှာ အလှမ်းဝေးနေဆဲဖြစ်နေသည်မှာ အားလုံးအသိပင်ဖြစ်ပါသည်။

တိုင်းရင်းသားစည်းလုံးညီညွတ်မှုသည် နိုင်ငံတစ်နိုင်ငံ အေးချမ်းတည်ငြိမ်မှုနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲနေစေရေးအတွက် အသက်တမျှ အရေးပါလျက်ရှိသလို နိုင်ငံတစ်နိုင်ငံတိုးတက်ရေးအတွက် ကြီးမားသောမောင်းနှင်အားတစ်ရပ်လည်းဖြစ်ပါသည်။ ထို့ကြောင့် တိုင်းရင်းသားညီအစ်ကိုများအကြား သံသယများဖယ်ရှားကာ ထာဝရငြိမ်းချမ်းရေးရရှိအောင် တည်ဆောက်သွားရမည်ဖြစ်ပါသည်။ ယနေ့အချိန်တွင် ငြိမ်းချမ်းရေးမရရှိသေးသည့် နယ်မြေဒေသများရှိ ဒေသခံပြည်သူများသည် နိုင်ငံနှင့် ပြည်သူတို့၏ အကျိုးစီးပွားကို ထိခိုက်စေသည့် ဆူပူအကြမ်းဖက်မှုများနှင့် တိုက်ခိုက်မှုများကို စိတ်ကုန်မုန်းတီးနေကြပြီ ဖြစ်ပါသည်။ မိမိတို့ လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးနှင့် လုံခြုံအေးချမ်းစွာ အတူတကွ နေထိုင်လိုခြင်းသည် တိုင်းရင်းသားပြည်သူအားလုံး၏ တူညီပြင်းပြသော ဆန္ဒပင်ဖြစ်ပါသည်။

ထို့ကြောင့် တိုင်းရင်းသားညီအစ်ကိုများအကြား အပြန်အလှန်နားလည်ခွင့်လွှတ်မှု၊ ယုံကြည်မှုတို့ကိုအခြေခံလျက် စည်းလုံးညီညွတ်မှုတို့ကို တည်ဆောက်သွားကြရမည်ဖြစ်ပါသည်။ တိုင်းပြည်အတွင်း ငြိမ်းချမ်းရေး တစ်ရက်စောပြီး တည်ဆောက်နိုင်လျှင် ပြည်သူများအတွက် တစ်ရက်စောပြီး အကျိုးရှိမည်ဖြစ်ပါသည်။

ယနေ့အချိန်အခါတွင်ပြည်ထောင်စုငြိမ်းချမ်းရေးအတွက် အစဉ်တစိုက်ကြိုးပမ်းမှုများကြောင့် ဆွေးနွေးပွဲများကျင်းပလာနိုင်သဖြင့် ငြိမ်းချမ်းရေးနှင့်ပတ်သတ်သည့် အကျိုးကျေးဇူးများ တိုးတက်ရရှိနိုင်တော့မည်ဖြစ်ပါသည်။ နိုင်ငံတော်အစိုးရအနေဖြင့် ရှေ့လုပ်ငန်းစဉ် (၅) ရပ်နှင့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဦးတည်ချက် (၁၂) ရပ်တို့ကို ချမှတ်ကာ ဆောင်ရွက်လျက်ရှိပြီး တည်ငြိမ်အေးချမ်းရေးနှင့် ဒီမိုကရေစီအသွင်ကူးပြောင်းရေးအတွက် လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပနိုင်ရေး ပြင်ဆင်လျက်ရှိပါသည်။ မြန်မာနိုင်ငံကြီးအား လွတ်လပ်မှု၊ လုံခြုံမှု၊ အေးချမ်းတည်ငြိမ်မှုနှင့် ဖွံ့ဖြိုးတိုးတက်မှုများ ဖြစ်ပေါ်လာစေရေးအတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးက ပူးပေါင်းပါဝင်ပေးကြပါရန် တိုက်တွန်းအပ်ပါသည်။

လက်ရှိအခြေအနေတွင် ရှမ်းပြည်နယ်ဒေသအများစုမှာ ဆူပူအကြမ်းဖက်မှုနှင့် တိုက်ပွဲများကင်းဝေးပြီး အေးချမ်းသာယာမှုရှိနေသည်မှာ အားရဝမ်းသာစရာဖြစ်ပါသည်။ တည်ငြိမ်အေးချမ်းမှု လိုအပ်နေသေးသည့် ရှမ်းပြည်နယ်အရှေ့မြောက်ပိုင်းဒေသအချို့ပါ တည်ငြိမ်အေးချမ်းလာပါက ပြည်နယ်တစ်ခုလုံး သာယာအေးချမ်းပြီး တိုင်းရင်းသားပြည်သူများ၏ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပါသည်။

နိုင်ငံတော်နှင့် တပ်မတော်အနေဖြင့် တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေး၊ ထာဝရငြိမ်းချမ်းရေးနှင့် အမျိုးသားစည်းလုံးညီညွတ်ရေးတို့သည် လက်ရှိပကတိလိုအပ်ချက်များဖြစ်သဖြင့် လက်နက်ကိုင်ပဋိပက္ခများ ထာဝရငြိမ်းချမ်းရေးအတွက် အလေးထားကြိုးစားဆောင်ရွက်နေပါသည်။ နိုင်ငံတော်၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်တွင်ပါရှိသည့် **“တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်”** ဆိုသည့်အတိုင်း ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကိုနိုင်ငံတော်ဘက်မှ စဉ်ဆက်မပြတ်ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။ ထာဝရငြိမ်းချမ်းရေးကို မျှော်လင့်ချက်ကြီးစွာဖြင့် ယခုနှစ်ကုန်ထိ ငါးနှစ်တိုင်ရပ်စဲပေးထားပြီး ငြိမ်းချမ်းရေးအတွက် အဖြေမဟုတ်သော စစ်ပွဲ၊ တိုက်ပွဲများကိုရှောင်ရှားပြီး ငြိမ်းချမ်းရေးစားပွဲဝိုင်းပေါ်၌ အစဉ်တစိုက်အဖြေရှာနိုင်ရေး တံခါးဖွင့်ပေးထားခြင်းဖြစ်ပါသည်။ မိမိတို့၏ဆန္ဒ၊ မိမိဒေသ၊ မိမိအဖွဲ့အစည်းအကျိုးစီးပွားထက် ဖြစ်သင့်ဖြစ်ထိုက်သည့် ပြည်ထောင်စုနှင့် တိုင်းရင်းသားပြည်သူအားလုံး၏အကျိုးစီးပွားဘက်ကသာ ရပ်တည်ပြီး စိတ်စေတနာကောင်းဖြင့် သဘောထားကြီးမှုကို ပြသကြရမည့် ငြိမ်းချမ်းရေးအတွက် အချန်အခါကောင်းဖြစ်ကြောင်း အသိပေးတိုက်တွန်းအပ်ပါသည်။

တိုင်းရင်းသားညီအစ်ကိုများအကြား ၁၉၄၇ ခုနှစ်က ပင်လုံတွင်တည်ဆောက်ခဲ့သော စည်းလုံးညီညွတ်မှုမျိုး၊ နားလည်ယုံကြည်မှုပုံစံမျိုးတို့ကို ပြန်လည်ရရှိအောင် တည်ဆောက်သွားကြရမည်ဖြစ်ပါသည်။ လွန်ခဲ့သော (၇၆) နှစ်က ပင်လုံမြို့ကလေးတွင် တိုင်းရင်းသားစည်းလုံးညီညွတ်မှုကို ပြသနိုင်ခဲ့သလို ယနေ့အချိန်အခါတွင်လည်း တိုင်းရင်းသားစည်းလုံးညီညွတ်မှုကို အမြန်ဆုံးပြသနိုင်ရေး အားလုံးဝိုင်းဝန်းကြိုးစားသွားကြရမည်ဖြစ်ပါသည်။

တိုင်းရင်းသားပြည်သူတစ်ရပ်လုံးသည် တရားမျှတခြင်း၊ လွတ်လပ်ခြင်း၊ သာတူညီမျှ အခွင့်အရေးရရှိခြင်းဟူသည့် အနှစ်သာရများဖြင့် ပြည့်ဝသော ဖက်ဒရယ်စနစ်ကိုအခြေခံသော ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေးရည်မှန်းချက်ပန်းတိုင်ကို မလွဲမသွေအောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် တိုင်းရင်းသားပြည်သူအားလုံး ပင်လုံစိတ်ဓာတ်အရင်းခံကာ ချစ်ကြည်စည်းလုံးစွာဖြင့် နိုင်ငံတော်အစိုးရနှင့် အတူပူးပေါင်း လက်တွဲဆောင်ရွက်သွားကြရန် တိုက်တွန်းလျက် သဝဏ်လွှာပေးပို့အပ်ပါသည်။

**ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ**<br>**သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်**<br>**နိုင်ငံတော်ဝန်ကြီးချုပ်**<br>**ဥက္ကဋ္ဌ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

■ ■ ■

# ၂၀၂၃ ခုနှစ်၊ (၇၆) နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားသို့ ပေးပို့သည့်သဝဏ်လွှာ

## (၁၂- ၂ - ၂၀၂၃)

**ချစ်ခင်လေးစားအပ်ပါသောပြည်ထောင်စုဖွားတိုင်းရင်းသား ညီအစ်ကိုမောင်နှမများခင်ဗျား**

ယနေ့ ၂၀၂၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၂ ရက်တွင် ကျရောက်သော (၇၆)နှစ်မြောက် ပြည်ထောင်စုနေ့အခါသမယ၌ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အတွင်း ချစ်ကြည်ရင်းနှီးစွာ အတူတကွလက်တွဲနေထိုင်ကြသော ပြည်ထောင်စုဖွား တိုင်းရင်းသားညီအစ်ကို မောင်နှမများအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက် နှုတ်ခွန်းဆက်သအပ်ပါသည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်အတွင်း မှီတင်းနေထိုင်ကြသည့် တိုင်းရင်းသားညီအစ်ကိုမောင်နှမများအားလုံးသည် စည်းလုံးညီညွတ်စွာနေထိုင်ခဲ့ကြ၍ ပြည်ထောင်စုကြီး နှစ်ပေါင်းထောင်ချီ အဓွန့်ရှည်တည်တံ့ခိုင်မြဲစွာ ကမ္ဘာ့အလယ်တွင် ထည်ထည်ဝါဝါရပ်တည်နေနိုင်ခဲ့ပါသည်။ သို့သော်လည်း အရင်းရှင်နယ်ချဲ့တို့၏ အကြိမ်ကြိမ် မတရားကျူးကျော်တိုက်ခိုက်မှုများကြောင့် ၁၈၈၆ ခုနှစ်မှစ၍ ကိုလိုနီနယ်ချဲ့အင်္ဂလိပ်လက်အောက်သို့ တစ်နိုင်ငံလုံး ကျရောက်ခဲ့ပါသည်။ ကိုလိုနီနယ်ချဲ့တို့သည် ၁၉၃၅ ခုနှစ်တွင် မြန်မာနိုင်ငံတော်စီရင်အုပ်ချုပ်မှုအက်ဥပဒေအရ ပြည်မတွင်အုပ်ချုပ်ရေးအာဏာကိုတိုးမြှင့်ပေးခဲ့သော်လည်း တောင်တန်းဒေသများကို ချန်လှပ်ထားခဲ့ကာ တောင်တန်းပြည်မခွဲခြား အုပ်ချုပ်ခဲ့ပါသည်။ နယ်ခြားဒေသဖြတ်သန်းရေး အက်ဥပဒေပြဋ္ဌာန်းပြီး ရှမ်းပြည်နယ်အတွင်းသို့ ပြည်မမှ လူများသွားရောက်ခြင်း မပြုနိုင်အောင် ကန့်သတ်ထားခဲ့ပါသည်။ ထို့ကြောင့် တောင်တန်းနှင့်ပြည်မ ကူးလူးဆက်ဆံခွင့်မရ၊ နီးလျက်နှင့်ဝေးခဲ့ကြရပါသည်။ အချိန်ကြာလာသည်နှင့်အမျှ နယ်ချဲ့တို့၏ သွေးခွဲအုပ်ချုပ်ရေးစနစ်ကြောင့် တိုင်းရင်းသားအချင်းချင်း သံသယပွား၊ မယုံကြည်မှုများဖြစ်ပွားလာခဲ့ကာ ယခုအချိန်အထိ ၎င်း၏အကျိုးဆက်ကို ကျွန်တော်တို့တိုင်းရင်းသားပြည်သူအားလုံး ခံစားနေကြရသည်မှာ အားလုံးအသိပင်ဖြစ်ပါသည်။

၁၉၄၅ ခုနှစ်၊ မေလ ၁၇ ရက်နေ့တွင် ဗြိတိသျှအစိုးရဘုရင်ခံ ဆာဒေါ်မန်စမစ်က စက္ကူဖြူစာတမ်းထုတ်ပြန်ခဲ့ပြီး ပြည်မကိုသာ လွတ်လပ်ရေးပေးမည်၊ တောင်တန်းဒေသများကို ဆက်လက်အုပ်ချုပ်သွားမည်ဟု ဖော်ပြခဲ့ပါသည်။ ၁၉၄၆ ခုနှစ်တွင် ပင်လုံမြို့၌ ဗိုလ်ချုပ်အောင်ဆန်းနှင့် တိုင်းရင်းသားခေါင်းဆောင်ကြီးများ တွေ့ဆုံဆွေးနွေးကာ စက္ကူဖြူစာတမ်းကို လုံးဝလက်မခံဘဲ တောင်တန်းပြည်မ အတူတကွ လွတ်လပ်ရေးပေးရန် တညီတညွတ်တည်း တောင်းဆိုခဲ့ကြပါသည်။

၁၉၄၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၂ ရက်နေ့တွင် တောင်တန်းပြည်မ ပေါင်းစည်းရေး အချက် (၉) ချက်ပါဝင်သည့် ပင်လုံစာချုပ်ကို ဗိုလ်ချုပ်အောင်ဆန်းအပါအဝင် တိုင်းရင်းသားခေါင်းဆောင်ကြီး (၂၃) ဦးက လက်မှတ်ရေးထိုးခဲ့ခြင်းဖြင့် မြန်မာနိုင်ငံတွင် တောင်တန်းပြည်မ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို အုတ်မြစ်ချနိုင်ခဲ့ပါသည်။ ယင်းကဲ့သို့ တိုင်းရင်းသားတို့ စည်းလုံးညီညွတ်မှုသန္ဓေတည်ခဲ့သော ပင်လုံစာချုပ် လက်မှတ်ရေးထိုးသည့် ဖေဖော်ဝါရီလ ၁၂

ရက်နေ့ကို **"ပြည်ထောင်စုနေ့"**ဟု နိုင်ငံတော်အစိုးရက အသိအမှတ်ပြုသတ်မှတ် ပေးခဲ့ပါသည်။

ပြည်ထောင်စုနေ့သည် မြန်မာနိုင်ငံအတွင်း မှီတင်းနေထိုင်ကြသည့် ပြည်ထောင်စုဖွားတိုင်းရင်းသားများ၏ စည်းလုံးညီညွတ်မှုကို ကမ္ဘာကသိအောင် ဖော်ကျူးခဲ့သောနေ့ဖြစ်ပါသည်။ **"စည်းလုံးညီညာ အောင်ကြောင်းဖြာ"** ဆိုသည့်အတိုင်း ၁၉၄၈ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက်နေ့တွင် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးသည် ကိုလိုနီနယ်ချဲ့လက်အောက်မှ လွတ်မြောက်ပြီး အချုပ်အခြာအာဏာပိုင်နိုင်ငံအဖြစ် လွတ်လပ်ရေးပြန်လည်ရရှိခဲ့ပါသည်။ ပြည်ထောင်စုအမွေဖြစ်သော လွတ်လပ်ရေးအောင်ပွဲအခမ်းအနားများကို ကျင်းပနိုင်ခဲ့သည်မှာလည်း ယခုဆိုလျှင် စိန်ရတုကာလကို ကျော်လွန်ခဲ့ပြီဖြစ်ကာ ၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက်နေ့တွင် စိန်ရတုလွတ်လပ်ရေးနေ့ ဂုဏ်ပြုအခမ်းအနားကြီးကို ခံ့ညားထည်ဝါစွာ ကျင်းပနိုင်ခဲ့ပြီဖြစ်ပါသည်။ ယနေ့အခါတွင် တိုင်းရင်းသားပြည်သူတို့၏ သွေးစည်းညီညွတ်မှုကိုအခြေခံသော ပြည်ထောင်စုနေ့ အမွေအနှစ်မှာ (၇၆) နှစ်တိုင်ခဲ့ပြီဖြစ်ပါသည်။

သမိုင်းအစဉ်အဆက်ထိန်းသိမ်းရန်ဖြစ်သော လွတ်လပ်ရေးကို ပြည်ထောင်စုဖွားတိုင်းရင်းသားပြည်သူအားလုံးက ပြည်ထောင်စုစိတ်ဓာတ်ဖြင့် ဆက်လက်ထိန်းသိမ်းစောင့်ရှောက်မှသာ အစွန့်ရှည်ကြာတည်တံ့ခိုင်မြဲနိုင်မည်ဖြစ်ပါသည်။ သို့ဖြစ်၍ တိုင်းရင်းသားစည်းလုံးညီညွတ်မှုထာဝစဉ်တည်တံ့ရေးနှင့် ပြည်ထောင်စုကြီး ထာဝရတည်တံ့ခိုင်မြဲရေးကို ပြည်တွင်းအင်အားဖြင့် ကြိုးပမ်းတည်ဆောက်ကြရန်လိုအပ်ကြောင်း အသိပေးတိုက်တွန်းလိုပါသည်။

**ချစ်ခင်လေးစားအပ်ပါသော ပြည်ထောင်စုဖွားတိုင်းရင်းသားညီအစ်ကိုမောင်နှမများခင်ဗျား**

ကိုလိုနီနယ်ချဲ့တို့၏ သွေးခွဲအုပ်ချုပ်မှု အကျိုးဆက်အနေဖြင့် တိုင်းရင်းသားညီအစ်ကိုမောင်နှမအားလုံးမှာ လွတ်လပ်ရေး၏ အနှစ်သာရကို အပြည့်အဝမခံစားခဲ့ကြရဘဲ ယနေ့တိုင် သဘောထားကွဲလွဲမှုများ၊ လက်နက်ကိုင်ပဋိပက္ခများ ဖြစ်ပေါ်လျက်ရှိပါသည်။ ရေရှည်တည်တံ့သော ထာဝရငြိမ်းချမ်းရေးရရှိစေရန်၊ တစ်နိုင်ငံလုံး လက်နက်ကိုင်ပဋိပက္ခများ ချုပ်ငြိမ်းစေရန်နှင့်ငြိမ်းချမ်းရေး၏ အရသာကို အပြည့်အဝခံစားနိုင်ရန် တိုင်းရင်းသားအားလုံးလက်တွဲပြီး ရိုးသားပွင့်လင်းစွာ ဆွေးနွေးညှိနှိုင်းကြရန်လိုပါသည်။

မိမိတို့နိုင်ငံသမိုင်းတွင် လူမျိုးစွဲ၊ ပုဂ္ဂိုလ်စွဲ၊ ဝါဒစွဲအမျိုးမျိုးတို့ကြောင့် တိုင်းရင်းသားအချင်းချင်း၊ ပြည်သူအချင်းချင်း စိတ်ဝမ်းကွဲပြားကာ ပဋိပက္ခများဖြစ်ပွားနေသည်မှာ ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသော ပြည်ထောင်စုတည်ဆောက်ရာတွင် သင်ခန်းစာယူရမည့်အချက်ဖြစ်ပါသည်။ မိမိ၏ အယူအဆ၊ သဘောထားဆန္ဒများနှင့် မကိုက်ညီသူများကို ရန်သူကဲ့သို့သဘောထားပြီး ခွဲခြားဆက်ဆံခြင်း၊ ဖယ်ကြဉ်ခြင်း၊ ရန်ပြုတိုက်ခိုက်ခြင်းတို့သည် ဒီမိုကရေစီစနစ်နှင့်ကိုက်ညီမှုမရှိပါ။ ထို့အတူ ဒေသစွဲ၊ ပုဂ္ဂိုလ်စွဲစိတ်ဓာတ်များသည် စည်းလုံးညီညွတ်မှုကို ပျက်ပြားစေပြီး နိုင်ငံတော်ပြိုကွဲပျက်စီးမည့်အန္တရာယ်ကိုဖြစ်စေသဖြင့် မတူကွဲပြားမှုများကို သဟဇာတဖြစ်အောင် ပေါင်းစည်းနေထိုင်ကြရေး အလေးထားစဉ်းစားကြရန် တိုက်တွန်းမှာကြားလိုပါသည်။

မိမိတို့နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)နှင့်အညီ နိုင်ငံတော်၏တာဝန်ကို ထိန်းသိမ်းတာဝန်ယူစဉ်ကတည်းကပင် နိုင်ငံတော်၏ ပကတိလိုအပ်ချက်များဖြစ်သည့် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးအတွက် ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခများ ချုပ်ငြိမ်းစေရေးကို အလေးထားဆောင်ရွက်လျက်ရှိပါသည်။ ရှေ့လုပ်ငန်းစဉ် (၅) ရပ်ပါ **"တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်"** ဆိုသည့် လုပ်ငန်းစဉ်ကို အောင်မြင်အောင် စဉ်ဆက်မပြတ် ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ပါသည်။ တပ်မတော်အနေဖြင့်လည်း တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများကို တွေ့ဆုံဆွေးနွေးရေးလမ်းကြောင်းပေါ်မှတစ်ဆင့် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA) လမ်းကြောင်းပေါ်တွင် လျှောက်လှမ်းနိုင်ရေးအတွက် ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၂၁ ရက်နေ့မှစပြီး ၂၀၂၂ ခုနှစ်၊ နှစ်ကုန်အထိ တစ်ဖက်သတ်အပစ်အခတ်ရပ်စဲပေးခဲ့ပါသည်။ ဆက်လက်ပြီး ၂၀၂၃ ခုနှစ် တစ်နှစ်လုံး အပစ်အခတ်ရပ်စဲပေးထားပြီး ဖြစ်ရာနိုင်ငံနှင့် ပြည်သူအကျိုးကိုရှေးရှုပြီး တွေ့ဆုံဆွေးနွေးမှုများမှ ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခချုပ်ငြိမ်းရေးဆောင်ရွက်ကြရန် လိုအပ်ပါသည်။

နိုင်ငံရေးရည်မှန်းချက် (၂) ရပ်ဖြစ်သည့် စစ်မှန်၍

စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ကျင့်သုံးရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးတို့အတွက် ပဓာနကျသော ငြိမ်းချမ်းရေးကို နိုင်ငံသူ နိုင်ငံသားများအားလုံးက ပူးပေါင်းပါဝင်တည်ဆောက်ကြရမည်ဖြစ်ပါသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ရှေ့လုပ်ငန်းစဉ် (၅) ရပ်၏ နောက်ဆုံးအချက်ဖြစ်သော **"အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈) နှင့်အညီ လွတ်လပ်ပြီး တရားမျှတသောပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေးဆက်လက်ဆောင်ရွက်သွားမည်"** ဆိုသည့်အတိုင်း လွတ်လပ်ပြီး တရားမျှတသော ရွေးကောက်ပွဲများကျင်းပနိုင်ရေး လိုအပ်သည့် အခြေခံအချက်များ၊ အခြေအနေဖန်တီးမှုများကို ကြိုးစားဆောင်ရွက်လျက်ရှိသည်။ ထိုသို့ဆောင်ရွက်နိုင်ရေးအတွက် ၂၀၂၂ ခုနှစ်ကို ငြိမ်းချမ်းရေးနှစ်အဖြစ်သတ်မှတ်ထားရှိပြီး တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် တွေ့ဆုံဆွေးနွေး၍ ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခများ ချုပ်ငြိမ်းရေးနှင့် တည်တံ့ခိုင်မြဲသည့် ထာဝရငြိမ်းချမ်းရေးကိုတည်ဆောက်နိုင်ရေး ကြိုးပမ်းဆောင်ရွက်ခဲ့ပါသည်။ သို့သော်လည်း ပြည်တွင်း/ပြည်ပ စွက်ဖက်မှုပယောဂအမျိုးမျိုးနှင့် သက်ဆိုင်သူများ၏ နိုင်ငံနှင့်ပြည်သူအကျိုးကို စဉ်းစားလုပ်ဆောင်ရန် လိုအပ်ချက်တို့ကြောင့် တည်ငြိမ်အေးချမ်းမှုနှင့် အလှမ်းကွာဝေးဆဲဖြစ်ရာ နိုင်ငံအတွက် ဝမ်းနည်းဖွယ်ရာ၊ စိတ်မကောင်း ရင်လေးဖွယ်ရာဖြစ်နေပါသည်။ ထို့ကြောင့် သက်ဆိုင်ရာအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များနှင့် တိုင်းရင်းသားပြည်သူများအားလုံးက ရှေ့သို့ချီမည် ပန်းတိုင်ဆီ– Keep Moving Forward to Achieve Our Goal ဟူသည့်အတိုင်း မိမိတို့မျှော်မှန်းသည့် ပန်းတိုင်သို့ရောက်ရှိစေရန် ပြည်သူများအားလုံးက ကျရာအခန်းကဏ္ဍမှ ဝိုင်းဝန်းလက်တွဲ၍ ပူးပေါင်းပါဝင်ဆောင်ရွက်သွားကြပါရန် တိုက်တွန်းအပ်ပါသည်။

**ချစ်ခင်လေးစားအပ်ပါသောပြည်ထောင်စုဖွားတိုင်းရင်းသားညီအစ်ကိုမောင်နှမများခင်ဗျား**

အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် ဒီမိုကရေစီနိုင်ငံတော်သစ်ကို တည်ဆောက်ရာတွင် နိုင်ငံအတွင်းရှိ တိုင်းရင်းသားပြည်သူအားလုံး၏ အသိဉာဏ်ပညာနှင့် စိတ်ရင်းစေတနာမှန်ကန်မှုသည် အဓိကကျပါသည်။ မိမိတို့၏ အကျိုးစီးပွားထက် ပြည်ထောင်စုကြီးတစ်ခုလုံး၏ အကျိုးစီးပွားကို ချိန်ထိုးစဉ်းစားလုပ်ဆောင်ကြရန်လိုပါသည်။ မိမိတို့၏ ရပ်တည်ဆောင်ရွက်မှုများအပေါ် ဓမ္မဓိဋ္ဌာန်ကျကျဖြင့် အမှားအမှန်၊ အကောင်းအဆိုးကို ခွဲခြားဆင်ခြင်ဆောင်ရွက်ကြမှသာ နိုင်ငံနှင့်ပြည်သူကို အကျိုးပြုရာရောက်မည်ဖြစ်ပါသည်။ နိုင်ငံတော်နှင့် ပြည်သူတစ်ရပ်လုံး၏အနာဂတ်ကို လက်ဆင့်ကမ်းတာဝန်ယူကြမည့် လူငယ်လူရွယ်များအား အတွေးအခေါ် အယူအဆမှန်ကန်စေရေး၊ အသိပညာဗဟုသုတဖြန့်ဝေစေရေး၊ နိုင်ငံကိုချစ်သည့် စိတ်နှင့်ပြည်ထောင်စုစိတ်ဓာတ်များ ကိန်းအောင်းရှင်သန်စေရေးတို့ကို ဖန်တီးဖော်ဆောင်ပေးကြရန် လိုအပ်ပါသည်။ ထို့ကြောင့် မိမိတို့၏ သားသမီးများ၊ လူငယ်လူရွယ်များကို ဗလငါးတန်ပြည့်ဝသည့် အနာဂတ်သားကောင်းရတနာများဖြစ်အောင် ပြုစုပျိုးထောင်ပေးကြရန် တိုက်တွန်းမှာကြားလိုပါသည်။

ကျွန်တော်တို့အနေဖြင့် နိုင်ငံတော်ကို တာဝန်ယူစဉ်အတွင်းတွင် **"တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေး"** ဆိုသည့် အမျိုးသားရေးလုပ်ငန်းစဉ် (၂) ရပ်ကို ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။ နိုင်ငံတစ်ခုတွင် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ပြီး စီးပွားရေးအရ တောင့်တင်းခိုင်မာမှုသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး၏ အခြေခံအကြောင်းတရားဖြစ်ပါသည်။ ကျေးလက်နေပြည်သူအများစုရှိသော မိမိတို့ နိုင်ငံသည် စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် စီးပွားရေးလုပ်ငန်းများကို အဓိကထားဆောင်ရွက်ပြီး ကျန်စီးပွားရေးလုပ်ငန်းများကိုလည်း ဖွံ့ဖြိုးတိုးတက်အောင် လုပ်ဆောင်ကြရမည်ဖြစ်ပါသည်။

စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများနှင့် အသေးစား၊ အငယ်စား၊ အလတ်စားစီးပွားရေးလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းရေး၊ အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိရေးနှင့်ဝင်ငွေတိုးတက်စေရေးတို့ကိုနိုင်ငံတော်မှအလေးထားအားပေးကူညီဆောင်ရွက်ပေးလျက်ရှိပါသည်။ သယံဇာတပေါကြွယ်ဝပြီး စီးပွားရေးအခြေခံကောင်းများရှိသည့် မိမိတို့နိုင်ငံအတွက် စီးပွားရေးဖွံ့ဖြိုးတိုးတက်ရန်မှာ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးသည် အရေးကြီးပါသည်။

ထို့ကြောင့် နိုင်ငံတော်မှ ကျေးလက်စီးပွားရေးနှင့် MSME လုပ်ငန်းများတွင် အထောက်အကူပြုနိုင်ရန် ခရိုင် (၅၀) ရှိ အထက်တန်းကျောင်းတစ်ကျောင်းစီတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် စက်မှုပညာရပ်များကို တွဲဖက်သင်ကြားပေးပြီး ထူးချွန်သူများကို အဆင့်မြင့်ပညာများ ဆက်လက်သင်ကြားနိုင်ရေး စီမံဆောင်ရွက်ပေးလျက်ရှိပါသည်။ ထို့ကြောင့်တိုင်းရင်းသားပြည်သူများ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးနှင့် နိုင်ငံတော်စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရန် ပုဂ္ဂလိကနှင့်အစိုးရတို့မှ သက်ဆိုင်သူ၊ တာဝန်ရှိသူများက ဝိုင်းဝန်းကြိုးပမ်းအကောင်အထည်ဖော်ကြရန် လိုအပ်ပါသည်။ ဆက်လက်၍လည်း ခရိုင်အားလုံးတွင် တိုးချဲ့ဖွင့်လှစ်သွားပါမည်။

နိုင်ငံတော်အနေဖြင့် တိုင်းရင်းသားဒေသများအပါအဝင် တစ်နိုင်ငံလုံး အကြားအလပ်မရှိ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကဏ္ဍအလိုက် လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိရာ တိုင်းရင်းသားညီအစ်ကိုမောင်နှမများအနေဖြင့် ယင်းအခွင့်အရေးကို အမိအရရယူပြီး အပြည့်အဝအသုံးချ၍ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ပါသည်။

**ချစ်ခင်လေးစားအပ်ပါသောပြည်ထောင်စုဖွား တိုင်းရင်းသားညီအစ်ကိုမောင်နှမများခင်ဗျား**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သည် ပြည်ထောင်စုဖွားတိုင်းရင်းသားအားလုံး အေးအတူပူအမျှ၊ ဥမကွဲသိုက်မပျက်အတူတကွ ပေါင်းစည်းနေထိုင်လျက်ရှိသော ပြည်ထောင်စုကြီးဖြစ်ပါသည်။ တိုင်းရင်းသားညီအစ်ကိုမောင်နှမများ၏ ရင်းနှီးချစ်ကြည်မှု၊ စည်းလုံးညီညွတ်မှု၊ စုစည်းလုပ်ဆောင်မှုတို့ဖြင့် စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကိုကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကြီးကို တည်ဆောက်သွားနိုင်ရန် ဦးတည် ကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်ပါသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့်ရှေ့လုပ်ငန်းစဉ် (၅) ရပ်နှင့် ဦးတည်ချက်(၁၂)ရပ်တို့ကို ချမှတ်၍ ၎င်းလုပ်ငန်းစဉ်များနှင့် ဦးတည်ချက်များကို အောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။

သို့သော်လည်း ယခုအချိန်တွင် မိမိတို့နိုင်ငံနှင့် နိုင်ငံသား တိုင်းရင်းသားပြည်သူလူထု၏အကျိုးကို ပျက်စီးဆုံးရှုံးစေလိုကြသည့် ပြည်တွင်း/ပြည်ပ အဖျက်အမှောင့်သမားများနှင့် အကြမ်းဖက်အင်အားစုများက သွေးထိုးလှုံ့ဆော်မှုများ ပြုလုပ်နေကြသကဲ့သို့ ပြည်သူလူထုအတွင်း အတွေးမှား၊ အမြင်မှား၊ လုပ်ရပ်မှားများ ဖြစ်ပေါ်လာစေရန်အတွက်လည်း သွေးဆောင်စည်းရုံးမှုများ လုပ်ဆောင်လျက်ရှိနေပါသည်။ ထို့အပြင် နိုင်ငံအတွင်း စည်းလုံးညီညွတ်မှု ပျက်ပြားစေရန်နှင့် တည်ငြိမ်အေးချမ်းမှု ပျက်ပြားစေရန် နည်းလမ်းမျိုးစုံဖြင့် ပြုလုပ်နေကြသော ကိုလိုနီလက်သစ်ပြည်ပစွက်ဖက်မှုများနှင့် အတ္တအကျိုးစီးပွားကိုသာ ရှေးရှုလုပ်ဆောင်နေကြသူများကြောင့် ဖြစ်ပေါ်လာနိုင်သည့် နိုင်ငံတော်နှင့် ပြည်သူတို့အတွက် အန္တရာယ်ကို ဆင်ခြင်တုံတရားဖြင့် သတိထားကြရန်လိုအပ်ပါသည်။ လက်ရှိအချိန်ကာလတွင် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးတို့အတွက် အင်တိုက်အားတိုက် ပူးပေါင်းဆောင်ရွက်ကြရမည့်အချိန်ဖြစ်ပါကြောင်း အသိပေးမှာကြားလိုပါသည်။

ထို့ကြောင့် ၂၀၂၃ ခုနှစ်၊ (၇၆) နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များဖြစ်သော -

(၁) တိုင်းရင်းသားစည်းလုံးညီညွတ်မှု ထာဝစဉ်တည်တံ့ရေးနှင့် ပြည်ထောင်စုကြီး ထာဝရတည်တံ့ ခိုင်မြဲအောင် ပြည်တွင်းအင်အားဖြင့် ကြိုးပမ်းတည်ဆောက်ရေး၊

(၂) ရေရှည်တည်တံ့သော ထာဝရငြိမ်းချမ်းရေးရရှိအောင် တိုင်းရင်းသားလူမျိုးများအားလုံး ပူးပေါင်းပါဝင်ဆောင်ရွက်ရေး၊

(၃) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေး အမျိုးသားရေးလုပ်ငန်းစဉ် (၂) ရပ်အောင်မြင်စေရေး ပြည်ထောင်စုစိတ်ဓာတ်ဖြင့် တက်ညီလက်ညီ လက်တွဲဆောင်ရွက်ရေး၊

(၄) ပြည်နယ်နှင့်တိုင်းဒေသကြီးအားလုံး တစ်ပြေးညီ ဖွံ့ဖြိုးတိုးတက်ရေးနှင့် တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ပြီး အလုပ်အကိုင်အခွင့်အလမ်းများ တိုးတက်အောင်ဆောင်ရွက်ပေးရေး၊

(၅) တိုင်းရင်းသားညီအစ်ကိုမောင်နှမများ၏ ရင်းနှီးချစ်ကြည်မှု၊ စည်းလုံးညီညွတ်မှု၊ စုစည်းလုပ်ဆောင်မှုတို့ဖြင့် စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို ကျင့်သုံးပြီး

ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်ရေးတို့ကို အောင်မြင်အောင် ပြည်ထောင်စုစိတ်ဓာတ်ဖြင့် စည်းလုံးချစ်ကြည်စွာ အကောင်ထည်ဖော်လျက် တိုင်းရင်းသားအချင်းချင်း ပေါင်းစုညီညာ စည်းလုံးစွာဖြင့် ပြည်ထောင်စု၏ အသီးအပွင့်များကို မျှဝေခံစားကြပါစို့ဟု တိုက်တွန်းနှိုးဆော်ရင်း သဝဏ်လွှာပေးပို့အပ်ပါသည်။

**ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ**
**သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်**
**နိုင်ငံတော်ဝန်ကြီးချုပ်**
**ဥက္ကဋ္ဌ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

■ ■ ■

# ၂၀၂၃ ခုနှစ်၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ နှစ်နိုင်ငံသံတမန်ဆက်ဆံရေး (၇၅) နှစ်မြောက် စိန်ရတုအထိမ်းအမှတ် အခါသမယတွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတ မစ္စတာဗလာဒီမာပူတင်ထံသို့ ပေးပို့သည့်သဝဏ်လွှာ

( ၁၈ - ၂ - ၂၀၂၃ )

၂၀၂၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၈ ရက်နေ့တွင်ကျရောက်သည့် မြန်မာ-ရုရှားနှစ်နိုင်ငံသံတမန်ဆက်ဆံရေး (၇၅) နှစ်မြောက် စိန်ရတုအထိမ်းအမှတ်အခါသမယတွင် မြန်မာပြည်သူများနှင့်အတူ မိမိအနေဖြင့် အဆွေတော်နှင့် အဆွေတော်ထံမှတစ်ဆင့် ရုရှားပြည်သူများသို့ လှိုက်လှဲစွာ ဂုဏ်ယူဝမ်းမြောက်ကြောင်း နှုတ်ခွန်းဆက်သပါသည်။

၁၉၄၈ ခုနှစ်တွင် နှစ်နိုင်ငံသံတမန်ဆက်ဆံရေးစတင်ထူထောင်ခဲ့ချိန်မှစ၍ မိမိတို့နှစ်နိုင်ငံသည် အပြန်အလှန်လေးစားမှု၊ နားလည်မှုတို့ဖြင့် ထူးခြားသောကာလရှည်ကြာချစ်ကြည်ရင်းနှီးမှုကို တည်ဆောက်ပိုင်ဆိုင်ထားသည်ကို နှစ်ထောင်းအားရဖွယ်တွေ့ရှိရပါသည်။ နိုင်ငံတကာအခင်းအကျင်းတွင်ပြောင်းလဲမှုများရှိလင့်ကစား မြန်မာနိုင်ငံနှင့် ရုရှားနိုင်ငံတို့၏ ချစ်ကြည်ရင်းနှီးမှုနှင့် မိတ်ဖက်ဆောင်ရွက်မှုတို့သည် ဆက်လက်နွေးထွေးနီးကပ်နေကြဆဲပင်ဖြစ်ပါသည်။ ရုရှားနိုင်ငံ၌ မြန်မာကျောင်းသားများစွာ ပညာသင်ယူခဲ့ကြပြီး နောက်ထပ်ပညာသင်များစွာလည်း ပညာသင်ယူလျှက်ရှိသည်နှင့်အတူ နှစ်နိုင်ငံအကြား အထူးကောင်းမွန်သည့် ပြည်သူအချင်းချင်း ဆက်သွယ်မှုများလည်းရှိပါသည်။ မြန်မာနိုင်ငံသည် ရုရှားနိုင်ငံကို အရေးကြီးပြီးယုံကြည်အားထားရသော မိတ်ဖက်နိုင်ငံအဖြစ်အစဉ်မှတ်ယူထားပါသည်။ မိမိတို့အနေဖြင့် ရုရှားနိုင်ငံ၏ မြန်မာနိုင်ငံအပေါ် နှစ်နိုင်ငံချင်းသာမကနိုင်ငံတကာမျက်နှာစာ အထူးသဖြင့် မြန်မာနိုင်ငံ၏ခက်ခဲသောကာလများတွင် အစဉ်တစိုက်ထောက်ခံပေးမှုအပေါ်မြင့်မားစွာတန်းဖိုးထားကျေးဇူးတင်ရှိပါသည်။

နှစ်နိုင်ငံအဆင့်မြင့် အပြန်အလှန်ခရီးစဉ်များနှင့် နယ်ပယ်စုံအဆင့်အသီးသီးတွင် ထိတွေ့ဆက်ဆံမှုနှင့် ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်လာခြင်းက နှစ်နိုင်ငံနှင့် ပြည်သူများအတွက် အကျိုးရလာဒ်ကောင်းများကို ဖြစ်ထွန်းစေခဲ့သည်ကိုလည်း မိမိအနေဖြင့် ဝမ်းမြောက်ပါသည်။ ၂၀၂၂ ခုနှစ်၊ စက်တင်ဘာလတွင် ရုရှားနိုင်ငံသို့သွားရောက်ခဲ့သည့် မိမိ၏ ခရီးစဉ်အတွင်း၌ မိမိတို့နှစ်ဦးစလုံးသည် နှစ်နိုင်ငံဆက်ဆံရေးနှင့် ကဏ္ဍစုံပူးပေါင်းဆောင်ရွက်မှုကို နှစ်နိုင်ငံပြည်သူများ၏ဘုံအကျိုးစီးပွားအတွက် ပိုမိုမြှင့်တင်သွားရန် သဘောတူခဲ့ကြသည်ကို ဝမ်းမြောက်စွာအမှတ်ရမိပါသည်။ မျှားမကြာမီကာလအတွင်း စိန့်ပီတာစဘတ်မြို့နှင့် နိုဗိုစီဗစ်မြို့၌ မြန်မာကောင်စစ်ဝန်ချုပ်ရုံးများဖွင့်လှစ်ခြင်းဖြင့် နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုနှင့် ကုန်သွယ်ရေး၊ ရင်းနှီးမြှုပ်နှံမှု၊ ခရီးသွားလုပ်ငန်းနှင့် ယဉ်ကျေးမှုကဏ္ဍပူးပေါင်းဆောင်ရွက်မှုများကို ပိုမိုမြင့်မားသည့်အဆင့်တစ်ခုသို့ မြှင့်တင်

ဆောင်ရွက်နိုင်မည်ဟု အခိုင်အမာယုံကြည်ပါသည်။

၂၀၂၃ ခုနှစ်သည် နှစ်နိုင်ငံဆက်ဆံရေးသမိုင်းမှတ်တိုင်တစ်ရပ်ကို အမှတ်ရဖော်ကျူးရန် အခါသမယတစ်ခုအဖြစ် သာမက နှစ်နိုင်ငံဆက်ဆံရေးနှင့် နှစ်ဖက်အကျိုးဖြစ်ထွန်းစေမည့် ပူးပေါင်းဆောင်ရွက်မှုများကို ပြန်လည်သုံးသပ်၍ အားသစ်လောင်းနိုင်မည့် အချိန်အခါတစ်ခုလည်းဖြစ်ပါသည်။ ယခုတစ်နှစ်တာကာလပတ်လုံး နှစ်နိုင်ငံတွင် ကျင်းပရန်လျာထားသည့် အထိမ်းအမှတ်အခမ်းအနားများနှင့် လှုပ်ရှားမှုများကလည်း မိမိတို့နှစ်နိုင်ငံဆက်ဆံရေးကို ပိုမိုခိုင်မာစေရန် လမ်းခင်းပေးမည်ဖြစ်ပါသည်။ ယခုကဲ့သို့ အရေးပါသည့်အခါသမယတွင် နှစ်နိုင်ငံဆက်ဆံရေး ပိုမိုခိုင်မာစေရန်နှင့် အာရှပစိဖိတ်ဒေသနှင့် ယင်းဒေသအပြင်ဘက် တည်ငြိမ်သာယာဝပြောရေးအတွက် အထောက်အကူဖြစ်စေမည့် ဘုံအကျိုးစီးပွားဖြစ်ထွန်းစေသည့် ကဏ္ဍစုံတွင် ပူးပေါင်းဆောင်ရွက်မှုချဲ့ထွင်သွားရေးအတွက် ရုရှားဖက်ဒရေးရှင်းနိုင်ငံအစိုးရနှင့် ပိုမိုနီးကပ်စွာ လက်တွဲလုပ်ဆောင်သွားမည့် မြန်မာနိုင်ငံအစိုးရ၏ကတိကဝတ်ကိုလည်း ထပ်လောင်းအတည်ပြုအပ်ပါသည်။

ယခုကဲ့သို့မင်္ဂလာရှိသောအခါသမယတွင် အဆွေတော်ကျန်းမာရွှင်လန်းပါစေကြောင်း၊ အနာဂတ်လုပ်ငန်းဆောင်တာများတွင် အောင်မြင်မှုများရရှိပါစေကြောင်းနှင့် ရုရှားနိုင်ငံနှင့်ပြည်သူများ ဆက်လက်တိုးတက်သာယာဝပြောပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

အဆွေတော်အား အစဉ်ချစ်ကြည်အလေးထားလျက်ရှိပါကြောင်း ထပ်လောင်းပြောကြားအပ်ပါသည်။

■ ■ ■

# ၂၀၂၃ ခုနှစ်၊ (၇၅) နှစ်မြောက် စိန်ရတု ချင်းအမျိုးသားနေ့အခမ်းအနားသို့ ပေးပို့သည့်သဝဏ်လွှာ

## ( ၂၀ - ၂ - ၂၀၂၃ )

**ချစ်ကြည်လေးစားအပ်ပါသော ချင်းပြည်နယ်အတွင်းရှိ တိုင်းရင်းသားမိဘပြည်သူ ညီအစ်ကိုမောင်နှမများ ခင်ဗျား**

ယနေ့ကျရောက်သည့် ၂၀၂၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၀ ရက်နေ့၊ (၇၅) နှစ်မြောက် စိန်ရတု ချင်းအမျိုးသားနေ့ နေ့ထူးနေ့မြတ်အခါသမယတွင် မြန်မာနိုင်ငံနှင့် ကမ္ဘာ့နိုင်ငံအသီးသီး၌ ရောက်ရှိနေကြသော ချင်းတိုင်းရင်းသားများနှင့်အတူ တိုင်းရင်းသားပြည်သူများအားလုံး ကောင်းကျိုးချမ်းသာ မင်္ဂလာအဖြာဖြာနှင့် ပြည့်စုံကြပါစေကြောင်း ဆုတောင်းမေတ္တာပို့သအပ်ပါသည်။

ချင်းပြည်နယ်တွင် ချင်းလူမျိုးစုဖြစ်သည့် ချင်းတိုင်းရင်းသားများသည် အခြားတိုင်းရင်းသားများနှင့်အတူ သမိုင်းစဉ်တစ်လျှောက်လုံး အေးအတူပူအမျှ ဥမကွဲသိုက်မပျက် စည်းလုံးညီညွတ်စွာနေထိုင်လာခဲ့ကြပါသည်။ ထို့အပြင် ပြည်ထောင်စုဖွား တိုင်းရင်းသားညီအစ်ကိုမောင်နှမများနှင့် အတူ သူ့ကျွန်မခံလို၍ နယ်ချဲ့ဆန့်ကျင်ရေး၊ လွတ်လပ်ရေး တိုက်ပွဲများတွင်လည်း ပူးပေါင်းပါဝင်ခဲ့ကြသကဲ့သို့ ပဒေသရာဇ်စနစ်ဖျက်သိမ်းရေး၊ တောင်တန်းမြေပြန့်တိုင်းရင်းသားအားလုံး သွေးစည်းညီညွတ်ရေးတို့ကိုလည်း အမျိုးသားရေးစိတ်ဓာတ်ဖြင့် ဖော်ဆောင်ခဲ့ကြပါသည်။

လွတ်လပ်ရေးရပြီးနောက် ၁၉၄၈ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၉ ရက်နေ့မှ ၂၂ ရက်နေ့အထိ ကိုယ်စားလှယ် ၅၀၀၀ ကျော်တက်ရောက်ခဲ့သည့် ချင်းအမျိုးသားညီလာခံကို ဖလမ်းမြို့တွင် ကျင်းပခဲ့ပါသည်။ ဖလမ်းညီလာခံမှ ဒီမိုကရေစီအုပ်ချုပ်ရေးစနစ်ကို ကျင့်သုံးရန် ရှေ့လုပ်ငန်းစဉ်များကို ညှိနှိုင်းချမှတ်ပေးနိုင်ခဲ့ကြပါသည်။

ထိုသို့ တိုက်သူကြီးအုပ်ချုပ်သည့်စနစ်မှ ဒီမိုကရေစီ အုပ်ချုပ်ရေးစနစ်သို့ပြောင်းလဲကျင့်သုံးရေးတို့ကိုဖော်ဆောင် ပေးနိုင်ခဲ့သည့် သမိုင်းအစဉ်အလာကောင်းခဲ့သော ဖေဖော်ဝါရီလ ၂၀ ရက်နေ့ကို ချင်းအမျိုးသားနေ့ဟု သတ်မှတ်၍ တညီတညွတ်တည်း ဆုံးဖြတ်ခဲ့ကြပါသည်။ ထိုသမိုင်းဖြစ်စဉ်အရ ယနေ့ ၂၀၂၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၀ ရက်နေ့သည် ချင်းတိုင်းရင်းသားတစ်ရပ်လုံး၏ (၇၅) နှစ်မြောက် စိန်ရတုချင်းအမျိုးသားနေ့၊ နေ့ထူးနေ့မြတ် ကြီးပင်ဖြစ်ပါသည်။

ချင်းအမျိုးသားနေ့ ဖြစ်ပေါ်လာစေရန်အတွက် ချင်းအမျိုးသားခေါင်းဆောင်ကြီးများ၏ ဦးဆောင်မှုကဏ္ဍသည် အလွန်အရေးပါခဲ့ပါသည်။ လွတ်လပ်ရေးမရမီကာလမှ လွတ်လပ်ရေးရပြီးကာလအထိ ချင်းတိုင်းရင်းသား ခေါင်းဆောင်ကြီးများ များစွာရှိသည့်အနက် သမိုင်းမှတ်တမ်းအရ လေးစားစံပြုထိုက်သော ချင်းအမျိုးသားခေါင်းဆောင်ကြီးအချို့မှာ ဗြိတိသျှနယ်ချဲ့တော်လှန်ရေးတွင် ဦးဆောင်ဆင်နွှဲခဲ့ကြသည့် ဗိုလ်ကြွမ်ဘိခ်နှင့် ဗိုလ်ခိုင်ကမ်း၊ ပင်လုံစာချုပ်တွင် ပါဝင်လက်မှတ်ရေးထိုးခဲ့ကြသည့် ချင်းအမျိုးသားကိုယ်စားလှယ်များဖြစ်သော ဦးလှျံရုံမုန်၊ ဦးထောင်ဇခုပ်နှင့် ဦးကီယို မန်း၊ တောင်တန်းနှင့်ပြည်မလွတ်လပ်ရေး တစ်ချိန်တည်းပေးရန်တောင်းဆိုခဲ့ပြီး လွတ်လပ်ရေးတိုက်ပွဲများကို ရှေ့တန်းမှပါဝင်ခဲ့သော လွတ်လပ်ရေးမော်ကွန်းဝင်

(ပထမအဆင့်) သတိုးမဟာစည်သူ ဦးဝမ္မသူးမောင်နှင့် နိုင်ငံတော်ကာကွယ်ရေးတာဝန်များကို ရှုပ်ရှုပ်ချုံချုံထမ်းဆောင်ခဲ့သဖြင့် တပ်မတော်ဆိုင်ရာ အမြင့်ဆုံးစွမ်းရည်သတ္တိ ဂုဏ်ထူးဆောင်ဘွဲ့ဖြစ်သည့် အောင်ဆန်းသူရိယဘွဲ့နှင့် သူရဘွဲ့တို့ချီးမြှင့်ခြင်းခံရသော ဗိုလ်ကြီးသူရအောင်ဆန်းသူရိယတိုက်ချွန်းတို့သည် ဂုဏ်ယူလေးစားရသော ချင်းတိုင်းရင်းသားခေါင်းဆောင်များဖြစ်ကြပါသည်။ ထိုကဲ့သို့ သမိုင်းအစဉ်အလာကောင်းကို ထိန်းသိမ်းလျက် နောင်အနာဂတ်တွင် မိမိတို့ချင်းအမျိုးသားထဲမှ ချင်းပြည်နယ်နှင့် ချင်းတိုင်းရင်းသားများ၏ဂုဏ်ကို မြှင့်တင်ပေးနိုင်မည့် ခေါင်းဆောင်ကောင်းများ ထွက်ပေါ်လာစေရန် ချင်းတစ်မျိုးသားလုံးက ကြိုးပမ်းဆောင်ရွက်ဖို့လိုကြောင်း တိုက်တွန်းအပ်ပါသည်။

ချင်းပြည်နယ်သည် ပထဝီအနေအထားအရ မြင့်မားသော၊ ထင်ရှားသော တောင်တန်းများကြားတွင် တောင်ဇလပ်ပန်းများ အမြဲတစေဝေဆာပွင့်လန်းနေသော ပြည်နယ်၊ အေးချမ်းလှသောရာသီဥတုရှိပြီး သဘာဝအလှအပများနှင့် ပြည့်စုံနေသော ပြည်နယ်၊ ရိုးရာယဉ်ကျေးမှုဓလေ့ထုံးစံများကိုလည်း အစဉ်ထိန်းသိမ်းစောင့်ရှောက်နေသည့် ချမ်းမြေ့သာယာသော ပြည်နယ်တစ်ခုအဖြစ် တည်ငြိမ်အေးချမ်းစွာရှိခဲ့ပါသည်။ သို့သော်လည်း လက်ရှိအခြေအနေတွင် ချင်းပြည်နယ်နေရာဒေသအချို့အပါအဝင် နိုင်ငံ၏နေရာအချို့၌ ဆူပူအကြမ်းဖက်မှုများ၊ တရားဥပဒေကို ဖောက်ဖျက်ကျူးလွန်မှုများနှင့် နိုင်ငံကိုအဖျက်အမှောင့် လုပ်ရပ်များပြုလုပ်နေခြင်းမှာ ပြည်နယ်၏ အစဉ်အလာကောင်းများကို မှေးမှိန်စေပြီး နိုင်ငံအတွက် အလွန်အန္တရာယ်ကြီးမားလှပါသည်။ ထိုသို့ မတည်မငြိမ်ဖြစ်ရခြင်း အကြောင်းရင်းအမှန်တရားကို နားလည်ကြပြီး နိုင်ငံတော်ပြိုကွဲပျက်စီးအောင် လုပ်ဆောင်နေကြသူများ၊ အမှောင့်ပယောဂများကိုသတိထားကြရန်နှင့် အဖျက်လုပ်ရပ်များကို ဝိုင်းဝန်းထိန်းသိမ်းကာကွယ်စောင့်ရှောက်သွားကြရန် လိုအပ်ကြောင်း အသိပေးအပ်ပါသည်။

မိမိတို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် နိုင်ငံတော်၏တာဝန်ကိုယူနေရသည့်သတ်မှတ်ကာလအတွင်း နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဦးတည်ချက်များနှင့် ချမှတ်ထားသည့် ရှေ့လုပ်ငန်းစဉ် (၅) ရပ်အတိုင်း အောင်မြင်အောင် ဆောင်ရွက်သွားရန် သန္နိဋ္ဌာန်ချမှတ် ဆောင်ရွက်လျက်ရှိပါသည်။ ပြည်တွင်း၌ ပြည်ပငြိမ်းချမ်းရေးရရှိစေရန်နှင့် တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေးအတွက် အလေးထားကြိုးစားဆောင်ရွက်လျက်ရှိသကဲ့သို့ နိုင်ငံတကာအဖွဲ့အစည်းများ၊ ပြည်ပနိုင်ငံများနှင့်လည်း မိတ်ဝတ်မပျက် ရင်းနှီးခင်မင်စွာ ဆက်ဆံဆောင်ရွက်လျက်ရှိပါသည်။ ထိုသို့ နိုင်ငံတော်တည်ငြိမ်အေးချမ်းပြီး အဘက်ဘက်မှ ဖွံ့ဖြိုးတိုးတက်စေရန် ကြိုးစားဆောင်ရွက်လျက်ရှိသော်လည်း မိမိတို့နိုင်ငံ၏ ကောင်းရာကောင်းကျိုးနှင့် ဖွံ့ဖြိုးတိုးတက်မှုကိုမလိုလားသော ပြည်ပနိုင်ငံကြီးများနှင့် ပြည်ပသြဇာခံအဖွဲ့အစည်းများ၊ နိုင်ငံ့အကျိုးကိုပစ်ပယ်ပြီး မိမိအာဏာရရှိရေးနှင့် ကိုယ်ကျိုးအတ္တကိုသာရှေ့တန်းတင်၍ အလုံးစုံပျက်စီးရေးကို ပြုလုပ်နေကြသူများ၏ ဆူပူအကြမ်းဖက်မှုများကြောင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုများနှင့် အလှမ်းဝေးဆဲဖြစ်ပါသည်။

နိုင်ငံတော်တည်ငြိမ်အေးချမ်းမှု၊ လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးတို့ကို ပုံမှန်အခြေအနေရောက်အောင် ထိန်းသိမ်းမြှင့်တင်ပြီးမှသာ ရှေ့ဆက်ရမည့် လုပ်ငန်းတာဝန်များနှင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးတို့ကို ဆက်လက်ဆောင်ရွက်သွားနိုင်မည်ဖြစ်ပါသည်။

တည်ငြိမ်အေးချမ်းမှုနှင့် တရားဥပဒေစိုးမိုးမှုသည် နိုင်ငံဖွံ့ဖြိုးတိုးတက်မှုနှင့် နိုင်ငံတော်တည်ဆောက်ရေးအတွက် အရေးပါသည့်အလျောက် တည်ငြိမ်အေးချမ်းမှုကိုဆက်လက်ထိန်းသိမ်းပြီး နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် လက်နက်ကိုင်ပဋိပက္ခချုပ်ငြိမ်းရေးကို ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ပါသည်။ မိမိတို့ ဦးတည်ချက်ထားဖော်ဆောင်နေသည့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့်ပြည်ထောင်စုကြီးဖြစ်ပေါ်လာစေရေးအတွက် တိုင်းရင်းသားပြည်သူအားလုံးက နိုင်ငံတော်အစိုးရနှင့်အတူ လက်တွဲကြိုးပမ်းဖော်ဆောင်ကြပါရန် မေတ္တာရပ်ခံတိုက်တွန်းအပ်ပါသည်။

နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံနှင့်အဝန်း လူမှုစီးပွားဖွံ့ဖြိုးတိုးတက်စေရန် ဘက်ပေါင်းစုံမှ ဆောင်ရွက်ပေးလျက်ရှိသကဲ့သို့ ချင်းပြည်နယ်၏ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံကျောင်းများကို တိုးချဲ့ဖွင့်လှစ်ပေးခြင်းနှင့် အဆင့်တိုးမြှင့်ပေးခြင်း၊ ပညာရေးဆိုင်ရာအဆောက်အအုံများပြုပြင်ပေးခြင်းနှင့် အသစ်ဆောက်လုပ်ပေးခြင်း၊ ဆရာ/ဆရာမများ ပိုမိုခန့်ထားပေးခြင်း၊ ကျန်းမာရေးစောင့်ရှောက်မှုအတွက် ဆေးရုံ၊ ဆေးပေးခန်းများ

တိုးချဲ့ဖွင့်လှစ်ပေးခြင်းနှင့် ဆရာဝန်လိုအပ်မှု ဖြည့်ဆည်းပေးခြင်းတို့ကိုလည်း ဆောင်ရွက်ပေးလျက်ရှိပါသည်။

ထို့အပြင် နိုင်ငံတော်အစိုးရက ချင်းပြည်နယ်ရှိ ပြည်သူများ မျှော်လင့်စောင့်စားနေသော မဟာဓာတ်အားလိုင်း လျှပ်စစ်မီးချင်းပြည်နယ်အနှံ့ရရှိရေးကိုလည်း စဉ်ဆက်မပြတ်ဆောင်ရွက်ပေးလျက်ရှိပါသည်။ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်စေရန်အတွက် ပြည်မနှင့်လွယ်ကူစွာ ဆက်သွယ်သွားလာနိုင်သည့် အဝေးပြေးလမ်းများနှင့် ပြည်နယ်အတွင်း လမ်းများကို တိုးချဲ့ဆောင်ရွက်ပေးလျက်ရှိသည့်အပြင် ချင်းပြည်နယ်မှ နိုင်ငံရပ်ခြားအထိ ရေကြောင်းခရီးဖြင့် ဆက်သွယ်သွားလာနိုင်မည့် ကုလားတန်မြစ်ဝှမ်းဖွံ့ဖြိုးရေးနှင့် ပလက်ဝမြို့ဆိပ်ကမ်းတည်ဆောက်ခြင်းစီမံကိန်းများလည်း ဆောင်ရွက်ပေးလျက်ရှိပါသည်။

ယခုအခါ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲရေးရန်ပုံငွေမှ ကျပ်ဘီလီယံ ၄၀၀ ကို နိုင်ငံ၏စီးပွားရေးမြှင့်တင်နိုင်ရေး အသုံးပြုနိုင်ရန် စီမံဆောင်ရွက်ပေးခဲ့ရာ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ ချင်းပြည်နယ်အတွက် ၁၀ ဘီလီယံကို ထောက်ပံ့မတည်ပေးထားပါသည်။ ထို့ပြင် ဒေသဖွံ့ဖြိုးရေးနှင့် အုပ်ချုပ်ရေးဆိုင်ရာလုပ်ငန်းများ ပိုမိုအဆင်ပြေချောမွေ့စွာ ဆောင်ရွက်နိုင်ရေးအတွက် ချင်းပြည်နယ်တွင် တီးတိန်ခရိုင်နှင့် ပလက်ဝခရိုင်တို့ကိုလည်း တိုးချဲ့ဖွဲ့စည်းပေးခဲ့ပါသည်။ ထိုကဲ့သို့ နိုင်ငံတော်အစိုးရက ချင်းပြည်နယ်ဒေသဖွံ့ဖြိုးရေးနှင့် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးကို စီမံဆောင်ရွက်နေသည့် လုပ်ငန်းရပ်များတွင် ချင်းပြည်နယ်ရှိ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးက ဝိုင်းဝန်းကူညီပူးပေါင်းဆောင်ရွက်ပေးကြပါရန် တိုက်တွန်းအပ်ပါသည်။

တိုင်းရင်းသားလူမျိုးပေါင်းစုံဖြင့် ဖွဲ့စည်းတည်ထောင်ထားသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကြီးကို တည်ငြိမ်အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် ဒီမိုကရေစီဖက်ဒရယ်စနစ်ကိုအခြေခံသော ပြည်ထောင်စုအဖြစ်တည်ဆောက်ရာတွင် တိုင်းရင်းသားအားလုံး တန်းတူရည်တူပါဝင်မှုသည် လွန်စွာအရေးပါသည့်နည်းတူ ချင်းပြည်နယ်ရှိ ချင်းတိုင်းရင်းသားများအပါအဝင် ပြည်သူအားလုံးကလည်း စည်းလုံးညီညွတ်စွာ ပါဝင်ဆောင်ရွက်ကြရန် တိုက်တွန်းလျက် သဝဏ်လွှာပေးပို့အပ်ပါသည်။

**ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ**
**သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်**
**နိုင်ငံတော်ဝန်ကြီးချုပ်**
**ဥက္ကဋ္ဌ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

■ ■ ■